

www.burmeseclassic.com
နှိုးလမြည့်
စာပေ
BURMESE CLASSIC .com
လွန်း⋆တာရီ
ချစ်သူဖြူတိုက်
Lလင်း
www.burmeseclassic.com

www.burmeseclassic.com

# ချစ်သူပြတိုက်

လွန်းတာမို

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဆန်း (မြ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ်(၂)၊
ချုန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးကျင်ရင် (ရွှေခြသေ့်ပုံနှိပ်တိုက်)
အမှတ်-၂၂၅၊ ၃၂လမ်း၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။

ပုံနှိပ်ခြင်း - ၂၀၁၃ ခုနှစ်၊

အုပ်ရေ - ၅၀၀ အုပ်

တန်ဖိုး - ၁၀၀ ကျပ်

ဖြန့်ချိရေး - မိုးလပြည့်စာပေ
အမှတ်-၂၂၃၊ ၃လွှာ၊ ၃၁-လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၁၆၃၇၆၄၊ ၀၉-၅၀၈၉၈၉၄

၈၉၅.၈၃
လွန်းတာမို
ချစ်သူပြတိုက်/လွန်းတာမို၊ ရန်ကုန်။
ရဲအောင်စာပေ၊ ၂၀၁၂။
(၂၈၈)စာ၊ ၁၂ စင်တီမီတာ × ၁၇.၇ စင်တီမီတာ
(၁) ချစ်သူပြတိုက်


BURMESE CLASSIC .com

အခန်း ( ၁ )

သူမ နာမည်လေးက အဖေနဲ့အမေ ပေးထားတာ သံယောဇဉ်နွယ်ပါ။ ဒါပေမဲ့လည်း ... ရပ်ကွက်ထဲမှာ ဗွာတေးလန်နေပြီး ကော်ဖီနပ်ကြီးတခွပ်ခွပ်စီး၍ စိတ်မထင်လျှင်မထင်သလို ကော်ဖီနပ်ကို ချွတ်ပြီး ကောက်ကောက်ပေါက်တတ်သဖြင့် ငယ်နာမည်က ကော်ဖီနပ် ဖြစ်နေသည်။

ကော်ဖီနပ် ဆယ့်နှစ်နှစ်သမီးလောက်အထိ မိဘတွေ အစုံအလင်နှင့် ပျော်ရွှင်ချမ်းမြေ့စွာ ဘဝကိုဖြတ်သန်းလာခဲ့ရပေမယ့် အမေ ဆုံးသွားပြီး တစ်နှစ်အကြာမှာပဲ အဖေက နောက်မိန်းမ ယူပစ်လိုက်၍ မိထွေးလက်ထဲမှာ ကြီးပြင်းလာခဲ့ရသည်။

အဖေကတော့ သူမကို ချစ်၏။ မိထွေးရှေ့မှာပင် အရေးတယူရှိလှသည်။

"ဟဲ့ ... ကော်ဖီနပ် နင့်အဖေက အရေးပေးတယ်ဆိုပြီး ရောင့်တက်မလာနဲ့နော် ... နင်ထင်တိုင်းကြံမနေနဲ့၊ မိန်းကလေးဆို



www.burmeseclassic.com

www.burmeseclassic.com



တာ စည်းကမ်းနဲ့ဗိုင်းကောင်းကျောက်ဖိ နေရတယ်ဟဲ့ ... ငါ့စကား
ကို နားထောင်ရမယ် ... ကြားလား ... ”

မိထွေးဖြစ်သူ ဒေါ်နုနုနယ်က သူမအား ပုံစံပေးတဲ့နေ့မှစ၍
ကော်ဖိနပ်တစ်ယောက် ယခင်ကထက် နှစ်ဆအရွဲ့တိုက်ပြလာခဲ့
သည်။ အဖေက သူမမျက်နှာလေး တစ်စက်လေးမှ အညိုးမခံ။
မိထွေးကိုလည်း ကော်ဖိနပ် အမြင်ကတ်နေ၏။ အဖေ့ကို ချွဲနွဲ့ပြီး
အရှက်မရှိဟု ထင်သည်။

“ကိုသော်ရယ် ... နုနယ်လေ အရမ်းချမ်းသာချင်တာပဲ
ဒါပေမဲ့လေ ... အချစ်ဆိုတာ မျက်စိမပါဘူးထင်တယ်၊ ကိုသော်က
မုဆိုးဖို ကလေးတစ်ယောက်အဖေ ဆိုက်ကားနင်းရတဲ့သူဖြစ်နေပေ
မယ့် ချစ်လို့လက်ထပ်ခဲ့တာပါနော် ... တကယ်တော့ နုနယ်က
အပျိုစင်လေးပါ”

အမြင်ကတ်စရာကောင်းလိုက်တာနော်။ ဘာအပျိုစင်လဲ။
တိတ်တိတ်ပုန်း ယောကျာ်းတွေ တစ်ယောက်ပြီးတစ်ယောက်ယူ
နေတာ ကော်ဖိနပ် မသိဘဲ နေမလား။ အဖေ့ထက် အသက်ငယ်ပြီး
အဖေ့ကို မြူဆွယ်ဖြားယောင်းပြီး ယူထားတာပါ။

ဟွန်း ...

ငမွဲငတေ မိသားစုက မွေးထားတာ။ အရုပ်ထုပ်တွေ
အဖေ့ကိုလည်း ကော်ဖိနပ် မကျေမနပ်ဖြစ်ရသည်။ ထို့ကြောင့်ပင်
သံယောဇဉ်နှယ်ဆိုတဲ့ သူမနာမည်လှလှလေး ပျောက်ကွယ်လုရပြီး





ဗွာတေးလန်မလေး မရုပ်ပြာ ကော်ဖိနပ်ဘဝ အပိုင်စားရရှိသွားရ
သည်။

“ဟဲ့ ... ကော်ဖိနပ် ညည်းကို သေသေချာချာ မှာထားရမယ်
နော် ... ညည်းလေးက တဖြည်းဖြည်း အပျိုဖော်ဝင်လာတော့ ဖြူ
ဝင်းအိစက်ချောလာတယ်၊ တန်ဖိုးရှိလာတယ်ဟဲ့ ... ”

“ဘာပြောတယ် အမေနု”

“အမေနုက ဘာပဲဖြစ်ဖြစ်လေ နင့်အမေပဲဟဲ့ ... ကိုယ့်သမီး
ကောင်းစားရေးအတွက် သွန်သင်ဆုံးမလမ်းပြရမှာပဲကော် ... ”

“ဟွန်း ... ”

“မပိုင်ရင် ခြင်တောင်မရိုက်နဲ့သိလား ကော် ... ကိုယ့်အသား
နာတာပဲ အဖတ်တင်မယ်ဟဲ့”

“ဘာတွေလာပြောနေတာလဲ”

“ကော့်ကို အမေက ချမ်းသာတဲ့သူဌေးတစ်ယောက်နဲ့ ညား
စေချင်တယ်လေ ... ဘာမဟုတ်တဲ့ကောင်တွေနဲ့ မတွဲနဲ့၊ စိတ်လည်း
မဝင်စားနဲ့၊ ကြားလား ... နာမည်ပျက်တာပဲ အဖတ်တင်မယ်၊
ကော်လေးက အရမ်းချောတယ်၊ ဟယ် ... ကြည့်ပါဦး တစ်နေ့
တခြားကို ကြည့်မဝ ရှုမဝ”

အမေနုစကားတွေကို ကော် နားမထောင်ချင်တော့သဖြင့်
အိမ်ရှေ့မှာထောင်ထားတဲ့ အနီရောင်စက်ဘီးလေးကို ခွစီးပြီး အပြင်
ထွက်လာခဲ့သည်။ စက်ဘီးလေးက ဦးတည်ရာကင်းမဲ့နေသလိုပင်



www.burmeseclassic.com

www.burmeseclassic.com



ကော်လည်း အမေနေပြောတဲ့စကား အဓိပ္ပာယ်ကိုတွေးမိ၍ ဘာလဲ ဟ ... ကော့်ကို ပိုင်းလုံးလုပ်ခိုင်းတာလားဆိုပြီး ဒေါသကလည်း နည်းနည်း ထွက်နေသည်။

"ဟဲ့ ... အို ... အမလေး ... "

ကော် အတွေးတွေ ရှုပ်ရှုပ်ထွေးထွေးဖြင့် စက်ဘီးလေးက ဒယိမ်းဒယိုင် ဖြစ်သွားရကာ တစ်ဖက်လမ်းကြောပေါ် ရောက်သွားပြီး နောက်ဆုံးပေါ်ကားအနက်ကြီးတစ်စီးရှေ့မှာ ကြောက်လန့်တကြားနှင့် လဲကျသွားသည်။

"ဂျောင်း ... ဂျလောင်း ... "

"ကျွီ ... "

"ကျွီ ... "

ကားကြီးရဲ့ ဘရိတ်အုပ်သံကလည်း ကော်ဖိနပ်ရဲ့စက်ဘီးပြိုလဲကျသံတွေနှင့် ရောထွေးဆူညံသွားတော့သည်။ သူမတစ်ကိုယ်လုံး ထူပူသွားပြီး ရှက်လည်းရှက်သွား၏။ ပြီးတော့လည်း စက်ဘီးက သူမပေါ်မှာ ပိနေသည်။

"ဟဲ့ ... ဟဲ့ ... "

"ဘယ်သူလဲမှတ်တယ် ... ညည်းပဲ ကော်ဖိနပ် ... ညည်းက တော့လေ ... "

လူတွေကအော်ပြီး ပြေးလာကြသည်။

"ညည်း ... ကံကောင်းတယ် ကော်ဖိနပ် ... ကားက ဘရိတ်





အုပ်တာမြန်ပေလို့ပေါ့၊ နင်မှားတာ စက်ဘီးကို ဘယ်လိုစီးလာတာလဲဟဲ့"

သူမ ခန္ဓာကိုယ်လေးပေါ်က စက်ဘီးကို ထူမပေးရင်း ဆွဲထူကြသည်။

အမလေး ... ရှက်လိုက်တာ။ မျက်နှာလေးက ရှုံ့မဲ့မဲ့။ နာတာကနည်းနည်း ရှက်ပြီး ထူပူနေတာက များများ။

"ဟဲ့ ကော်ဖိနပ် ... "

"ဟင်"

"ဘယ်နားနာသွားသေးလဲ"

"ဟင့်အင်း"

"ဟိုကားကို အားနာစရာကောင်းလိုက်တာဟယ်"

"ဘယ်ကားလဲ"

"ဟိုမှာ"

"ဟင်"

ပြဿနာပဲ ...

နောက်ဆုံးပေါ်ကားကြီးကို မှီကာ လူတစ်ယောက်က သူမကိုကြည့်နေသည်။ ကော်ဖိနပ်ကို စူးစူးစိုက်စိုက်ကြည့်နေလိုက်တာ ရှက်သွားရ၏။

ပြီးတော့လည်း ... သူမက နမော်နမဲ့နဲ့ အမှားကျူးလွန်ခဲ့တာ။ ဘာမှလည်းမပြောဘူး။ သူမ တောင်းပန်လိုက်ရင် ကောင်း



www.burmeseclassic.com

www.burmeseclassic.com



မလားဟု တွေးမိခဲ့ပေမယ့်လည်း မာနတွေနှင့် နှုတ်ခမ်းလေးက တင်းတင်းစေ့သွားသည်။

"ဟဲ့ ... ကော်ဖိနပ် ဒီကောင်မလေး လုပ်လိုက်ရင် ဒီလိုကြီးပဲ ... မသေတာ ကံကောင်း ... ဟဲ့ ... ဟဲ့"

ရပ်ကွက်ထဲကလူတွေကို နည်းနည်းလေးမှ ဂရုမစိုက်ဘဲ စက်ဘီးပေါ် ပြန်တက်၍ စောစောကလို ဒယိမ်းဒယိုင်နှင့် စီးလာခဲ့သည်။

နောက်ဆုံးပေါ်ကားနက်ကြီးပေါ်မှ လူကလည်း ငေးကြည့်ရင်း ကျန်ရစ်ခဲ့သည်။

"ဟဲ့ ... ဟဲ့ ... "

"ဘေးကို ... ဘေးကို ... "

"ဒုက္ခပါပဲ တိုက်မိတော့မှာပဲ"

လူတွေကြားထဲမှာ တကယ့်ကို ဘရုတ်သုတ်ခ။ ဒယိမ်းဒယိုင်နှင့် စက်ဘီးနင်းပြီးသွားနေတဲ့ ကော်ဖိနပ် ရှောင်တဲ့လူက ရှောင် ပြေးတဲ့လူကပြေးနှင့်။

"ကလင် ... ကလင် ... လင်"

"ကလင်"

"ဘေးကိုနော် ... ဘေးကို"

ပါးစပ်ကလဲ အော်ရင်း ဘဲလ်ကိုလည်း တီးရင်း တိုက်မိတော့မလိုဖြစ်သွားတဲ့လူတွေကတော့ အသည်းအသန် ရှောင်တိမ်းရင်း





မေတ္တာပို့ဆဲဆိုနေကြသည်။

"ကလင် ... "

"ဟော ... တိုက်မိပြီ"

"ဒုန်း ... "

"ဂျောင်း ... "

ဒီတစ်ခါတော့ တကယ်ပဲ စက်ဘီးလေးက လမ်းဘေးပလက်ဖောင်းနှင့်တိုက်မိပြီး လဲကျပြန်လေသည်။ စက်ဘီးက သူမခန္ဓာကိုယ်ပေါ်မှာ ပိနေ၍ ထမရ။ ကိုယ့်ဟာကို ပြန်ထဖို့ ကြိုးစားပေမယ့် ခန္ဓာကိုယ်က နာကျင်လေးလံနေသဖြင့် ပြန်ထလို့မရဘဲ ဖြစ်နေသည်။

"အား ... ကျွတ် ... ကျွတ်"

"သေပြီလား ... ကောင်းတယ် ဝမ်းသာလိုက်တာ"

"ဟင်"

ကော် မော့ကြည့်လိုက်တော့ အကောင်စုတ် မင်းရင်ခွင်ဖြစ်နေသည်။ စက်ဘီးကြီးပိပြီးလဲကျနေတဲ့ ကော်ဖိနပ်ကို မထူပေးဘဲ လက်ပိုက်ကြည့်နေသေးသည်။

"ဟဲ့ ... ရင်ခွင် ငါ့ကိုဝိုင်းဆွဲထူပေးပါဦး"

"လုပ်မနေနဲ့ ကိုယ့်ဟာကိုယ် ပြန်ထစမ်းကော်"

"ဘာပြောတယ် ရင်ခွင် ... "

"မိန်းကလေးဖြစ်ပြီး ဒီလောက်အထိ လက်လက်ထနေတာ



www.burmeseclassic.com

www.burmeseclassic.com



စောစောကလဲ ကားရှေ့မှာ ကံကောင်းလို့ မသေတာမဟုတ်လား"

တွေ့လား ... မျက်နှာချင်းဆိုင်လိုက်တာနှင့် မင်းရင်ခွင်က ရန်စကားပြောတာပဲ ကောင်စုတ်။ လူတစ်ယောက်ကို ရှောင်ရင်း သူမစက်ဘီးက ပလက်ဖောင်းကို ဝင်တိုက်မိသွားရတာပါ။ ဒီကောင် ဖြစ်နေတာကိုး။ မျက်နှာထားရော လေသံရောက မာရေကျောရေ နဲ့။

"ငါ့စက်ဘီးရှေ့ရောက်နေတာ နင်လား ရင်ခွင်"

"သေစမ်း ... ကော်ရယ်၊ နင်ဘယ်လိုဖြစ်နေတာလဲ၊ ကိုယ့်ရှေ့မှာ ဘယ်လိုအန္တရာယ်တွေရှိနေတယ်ဆိုတာတောင် မသိတော့ ဘူးလားဟာ"

"မဖြစ်လို့ပေါ့ဟ ... ဟဲ့ ... နင့်မှာ အကြင်နာတရား လုံးဝ မရှိဘူးလား၊ ဒီမှာ လူတစ်ယောက် စက်ဘီးကြီးပိပြီး လဲနေတာလေ နင် လူမှုရေးမသိတဲ့ကောင်ပဲ ... အား ... ကျွတ် ကျွတ် နာလိုက် တာ"

မင်းရင်ခွင်က မထူ။ သူမ နည်းနည်းတော့ ဒေါသဖြစ်သွားရ သည်။ ရင်ခွင်က ဆရာကြီးအရမ်းလုပ်တာပဲ။ ကော့်ကိုမြင်တိုင်း ဟို ဟာမကြိုက်ဘူး၊ ဒါမကြိုက်ဘူးနဲ့ ဆုံးမသွန်သင်နေတတ်၏။ မျက်နှာ ထားတည်လွန်းတဲ့ မင်းရင်ခွင်။ လူပုံကတော့ အချောသားပဲ ကော် လံပြတ်အင်္ကျီအဖြူနဲ့ မရမ်းစေ့ရောင် အကွက်စိတ်စိတ် ပုဆိုးနဲ့ ကော်ကတော့ ပုံတုံးသည်ဟု ထင်သည်။





"အဟဲ ... ရင်ခွင် လုပ်ပါဟာ၊ နင်ဆူချင်ရင် နောက်မှပြောပါ အခု ငါတကယ် မထနိုင်လို့ပါ ... ဖယ်ပေးပါဟာ၊ နာလို့သေတော့ မယ်"

ကော် တောင်းတောင်းပန်ပန်နဲ့ ရှိခိုးမတတ်ပြောတော့မှ ကော်ခန္ဓာကိုယ်ပေါ်မှာ ပိနေတဲ့ စက်ဘီးကိုဖယ်၍ သူမကိုလည်း တွဲထူပေးသည်။

"တကယ်ပဲ ... အကြင်နာမရှိလိုက်တာ၊ နင် ငါ့ကိုမို့လို့ အကြင်နာကင်းမဲ့ပြီး ရက်စက်တာမဟုတ်လား ရင်ခွင် ... ဟို ရပ်ကွက်ထိပ်က အကြော်သယ်မသမီး ရွှေငွေကျရင် နင်ပြာပြာသလဲ နဲ့ ဟိုဟာလုပ်ပေး ဒီဟာလုပ်ပေးနဲ့ မျက်နှာကြီးပေါ်မှာ သကာရည် လောင်းထားသလိုမျိုး၊ ဟိုနေ့က နင့်မျက်နှာခွေးလာရက်တယ်ဆို"

"ဘာမဟုတ်တာတွေ လျှောက်ပြောမနေနဲ့ သံယောဇဉ် နွယ် ... ထ ... "

"ဟား ဟား ဟာ ... နင်က ငါ့နာမည်အရင်းကို ခေါ်နေ တာပါလား"

"တော်ပြီဟာ ... ငါမေ့သွားလို့ နင်နဲ့သံယောဇဉ်နွယ်ဆိုတဲ့ နာမည်နဲ့လည်း မလိုက်ဖက်ပါဘူး၊ ကော်ဖိနပ်ပဲကောင်းတယ်"

"ဟွန်း"

"နင့်ကိုတွေ့တုန်း ငါပြောရဦးမယ်၊ ဟိုကောင် ချစ်စရာကို နင် အရူးဖြစ်အောင် မလုပ်နဲ့နော် ... "



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ငါဘာလုပ်လို့လဲ"

"ဟိုကောင်က နင့်ကိုအရူးအမူး ချစ်နေတာကို သိသိကြီးနဲ့ နင်အရောတဝင်တွေလုပ်၊ မုန့်တွေကျွေးခိုင်းနဲ့ ... ဟိုဟာခိုင်း ဒီဟာခိုင်းနဲ့၊ ပြီးတော့ ... ချစ်စရာက စာပေးတော့ နင်ကလွှင့်ပစ်တယ်၊ ရပ်ကွက်ဥက္ကဋ္ဌကိုတောင် သွားတိုင်မယ်လို့ ခြိမ်းခြောက်သေးတယ် မဟုတ်လား ကော်"

"ဟဲ့ ... အဲဒါ ငါမှမကြိုက်တာ"

"မကြိုက်ရင် မိန်းကလေးပီပီသသ တည်တည်နေပေါ့ဟ"

သူမ နှုတ်ခမ်းလေးက စုထော်သွားသည်။ ရင်ခွင် ... ဘာကောင်လဲ။ ဒီမှာ နာနေရတဲ့အထဲ လာပြီး ဆရာကြီးလေသံနှင့်ဆုံးမသွန်သင်နေသေး၏။ နင့်ကိုအချစ်ဆုံးသူငယ်ချင်းမို့ သည်းခံနေတာ သိလား။ သူမဒေါသမျက်ဝန်းတွေနှင့် ကြည့်ဖြစ်သည်။

"ရင်ခွင် ... နင်ဆရာ လာလုပ်မနေနဲ့နော်၊ နင်နဲ့ဘာဆိုင်လို့လဲ၊ ငါ့ဟာငါ ... ဘယ်လိုပဲနေနေဟာ ..."

"မကြိုက်ဘူး"

"နင်ကြိုက်ကြိုက် မကြိုက်ကြိုက် ပြောရမှာပဲကော်၊ မကြိုက်ရင် လဲသေလိုက်"

"ဟဲ့ ကောင်စုတ် ... ရင်ခွင်နော်"

"ကော်"

"ဘာလဲ"





"နင့်အကျင့်ကို ငါမကြိုက်ဆုံး အချက်က ယောကျ်ားလေးတွေကို အရောဝင်နေတာပဲ၊ လမ်းထဲက အကောင်တွေရဲ့စက်ဘီးနောက်မှာ နင်လိုက်စီးတယ်၊ လမ်းထိပ်က အသုပ်ဆိုင်မှာလည်း ကောင်လေးတွေကို လိုက်ကျွေးခိုင်းတယ်၊ အဓိက ချစ်စရာပဲ ... ဦးနှောက်ကျပ်မပြည့်ကောင်ကိုတောင် နင်အလွတ်မပေးဘူး၊ ယောကျ်ားလေးတွေကို နင်ဘာမှတ်နေလဲ ... နင့်ဘဝပျက်သွားမယ်သိလား"

"အဟက်"

"မရယ်နဲ့နော်"

တကယ်တော့ သူမလုပ်နေတာတွေက မိထွေးဒေါ်နုနုနယ်ကို အရွဲ့တိုက်နေတာပဲ။ သူမကို မှာထားတယ်။ နှုတ်ခမ်းပွဲ့ချင်းမီးမမှုတ်နဲ့တဲ့။ ရပ်ကွက်ထဲကကောင်တွေက ဘာအဆင့်မှမရှိဘူးတဲ့ ကော့်ကို သူဌေးနဲ့အရမ်းပေးစားချင်နေလို့ ရွဲ့ပြီးလုပ်ပြတာပါ။ ကော်ဖိနပ်က အရွဲ့တိုက်ပြတဲ့နေရာမှာ နံပါတ်တစ်ပဲ။ မင်းရင်ခွင် ငါ့အဖေကို ချွဲနွဲ့ပြီး ပိုက်ဆံတွေ အတင်းရှာခိုင်းပြီး အလှတွေပြင်၊ သုံးဖြုန်းလောင်းကစားတွေလုပ်နေတဲ့ မူယာမာယာများလွန်းတဲ့ ငါ့မိထွေး နုနုနယ်ကို ငါမုန်းလို့ပဲ။ မိထွေးမကြိုက်တဲ့အလုပ်တွေကို ကော်ဖိနပ်လိုက်လုပ်ပြနေခြင်း ဖြစ်သည်။

"ရင်ခွင် ... တော်ပါတော့ဟာ၊ နာရတဲ့အထဲ နင်ကတစ်မျိုးနားပူတယ် ... လေကုန်ခံပြီး လာပြောမနေနဲ့နော် ... အား ..."



www.burmeseclassic.com

www.burmeseclassic.com



"ကော် ... နင်တကယ်နာနေတာလား"

"ဖယ်စမ်းပါ"

ရင်ခွင်က သူမတကယ်တမ်း မျက်နှာလေးရှုံ့မဲ့ပြီး နာကျင်သွားရတော့လည်း ပြာပြာသလဲ စိုးရိမ်ပူပန်နေတဲ့မျက်နှာလေးနှင့် သူမအနား တိုးကပ်လာပြီးမေးသည်။

"ဖယ်ဟာ"

"နင် ... စက်ဘီး နင်းလို့ရသေးလို့လား၊ ငါပို့ပေးပါ့မယ်"

"တော်ပြီဟာ ... ဖယ်ဆို ... "

ကော်ဖိနပ်နှင့်မင်းရင်ခွင်တို့ တစ်ယောက်နှင့်တစ်ယောက် တွန်းဖယ်ရင်း ပြဿနာတက်နေစဉ်တွင် ချစ်စရာက စက်ဘီးနှင့် ရောက်လာသည်။

"ဘာဖြစ်နေကြတာလဲကော် ... ဒီကောင်က နင့်ကိုဘာလုပ်နေတာလဲ ပြောစမ်း ... "

"အမလေး ချစ်စရာရယ် ... နင်ရောက်လာတာနဲ့ အတော်ပဲ၊ ဒီမှာ မင်းရင်ခွင်လေ ကော့်ကို ရည်းစားစကားတွေ ပြောနေတယ် ... ချစ်လို့တဲ့၊ ကော်က မချစ်ဘူးပြောလည်း မရဘူး၊ လက်ကို ဆွဲနေတယ် ... ချစ်ရမယ်တဲ့ ဖွတ်ကြီး ... "

"ဘာကွ ... မင်း ... မင်း"

"ဟေ့ကောင် ချစ်စရာ ... မင်းဝင်မပါနဲ့၊ ကော်ဖိနပ် ပေါက်ကရတွေ လျှောက်ပြောနေတာ၊ ငါလား သူ့ကိုချစ်တယ်လို့ပြောမှာ"





"နင်ပဲ ငါ့လက်ကို အတင်းဆွဲတာလေ မင်းရင်ခွင် ... ဒီမှာ စက်ဘီးလဲပြီး ဒဏ်ရာတောင်ရတယ် တွေ့လား ... ပွန်းပွဲ့နေတာတွေ အဟင့် ... ဟင့် ... "

"ကော်ဖိနပ်နော်"

"မင်း ... မင်း ဘာလုပ်တာလဲ ရင်ခွင်၊ ကော်က ငါ့ရည်းစားကွ ... မင်း ဘာစော်ကားတာလဲ၊ ကော် သွားတော့ ... ဒီကောင့်ကို ချစ်စရာ နှိပ်ကွပ်မယ်၊ အချစ်လေး မြန်မြန်ပြေးတော့"

"ဟုတ်တယ် ... နှိပ်ကွပ်ပစ်လိုက်၊ ကော်ဖိနပ်ကို ချစ်ရေးဆိုတဲ့ကောင်တွေကို နင်အသေသတ်မယ်ဆို ... သွားပြီးနော် ... တာ့တာ"

ကော်ဖိနပ် မီးမွှေးပေးပြီး ထွက်သွားတော့ ချစ်စရာက ရင်ခွင့်ကို ထိုးကြိတ်တော့သည်။

"ဟေ့ကောင် ရင်ခွင် ... မင်းဘာကောင်မို့လို့ ငါ့ရည်းစားကို ချစ်တယ်ပြောတာ မင်းသေပြီသာမှတ် ... "

"ခွပ် ... ခွပ် ... "

"ချစ်စရာ ... မင်းတော်တော့နော်၊ ကော်ဖိနပ် နောက်သွားတာကွ၊ ငါမပြောဘူး ... ဟေ့ကောင် ... "

"ခွပ် ... ခွပ်"

"ဒီကောင်တော့ ... "

ချစ်စရာက ဦးနှောက်ကြွပ်သိပ်မပြည့်၍ မင်းရင်ခွင်က ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



မလုပ်တာ။ သူမျက်နှာပေါ် ချစ်စရာရဲ့ လက်သီးချက်တွေက က ကွယ်နေသည့်ကြားမှ ထိနေသည်။ နှာခေါင်းမှ သွေးတွေပင် ထွက် လာ၏။ ချစ်စရာမို့ ရင်ခွင်ဘာမှ ပြန်မလုပ်တာပါ။ စိတ်တိုင်းကျ ထိုးပြီးမှ မင်းနောက်တစ်ခါ ကော့်ကိုချစ်တယ်လို့ပြောရင် အသေ ဆိုပြီး ကြိမ်းမောင်း၍ ပြန်သွားသည်။

"အား ... ကော်ဖိနပ်၊ နင်တော်တော်ဆိုးတာပဲ၊ အချင်းချင်း ရန်တိုက်ပေးတယ် ... ပြောမနိုင် ဆိုမနိုင် ကောင်မလေး"

သူ ထလိုက်သည်။ ချစ်စရာက ရှူးကြောင် မူးကြောင် ဆော်ထည့်သွားတာပဲ။ ကော်ဖိနပ် နင်တော်တော်ဆိုးတယ်။ ချစ် စရာကိုမှ ထောင်သွားတယ်။ ကော်ဖိနပ်ကို ဘယ်လိုပြောဆိုဆုံးမ ရမလဲ။ ရင်ခွင် စိတ်ပူနေသည်။ ကော်ဖိနပ် သွားလေရာ စိတ်မအေး နိုင်ဘဲ လိုက်ပြီး စောင့်ရှောက်ပေးနေမိတာက ရင်ခွင်ပါ။ ကော်ဖိနပ် ကို ချစ်သည်ဟု ဖွင့်မပြောတာပဲ ရှိသည်။

## အခန်း (၂)

"ညီလေး"

"ဗျာ"

"ညီလေးနဲ့ ကောင်လေးတစ်ယောက် ထိုးကြိတ်နေကြတာ အစ်ကိုတွေ့တယ်၊ အစ်ကို့နာမည်က မိုးမာန်မောင်ပါ ... ဒီရပ်ကွက်လေးထဲမှာ အစ်ကိုဝန်ထမ်းတစ်ယောက်ကို လာရှာရင်းနဲ့ ကောင်မလေးတစ်ယောက်ကို တိုက်မိတော့မလို ဖြစ်သွားရတယ်၊ အဲဒီကောင်မလေးက မင်းရဲ့အသိလား ... "

"ဗျာ"

"အဲဒီကောင်မလေးကြောင့် မင်းတို့နှစ်ယောက် ထိုးကြိတ်ကြတာမဟုတ်လား ... ကိုယ်တွေ့နေရတာပဲလေ"

ကော်ဖိနပ်ကို စိတ်ဝင်တစားလာမေးနေတာဖြစ်၍ မင်းရင်ခွင် မကျေမနပ် ဖြစ်သွားရသည်။ ကားအကောင်းစားကြီးနဲ့ လူမို



www.burmeseclassic.com

www.burmeseclassic.com



ကလဲ ချောသန့်နေတာပဲ။ ကော်ဖိနပ်သာသိရင် ဘယ်လောက်များ သဘောကျသွားမလဲ။ ရင်ခွင် စိတ်ပူသွားရပြန်ပြီ။ ဟိုကောင် ချစ် စရာ ဘုမသိ ဘမသိ ထိုးကြိတ်သွား၍ နှာခေါင်းရိုးတောင် ကျိုးသွား ပြီလားမသိဘူး။

"ညီလေး"

"ဗျာ"

"မင်းနာမည် ဘယ်လိုခေါ်လဲ"

"မင်းရင်ခွင်ပါ ... "

"ဩော် ... ဟိုကောင်မလေးကရော ... "

"ကော်ဖိနပ်ကို ပြောတာလား"

"ဘာ ... နာမည်က ကော်ဖိနပ်တဲ့လား၊ စိတ်ဝင်စားတယ် ကွာ ... အဲဒီကောင်မလေးကို ကိုယ်စိတ်ဝင်စားသွားတယ်"

ကော်ဖိနပ်တော့ မြောက်ပြီး သူဌေးတစ်ယောက်က သူမ အကြောင်း တကူးတက လာမေးနေတယ်ဆိုတာသာသိရင် မိုးပေါ် အထိ မြောက်တက်သွားမလားဘဲ။ ဘဝင်လည်း မြင့်သွားနိုင်တယ်။ လာမေးနေတဲ့ ကိုမိုးမာန်မောင်ဆိုတာကလည်း ချောချောစန့်စန့်။

"ဟုတ်တယ် ... သူ့နာမည်အရင်းကတော့ သံယောဇဉ်နွယ် ပါ၊ ဒါပေမဲ့ ... ငယ်ငယ်လေးထဲက စွာတေးလန်ပြီး မကျေနပ်ရင် မကျေနပ်သလို သူစီးထားတဲ့ ကော်ဖိနပ်နဲ့ရှုတ်ပြီး ပေါက်တတ်လို့ ကော်ဖိနပ် ဖြစ်နေတာပါ"





"ဟုတ်လား ... နာမည်အရင်းက သံယောဇဉ်နွယ်တဲ့လား"

မိုးမာန်မောင်ကတော့ အမှတ်မထင်တွေ့ဆုံလိုက်ရတဲ့ ကောင်မလေးတစ်ယောက် သူ့ကားရှေ့မှာ ကိုရိုကားယားနှင့် စက် ဘီးစီးလာတဲ့ မိန်းကလေးတစ်ယောက်။ ရှုံ့မဲ့မဲ့မျက်နှာလေးကို အသေအချာတွေ့လိုက်သည်။ သွေးကင်ဆာရောဂါဝေဒနာ ခံစားရ ပြီး သေဆုံးသွားခဲ့ရတဲ့ မိုးမာန်ချစ်သူ အကြင်နာနှင့်တူလွန်းနေသည်။

"နာမည်ကလဲ သံယောဇဉ်တဲ့ အကြင်နာနဲ့နာမည်လည်း ဆင်တူတယ် ... အကြင်နာက သူဌေးသမီး ငါနှင့်အသက်ရွယ်တူ"

မိုးမာန်မောင် ကားပေါ်တက်ပြီး ပြန်မောင်းရမှာပင် မှင် သက်မိသွား၍ သူမကိုပဲ စိုက်ကြည့်မိသွားသည်။ သူအသိတွေ ဝင် လာပြီး ကောင်မလေးနောက်လိုက်တော့ ကောင်လေးတစ် ယောက်ကို စက်ဘီးနှင့်ထပ်တိုက်မိကာ ဘယ်လိုပတ်သက်ကြမှန်း မသိ။ တရင်းတနှီးတော့ ရှိကြသည်။

"အစ်ကိုက ကော့်အကြောင်းသိချင်နေတာလား ... ဒါဆို လည်း အမှန်အတိုင်း ပြောပြပ့ါမယ်၊ သူ့အကြောင်းသိရင် အစ်ကို စိတ်ညစ်သွားမှာနော် ... အရမ်းဆိုးတဲ့ ကောင်မလေးပဲ"

"ဟုတ်လား"

"ရည်းစား ဆယ်ယောက်လောက်ရှိတယ်"

"ဟင်"

"စောစောက ကျွန်တော့်ကိုထိုးသွားတဲ့ကောင်က သူ့ရည်း



www.burmeseclassic.com

www.burmeseclassic.com



စားထဲက တစ်ယောက်ပဲလေ ... ကျွန်တော်နဲ့ရန်တိုက်ပေးသွားလို့ ထိုးသွားတာပါ"

"ညီလေးနဲ့ရောကွ"

"ဘာမှမဆိုင်ပါဘူး ... ကော်ဖီနပ်ရဲ့အကျင့်စရိုက်တွေကို မကြိုက်လို့ ကင်းကင်းရှင်းရှင်းနေတာပါ၊ အဲဒါကို ကော်ကမကျေနပ်လို့ ထောင်ပစ်လိုက်တာ"

"တော်တော်ကြောက်စရာကောင်းတဲ့ ကောင်မလေးပဲကွ"

"သူ့အမေက ငွေမက်တယ် ... သူလည်း အတူတူပဲ၊ သူ့ကို ကြိုက်တဲ့ကောင်တွေဆိုရင် အမျိုးမျိုးဖန်ပြီး ညာစားတာပဲ"

"ဟော့ ... "

ရင်ခွင် စိတ်တိုတိုနှင့် ကော်ဖီနပ်အကြောင်းတွေကို ဟုတ်တာတွေရော မဟုတ်တာတွေရော ပြောပစ်လိုက်သည်။ ခင်ဗျားကြီး ဘာဖြစ်လို့ စိတ်ဝင်စားရတာလဲ။ မိန်းကလေးတွေအပေါ် စိတ်ဝင်စားတယ်ဆိုတာ မရိုးသားမှုပဲ။ ရင်ခွင့်ရင်ထဲသို့ အလိုလိုနေရင်း ဝင်ရောက်လာတဲ့ မနာလိုဝန်တိုမှုတွေ သံယောဇဉ်နှယ် နင့်ကိုငါလေ လိုက်ပြီး စိတ်ပူပင်ပေးနေရမှာပဲ။

"ကော်ဖီနပ်က အရမ်းစွာတေးလန်တာနော် အစ်ကို ... ဒေါသဖြစ်ရင်လည်း ကြောက်စရာကောင်းတယ်၊ သူ့အဖေက ဆိုက်ကားနင်းတယ်ဗျ။ မိထွေးနဲ့ တဲစုတ်လေးထဲမှာနေရတာ"

ကော်ဖီနပ် ... နင်ဘာတတ်နိုင်သေးလဲ။ နင့်အကြောင်းကို





တမင်မကောင်းတာတွေပဲ ပြောပစ်တာ။ အဖတ်တောင်ဆယ်လို့မရအောင်လေ။ နင့်အပေါ် သူစိတ်ဝင်စားမှုမရှိတော့အောင်ပဲ။ တကယ်တော့ ရင်ခွင်က စေတနာအပြည့်နှင့်ကော်ဖီနပ်ကို ကာကွယ်စောင့်ရှောက်ပေးတာပါ။ နင်က ငွေမက်တယ်။ သူ့ငွေကို ယူချင်တာ။ ဒါပေမဲ့ ... ဒီလူက နင့်ကိုအတန်းအစားမျိုးကို အတည်ကြံမယ်ထင်နေလား။

"ဝေးသေးတယ်"

"ဟင် ... ညီလေး ဘာပြောတာလဲ ဘာဝေးသေးတယ်လဲ"

"ဩော် ... ယောင်သွားလို့ပါ၊ အကြောင်းကိစ္စတစ်ခု စဉ်းစားမိသွားလို့ပါဗျာ ... ဘာမှမဟုတ်ပါဘူး"

ရင်ခွင် ကမန်းကတန်း ပြန်ဖြေလိုက်ရသည်။ ကိုမိုးမာန်မောင်က သူ့ကားနှင့်တစ်ခုခုလိုက်စားဖို့ ခေါ်သည်။

"ဟာ ... မလိုက်တော့ပါဘူး အစ်ကိုရာ"

"တက်ပါကွ ညီလေးရ ... အစ်ကိုက ခင်မင်ချင်လို့ပါ၊ မင်းကလည်း လူချောလေးပဲ ... ယဉ်ကျေးတယ်၊ တက်ပါကွ ... ကားပေါ်"

ရင်ခွင်လည်း မလွှဲမရှောင်သာတော့၍ ကိုမိုးမာန်မောင်ရဲ့ ကားပေါ်တက်လိုက်ရသည်။ ကားထဲမှာ အေးစိမ့်မွှေးရနံ့တွေသင်းပျံ့နေတာပဲ။ ကောင်းလိုက်တာ။ ကော်ဖီနပ်သာ စီးလိုက်ရရင်တော့ ဘဝင်တွေ ရွှတ်မြင့်သွားမှာပါ ကြွားလိုက်မယ့်အမျိုး။ ရင်ခွင့်ဆန္ဒ



www.burmeseclassic.com

www.burmeseclassic.com



ကတော့ ကိုမိုးမာန်မောင်နှင့်ကော်ဖိနပ်ကို လုံးဝမပတ်သက်စေ
ခြင်းပင်။

"ရင်ခွင်"

"ဗျာ"

"အရင်ဆုံး မင်းဒဏ်ရာတွေကို ဆေးခန်းပြရမယ်"

"ရပါတယ်အစ်ကို"

"လာပါကွာ ... ဆေးဖိုးအစ်ကို ပေးမှာပါ"

ကိုမိုးမာန်မောင်က ရင်ခွင့်ကို ဆေးခန်းတစ်ခုကိုခေါ်သွာ
ပြီး သူ့ဒဏ်ရာတွေ ပြပေးသည်။

"ဘာမှတော့ မဖြစ်ပါဘူး ... နှုတ်ခမ်းကွဲသွားတယ်၊ ဆေ
ထည့်ပေးလိုက်ပါ့မယ် ... သောက်ဆေးလည်းပေးလိုက်မယ်"

ရင်ခွင့်ကို ဆေးခန်းပြပြီး ကိုမိုးမာန်မောင်က စားသောက်
ဆိုင်ခေါ်သွားသည်။ ရင်ခွင် မစားချင်ပါဘူး။ ကော်ဖိနပ်အကြောင်း
တွေ မပြောပြချင်။ စိတ်ဝင်တစားဖြစ်နေတာလည်း မကြိုက်ပါ။
ကော်ဖိနပ်နဲ့ ပတ်သက်မသွားစေချင်။ ကိုမိုးမာန်မောင် ကျွေးတဲ့
အစားအစာတွေက ရင်ခွင့်လည်ချောင်းဝမှာ တစ်စို့စို့ကြီး။

"မင်းရင်ခွင် ... ညီလေးကိုကြည့်ရတာ စိတ်မသက်မသာ
ဖြစ်နေတဲ့ပုံပဲကွ၊ မင်းနဲ့ ဘာ ... ကော်ဖိနပ်ဆိုလား သံယောဇဉ်နှယ်
ဆိုလား အဲဒီကောင်မလေးနဲ့က ချစ်သူတွေတော့ မဟုတ်ပါဘူးနော်"

"မဟုတ်ပါဘူး ရင်ခွင်နဲ့ကော် တွေ့လိုက်တိုင်းရန်ဖြစ်နေကြ





တာပါ။ အစ်ကိုလည်း ကော်နဲ့မပတ်သက်ပါနဲ့ဗျာ ... သူ့ကိုလေ ရပ်
ကွက်ထဲက ကောင်တွေက မြွေဟောက်လို လျှာနှစ်ခွနဲ့လာသမျှ
လက်ခံတဲ့ ကောင်မလေးဆိုပြီး အထင်အရမ်းသေးကြတယ်"

မိုးမာန်မောင်ကတော့ သံယောဇဉ်နှယ်ဆိုတဲ့ ကောင်မလေး
အား ခဏလေးမြင်တွေ့လိုက်ရစဉ်မှာပင် ချစ်သူ အကြင်နာနှင့်တူ
လွှမ်း၍ ရင်းနှီးကျွမ်းဝင်ချင်လာရသည်။ အကြင်နာနှင့်သူ ဆယ်
ကျော်သက်အရွယ်မှာ ချစ်ကျွမ်းဝင်ခဲ့ကြပြီး မထင်မှတ်စွာဖြင့် ခွဲခွာ
ခဲ့ကြရ၏။

မေ့ပစ်လို့မရခဲ့။ မိုးမာန်အောင် စိတ်တွေ လေလွင့်ပြီး ဘဝ
ပျက်လုမတတ် ခံစားခဲ့ရသည်။ ဒီအကြောင်းတွေကို မင်းရင်ခွင်ကို
ရှင်းမပြချင်ပေ။ သူ ... ထိုစဉ်ထဲက နိုင်ငံခြားမှာ ပညာသင်ရင်း
သွားနေခဲ့ပြီး ပြန်ရောက်လာခဲ့တာ လပိုင်းလောက်ပဲရှိနေသေး
သည်။

"ရင်ခွင် ... ညီလေး ... "

"ဗျာ"

"ကော်ဖိနပ်က ဘာအလုပ်လုပ်လဲကွ"

"တက္ကသိုလ်ဝင်တန်းအောင်ထားပြီးပြီ ... ကျွန်တော်ရောပဲ
ကျွန်တော်နည်းပညာတက္ကသိုလ် တက်နေတယ်၊ ကော်ကစာပေး
စာယူနဲ့ သချ်ာအဓိကဗျ"

"ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ကော့မိထွေးက လောင်းကစားလဲလုပ်တယ်၊ ကော့အဖေဆိုရင် နေ့ည ဆိုက်ကားနင်းပြီး ပိုက်ဆံရှာရတယ် ... မမိုက်ပါဘူး ဗျာ"

"ဘာပဲပြောပြောကွာ သံယောဇဉ်နွယ်ကိုတော့ ကိုယ်စိတ်ဝင်စားတယ်၊ နှစ်ခါပြန်တောင် လိုက်ကြည့်မိသွားတယ်ကွ၊ သံယောဇဉ်ရဲ့မျက်ဝန်းလေးက အပြစ်ကင်းပြီး ချစ်စရာကောင်းတယ်၊ ညို့မျက်ဝန်းပိုင်ရှင်မလေးပဲ"

"ဗျာ"

"ကိုယ်တော့ ညီလေးနဲ့မိတ်ဆွေဖွဲ့ပြီး ညီလေးတို့ရပ်ကွက်ထဲလာလည်ရမယ်ထင်တယ် ... ဘယ်လိုလဲ လာရမလား"

ကိုမိုးမာန်မောင် ကျွေးမွေးတာတွေစားပြီးနေ၍ မလာပါနဲ့ဟု ပြောလျှင်လည်း ရိုင်းပြရာ ရောက်တော့မည်။ ရင်ခွင် ရင်တွေထဲမှာ အောက်သက်နေရသည်။ ကော်ဖီနပ်က ကျုပ်ချစ်နေတဲ့မိန်းကလေး ... ကျုပ်ချစ်သူဟု အော်ဟစ်ပြောပြချင်လာ၏။ သူ ပဲများပြီး ကော်နှင့်ဘာမှမဆိုင်ဘူးဟု ပြောထားမိနေ၍ ခက်နေသည်။

"ဘယ်လိုလဲ ညီ ..."

"လာလည်လို့တော့ရပါတယ်အစ်ကိုမိုးမာန်ရာ ... ဒါပေမဲ့ ကျွန်တော်တို့ရပ်ကွက်မှာက လူဆိုးလူမိုက်တွေရှိတယ်၊ အစ်ကိုပိုင်းရိုက်ခံရနိုင်တယ်လေ၊ ပြီးတော့ ... ကော်ဖီနပ်က ပြဿနာရှာတတ်တယ်၊ ရည်းစားတွေများလွန်းတော့ ရှုပ်ထွေးသွားနိုင်လို့ပါ၊ အစ်ကို





မိုးမာန်က လူကြီးလူကောင်းတစ်ယောက် မဟုတ်လား"

နင့်အတွက်ပါဟာ။ ရင်ခွင်ဆိုတဲ့ကောင်က နင့်မကောင်းကြောင်းဆိုရင် လုံးဝပြောပြချင်တဲ့ ကောင်မဟုတ်ပါဘူး ကော်ရယ်။ ကိုမိုးမာန်မောင်က နင့်ကိုအတည်ကြံမှာမဟုတ်ဘူးဟ။ အိမ်ထောင်လည်းရှိချင်ရှိနိုင်တယ်။ ထိုလူမျိုးတွေနှင့် ကော်ဖီနပ်အား မပတ်သက် မရင်းနှီးစေလိုပေ။ ထို့ကြောင့်ပင် ဦးမိုးမာန်မောင် စိတ်ပျက်သွားစေမည့်အကြောင်းတွေကိုပဲ တမင်ရွေးချယ်ပြောပြလိုက်သည်။

"ကိုယ်လည်း ကိုယ့်ထက်ငယ်တဲ့ မင်းရင်ခွင်လောက်တောင် မရင့်ကျက်ဘူးထင်တယ်ကွာ ... ဝန်ခံရတော့မှာပဲ၊ သံယောဇဉ်နွယ်ဆိုတဲ့ နာမည်လေးရော ကောင်မလေးရဲ့မျက်နှာလှလှလေးကိုရော ကိုယ့်နှလုံးသားထဲအထိ ထွေးပွေ့သိမ်းပိုက်မိပြီးသား ဖြစ်သွားပြီ ရင်ခွင် ..."

ကိုမိုးမာန်မောင်က ဆွေးဆွေးမြေ့မြေ့ ကြေကြေကွဲကွဲဆိုရင်း ကားပေါ်ပြန်တက်၍ မောင်းထွက်သွားသည်။ ရပ်ကွက်ထိပ်မှာ ငေးငေးငိုင်ငိုင် ဝေ့ဝေ့ဝေဝေနှင့် ကျန်ရစ်ခဲ့သူက မင်းရင်ခွင်ပါ။ သူ့ခန္ဓာကိုယ်က လေးလေးလံလံနှင့်မလှုပ်ရှားချင်တော့။ ကော်ဖီနပ်တစ်ယောက် ကံဇာတာဆန်းလဒ်တွေ တက်လာပြီလားပင် မသိတော့။ ကိုမိုးမာန်မောင်ကိုကြည့်ရတာ လူဆိုးလူပေတစ်ယောက်နှင့်မတူပေ။ အနောက်တိုင်းဝတ်စုံကို သေသပ်ခန့်ညားစွာ ဝတ်ဆင်ထားပြီး လုပ်ငန်းကြီးကြီးတစ်ခုခု ဦးစီးလုပ်ဆောင်နေသူ ဖြစ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ကိုမိုးမာန်မောင်က အရမ်းဆွေးမြေ့ကြေကွဲနေသလိုပဲ ကော် ... နင့်ကိုကြွေသွားပြီထင်တယ်၊ နင်သိရင်လည်း အရမ်းပျော်ရွှင်သွားမှာ ငါသိတယ် ... နင်က ဆင်းရဲတာကိုမုန်းတီးတဲ့ မိန်းကလေး"

ကော်ဖိနပ်ကို ဘဝအမှန်ကိုနားလည်သိရှိပြီး ရိုးသားကြိုးစားတဲ့ မိန်းကလေးဖြစ်စေချင်သည်။ နှုတ်ခမ်းပဲ့ချင်း မီးမမှုတ်ဘူးဟု ကြွေးကြော်နေတတ်တဲ့ ကော်ရဲ့မျက်နှာဘေးကို ရင်ခွင်အမြင်ကတ်ဆုံးပင်။ သူ့စိတ်ထဲမှာ ကိုမိုးမာန်မောင်ရဲ့ဘဝကို အတင်းလုယူထားပစ်လိုက်ချင်နေ၏။ ကော်ကို သူချစ်တယ်။ ကော်သိအောင် ဖွင့်ပြောပြဖို့ကလဲ သူ့ကိုလူပုံအလယ်မှာ အရှက်ခွဲမှာကြောက်၍ ရင်ထဲမှာပဲ မျိုသိပ်သိမ်းဆည်းထားခဲ့ရသည်။

"ရင်ခွင်ကတော့ နင့်ကိုတစ်နေ့နေ့မှာ အရယူပြမယ်ကော်၊ နင်သဘောကျနှစ်သက်တဲ့ သူဌေးဘဝကိုလည်း ရအောင်ကြိုးစားမယ် ကော်ရယ် ... စောင့်ပေးပါ၊ ရင်ခွင့်ကို နင့်ချစ်သူအဖြစ် သတ်မှတ်ထားပြီး သစ္စာရှိရှိ စောင့်ပေးပါဟာ"

ရပ်ကွက်ထဲသို့ လှမ်းဝင်လာတဲ့ ရင်ခွင့်ခြေလှမ်းတွေက အရင်ကနှင့်မတူအောင်ပင် နှေးကွေးလေးလံလွန်းနေသည်။ ရင်ဝမှာအပူမီးတောက်တွေ တွေးပွေ့သယ်ဆောင်လာခဲ့ရသလိုပင်။ ရင်ခွင့်မိဘတွေက သာမန်လက်လုပ်လက်စားတွေ။ အဆင်းရဲအနွမ်းပါး





ကြီးလည်းမဟုတ်။ ရင်ခွင်က တစ်ဦးတည်းသောသားပါ"

"ရင်ခွင် ... နင့်ရဲ့ဆရာကြီး ပုံစံကို ငါအရမ်းအမြင်ကတ်တယ်သိလား ... နင့်စိတ်ထဲမှာ ငါက အမြဲတမ်း အထင်သေးစရာကောင်းနေလား"

ရင်ခွင်က စေတနာနှင့်ပြောဆိုခဲ့တာပင် ကော်က ရန်လိုပြီး ဒေါသတွေနှင့်တုန့်ပြန်နေတတ်၍ ချစ်သူတွေဖြစ်ကြဖို့ကတော့ ဝေလာဝေးပဲ။ ကော်ဖိနပ်နှင့် သင့်မြတ်အောင်နေဖို့ သူစဉ်းစားမရ။ အနေအထိုင်မတတ်သော ကော်ဖိနပ်အား တွေ့လိုက်တာနှင့်သွန်သင်ဆုံးမစရာတွေကြီးပဲ ရင်ခွင်မြင်တွေ့နေရတာက အခက်ဆုံးပဲ။ မနေတတ် မထိုင်တတ်နဲ့ စိတ်မထင်လျှင်မထင်သလို ပြဿနာ ရှာတတ်၍လည်း ရင်ခွင်တစ်ယောက် ကော့်ကြောင့် အမြဲတမ်း တိတ်တခိုးလေး နာကျင်ကြေကွဲခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၃ )

မနေ့က စက်ဘီးမှောက်ထားတဲ့ ဒဏ်ရာတွေကလဲ နာကျင် နေသေး၍ ကော်တစ်ယောက် အိမ်လေးထဲမှာပဲ အခန်းအောင်းပြီး ငြိမ်သက်နေသည်။ အမေနုကတော့ ကော့်အား အလကားနေရင်း အရည်မရ အဖတ်မရ ဒဏ်ရာဒဏ်ချက်တွေဖြစ်အောင် မလုပ်နဲ့တဲ့။ အလှပျက်မယ်တဲ့။ အလှသွေးတွေ အရမ်းကြွယ်နေတဲ့အချိန်မှာမှ ဈေးကောင်းရနိုင်တာတဲ့။ အမေနုကို ကော် တစ်စက်လေးမှ မနှစ် သက်မိ။ ဘာတွေမှန်းမသိ စုံနေအောင် သင်ကြားနေသည်။

"နုနယ်က သမီးအပေါ် စေတနာမေတ္တာကြီးမားပါတယ် ကွယ်၊ မိထွေးဆိုပေမယ့် သမီးကို ညှင်းပမ်းနှိပ်စက်နေတာမှ မဟုတ်တာ ... သမီးနေချင်သလို နေရတာပဲ၊ နုနယ်ကို အမေတစ် ယောက်လို သတ်မှတ်ထားပါ"

အမေနုက ကော့်အပေါ်မှာတော့ မိထွေးပီပီ နှိပ်စက်ရိုက်





နှက်တာမျိုးတွေတော့ မရှိပါဘူး။ အဖေ့ကို ချွဲနွဲ့ပြီး ငွေတွေရှာခိုင်း လောင်းကစားတွေလုပ်နေလို့ ကော်မကြိုက်တာပါ။ ပြီးတော့လည်း ကော့်ကို အသုံးချချင်နေတယ်။ သူဋ္ဌေးတွေနှင့်ပတ်သက်ဆက်ဆံစေ ချင်နေတာကိုက မရိုးသားတာပဲ။ အမေနုက တန်ဖိုးရှိအောင် ထိန်း သိမ်းပေးနေတာက ကော့်အား ရောင်းကုန်ပစ္စည်းတစ်ခုအဖြစ် သတ်မှတ်ထား၍ဖြစ်သည်။

"အဖေ ... ဘာဖြစ်လို့ ဒီမိန်းမအတွက် လူဖြစ်နေရတာလဲ ဟင် ... အဖေ့ဇနီးငယ်အတွက် ပင်ပင်ပန်းပန်း အလုပ်တွေလုပ်နေ ရတာ ကော် မကြည့်ရက်လို့ပါနော်"

သူမ ဘယ်လောက်ပဲ စိတ်ဓာတ်မာကျောအောင်ပဲနေပါစေ တစ်ခါတလေ စိတ်တွေက ပျော့ညံ့သွားတတ်ပြီး မျက်ရည်တွေကျ ချင်သည်။ မိထွေးက တန်ဖိုးရှိအောင်နေခိုင်းလေ ကော်က မနေ လေဘဲ။ သူမအတွက် အန္တရာယ်မပေးနိုင်မယ့် ယောကျ်ားလေးတွေ ကိုပဲ ပတ်သက်တာပါ။ ချစ်စရာလိုပေ့ါ။ ရှုးကြောင်ကြောင် ချစ်စရာ က ကော့်ကို အသေအလဲ ပိုးပမ်းနေသည်။ အမေနုကမကြိုက်။ ကော်ကတွဲပြ၏။ ချစ်စရာဆီက မုန့်တစ်ထုတ်ပဲရရ ယူပြသည်။ ပြီး တော့လည်း ... သူမရဲ့ပြချင်ဆုံးက မင်းရင်ခွင်ပါ။

"မင်းရင်ခွင် ... နင်က ဆရာကြီးလား၊ အနံ့ကြီးကွင်းကျယ်နဲ့ လူကိုများ အထင်သေးလို့"

အမြင်ကတ်ကတ်နှင့် ချစ်စရာနဲ့ရန်တိုက်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရယ်ရတယ် ... ချစ်စရာက မင်းရင်ခွင်ကိုထိုးကြိတ်နေ၏။ မှတ်ထားရင်ခွင် ကောင်စုတ် ... ကော်ဖိနပ်ကိုများ အဖက်မလုပ်ချင်သလိုလိုနဲ့ ရပ်ကွက်ထဲကကောင်တွေ ကော်ဖိနပ်အား အသေအလဲကြိုက်ပြီး ရည်းစားစကား အသည်းအသန်ပြောနေတဲ့အချိန်တွင် မင်းရင်ခွင်က စိတ်မဝင်စားသလိုလို ဘာလိုလို။ ပဲများတဲ့ကောင် ... ကော်ဖိနပ်ကလည်း မင်းရင်ခွင်ကို တွေ့တိုင်း ဘဝတူချင်းကို အထင်မကြီးကြောင်း နှုတ်ခမ်းပုံ့ခြင်း မီးမမှုတ်ဘူးဆိုတဲ့စကားတွေ မာနတကြီးပြောပစ်သည်။

"ကော်ဖိနပ်ကို ရှုပ်ပလာမ ... ရှစိန်မလို့ နင်သတ်မှတ်ထားတာမဟုတ်လား ရင်ခွင် ... ငါ့အပေါ် ချစ်စရာလောက်တောင် နားလည်မှု မပေးနိုင်တဲ့ကောင် ... မုန်းတယ် ..."

ရင်ခွင့်အကြောင်း တွေးနေမိရင်း သူမစက်ဘီးနှင့်တိုက်မိတော့မလို ဖြစ်သွားရတဲ့ ကားအကောင်းစားကြီးနဲ့ လူတစ်ယောက်ကို အမှတ်ရလာသည်။ ကော့်ကို စူးစိုက်ကြည့်နေလိုက်တာများ ကော်လည်း ရင်တွေပန်းတွေတုန်ပြီး ရှက်ရှက်နှင့် ဂယောင်ချောက်ချားပင် ဖြစ်သွားရသည်။

"လူချောပဲ ... ဖြူသန့်နေတာပဲ၊ သူဘယ်သူလဲမသိဘူး ... ကော့်ကို ခပ်ကြောင်ကြောင်ကြည့်နေတယ်၊ လာလည်း မထူပေးဘူး၊ နှုတ်ဆက်စကားလည်း မပြောဘူး၊ ဘာလဲဟ ... ကြောင်တောင်တောင်နဲ့"





ကော် တွေးနေမိသည်။ သူက အမေနဲ့ကြိုက်တဲ့ ဒီဇိုင်းပဲ။ သူချွေးထင်တယ်။ အသက်အရွယ်ကလည်း ကော်တို့ထက်နည်းနည်းပဲ ကြီးမယ်။ အစ်ကိုအရွယ်ပေါ့လေ။ ကော်တွေးရင်း ... တွေးရင်းနှင့် သူ့ကို သတိတရနှင့် နောက်တစ်ခါထပ်ပြီး သူ့ကားနှင့်အတိုက်ခံပစ်ချင်တဲ့ ဆန္ဒတွေ မဆီမဆိုင် ဖြစ်နေသည်။

"ကော်ရေ ... ကော် ..."

"ဟင် ... ချစ်စရာ"

သူမနာမည်အား ကျယ်ကျယ်လောင်လောင် အော်ဟစ်ခေါ်ပြီး ဝင်လာသူက ချစ်စရာပင်။ ကော် အတွေးပျက်သွားရ၍ ဒေါသထွက်သွားရသည်။

"ဘာလဲ ချစ်စရာ ... အသံပြဲကြီးနဲ့ ကော့်နာမည်ကို ဘာဖြစ်လို့ အော်ဟစ်ခေါ်နေရတာလဲ"

"ဒီမှာ"

"ဘာတွေလဲဟ"

"လက်စွပ်"

"ဘာ"

ချစ်စရာက စက္ကူဗူးသေးသေးထဲကနေ လက်စွပ်ကို ထုတ်ယူလိုက်ပြီး သူမရှေ့မှ ဒူးထောက်ထိုင်ချလိုက်တော့သည်။

"ချစ်စရာ ဘာလုပ်တာလဲ"

"ချစ်စရာလေ ... အခုပဲ ကိုရီးယားရုပ်ရှင်ကားကြည့်ပြီး လာ



www.burmeseclassic.com

www.burmeseclassic.com



တာပါ။ လက်စွပ်နဲ့ လက်ထပ်ခွင့်တောင်းတာလေ ... ချစ်စရာကို လက်ထပ်ပါကော်"

"ဟား ... ဟား ... ဟား"

သူမ အူလှိုက်သဲလှိုက်ပင် တဟားဟား အော်ရယ်မိသည်။ ချစ်စရာကိုင်ထားတဲ့ လက်စွပ်က ကျောက်အနီကြီးနှင့် ကလေးတွေ စားတဲ့မုန့်ထုတ်ထဲက ပေါက်တဲ့ကြေးလက်စွပ်။ ကော်ရယ်တော့ ချစ်စရာက မျက်နှာငယ်လေးနှင့် ကြည့်နေသည်။

"ဘာဖြစ်လို့ ရယ်ရတာလဲကော် ... ကိုယ်က အလေးအနက် လုပ်တာပါ။ ဒီလက်စွပ်ကိုလေ ချစ်စရာတူလေး မုန့်ထုတ်ထဲက ပေါက်လို့ အတင်းတောင်းယူလာရတာပါ"

ကော် တဟားဟား အော်ရယ်ပြီးမှ ချစ်စရာကို သနားသွားရသည်။ ကော်ကလည်း ကော်ပဲ။ တစ်ခါတလေ အရမ်းပျင်းရိပြီး ငွေ့လာလျှင် ချစ်စရာကို စနောက်နေတတ်၏။

အီစီကလီတွေရိုက်ပြီး မုန့်တွေဝယ်ကျွေးခိုင်းချင်ခိုင်းတာပဲ။ မိထွေးက မိုင်းကောင်းကျောက်ဖိနေရမယ်ပြောတိုင်း သူမရဲ့ပြ ကောင်လေးတွေရဲ့ စက်ဘီးနောက်ကနေ လိုက်ချင်လိုက်သွားတာပဲ။

"ငါ့ကို လက်ထပ်ပါကော်ရယ် ... ငါပေးတဲ့ ပတ္တမြား လက်စွပ်ကိုလည်း လက်ခံပေးပါနော်"

"ချစ်စရာ"





"ဟင်"

"ကော်က စိန်လက်စွပ်ပဲလိုချင်တာပါ။ စိန်လေ ... သိလား။ ကျောက်က အဖြူရောင်"

"စိန်"

"အင်း ... "

"ဒါဆို ကိုယ့်တူလေးကို စိန်လက်စွပ်ပေါက်အောင် မုန့်ထုတ် ဝယ်ခိုင်းရမယ်"

"အင်း ... ကောင်းတယ်"

"ဒီမှာ ကော်နဲ့ကိုယ့်အတွက် လက်ထပ်ကိတ်တောင် ယူလာ သေးတယ်လေ"

"ဘယ်မှာလဲ"

"ဒီမှာ"

"ဟင်"

ချစ်စရာ ဖွင့်ပြတဲ့ကိတ်မုန့်ဗူးကို ကြည့်လိုက်တော့ မှိုတွေက အပြည့်။ ကိတ်မုန့်အသားပင် မမြင်ရ။ မှို စိမ်းစိမ်းပြာပြာဝါဝါတွေနှင့် ကော်ရယ်ပစ်သည်။ ချစ်စရာကြောင့် ကော် အူတက်မတတ် ရယ်မောခဲ့ရပြီး စောစောက စိတ်ညစ်နွမ်းနေမှုတွေပင် ပျောက်သွားသည်။

"ကော် ... စားမလား။ ကိုချစ်စရာ ခွံ့ကျွေးမယ်လေ"

"အမလေး ... မလုပ်ပါနဲ့။ ကော်မှ ကိတ်မုန့်မကြိုက်တာဘဲ



www.burmeseclassic.com

www.burmeseclassic.com



နောက်မှစားမယ်နော် ချစ်စရာ”

“အမေက ကိတ်မုန့်ကို လှှင့်ပစ်တော့မလို့၊ ကော့်ကိုကျွ ချင်လို့ရော လက်ထပ်ပွဲအတွက် အထိမ်းအမှတ်ရော မနဲတော လာရတယ်လေ”

“ချစ်စရာရယ်”

ချစ်စရာက တကယ့်ကို ဦးနှောက်ကချောင်နေတာပ တစ်ခါတရံတော့လည်း အကောင်းလိုပဲ။ ကော် သနားသွားသည် အမေနုက သူ့ဌွေးနဲ့ လက်ထပ်စေချင်တာ။ အခု … ကော့်ကိုလ တောင်းတာက အရူးချစ်စရာ။

“ဟဲ့ … ချစ်စရာ၊ အိမ်ပေါ်တက်ပြီး ဘာတွေလုပ်နေတာ အိမ်မှာ ငှါသမီးကော်တစ်ယောက်တည်းရှိတာ”

အမေ ရောက်လာပြီး ဒေါသတကြီးနှင့် ချစ်စရာယူလာ ပစ္စည်းတွေကို ဆွဲယူလွှင့်ပစ်သည်။ ချစ်စရာကိုလည်း အိမ်ပေါ်က အတင်းမောင်းထုတ်နေ၏။ အမေနုကိုတော့ ချစ်စရာ အရ ကြောက်သည်။

“ချစ်စရာ သွားတော့မယ်နော် ကော် … နောက်တစ် ဂုဏ်မက်တဲ့ခင်ဗျားသမီးကို စိန်လက်စွပ်နဲ့လာတောင်းပြမယ် စောင့်ကြည့်နေပါ”

“အရူး … ပေါက်ကရတွေလာပြောမနေနဲ့၊ နောက်တစ် ငှါသမီးဆီလာရင် နင့်ကို အရူးထောင်ကို ဖမ်းပို့မယ်”





ချစ်စရာက ကြောက်လန့်ပြီး ပြေးထွက်သွားသည်။

“ကော် … ညည်းဘာတွေလုပ်နေတာလဲ၊ အရူးကိုလက်ခံ စရာလား၊ ကြည့်စမ်း … ကြေးလက်စွပ်နဲ့ ကိတ်မုန့်မှိုတက်တွေ ညည်းအဆင့်က ဘာလဲ”

“အမေနု … ချစ်စရာနဲ့က တလမ်းတည်းသားချင်းတွေပါ၊ ငယ်သူငယ်ချင်းတွေလေ၊ ချစ်စရာက ကျပ်မပြည့်ပေမယ့် စိတ် သဘောထားကောင်းပါတယ်”

“တော်စမ်း … ကော်ဖိနပ်၊ အမိပွါယ်မရှိတာတွေ ဒီအရူးကို အရောတဝင် သွားမလုပ်ပါနဲ့လို့ ဘယ်နှစ်ခါပြောရမလဲ၊ ရှက်စရာ ကောင်းလိုက်တာဟယ် … အရူးက လက်ထပ်ခွင့်တောင်းရတယ် လို့”

“ချစ်စရာကို အရူးလို့ မပြောပါနဲ့ အမေနု … ”

“ပြောတော့ ဘာဖြစ်လဲဟဲ့ … ညည်းက ကျုပ်ကိုအရွဲ့တိုက်ပြီး လုပ်ချင်တာတွေလုပ်နေတာ ငါမသိဘဲနေမလား၊ ကျုပ်က ညည်း … ကောင်းစားဖို့ ဆုံးမသွန်သင်ပြတာပဲ၊ ချွေးဖြစ်ချင်တဲ့လူက ပြာပုံပဲတိုးမှာ၊ ညည်းလုပ်ချင်တာလုပ်တော့ ကော်ဖိနပ် … ကျုပ်က ဘာမှမဖြစ်ဘူးနော်၊ ညည်းအဖေပဲ ဆိုက်ကားသမားဘဝနဲ့ သေမှာ”

ကော်ဖိနပ် ဆက်ပြီးပြောနေလျှင် အမေနုနှင့်စကားများ ရန်ဖြစ်ရမည်ဖြစ်ပြီး အဖေသိလျှင်လည်း စိတ်မကောင်းဖြစ်ရရုံပဲရှိမည်။



www.burmeseclassic.com

www.burmeseclassic.com



ကော်ပဲ ရှောင်ထွက်လာခဲ့သည်။ စက်ဘီးလေးကိုတွန်းပြီး ဖြ
ဖြည်းချင်းလျှောက်လာရင်း သူမစက်ဘီး ကားကြီးနှင့်တိုက်မိတေ
မလိုဖြစ်တဲ့နေရာလေး ရောက်လာ၏။ ဘာမှန်းမသိဘဲ သူမစိ
တွေ လှုပ်လှုပ်ဆွတ်ဆွတ် ကြေကွဲနေသလိုလို။ ဘယ်သူ့ကိုသတိ
နေတာလဲ။ စက်ဘီးလေးကို လမ်းဘေးမှာရပ်ပြီး ကော်ထိုင်နေ
သည်။

"တီ ... တီ"

"တီ ... "

"ဟင် ... အမလေး ... "

သူမ ကားဟွန်းတီးသံကြောင့် မော့ကြည့်လိုက်တော့ မ
မှတ်ဘဲနှင့် ကားပေါ်မှဆင်းလာသူက ကားအနက်ကြီးနှင့်လူဖြစ်
သည်။ ကြည့်စမ်း ... ကော် အိပ်မက်မက်နေတာများလား။

သူ ... သူအစစ်ပဲ။

"ကော်ဖိနပ်"

"ဟင်"

"ကားပေါ်တက်လေ"

"ဘာပြောတယ်"

"မင်းကို ကားပေါ်တက်ဖို့ပြောနေတာလေ ကော်ဖိ
ကိုယ်တို့ တစ်နေရာရာမှာ သွားစကားပြောရအောင် ... ကိုယ်
မှတ်မိတယ် မဟုတ်လား"





သူမနာမည်ကိုပါ သိနေသည်။ ဘယ်ကနေသိတာလဲ။ မနေ့
ကမှ ဆုံမိတဲ့သူက တရင်းတနှီးနှင့်ပြုံးပြီး စကားတွေလာပြောနေ၍
ကော်တကယ့်ကို ယောင်ချာချာ။

"မင်းနာမည်ကိုသိနေလို့ ... အံ့သြနေတာလားကော် ...
မင်းနာမည်အရင်းက သံယောဇဉ်နွယ်လေ၊ စိတ်မထင်ရင် မထင်
သလို စီးထားတဲ့ ကော်ဖိနပ်နဲ့ကောက်ပေါက်တတ်လို့ ကော်ဖိနပ်
အမည်တွင်နေတယ် ဟုတ်ရဲ့လား ... "

"ရှင်"

"ကားပေါ်တက်ပါ။ ကိုယ့်နာမည်က မိုးမာန်မောင် ... မင်း
နဲ့ခင်မင်ချင်တယ်၊ မိတ်ဆွေဖြစ်ချင်တယ်"

"ကျွန်မကတော့ ဘယ်သူနဲ့မှ မိတ်ဆွေမဖြစ်ချင်ပါဘူး၊ နေပါ
ဦး ... ကျွန်မနာမည်နဲ့ ကျွန်မအကြောင်းတွေကို ဘယ်သူပြောတာ
လဲ"

"မင်းရင်ခွင်"

"ဘာ"

"မင်းတို့ရပ်ကွက်ထဲက ကောင်လေး မင်းရင်ခွင်လေ"

"ဟင် ... ရင်ခွင်၊ ဒီကောင် ဘာတွေပြောလဲ ... မဟုတ်တာ
တွေပဲပြောမှာ၊ ရင်ခွင်ကောင်စုတ် ... ငါ့ခွင့်ပြုချက်မရဘဲ ငါ့
အကြောင်းပြောတဲ့ကောင် သေပြီသာမှတ်တော့"

"ဟော့ ... ဟော့ ... နေဦးလေ၊ ဟော့ ... ကောင်မလေး



www.burmeseclassic.com

www.burmeseclassic.com



သံယောဇဉ်နှယ်"

သူမ လုံးဝကို လှည့်မကြည့်တော့။ ရှက်လည်းရှက် မျက်နှ
တွေလည်း ထူပူပြီး ရင်ခွင်ဆိုတဲ့ကောင်ဆီ အရောက်သွားဖို့ စက်ဘီ
ကို အမြန်နင်းသည်။

"နင် ... နင် ... ငါ့အကြောင်းတွေ မဟုတ်တာတွေပဲ ပြော
မှာ မဟုတ်လားရင်ခွင် ... ငါသိတယ်၊ ငါ့နာမည်ကော်ဖိနပ်ဆိုတ
တောင် သူကသိနေပြီ"

တွေးရင်း ... တွေးရင်း ကော် ဒေါသတွေ အလိပ်လိုက်
အလိပ်လိုက်တက်လာသည်။ နင်ပြောမယ် မဟုတ်လား ရင်ခွင်
ငါက ရည်းစားများတဲ့အကြောင်း စွာတေးလန့်ပြီး ယောကျ်ားလေ
တွေဆီကနေ ညာလိုင်းစားတတ်တဲ့ အကျင့်ဆိုးတွေရှိတဲ့အကြောင်
နင် ... ငါ့အကြောင်းဆို ဘယ်တော့မှ အကောင်းမပြောတတ်တ
ငါသိတယ်ဟဲ့။

"တီ ... တီ"

"တီ ... တီ"

"ဒုက္ခပါပဲ"

ကားနက်ကြီးကလဲ ကော့်နောက်ကနေ ထက်ကြပ်မကွာ
လိုက်နေသည်။ ရှင် ဘယ်လိုလူလဲ။ ကော်ဖိနပ်ကို လျှော့တွက်
မထားနဲ့နော်။ ရှင့်ကားကြီး ဘယ်လောက်ပဲ အပျံစားလန်းထွက်နေ
ပါစေ ကျွန်မကအလွယ်တကူ တက်ပြီးလိုက်မယ်ထင်လား မလိုက်





ဘူး။

"တီ ... တီ"

"တီ"

သူမ စက်ဘီးလေးဘေးကနေကပ်ပြီး လိုက်နေ၍ သူမ စက်ဘီးကိုဆက်၍ နင်းမရတော့။ သေချင်တာပဲ ... ကော်က ယောကျ်ားလေးသူငယ်ချင်းတွေနဲ့သာ တပူးတွဲတွဲနှင့် မိတ္တေးကို အရွဲ့တိုက်ပြီး နေပြတတ်ပေမယ့် သူစိမ်းယောကျ်ားတစ်ယောက်ရှေ့မှာတော့ အရှက်ကြီးရှက်ရပြီး မနေတတ်မထိုင်တတ်နှင့် ကယောင်ချောက်ချား အယောင်ယောင်အမှားမှား ဖြစ်တတ်သည်။

"တီ ... တီ"

"တီ ..."

"ဟေ့ကောင်မလေး ... ခဏလောက်ရပ်ပါဦး မရပ်ရင်တော့ မင်းစက်ဘီးကို ကိုယ်ဝင်တိုက်ပစ်မှာနော်"

"တိုက်ချင်တိုက် မတိုက်ချင်နေ"

တိုက်ချင်တိုက် မတိုက်ချင်နေ ကော်ဖိနပ်ကို အထင်သေးပြီး ကားပေါ်တက်ခိုင်းနေတာတော့ ကော်ဖိနပ်ရဲ့မာနကို အကြီးအကျယ်စော်ကားတာပဲ။ မကျေနပ်ရင် တိုက်လိုက်။ စက်ဘီးကို တအားနင်းပြီး ရပ်ကွက်ထဲဝင်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၄ )

"ရင်ခွင် ကောင်စုတ် ... သူငယ်ချင်းကောင်း မပီသတဲ့ ကောင် ပေါင်းသင်းဆက်ဆံဖို့မကောင်းတဲ့ သစ္စာဖောက်ကောင်"

ကော်က စွဲချက်ပေါင်းသောင်းခြောက်ထောင်နှင့် ရင်ခွင့် မျက်နှာကို စေ့စေ့ကြည့်၍ ပစ်ပစ်နှစ်နှစ်ပြောပစ်သည်။ ရင်ခွင်ကလဲ အခြေအနေကို သဘောပေါက်သွားပုံပင်။ မျက်နှာထားကတင်းတင်း။

"ကိုမိုးမာန်မောင်နဲ့ နင်တွေ့ခဲ့တာလားကော်"

"ဟုတ်တယ် ... ငါနဲ့သူ့ရဲ့ကား တိုက်မိတော့မလိုဖြစ်တဲ့ နေရာမှာပဲလေ"

"ဘာပြောတယ် ... နင်က အဲဒီနေရာကိုထပ်ပြီး ဘာသွားလုပ်တာလဲ"

ကော့်ကို အထင်မကြီးသလို ပဲတွေအရမ်းပေးနေတဲ့ မင်းရင်





ခွင်ကို နဲနဲလေးမှ မကျေနပ်ဘူး။ ကော့်ရင်တွေ မာနတွေနှင့်တင်း သွားရသည်။

"သတိရလို့လေ"

"ဘာကိုလဲ"

"မထင်မှတ်ဘဲ တွေ့ဆုံလိုက်ရတဲ့လူကိုလေ ... ကော်အိမ်မှာနေရင်း အရမ်းသတိရ လွမ်းဆွတ်ပြီး ထပ်တွေ့ချင်လာသလိုလို ဖြစ်နေလို့ အဲဒီနေရာလေးကိုသွားပြီး အလွမ်းပြေထိုင်နေတုန်း သူ ရောက်လာတာပဲ"

ရင်ခွင် ... နင့်လိုကောင်မျိုးကိုတော့ ကော်ဖိနပ်တို့က အားနာတယ်။ နင့်ထက်အဆပေါင်းများစွာ ခနေအင်အားတောင့်တင်းပြီး ခန့်ညားချောမောတဲ့ ယောက်ျားတစ်ယောက်က ငါ့ကိုတမ်းတမ်းစွဲ ရောက်လာတယ်ဟဲ့။ ကော် ရှက်ကြောက်ပြီး ထွက်ပြေးလာခဲ့တာ မပြောပြခဲ့တာ။ ဘာပဲဖြစ်ဖြစ်လေ ... မင်းရင်ခွင်ဆိုတဲ့ အခြောက်တိုက်ဘဝင်လေဟတ်ပြီး ကြီးကြီးကျယ်ကျယ်လုပ်နေတဲ့ကောင်။ ပြီးတော့လည်း ရင်ခွင်က ကော့်ကိုအမြဲတမ်းပဲ အထင်သေးလွန်းတယ်။

"နင် ဘာတွေသွားပြောတာလဲ ... တကယ်ဆို နင်က သူငယ်ချင်းကောင်းပီပီသသ ငါ့ဘက်ကနေ ကာကွယ်ပြီးပြောပေးရမှာမဟုတ်လား ကောင်စုတ်ရဲ့ ... "

ကော် ... နင်အရမ်းပျော်လာတယ် မဟုတ်လား။ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ကစပ်ဖြဲဖြဲ ပီတီတွေဖြာနေပုံ။ ဝင်းဝင်းလက်လက် ရင်ခွင်ကြည့်မရတာ အဲဒီအချိုးတွေပဲ။ ကိုမိုးမာန်မောင်လို ယောကျ်ားတစ်ယောက်ကို နင်အထင်တကြီးနဲ့ ရွှစိန်ဖြစ်လာတယ် မဟုတ်လား။

"ပြောလေ ... မင်းရင်ခွင်၊ နင်ယောကျ်ားဖြစ်ပြီး ဘာဖြစ်လို့ ငါ့အတင်း သူများကို မဟုတ်တာတွေပြောလိုက်ရတာလဲဟဲ့"

"နင့်ကို ငါအားမခံပြီး ကောင်းတယ်လို့မပြောနိုင်ဘူးကော်ဖိနပ် ... ငါအမှန်တွေပဲပြောတာ၊ နင့်အကျင့်တွေကို ငါမကြိုက်ဘူး၊ လူတစ်ဖက်သား ဒုက္ခရောက်အောင် ငါမလုပ်နိုင်ဘူး ... သိရဲ့လား"

"ကောင်းပါတယ် ... နင်က ဘယ်လောက်ပဲမကောင်းပြောပါစေ ငါက အရမ်းချောမောလှပနုထွတ် ... "

"တော်စမ်းပါဟာ ... နင့်ကိုနင် အရမ်းအထင်ကြီးမနေနဲ့ကော် ... ဒီလူ့အကြောင်း နင်ဘယ်လောက်သိလို့လဲ၊ နင် အဲဒီလောက်အထိ အညှာမလွယ်သင့်ဘူးနော်ကော်ဖိနပ်၊ ငါက နင့်ကို စေတနာနဲ့ သတိပေးတာ"

ကြည့်လေ ... မင်းရင်ခွင် အစုတ်ပလုတ်က အကြောင်းအရာတွေကို အသေအချာလည်းမသိသေးဘဲနဲ့ သူမအား အထင်သေးကာ ကိုမိုးမာန်မောင်နဲ့ပဲ ပတ်သက်ဆက်ဆံလာသလိုလို စွတ်စွဲပုတ်ခတ် ချိုးချိုးနှိမ်နှိမ်ပြောနေသည်။ ကော် အမြင်ကတ်ကတ်နှင့်အရွဲ့တိုက်ပြဖို့ပဲ စိတ်ကူးလိုက်သည်။

"နင် တော်တော်ငွေမက်တာပဲ ကော်ဖိနပ် ... နင့်ထက်





နိမ့်ကျတဲ့သူတွေဆို နင်နည်းနည်းလေးမှ အဖက်မလုပ်ချင်ဘူး၊ ငွေမျက်နှာပဲကြည့်မနေနဲ့ဦး ကော်ဖိနပ် ... နင့်ဘဝနဲ့သူ့ဘဝ ဘယ်လိုမှ မအပ်စပ်နိုင်ဘူး၊ ဒီလိုလူမျိုးက နင့်ကိုအတည်ကြံမလားဟ၊ ခြေတော်ပဲတင်မှာ၊ နင်ပဲဘဝပျက်မှာ၊ အရှက်တကွဲတွေဖြစ်ရမှာ ... နင့်ကိုနင် ဘာမှတ်နေလဲ၊ တန်ဖိုးရှိရှိလေး နေစမ်းပါဟာ"

"ဟဲ့ ... မင်းရင်ခွင်၊ နင့်ကိုငါပြောထားပြီးပြီနော်၊ နင်နဲ့မဆိုင်တဲ့ကိစ္စ ဝင်မပါနဲ့လို့၊ နင့်အပူလား ... ကော်ဖိနပ်တို့ကတော့ ကိုယ်မှန်တယ်ထင်တာလုပ်မှာပဲ၊ နောက်တစ်ခါ ကော်ဖိနပ်အကြောင်း မကောင်းပြောရင် နင့်အသေပဲ၊ ငါ့နာမည် ဘာဖြစ်လို့ ကော်ဖိနပ်ဖြစ်သွားရတာလဲဆိုတာ နင်သိပါတယ်နော်"

"ကော်ဖိနပ် ... နင်"

"နင့်ကို အပြတ်ပြောမယ်နော် ... မကြာခင် ငါနဲ့ကိုမိုးမာန်မောင်တို့ ချစ်သူတွေဖြစ်တော့မယ်၊ နင်ဝမ်းသာစမ်းပါ ရင်ခွင်၊ ဘဝမှာ ဖွတ်တက်ပြီး ဆင်းရဲမွဲတေနေတဲ့ ကော်ဖိနပ်၊ နောက်ဆုံးပေါ်ကားကြီးစီးရတာ နင်ဝမ်းသာပျော်ရွှင်လိုက်စမ်းပါ မင်းရင်ခွင်ရာ ... ရှင်းတယ်နော်"

"ကော်ဖိနပ် ... အဓိပ္ပါယ်မရှိတာတွေ လုပ်မနေပါနဲ့၊ နင် ဒုက္ခရောက်လိမ့်မယ်၊ ငါမပျော်နိုင်ဘူး ... နောက်ဆုံးပေါ်ကားကြီးစီးပြီးတဲ့နောက်က အဖြစ်အပျက်တွေ ဒုက္ခသောကတွေ မီးလိုတောက်မှာဟ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ငါ့ကိစ္စလေ ... နင့်အပူမပါဘူးနော်၊ ရှင်းရှင်းလင်းလင်း ပြောရရင်တော့ ကိုမိုးမာန်မောင်ကို ကော်ချစ်မိနေပြီ၊ စည်းစိမ်ချမ်းသာတွေထက် သူကအရမ်းချောတယ်၊ ခန့်တယ်၊ သူ့နှုတ်ခမ်းတွေက စိုရဲနေတာပဲ"

"တော်စမ်း ... ကော်ဖိနပ်"

"အမလေး ... လန့်လိုက်တာ ရင်ခွင်၊ ဘာဖြစ်လို့ မိုးထစ်ချုန်းသံကြီးနဲ့အော်ရတာလဲ၊ ငါကမိုးကြိုးပစ်ချလိုက်ပြီထင်လို့"

"တော်ပြီ ကော်ဖိနပ် ... နင့်စကားတွေကို မကြားချင်တော့ဘူး၊ အင်းလေ ... နင့်အကျင့်စရိုက်တွေကို သိသိကြီးနဲ့ ကာကွယ်တားဆီးဖို့လုပ်နေတာ ငါ့အမှားပဲ၊ ကောင်းပြီလေ ... နင်လုပ်ချင်တာလုပ် ငါနဲ့မဆိုင်ဘူး ... ငါပူပင်နေစရာလည်း မလိုဘူး၊ အနေသာကြီးပါ"

"ဟား ... ဟား ... ဟား ... နင်ကအရမ်းရယ်ရတာပဲ မင်းရင်ခွင် ... သူများကောင်းစားတာ မနာလိုဝန်တိုနေတာသိသာလိုက်တာ၊ မျက်နှာကြီး စူတင်းသုန်မှုန်နေတယ်၊ ကော်ဖိနပ်ရဲ့ကံဇာတာက သူများတွေ မနာလိုဝန်တိုစရာကောင်းလောက်အောင် တက်နေတာလား"

"ကော်ဖိနပ်"

"သွားပြီနော် မင်းရင်ခွင် ... နင့်လေသံကိုလျော့စမ်းပါဟာ တော်ကြာ ... ချစ်စရာ အထိုးခံနေရပါဦးမယ်"





"နင် ... နင် အရမ်းပျော်နေတာလား ကော်ဖိနပ်၊ နင် ကံဇာတာတက်တာမဟုတ်ဘူး၊ မှတ်ထား ... ဆိုးဝါးခြင်းပဲ"

"နင် ဘာလုပ်တာလဲ ... ငါ့လက်ကို လွှတ်စမ်း ... "

"မလွှတ်ဘူး ... ကံဇာတာတက်နေတဲ့ သူဌေးကတော်ကြီးရဲ့ မျက်နှာကိုသေသေချာချာ ကြည့်ထားရမယ်၊ နင့်ရဲ့တောက်တောက်ပပ မျက်ဝန်းတွေ၊ ချိုပြုံးနေတဲ့ နှုတ်ခမ်းအစုံ၊ မှတ်မိနေအောင် ကြည့်ထားမယ်"

"မင်းရင်ခွင် ... အရူး ... "

ကော်ဖိနပ် ခန္ဓာကိုယ်လေးအားဆွဲယူ၍ သူ့ရင်ခွင်ထဲမှာ ပွေ့ဖက်ထားချင်သည်။ မင်းရင်ခွင် တန်ဖိုးထားအမြတ်တနိုးရှိနေတဲ့ ကောင်မလေး သံယောဇဉ်နွှယ် ... သူမရဲ့ တဆတ်ဆတ်တုန်နေတဲ့ နှုတ်ခမ်းဖူးဖူးထွတ်ထွတ်လေး နမ်းပစ်ချင်သည်။

"လွှတ်နော် ... နင်ကောင်းတဲ့ကောင် မဟုတ်ဘူး ရင်ခွင်၊ သူငယ်ချင်းကောင်း မပီသတဲ့ကောင် ... လူဆိုး ... "

သူမ ရုန်းဖယ်၍ ရင်ခွင်လက်ထဲမှ လွတ်မြောက်စေရန် ကြမ်းကြမ်းတမ်းတမ်း ဖယ်ရှားပစ်သည်။

"ဟုတ်တယ် ... နင်မှတ်မိအောင် ကြည့်ထားလိုက် မင်းရင်ခွင် ... ငါ့ရုပ်ရည်က တော်ဝင်တဲ့သူပဲ ... မွဲမွဲတေတေ ကောင်မလေးဘဝကို မုန်းလို့"

ကော်ဖိနပ် စက်ဘီးပေါ်တက်ခွ၍ နင်းလိုက်ရာ ဒယိမ်း



www.burmeseclassic.com

www.burmeseclassic.com



ဒယိုင်ဖြစ်သွား၍ မင်းရင်ခွင်က အပြေးအလွှား လာပြီးထိန်းပေးနေသည်။

"ဖယ် ... ငါ့ဘာပဲဖြစ်ဖြစ် နင်ပူပင်စရာမလိုဘူး၊ နင့်ဟာနင်နေ ... "

"ကော်ဖိနပ်"

သူမ စက်ဘီးကိုနင်းရင်း လက်နောက်ပြန် တာ့တာလုပ်ရင်း နှုတ်ဆက်ပစ်ခဲ့သည်။သူမနောက်သို့ ကိုမိုးမာန်မောင်ရဲ့ကားကြီးများလိုက်လာမလားဟု ကြည့်ပေမယ့် ပါမလာတော့ပေ။ ကော်ဖိနပ် ရင်မောတော့ သက်သာသွားသည်။

"ကော်ဖိနပ် စက်ဘီးကို သတိထားနင်းနော်၊ အလကားနေရင်း သေလိမ့်မယ် ... ကြားလား ... သတိထားနော်"

ကော်ဖိနပ်က နင့်အပူမပါဘူးဆိုတာတောင် မင်းရင်ခွင်က မနေနိုင် မထိုင်နိုင်ဘဲ လှမ်းအော်သတိပေးနေမိသည်။ ငယ်သူငယ်ချင်း ရင်ခွင့်နှလုံးသားတွေထဲမှ စူးနင့်စွာတသိမ့်သိမ့် တန်ဖိုးထားချစ်နေမိတဲ့ သံယောဇဉ်နွယ်ဆိုတဲ့ ကောင်မလေးအတွက် စိတ်မောရပါလား။ သူ အသက်ရှူဖို့ပင် ခက်ခဲစွာ မွန်းကြပ်ကြပ်ကြီးဖြစ်နေ၏။ လမ်းဘေးမှာရှိနေတဲ့ အုတ်ခုံပေါ်ပစ်ချထိုင်လိုက်သည်။

"မင်းရင်ခွင် ... ညီလေး ... "

"ဗျာ"

"အစ်ကိုပါ ... ဘယ်လိုဖြစ်ရတာလဲကွာ ... မင်းရင်ခွင်ရာ





အစ်ကိုမိုးမာန်မောင်လေ ... သရဲသဘက်တစ်ကောင်ကို မြင်လိုက်ရသလို မင်းအကြည့်တွေ ကြောက်ကြောက်ရွံ့ရွံ့ကြီးပါလားကွ"

ကိုမိုးမာန်မောင်ပါလား။ ဒီကို ဘာလာလုပ်တာလဲ။ ရင်ခွင်မတွေ့ချင်ဆုံး သူခန့်ညားဖြူသန့်လန်းဆန်းတဲ့ သူဌေးမင်းကိုမိုးမာန်မောင်။ သူစီးလာတဲ့ကားကြီးက တန်ဖိုးဖြတ်ဖို့ပင်ခက်မည်။ သူဝတ်ထားတဲ့အနောက်တိုင်း ဝတ်စုံကရော အိစက်တောက်ပသစ်လွင်နေလွန်းသည်။ မင်းရင်ခွင် ဘယ်လိုလိုက်မှီမလဲ။ အင်ဂျင်နီယာတစ်ယောက်ဖြစ်လာနိုင်ဖို့တောင် အနိုင်နိုင်။ ကော်ဖိနပ်လို ငွေမက်တဲ့ကောင်မလေးအတွက် မင်းရင်ခွင်ပေးနိုင်တာက ဖြူစင်တဲ့အချစ်စစ်တွေ။ ကော်ဖိနပ်အား လူသိရှင်ကြား အတိအလင်းလက်ထပ်ယူရဲတဲ့သတ္တိတွေ ကော်ဖိနပ်ဘဝကို ခြေတော်တင်ဖျက်စီးမယ့်သူတွေကို တားဆီးကာကွယ်နေဖို့ ကြီးမားတဲ့စေတနာမေတ္တာတွေပဲ ရှိနေတယ်။

"အစ်ကို ထိုင်ရမလား ရင်ခွင်"

"ထိုင်ပါ ... ဒီအုတ်ခုံက ဘယ်သူမဆို ထိုင်ခွင့်ရှိတဲ့နေရာပါ ထိုင်နိုင်ပါတယ်"

ကိုမိုးမာန်မောင်ရာ ကျွန်တော်အရမ်းကြောက်တယ်ဗျာ။ ကော်ဖိနပ်ကို လက်လွှတ်ဆုံးရှုံးရတော့မယ်တဲ့။ အသိကိုလက်မခံနိုင်ဘူး။ ကော်ဖိနပ်ဘဝလေးကို လာပြီးမဖျက်စီးပါနဲ့ဗျာ။ ကျွန်တော် လုံးဝသည်းမခံဘူး။



www.burmeseclassic.com

www.burmeseclassic.com



“စောစောက အစ်ကိုနဲ့ကော်ဖိနပ် တွေ့ကြတယ်ကွ”

“ကျွန်တော် သိပြီးပါပြီ၊ ကော် ပြောပြတယ် ... အိုကေတယ် မဟုတ်လား”

“ကော်က အိုကေတယ်လို့ ပြောလို့လား”

“ထင်တာပါ ... ”

ဒီကောင်မလေး ရှက်ပြီးထွက်ပြေးသွားသည်။ ရည်းစားတွေများလွန်းတယ်ဆိုတဲ့ ကောင်မလေး မျက်နှာပေါ်မှာ ပန်းသွေးရောင်ထပြီး သူ့ကိုပင် မကြည့်တော့။ အကြင်နာနှင့်သူ တွေ့ကာစလည်း ထိုကဲ့သို့ပင်။

“ညီလေးကိုမေးမယ်နော် ... အမှန်အတိုင်းဖြေမလား ရင်ခွင်”

“မေးပါ”

“ကော်ဖိနပ်ကို မင်းလုံးဝ မကြိုက်နှစ်သက်ဘူးလား”

“ဗျာ”

“မင်းနဲ့ကော်ဖိနပ်တို့က သူငယ်ချင်းတွေလားလို့မေးတာလေ၊ အမှန်အတိုင်းပဲဖြေပါ မင်းရင်ခွင် ... အစ်ကိုသိချင်တယ်”

“ကျွန်တော်နဲ့ကော်က ငယ်သူငယ်ချင်းတွေပါ။ ချစ်သူတွေ အဖြစ်တော့ ရောက်လာနိုင်စရာ အကြောင်းမရှိပါဘူး၊ ဒါပေမဲ့ ... ကိုမိုးမာန်မောင်ကိုလည်း ကျွန်တော်တစ်ခုလောက်မေးပါရစေဗျာ”

“မေးပါ ရင်ခွင် ... ”





“ကော်ဖိနပ်လို ဆင်းရဲနွမ်းပါးတဲ့ ကောင်မလေး၊ နောက်ကို ဘာရည်ရွယ်ချက်နဲ့လိုက်နေရတာလဲဆိုတာပါပဲ ... အားမနာပါနဲ့ အမှန်အတိုင်းပဲပြောပါ”

မိုးမာန်မောင်လည်း ဘာကြောင့်တကောက်ကောက်လိုက်နေမိမှန်းမသိ။ ကြောင်တောင်တောင်တော့ နိုင်လွန်းသည်ဟုထင်မိခဲ့သည်။ အကြောင်းက သေဆုံးသွားတဲ့ သူ့ရဲ့ချစ်သူ အကြင်နာနှင့် ဆင်တူနေလို့ပါ။ သူ့ရင်ကိုကြီးစွာ လှုပ်ခတ်သွားစေတာတော့ သူဝန်ခံရမည်ဖြစ်သည်။

“ကိုမိုးမာန်မောင် ... ဘာဖြစ်လို့ မဖြေတာလဲ၊ ခင်ဗျားတို့လို လူမျိုးတွေက ခြေတော်တင်ဖျက်စီးဖို့ အကြံအစည်နဲ့လား”

“မဟုတ်ဘူး မင်းရင်ခွင် ... အဲဒီလိုတော့ လုံးဝမဟုတ်ဘူး အစ်ကိုက လူဖျိုလူလွတ်ပါ၊ လုပ်ငန်းက ဆောက်လုပ်ရေးလုပ်ငန်းကွာ ... မိုးမာန် ဆောက်လုပ်ရေးပေါ့”

“ထားပါတော့ဗျာ ... ကျွန်တော့်မေးခွန်းရဲ့ တိကျတဲ့အဖြေပေးပါ”

“ကော်ဖိနပ်ကို မြင်လိုက်ရတဲ့အချိန်မှာ ကိုယ်အရမ်းခံစားလိုက်ရတဲ့ ခင်မင်ချင်တယ်၊ စကားတွေအများကြီးပြောနေချင်တယ်၊ ကော်ဖိနပ်ဘဝကို ဖျက်စီးပစ်ဖို့ အကြံအစည်မရှိဘူး ... လောလောဆယ်တော့ ဒီလောက်ပဲဖြေနိုင်မယ်”

သူ့ချစ်သူ အကြင်နာနှင့်တူလွန်း၍ စိတ်ဝင်စားတာပါပဲ



www.burmeseclassic.com

www.burmeseclassic.com



မပြောပြချင်။ လူကြီးလူကောင်း မဆန်ဘူးဟု မိုးမာန်ထင်မိသည်
ကော်ဖိနပ်ကို ဖျက်စီးပစ်ဖို့ ခြေတော်တင်ဖို့ မဖြစ်နိုင်ပါဘူး။ မိုးမာ
မောင်က သူ့နှလုံးသားတွေထဲမှာ အကြင်နာကို ချစ်မြတ်နိုးတဲ့ အချ
တွေက ပြောင်းလဲသွားမှာမဟုတ်လို့ဘဲ ဖြစ်သည်။

"ခင်ဗျားအဖြေက မတိကျဘူး၊ ဝေ့လည်ကြောင်ပတ်နဲ့
ထားပါတော့လေ ... ကော်ဖိနပ်ကတော့ ခင်ဗျားကို လက်ခံမှာပါ
ဒါပေမဲ့ ... ကော်ဖိနပ် တစ်ခုခုကြေကွဲရရင်တော့ မင်းရင်ခွင်က
သည်းခံနေမှာမဟုတ်ဘူး ... အတည်ကြံပါ"

"စိတ်ချပါ မင်းရင်ခွင်ရာ ... ကိုယ်က လူကြီးလူကောင်းတ
ယောက်ပါ၊ ကော်ဖိနပ်ကို ခင်မင်ချင်တဲ့ဆန္ဒပဲ ရှိပါတယ်"

မင်းရင်ခွင် စိတ်ထဲမှာ နဲနဲလေးမှ မကျေနပ်မိ။ ကိုမိုးမာ
မောင် နောက်ထပ်မလာစေရန် ချစ်စရာကို တို့ပေးလိုက်ရ
ကောင်းမလား။ ချစ်စရာက ကော်ဖိနပ်ကို ထိလို့ကတော့မရဘူ
ကိုမိုးမာန်မောင်ရဲ့ ရည်ရွယ်ချက်က မရိုးသားနိုင်ဘူး ကော်ဖိနပ်
နင့်ကို ငါဘယ်လိုပြောပြရမလဲ။ ငါ့အပူမပါဘူးဆိုတာ သိပေမယ်
ငါအမြဲတမ်း နင့်ကိုစိတ်ချပဲ ပူပင်နေရတယ်။ အသုံးမကျလိုက်တဲ့
မင်းရင်ခွင်ပဲ။ ကိုမိုးမာန်နှင့်ဆက်ပြီး စကားမပြောချင်တော့သဖြ
အုတ်ခုံလေးပေါ်ကနေထပြီး ပြန်လာခဲ့သည်။

အခန်း ( ၅ )

မိုးမာန် အခန်းထဲဝင်လာပြီး ချစ်သူအကြင်နာရဲ့ ဓာတ်ပုံကြီး ရှေ့မှာရပ်မိနေသည်။ အကြင်နာ သေဆုံးသွားခဲ့တာ သုံးနှစ်လောက် ရှိနေပြီဖြစ်၏။ တစ်နေ့တစ်ရက်မျှပင် မိုးမာန်မမေ့ပျောက်နိုင်ခဲ့ခြင်း မရှိခဲ့ပေ။ သူ့အိပ်ခန်းထဲမှာ အကြင်နာရဲ့ကိုယ်လုံးပေါ် ဓာတ်ပုံကြီး ချိတ်ဆွဲထားသည်။

"အကြင်နာ ... မောင့်ကို ဘာဖြစ်လို့တစ်ယောက်တည်း ထားခဲ့ရတာလဲကွာ ... မောင်နဲ့ဘယ်တော့မှမခွဲဘူးလို့ မင်းပဲဘုရားမှာ သစ္စာဆိုထားခဲ့တာလေ ... မင်းလုံးဝ ကတိမတည်ဘူးကွ"

"အီး ... ဟီး ... အီး ... "

ထုံးစံအတိုင်းပဲ သူ့မျက်နှာကို လက်ဝါးတွေနှင့် ဖိအုပ်၍ကြေကြေကွဲကွဲ ငိုပစ်မိသည်။ အကြင်နာကြောင့် မိုးမာန်ဘယ်လောက် အထိ ရူးသွပ်ခဲ့ရလဲ။ အစားထိုးဖြေဖျောက်လို့မရအောင်ပင် မိုးမာန်



www.burmeseclassic.com

www.burmeseclassic.com



ကြေကွဲခဲ့ရ၏။ အကြင်နာနှင့်သူက ဘယ်လိုအကြောင်းမျိုးနဲ့မှ ခွဲခွာကြပါဘူးလို့ အကြိမ်ကြိမ်သစ္စာဆိုထားခဲ့ကြသူတွေ။ သွေးကင်းဆာရောဂါဝေဒနာကို မထင်မှတ်ဘဲ ရရှိသွားပြီး သူ့ကိုထားခဲ့ပြီး ရက်ရက်စက်စက် ထွက်ခွာသွားသည်။

"အကြင်နာရေ ... မောင့်ဆီပြန်လာခဲ့ပါကွာ၊ မင်းမရှိတော့ဘူးဆိုတာ မောင် ဘယ်လိုမှ လက်မခံနိုင်သေးဘူး"

"အီး ... ဟီး ... "

"အဟင့် ... ဟင့် ... "

မိုးမာန် ကြေကြေကွဲကွဲနှင့် အားပါးတရ ငိုပစ်သည်။ ပြီးတော့မှ သူသတိရမိသွားတာက သံယောဇဉ်နှယ်ဆိုတဲ့ ကောင်မလေး။ ကော်ဖိနပ်တဲ့ ငယ်နာမည်လေးက စိတ်ဝင်စားစရာပါ။ မင်း ... မင်း ... ကိုယ့်ချစ်သူအကြင်နာနဲ့ ဆင်တူနေတယ်။ ကိုယ့်ရဲ့မျှော်လင့်ချက်တွေ လင်းလက်လာခဲ့တာပဲကော်။

"ဒီကောင်မလေးက ရည်းစားတွေအရမ်းများတယ်၊ ငွေမက်တယ်၊ ကော့်အမေကလဲ ငွေမက်တယ် ... အကျင့်မကောင်းဘူး"

မင်းရင်ခွင်ပြောတဲ့စကားတွေက အမှန်တွေပဲလား။ သူ့ကိုတွေ့တော့ ကော်ဖိနပ် ထွက်ပြေးသည်။ သူမ မျက်ဝန်းတွေထဲက မာနတွေ။ ရှက်ရွံ့မှုတွေ။ မျက်နှာလေးပေါ်မှာ ပန်းသွေးရောင်တွေ သွား၏။ မင်းဘယ်လို ကောင်မလေးမျိုးပဲဖြစ်ဖြစ်ကွာ။ မင်းကတော့ ကိုယ့်ရဲ့အဖော်ဖြစ်သွားပြီ။





"ကော်ဖိနပ်ကို အရမ်းတွေ့ချင်တယ် ... အကြင်နာ့ကို ကိုယ် အရမ်းလွမ်းဆွတ်တမ်းတနေခဲ့တာလေ"

မိုးမာန်မောင် အခန်းထဲကနေ ပြန်ထွက်လာခဲ့သည်။ ကော်ဖိနပ်ကိုတွေ့ချင်စကားပြောချင်တဲ့ ဆန္ဒတွေ ပြင်းပြစွာ ထွက်ပေါ်လာရ၏။ ငွေမက်တဲ့ကောင်မလေးကိုတော့ ငွေနဲ့ပဲ မျှားရမှာပဲလေ။ ကားလေးကိုမောင်းပြီး ကော်ဖိနပ်နေတဲ့ ရပ်ကွက်ထဲကို ပြန်ရောက်လာခဲ့သည်။ ကားကိုရပ်ကွက်ထိပ်မှာ ရပ်ထားခဲ့ပြီး မိုးမာန်မောင် ရပ်ကွက်ထဲသို့ လမ်းလျှောက်ဝင်လာခဲ့သည်။

"ဟိုမှာ ကော်ပဲ ... မင်းရင်ခွင် ပြောတဲ့အတိုင်းပဲ ကောင်လေးတစ်ယောက်နဲ့ မုန့်ဆိုင်မှာ စကားတွေရပ်ပြောနေတာပဲ"

ကော်ဖိနပ် လက်ထဲမှာက မုန့်တွေတပွေ့တပိုက်နှင့် ကောင်လေးက အတင်းဝယ်ပြီး ထည့်ပေးနေသည်။ သူ ခပ်လှမ်းလှမ်းကနေ စောင့်ကြည့်နေမိ၏။ ကော်ဖိနပ် အကြည့်တွေက သူ့ထံ ဆတ်ခနဲ ရောက်လာသည်။

"ဘုရားရေ ... သေပြီဆရာ"

"ဘာလဲဟင် ကော် ... ဘာဖြစ်လို့လဲ ... "

"ဘာမှမဟုတ်ပါဘူး ချစ်စရာရယ် ... နင့်မုန့်တွေလည်း တော်ပါပြီ ... များနေတယ်လေ"

"မများပါဘူး ကော်ရာ ... ချစ်စရာကလေ ဒီတစ်ဆိုင်လုံး တောင် ဝယ်ပေးချင်တာ၊ ငါ့အမေက မချမ်းသာလို့ပါ ... ငါဦးလေး



www.burmeseclassic.com

www.burmeseclassic.com



က မုန့်ဖိုးငါးထောင်ပေးသွားတယ်၊ နင့်ဆီပြေးလာခဲ့တာပါ”

ဒုက္ခပါပဲနော်။ ဟို ... ဟို ကိုမိုးမာန်အောင်ဆိုတဲ့လူပဲ။ ကေ
တို့ ရပ်ကွက်ထဲပြန်ရောက်လာပြန်ပြီ။ ကော် ဘယ်လိုလုပ်ရမလ
ချစ်စရာတွေ့သွားလို့ကတော့ နာပြီ။ ကားတော့မပါပေ။ မင်းရင်ခ
ရှေ့မှာသာ အရွဲ့တိုက်ပြီးပျော်သလို လုပ်ပြခဲ့ပေမယ့် တကယ်တ
ကျတော့ ကော် စိတ်ညစ်မိသည်။

“နင်ပြောတဲ့ အဓိပ္ပါယ်ကဘာလဲဆိုတာ ကော်သိပါတ
ရင်ခွင် ... နင့်စေတနာ မေတ္တာတွေကိုလည်း ငါကျေးဇူးတင်ပါတ
ငါရှောင်မှာပါ ... ငါ့မိထွေးသိသွားရင်လည်း ငါ့ကိုအသုံးချလိမ့်မ
နင်ထင်ထားသလို ကော်ဖိနပ်က ပျော့ညံ့ညံ့ ပေါ့ပျက်ပျက် ကော
မလေးတစ်ယောက် မဟုတ်ပါဘူး ရင်ခွင် ... ”

ကော်ဖိနပ် မကျေနပ်ရဆုံးက မင်းရင်ခွင်ကိုပင်။ ကော့်
အထင်သေးတဲ့စကားတွေပြောဆိုနေခြင်းပင်။ သူမအပေါ် မင်း
ခွင် စေတနာထားတာသိပေမယ့် မရှိသွေးကြီးလုပ်နေတဲ့ ရင်ခွ
အား ကော်ဖိနပ်အကြောင်း ကောင်းကောင်းသိသွားစေရန် ပုံစံ
ချင်နေသည်။

“ချစ်စရာ”

“ဟင်”

“ကော် အိမ်ပြန်တော့မယ် ... လုပ်စရာအလုပ်တွေရှိသေ
လို့နော် ချစ်စရာလည်းပြန် ... ”





“လိုက်ပို့ပေးမယ်”

“အမေနဲ့တွေ့သွားရင် ပြဿနာတက်လိမ့်မယ်နော် ချစ်စရာ
ရဲ့စခန်းကို ဖမ်းပို့လိမ့်မယ် သိလား ... ”

“ဟုတ်တယ်”

အမေနကိုတော့ ချစ်စရာ အရမ်းကြောက်ရှာသည်။ ချစ်စရာ
ကို နည်းနည်းလေးမှ မျက်နှာသာမပေးပေ။ ကြမ်းကြမ်းတမ်းတမ်း
ပြောဆို ပစ်တတ်သဖြင့် အမေနဲ့ အသံကြားသည်နှင့် လစ်တော့၏။
သူမလည်း မယောင်မလည်နှင့် ကိုမိုးမာန်မောင်အနား လျှောက်
လာခဲ့သည်။

“ကော်”

“ပြန်ပါ ... ကော်တို့ရပ်ကွက်က ကြမ်းတယ်နော်၊ စောစော
က ချစ်စရာဆိုတာလေ မနဲပြန်ခိုင်းရတယ် ... သူသိလို့ကတော့
မလွယ်ဘူး”

“မင်းရည်းစားတွေထဲက တစ်ယောက်လား”

“မစပ်စုပါနဲ့”

“ရပ်ကွက်ထိပ်မှာ ကားရပ်ထားခဲ့တယ်၊ မင်းထွက်လာခဲ့ပါ
ကော် ... တစ်နေရာရာမှာ စကားသွားပြောရအောင်”

ကိုမိုးမာန်မောင်က သူမကို ဘယ်လိုထင်နေလည်းမသိဘူး။
ဟိုကောင် မင်းရင်ခွင်စကားနဲ့ အထင်သေးသွားလို့လား။ အပြင်မှာ
သွားစကားပြောရအောင်တဲ့လေ။ ကော့်မာနကို အကြီးအကျယ်ထိ



www.burmeseclassic.com

www.burmeseclassic.com



ပါးတာပဲ။ ချစ်စရာကို သွားထောင်ပေးပြီး အရိုက်ခိုင်းလိုက်ရင် ကောင်းမလားဘဲ။

"မင်းထွက်လာခဲ့နော် ... ကိုယ်စောင့်နေမယ်၊ မင်းထွက်မလာရင် ကိုယ်လာတဲ့အထိ စောင့်နေမယ် ... "

သူမ ငြင်းပစ်မလို့ စိတ်ကူးနေတုန်း မင်းရင်ခွင်နှင့်ချစ်စရာတို့ကိုတွဲလျှက် လှစ်ခနဲ မြင်လိုက်သဖြင့် သူမမျက်ဝန်းလေး ပြုံးကျယ်ဝိုင်းစက်သွားရကာ အလျင်အမြန်ပင် ကိုမိုးမာန်မောင်လက်ကိုဆွဲပြီး ကားရှိရာသို့ ထွက်လာခဲ့သည်။

"ဘာဖြစ်တာလဲကော် ... မင်းအဆက်တွေ တွေ့သွားမှာစိုးရိမ်လို့လား"

"ဟုတ်တယ်လေ ... ကိုမိုးမာန်မောင် အတင့်မရဲပါနဲ့၊ အရိုက်ခံရလိမ့်မယ်၊ ကော်ဖိနပ်ဆိုတာက နာမည်တစ်လုံးနဲ့နေတာပါ၊ အရမ်းဆိုးသွမ်းတယ်၊ ဆိုက်ကားသမားရဲ့ သမီးနော်"

ကိုမိုးမာန်မောင်လိုလူမျိုးနှင့် ကော်အဝေးဆုံးမှာနေချင်သည်။ ကော့်ကို ငွေမက်တဲ့ကောင်မလေးဆိုပြီး အထင်သေးပြီး ကားနဲ့လာခေါ်နေတာမဟုတ်လား။ ကော် ... လက်ထဲမှာကိုင်ထားတဲ့ မုန့်ထုတ်တွေကလဲ ပြုတ်ကျကုန်သည်။ ကားဆီရောက်လာတော့ မုန့်ထုတ်တွေကို လွှင့်ပစ်လိုက်ဖို့ ကိုမိုးမာန်မောင်ကပြောနေသည်။





"ဒီမုန့်တွေ တန်ဖိုးမရှိပါဘူး ကော်ရယ် ... လွှင့်ပစ်လိုက်တော့ ကိုယ် မင်းလိုချင်တာတွေကို Shopping Center တွေမှာ လိုက်ဝယ်ပေးမယ်"

"ရှင်"

ချစ်စရာဝယ်ပေးထားတဲ့ မုန့်ထုပ်တွေက တန်ဖိုးမရှိဘူးတဲ့လား။ မုန့်က အဖိုးမတန်ပေမယ့် ချစ်စရာရဲ့ မေတ္တာ စေတနာတွေက ဖြူစင်ရိုးသားသဖြင့် ကော်ကတော့ တန်ဖိုးမဖြတ်နိုင်ဟု ထင်သည်။

"မဖြစ်ပါဘူး ... ဒါတွေ့ ပိုက်ဆံနဲ့ပေးဝယ်ထားရတာလေ၊ ဦးမိုးမာန်မောင် ကားနဲ့ကော် မလိုက်ပါဘူး၊ ရပ်ကွက်ထဲမှာ ပြဿနာ ဖြစ်မှာစိုးလို့ပါ၊ ပြန်ပါတော့ ... "

သူကတော့ ကော်ဖိနပ်ရဲ့ မျက်နှာလေးကိုပဲ စိုက်ကြည့်မိနေသည်။ အကြင်နာ မင်းကိုတွေ့လိုက်ရသလိုပဲကွာ ကော်ဖိနပ်ဆိုတဲ့ ကောင်မလေးက ငယ်ပြီးနုနုဖတ်ဖတ်လေး။ ရင်ခွင် ပြောသလိုပဲ ငွေမက်တယ်ထင်တယ်။ ဘာမဟုတ်တဲ့ မုန့်ထုပ်တွေကိုပင် တမွေ့တပိုက်နှင့် ကော်ဖိနပ်ကို တွေ့နေရတာ မိုးမာန်မောင် ပျော်ရွှင်နေသည်။

"ကားပေါ်တက်လေ"

"ရှင်"

"မင်းမုန့်ထုပ်တွေကို လွှင့်မပစ်ချင်ဘူးဆိုရင်လည်း ကား



www.burmeseclassic.com

www.burmeseclassic.com



ပေါ်တင်လေ ... ဒီညတော့ မင်းကို ကိုယ်ပိုင်ဆိုင်ထားချင်တယ်"

"ဘာပြောတယ်ရှင့်"

"မင်းလိုချင်တာတွေ ဝယ်ပေးမယ်၊ အဝတ်အစားတွေ အသုံးအဆောင်တွေ ... ဘာလိုချင်လဲ၊ ရွှေဝတ်ချင်လား ... "

ကိုမိုးမာန်မောင် စကားတွေကြောင့် ကော့်ဒေါသတွေ အထွတ်အထိပ်သို့ ရောက်သွားရတော့သည်။ မင်းရင်ခွင် နင့်ကြောင့် ပဲ ... နင် ယုတ်မာတာ။ ငါ့ကိုငွေမက်တဲ့ကောင်မလေးအဖြစ် နင် ပြောခဲ့တာမဟုတ်လား။ ယောကျ်ားလေးဖြစ်ပြီး အတင်းတုတ် လား။ ကောင်းပြီလေ ... နင်ပြောသလို ဖြစ်စေရမယ်။ ကော်ဖီနပ် က ငွေမက်တယ် ရည်းစားများတယ်၊ ချူစားတတ်တယ် နင်က ငါ့ကို အဲဒီလိုဘဝမျိုး ရောက်စေချင်တာ မဟုတ်လား မင်းရင်ခွင်။

"အယ်"

"ဘာဖြစ်တာလဲ ... ဘယ်သူ့ကို တွေ့ပြန်ပြီလဲ ကော်"

အမေနုပါ။ ကော့်မိထွေး ဒေါ်နုနုနယ်ရဲ့ မျက်လုံးတွေက ကားကြီးဘေးမှာရပ်နေတဲ့ ကော့်ကိုတွေ့သွားရကာ လက်မကို ထောင်ပြပြီး ကြိုးစားထားဟု အမူအယာနှင့်လှုပ်ပြသွားသေးသည်။ သေပစ်ချင်တယ်။ မိထွေးငွေမက်မကြီးနဲ့ လာတွေ့ရတယ်လို့။ အဖေ ကို ကုန်းရုန်းခိုင်းစားရုံနှင့် အားမရသေးဘဲ လင်ပါသမီးကိုပါ ငွေရှာ ခိုင်းချင်သေးသည်။

"ကော် ... ဘယ်သူ့ကိုတွေ့လို့လဲ မင်းအဆက်တွေလား"





"ဘာမှမဟုတ်ပါဘူး၊ ရပ်ကွက်ထဲကအသိပါ ... ကိုမိုးမာန် မောင် မြန်မြန်ပြန်ရင် ကောင်းမယ်ထင်တယ်၊ မနက်ဖြန်ကျရင် တော့ ရပ်ကွက်ထဲကလူတွေ ပါးစပ် ပွဲရွဲ့ကျကုန်လိမ့်မယ်"

တစ်ခါတလေကျရင်တော့ ဆိုးပေတေလွန်းတဲ့စွာတေးလန် မလေးအဖြစ် အရွဲ့တိုက်နေပြရတာ ကော်စိတ်ပျက်မိသည်။ ရှက် လည်းရှက်နေမိ၏။ နာမည်က ပျက်ပြီးသားဆိုတော့လည်း အခုမှ ပြင်ချင်လို့မဖြစ်နိုင်။ မိထွေး ဒေါ်နုနုနယ်က အိမ်ပြန်ရောက်တာနှင့် ကော့်ကို သူဌေးဖြစ်၍အပိုင်ချိုင်ထားဖို့ သွန်သင်ဆုံးမတော့မည် ဖြစ် သည်။

"လာပါ ကော်ဖီနပ်ရယ် ... အိုင်တင်တွေခံမနေစမ်းပါနဲ့၊ ကိုယ်နဲ့လိုက်ခဲ့ပါ၊ ကိုယ်ကလူကြီးလူကောင်းတစ်ယောက်ပါ ... မင်း နစ်နာစရာ မရှိပါဘူး"

ဘာရှင့်ဟု ဘုတောပစ်တော့မလို့ပြင်ပြီးမှ ရပ်ကွက်ထဲက နေထွက်လာတဲ့ မင်းရင်ခွင်နှင့်ချစ်စရာကို တွေ့လိုက်ရ၍ သူမ ကား ပေါ်ခွေ့ခနဲ တက်ပစ်လိုက်သည်။

"ဟော ... ဟိုမှာ မင်းရင်ခွင့်နဲ့ မင်းအဆက်ကောင်လေး"

"ကားအမြန်မောင်းတော့လေ ကော့်ရည်းစားတွေကများ တယ် ကိုမိုးမာန်မောင်ကို ဝိုင်းရိုက်ကြမှာနော်"

မင်းရင်ခွင်က သူမတို့ဆီ ဆတ်ခနဲ လှည့်ကြည့်၍ တွေ့သွား သည်။ ကော်က လျှာလေးတစ်လစ် ထုတ်ပြလိုက်၍ လက်ပြနှုတ်



www.burmeseclassic.com

www.burmeseclassic.com



ဆက်လိုက်၏။ မင်းရင်ခွင် မျက်နှာကြီး ညှိုးမှိုင်းသွားတာမြင်လိုက်ရ၍ ကော် အပျော်ကြီးပျော်သွားသည်။

"ကော်ဖိနပ် … မင်းဘယ်လိုကောင်မလေးလဲကွာ၊ အမူအကျင့်တွေကတော့ အကြင်နာနဲ့လုံးဝ ဆန့်ကျင်ဘက်ပဲ၊ ဒါပေမဲ့ မင်းကချစ်စရာကောင်းပါတယ် … ကြေကွဲနာကျင်နေရတဲ့ ကိုယ့်နှလုံးသားတွေထဲက ဒဏ်ရာတွေကိုလည်း မင်းကုသပေးနိုင်မယ်ထင်တယ်"

မိုးမာန် တွေးနေမိသည်။ သူ့လုပ်ရပ်တွေ မှားယွင်းနေပြီလားတောင်မသိဘူး။ သူမိန်းကလေးတွေနှင့် ကင်းကင်းရှင်းရှင်းနေထိုင်လာခဲ့တာ ကြာပါပြီ။ ကော်ဖိနပ်က သူ ပထမဆုံး ပတ်သက်ခဲ့မိတဲ့ မိန်းကလေး။ ကော်ဖိနပ်က ကောင်လေးတွေကို အရုပ်လို ဆော့ကစားနေတာမျိုးလား။ တစ်ခါတရံ သူမရဲ့မျက်ဝန်းတောက်တောက်လေးတွေထဲမှာ မာနတွေပျော်ဝင်စီးဆင်းနေသလိုပင် တင်းတင်းမာမာလေး ဖြစ်သွားရသည်။

"ဒီမှာ … ဒီမှာ … ကားကိုရပ်တော့လေ၊ ကျွန်မကို ဘယ်အထိ ခေါ်သွားမှာလဲ … ရပ်ပေးပါ"

ကောင်မလေးရဲ့ အသံစူးစူးလေးကြောင့် မိုးမာန် အသိတွေ ပြန်ဝင်လာပြီး သူ့လက်မောင်းတွေကို ဆုပ်ကိုင်လှုပ်ခါ၍ ကားရပ်ပေးရန် စိုးရိမ်တကြီး ပြောနေတဲ့ ကောင်မလေးအား အုပ်မိုးကြည့်မိသည်။





"ကျွန်မ ပြန်တော့မယ် … ရှင့်ကားပေါ်တက်လိုက်လာတယ်ဆိုပြီး အထင်မသေးပါနဲ့ … ဖယ်ပါ … ပြန်မယ်"

ကားရပ်ပေးပြီး သူမခန္ဓာကိုယ်လေးအား အုပ်မိုးထားတဲ့ သူ့ကိုယ်လုံးကြီးကို သူမ အတင်းတွန်းဖယ်ပစ်နေရင်း သူ့အကြည့်စူးစူးတွေကြောင့်လည်း ကြောက်ရွံ့တုန်လှုပ်စွာ ခေါ်ချွေးတွေပင် သီးထလာသည်။ ရင်ခွင် … နင့်ကိုရွံ့မိတာ မှားပြီ။ ဒီလူကြီးက ကော့်ကို တခုခုလုပ်တော့မယ်ထင်တယ်။ ရီဝေစိုစွတ်နေတဲ့ မျက်ဝန်းအစုံ။ ခန့်ညားချောမောတဲ့ ယောကျ်ားတစ်ယောက်ရဲ့မျက်နှာ။ ကော်ဖိနပ် ယောကျ်ားလေးတွေနဲ့ မိတွေးကိုရွံ့ပြီး တွဲပြခဲ့တာ။ ယခုကဲ့သို့ ယောကျ်ားတစ်ယောက်နှင့် နီးနီးကပ်ကပ် အတွေ့အထိ မရှိခဲ့။ ဘုရားရေ … ကော့်ရင်တွေ တဒိန်းဒိန်းနဲ့ ခန္ဓာကိုယ်လေးလည်း အေးစက်တောင့်တင်းသွားရသည်။

"ဒီမှာ … ဒီမှာ … ဖယ်ပါ … ကျွန်မ အော်ပစ်လိုက်ရင် ရှင် … အချုပ်ထဲရောက်သွားမှာနော်၊ ကျွန်မ ရှင်ထင်ထားသလို အကျင့်စာရိတ္တပျက်ပြားနေတဲ့ မိန်းမတစ်ယောက်တော့ မဟုတ်ဘူးနော်၊ ကျွန်မ အသက်ပဲအသေခံလိုက်မှာ"

"ဟား … ဟား … ဟား … မင်း အရမ်းကြောက်သွားတာပါပဲလား ကော်ဖိနပ်၊ ရည်းစားတွေ အများကြီးထားပြီး မင်းကိုတစ်ယောက်မှ မနမ်းဘူးလား"

"အမလေး … ဘာတွေလာပြောနေတာလဲ၊ ဖယ် … ဖယ်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ပြန်တော့မယ်၊ ရှင် ... ရှင် မဟုတ်တာတွေ မလုပ်နဲ့နော်"

"ကိုယ့်ကို မကြောက်ပါနဲ့ ကော်ဖီနုပ်ရဲ့ ... မင်းကို ဘာမှ မလုပ်ပါဘူး၊ ခင်မင်ချင်တာပါကွာ"

ကော်ဖီနုပ်ရဲ့ နှုတ်ခမ်းလေးကိုနမ်းမည်ပြုပြီးမှ သူ့စိတ်တွေကို ပြန်၍ထိန်းချုပ်ပစ်လိုက်ရသည်။ ဘာဖြစ်လို့လဲဆိုတော့ အကြင်နာအပေါ် သစ္စာမဲ့ချင်၍ဖြစ်၏။ သူအသိဝင်လာသည်။ သူ့အရှက်သိက္ခာကို ထိပါးမှာလည်း စိုးရိမ်လာရ၏။

သူ့ခန္ဓာကိုယ် ပြန်၍တည့်မတ်သွားသဖြင့် ကောင်မလေး ကားပေါ်ကနေ ဆင်းပြေးဖို့ ကားတံခါးကို ဖွင့်နေသည်။ လော့ခ်ချထား၍ ဖွင့်မရ။ လက်လေးတွေက တဆတ်ဆတ်တုန်နေ၏။ အတွေ့အကြုံမရှိတဲ့ပုံပင်။ မင်းရင်ခွင်က တမင် သူ့စိတ်ပျက်သွားအောင် ပြောလိုက်တာလားပဲ။

"ဟော့ ..."

"အမလေး ... လွှတ် ... လွှတ် ... ကျွန်မလက်ကို ဘာဖြစ်လို့ ကိုင်ထားရတာလဲ၊ ကျွန်မကို ပေါက်ကရတွေလုပ်မယ်လို့တော့ မကြံနဲ့နော်၊ ရှင့်ဟာရှင် ဘယ်လောက်ပဲ ချမ်းသာနေပါစေ၊ အထင်မကြီးဘူး၊ ကားတံခါး ဖွင့်ပေးပါ ... ဆင်းမယ်"

"မင်း ဆင်းသွားလို့ မရသေးဘူး၊ ကိုယ်ကတိတည်ရဦးမယ် မင်းကို Super Market ခေါ်သွားပြီး မင်းလိုချင်တာတွေ ဝယ်ပေးရဦးမယ်"





"ကျွန်မ ဘာမှမလိုချင်ဘူး၊ ဘာမှလည်း ဝယ်မပေးပါနဲ့၊ ရှင်နဲ့ ည်းဆက်မလိုက်နိုင်တော့ဘူး ... ဆင်းမယ် ... ဖယ်နော်"

မင်း ... ပဲတွေအရမ်းပေးနေတာလား ကော်ဖီနုပ်။ ကိုယ့် ိုကြောက်ချင်ယောင်ဆောင်ပြီး ငြင်းသလိုလိုနဲ့မင်းတန်ဖိုးတက် အာင် လုပ်နေတာလား။ ဘာတန်ဖိုးမှမရှိတဲ့ ဖိးထုတ်တွေ၊ ငါးမုန့် ကြော်တွေ စာလေးခွေထုတ်တွေတောင် တမက်တမော လက်ခံခဲ့ သးတာပဲ။ မင်းသရုပ်ဆောင်မှုက အကယ်ဒမီရလောက်တယ်။ ျက်ဝန်းနက်နက်ကျယ်ကျယ်လေးကို ဝိုင်းရံထားတဲ့ မျက်တောင် ကော့ညွှတ်ညွှတ်တွေက ပေကာလပ် ပေကာလပ်နဲ့ မျက်ရည်တွေပြည့် င်းလာပြီး အရမ်းကြောက်ရွံ့ထိတ်လန့်နေတဲ့ပုံပဲ။

"ဟား ... ဟား ... ဟား ..."

"ရှင် ... ရှင် ရူးနေလား ... ကျွန်မ တောင်းပန်ပါတယ်နော် ျွန်မ ရှင်ထင်နေသလို ကိုယ်ကျင့်တရားပျက်ပြားနေတဲ့ မိန်း ာလေး မဟုတ်ပါဘူး၊ ကားတံခါးကို ဖွင့်ပေးပါနော်"

ကော်လည်း အတင်းအကျပ်ရန်တွေ့ပြောဆိုနေလျှင် ရမည် ဟုတ်မှန်း သိလိုက်သည်။ ဘယ်လိုလူကြီးလဲ။ ရူးနေတာလား ... ူ့မျက်လုံးတွေက ကြောက်စရာကြီး ကော်ဖီနုပ်ကြောက်လာ၏။ ာင်းပြေးဖို့ကလဲ တံခါးက ဖွင့်မရ။ ကော်ဖီနုပ်တစ်ယောက် ရပ် ွက်ထဲမှာ ဗိုလ်မထားဘဲ ရန်စွာချင်တိုင်းစွာပြီး အရူးလုပ်ချင်တိုင်း ုပ်ခဲ့တာပါ။ သူမ ဝဋ်လည်တော့မယ်ထင်တယ်။ မင်းရင်ခွင်ကို



www.burmeseclassic.com

www.burmeseclassic.com



အရွဲ့တိုက်တာ လွန်သွားပြီထင်တယ်။ မင်းကိုပစ္စည်းတွေလိုက်ဝယ် ပေးပြီးရင် ပြန်ပို့မယ် ငြိမ်ငြိမ်လေးလိုက်ခဲ့ပါ ပြော၍ ကော်လည် ကြောက်ကြောက်နှင့်ငြိမ်နေရသည်။ ကံကောင်းစွာဖြင့် ကိုမိုးမာ မောင်က စိတ်တွေပြန်တည်ငြိမ်ကာ သူမအတွက် အသုံးအဆော အဖိုးတန်ပစ္စည်းတွေ ဝယ်ပေးပြီး ရပ်ကွက်ထိပ်မှာ ကားကိုပြန်ရ ပေးပြီး ကြည်ကြည်ဖြူဖြူပင် ပြန်ခွင့်ပြုလိုက်သည်။

အခန်း ( ၆ )

အထုပ်တွေ တပွေ့တပိုက်နှင့် လက်မခံဘူးပြောလည်း ကားပေါ်မှဆင်းခွင့်မရမှာ ကြောက်၍ ကော်လက်ခံလာခဲ့ရသည်။ သေချင်တာပဲ။ ဒီအထုပ်တွေနှင့် ရပ်ကွက်ထဲဘယ်လိုဝင်မလဲ။ နည်း နည်းလေး မှောင်မိုက်နေလို့ တော်သေးတယ်။ ချစ်စရာ ဝယ်ပေး ထားတဲ့ မုန့်ထုတ်တွေကိုလည်း လွှင့်မပစ်ရက်။ ကိုမိုးမာန်မောင် ဝယ်ပေးထားတာတွေကိုတော့ သဘောမကျပါဘူး။ ကော်ဖိနပ်က အရွဲ့တိုက်ပြီးတော့သာ လုပ်ချင်တာတွေ လုပ်နေတာ။ သူများ ပေး ကမ်းထောက်ပံ့တာတွေနဲ့ မချမ်းသာချင်ပေ။ ကိုယ့်အစွမ်းအစနဲ့ ကိုယ် ကြိုးစားပြီး ချမ်းသာချင်သည်။

“ရှင်ပေးတဲ့ ပစ္စည်းတွေကို ကျွန်မက မက်မောမယ်နေနေ တာလား ... ကိုမိုးမာန်မောင်၊ ပတ်ဝန်းကျင်မှာ ကော်ဖိနပ်က တမင်နှာမည်ပျက်နဲ့နေတာ၊ ကျွန်မ အမုန်းဆုံးက ယောကျ်ားတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ဆီကနေ ချူစားမြူစားတာကိုပဲ”

ကိုမိုးမာန်မောင် ဝယ်ပေးတဲ့ ပစ္စည်းတွေကို မိဘမဲ့အမျို
သမီးဂေဟာမှာ သွားလှူပစ်ဖို့ ကော်ဖိနပ် ဆုံးဖြတ်ထားသည်
တော်ပါပြီ … နောက်တစ်ခါ ရှင်ကြီးနောက်ကို ဘယ်တော့မှ မလိုက်
တော့ဘူး။ ကြောက်လိုက်တာ … ကော့နှုတ်ခမ်းတွေကို နမ်းတော
မလား။ အသည်းတွေအူတွေ ပြောင်းဆန်ကုန်ပြီလားတောင် ထင်
တယ်။ ကော်ဖိနပ် ရပ်ကွက်ထဲဝင်ရမှာပင် ရှက်ပြီး မျက်နှာတွေ
သွားရသည်။

“ကော်ဖိနပ် … ”

“ဟင် … အဖေ”

“နင် … ဒါတွေ ဘယ်ကနေရလာတာလဲ၊ စောစောက နင့်
ကို လာချပေးသွားတဲ့ကားကြီးကရော ဘာလဲ … ”

မိထွေးကသာ အဖေ့နောက်ကွယ်ကနေ မြှောက်ပေးနေ
တာ။ အဖေက မကြိုက်။ မိန်းကလေးဆိုတာ ကိုယ့်ကိုယ်ကို တန်ဖိုး
ရှိအောင် နေထိုင်ဖို့ ဆုံးမထားသည်။ ငွေမမက်နဲ့။ ချမ်းသာတဲ့
ယောက်ျားတွေက သမီးကို အတည်မကြံဘူးဟု အဖေကပြောထား
၏။ အဖေ … ဒီအချိန် ဘယ်တော့မှ အိမ်မပြန်တတ်ပါဘူး။ မိထွေး
သုံးစွဲဖို့ ငွေကိုသိမ်းကြုံးရှာနေရတဲ့ အဖေ့ကိုလည်း ကော်ဖိနပ် မကျေ
နပ်မိ။ သူမက တလောကလုံးကို အရွဲ့တိုက်ပစ်ချင်သည်။

“မေးနေတယ်လေ … နင် ဘာတွေလုပ်နေတာလဲ၊ ကားနဲ့





လိုက်တဲ့အဆင့်အထိ ဖြစ်နေပြီလား ကော်ဖိနပ်”

ကော်ဖိနပ် မဖြေပေ။ ရှင်းပြတော့လည်း ဘယ်သူက ယုံမှာ
လဲ။ အဖေက ကော်ဖိနပ်အတွက်လည်း တာဝန်ကြေပြီး မိထွေးရှေ့
ကနေ မားမားမတ်မတ် ကာကွယ်ပေးခဲ့ပေမယ့် မိထွေးကအဖေ့
ကွယ်ရာမှာဆိုလျှင် ကော်ဖိနပ်ကို နှိပ်ကွပ်တတ်သည်။

“ဆိုက်ကားပေါ်တက်စမ်း ကော်ဖိနပ် … ဒီပစ္စည်းတွေကို
လွှင့်ပစ်ခဲ့ … ဘာမှမလိုချင်ဘူး၊ ငါဖြစ်စေချင်တာက လိမ်မာပြီး
ကိုယ့်ဘဝကိုယ် သိနားလည်တဲ့သမီးမျိုးပဲ … ကဲဟာ … ”

“အဖေ မလုပ်ပါနဲ့”

မိုးမာန်မောင် ဝယ်ပေးတဲ့ပစ္စည်းတွေကို မနှမြောပေမယ့်
ချစ်စရာက ရှူးကြောင် မူးကြောင်နဲ့ သူ့မုန့်ဖိုးရတဲ့ ပိုက်ဆံဖြင့်ဝယ်ပေး
၍ ကော် နှမြောနေမိသည်။ တကယ်တော့ … ကော်ဖိနပ်က ဘယ်
ယောက်ျားလေးကိုမှ မုန့်ဝယ်ကျွေးဖို့တွေ လက်ဆောင်ပစ္စည်းတွေ
မတောင်းခဲ့ရပါဘူး။ သူတို့ဟာသူတို့ အတင်းဝယ်ကျွေးနေကြတာ
ပါ။ အဖေက ပစ္စည်းတွေ ခွဲပစ်နေသဖြင့် ချစ်စရာဝယ်ပေးတဲ့ မုန့်
ထုတ်တွေကိုတော့ ကော်ဖိနပ် အတင်းပြန်လုယူထားသည်။

“သမီးပိုက်ဆံနဲ့ဝယ်ထားတဲ့ မုန့်တွေတော့ လွှင့်မပစ်ပါနဲ့
နော်”

“နင် တော်တော်အကျင့်ပျက်နေတာပဲ ကော်ဖိနပ် … အဖေ
က ရိုးသားတာပဲကြိုက်တယ်၊ အဖေကွယ်တာနဲ့ နင်နေချင်သလိုနေ



www.burmeseclassic.com

www.burmeseclassic.com



တာပဲ ... ငါ့ကို နုနယ်တိုင်ပြောတုန်းက ငါမယုံဘူး၊ မိထွေး
ကုန်းတိုက်ပေးတာလို့ပဲ ထင်ခဲ့တယ် ... အခုတော့ ငါလက်ပူး
ကြပ်မိမှပဲ ယုံတော့တယ်”

မိထွေးကလည်း အဖေ့ကိုကြိတ်ပြီး အတို့အထောင်တွေ
နေတာပဲ မဟုတ်လား။ ကော် သိသားပဲ ... အဖေ့ကွယ်ရာမှာ
သူ့ဒွေးတွေကို ချိုင်ဖို့မြှောက်ထိုးပင့်ကော်လုပ်နေသည်။

“အခုတော့ ရင်ခွင်ပြောပြလို့သိတာ၊ နင်ကားကြီးနဲ့
သွားတာ၊ ရင်ခွင်မြင်လို့ပေ့ါ၊ တခြားသူတွေသာမြင်သွားရင် နင့်
ဘာဖြစ်သွားမလဲ”

အဖေက ဆင်းရဲပေမယ့် စိတ်ဓာတ်ကတော့မြင့်သ
အဖေအမှန်တွေပြောနေ၍ ကော် ငြိမ်ကုတ်ပြီး လိုက်လာခဲ့
ရင်ခွင် ... နင့်လက်ချက်ပဲ နင်ဘာကောင်လဲ။ အဖေ့ကိုမှသွား
ရလား။ ငါ့အဖေ ငွေရှာရတာ အရမ်းပင်ပန်းတယ် အဖေ စိတ်
ကရောက်အောင် နင်မှို့ပြောရက်တယ်ဟာ။ ငါလေ ... မိုးမာန်
ရဲ့ကားကြီးပေါ် နင့်ကိုစွဲ့ပြီး တက်လိုက်သွားတာသိလား။
ကြောင့် ငါတောင် ဒုက္ခရောက်တော့မလို့ ... အဖေ ဆူပွက်
ငြိမ်ခံရင်း သူမအပေါ် ဘယ်တော့မှအကောင်းမမြင်တဲ့ မင်းရင်ခွ
ဒေါသဖြစ်နေရသည်။

“ငါသာ အမှုန့်ကြိတ်စက်ဆိုရင် နင့်ခန္ဓာကိုယ်တစ်ခုလုံး
ညက်ညက်ကြေသွားအောင် အမှုန့်ကြိတ်ပစ်လိုက်ချင်တယ် ရင်





တွေးရင်း ... တွေးရင်း ရင်ခွင့်ကို ဒေါသတွေဖြစ်ဖြစ်လာရ
သည်။

“သေနာကောင်”

“ဘာ ... ဘာပြောတယ်”

“ဟို ... ဟို အဖေ့ကိုပြောလိုက်တဲ့ ရင်ခွင့်ကိုပြောတာပါ
အဖေ”

“နင့်ပါးစပ်ကိုပိတ်ထားစမ်း ကော်ဖိနပ် ... ဒီကိစ္စကိုတော့
ငါလုံးဝ ခွင့်မလွှတ်ဘူး၊ အိမ်ကျမှ မှတ်လောက်သားလောက်အောင်
ဆုံးမရမယ်”

အိမ်ရောက်တော့ ဆိုက်ကားပေါ်ကနေဆွဲချပြီး ကော်ဖိနပ်
ကို ရိုက်တော့သည်။ အမေဆုံးသွားထဲက ကော်ဖိနပ်ကို အဖေအလို
လိုက်ထားခဲ့တာ ပထမဆုံးအကြိမ် ဒေါသတွေပေါက်ကွဲပြီး ရိုက်
တော့သည်။

“နင် ... နင် ငါ့ရဲ့မျှော်လင့်ချက်တွေကို ရိုက်ချိုးပစ်လိုက်တာ
ပဲ ကော်ဖိနပ် ... မိုက်မဲလွန်းတဲ့သမီး၊ နင့်အမေသာသိရင် ဘယ်
လောက်ရင်ကျိုးလိုက်မလဲ၊ ရပ်ကွက်ထဲမှာ နင်ကဆိုက်ကားသမီး
ဖြစ်ရတဲ့အပြင် ကားနဲ့ခေါ်တာလိုက်သွားတယ်ဆိုတဲ့ နာမည်အမဲ
စက်ကြီး ထင်ကျန်ရစ်တော့မယ်”

“ရှမ်း ... ရှမ်း ... ”

“ရှမ်း ... ရှမ်း ... ”



www.burmeseclassic.com

www.burmeseclassic.com



"ကြောက်ပါပြီ အဖေ ... နောက်ဆိုရင် အဖေ မကြိုက်တဲ့ အလုပ်တွေ မလုပ်တော့ပါဘူးလို့ ပြောစမ်း"

"ရှမ်း ... ရှမ်း ... "

"ပြောလေ"

ကော်ဖိနပ် မပြောပေ။ ကော်ဖိနပ် မဟုတ်တာလုပ်တာ မဟုတ်တာ။ နောက်မလုပ်တော့ပါဘူးလို့ပြောရင် အခုပြစ်မှုကို လွှန်ရာ ရောက်မည်။ အဖေ စိတ်ကျေနပ်တဲ့အထိ ရိုက်ပါစေ။ အမှ မျက်နှာကိုသာ အဖေထောက်ထားမယ်ဆိုရင် လောင်းကစား သမား အကျင့်ပျက်ယွင်းနေတဲ့မိထွေးငယ်ငယ်လေးကို အဖေ မလား။ ကော်ဖိနပ် အကြောင်းကို အဖေကသိသည်။

"နင်က မဟုတ်တာဘာမှမလုပ်ဘူးဆိုတဲ့ ခံယူချက်နဲ့ သတ်ပစ်ရင်တောင် မတောင်းပန်ဘဲ အသေခံသွားမယ်ကောင်။ အဖေ့ကို နောက်မိန်းမယူတယ်ဆိုတဲ့ အပြစ်နဲ့အာခံချင်တယ်"

"ရှမ်း ... ရှမ်း ... "

ကော်ဖိနပ် မငိုပေ။ မျက်ရည်တွေ ဝေ့တက်မလာစေရ အံသွားတွေကို တင်းတင်းလေး ဖိကိုက်ထားပစ်သည်။ တကယ် လည်း ကော်ဖိနပ် ဘာမှမဟုတ်တာ မလုပ်ခဲ့ဘူး။ ရင်ခွင်ဆိုတဲ့ ကောင်ကို ရွဲ့ပြချင်လို့ တက်လိုက်သွားမိတာပဲရှိသည်။

"နင် မှတ်ထားနော် ... နောက်တစ်ခါ မရှိစေနဲ့၊ ငါ လုံး ခွင့်မလွှတ်ဘူး၊ နင်တော်တော် အကျောမာနေတာပါလား ကော်





ဖိနပ် ... ထို့ ... "

အဖေက ကြိမ်လုံးကို ပစ်ချပြီး ဆိုက်ကားပေါ်တက်ခွကာ ပြန်နှင်းထွက်သွားသည်။ မိထွေးနုနုနယ်အတွက် အသုံးစရိတ် အပြည့်အဝ မရသေးလို့မဟုတ်လား အဖေ။ ညဥ့်နက်တဲ့အထိ အဖေ ပိုက်ဆံရှာရဦးမယ် မဟုတ်လားဟင်။ ပင်ပန်းလိုက်တာ ... ကော် ဖိနပ်ကြောင့် အဖေ စိတ်ထိခိုက်သွားရတာတော့ သမီး ... စိတ် မကောင်းပါဘူးနော်။ အဖေထွက်သွားမှ ကော်ဖိနပ် မျက်ရည်တွေ က တလိမ့်လိမ့်စီးကျလာကာ အသံလေးထွက်အောင်ပင် တဟီး ဟီး ငိုချပစ်လိုက်မိသည်။

"အီး ... အီး ... ဟီး"

"ဟီး ... "

"ငိုလေ ... အားရအောင်ငိုပစ်လိုက်စမ်းပါ ကော်ဖိနပ်၊ နင် ငိုတာ ဒီတစ်ခါပဲတွေ့ဘူးသေးတယ်၊ ဦးလေး ရိုက်နေတုန်းကတော့ မငိုဘူး၊ နင်တော်တော်အကြောတင်းတာပဲ ကော်ဖိနပ်၊ ငိုပါ ကြိတ် ခံနေမယ့်အစား ငိုပစ်လိုက်တာ အကြောအချင်ပြေတယ်"

ရင်ခွင့်ကိုတွေ့လိုက်တော့ ကော် ပိုပြီး ဒေါသတွေပေါက်ကွဲ ရသည်။ အဖေ့ကိုသွားထောင်ပေးတဲ့ကောင်။ နင့်ကိုရွဲ့ပြီး ငါလိုက် သွားမိတာဟဲ့။

"နပ်တွေလည်း တအားထွက်နေပါလားကော်၊ ညှစ်လိုက်ပါ ဦးဟ"



www.burmeseclassic.com

www.burmeseclassic.com



ကောင်စုတ် ရင်ခွင်။ နင်သိမယ် ... နင့်ကြောင့် ငါအရှိ
ခံရတာ။ ငါ့အကြောင်း နင်ကောင်းကောင်းသိစေရမယ်။ သူမ အ
ကတ်လာသဖြင့် မျက်ရည်တွေကို သုတ်ပစ်လိုက်၍ နှပ်ချေးတွေ
တအားညှစ်၍ ရင်ခွင်ရဲ့မျက်နှာတည့်တည့်သို့ ပစ်လိုက်သည်။

"ရွှတ်"

"ဖတ်"

"ကော်ဖိနပ် ... နင့် ... နင် ဘာလုပ်တာလဲ၊ တော်တော်
အကျင့်မကောင်းတဲ့ဟာမလေးပဲ၊ ဒီမှာ ... ငါ့မျက်နှာကိုပေကုန်
ရွံ့ဖို့ကောင်းလိုက်တာ အစုတ်အပြတ်မ ... "

"ဟား ... ဟား ... ဟား ... "

စောစောက တအီးအီးနှင့် ကြွေကြွေကွဲကွဲလေး ငိုနေ
ကော်ဖိနပ်တစ်ယောက် ယခုတော့လည်း တဟားဟားနှင့် အေ
ဟစ်ရယ်မောနေလေသည်။ ရင်ခွင် အော့အန်ချင်နေတဲ့မျက်နှာ
မဲ့မဲ့ကြီးကိုကြည့်ရတာ ကော်အရမ်းရယ်ချင်သွားရ၏။ အရမ်း အသ
အပြန့်ကြိုက်ကြီး ကြွကြွရွရွလေး နေချင်တဲ့ကောင်။

"ဟား ... ဟား ... ဟား"

"အဟွန်း ... ဟွန်း ... အဟွန်း ... "

"တော်ပါတော့ဟာ ... နင့်ရဲ့အကျင့်ဆိုးအကျင့်ပျက်တွေ
မပြုပြင်လို့ မဖြစ်တော့လို့ နင့်ဘဝ ရှေ့ရေးအတွက် ဦးလေးကျေ
ကို တိုင်လိုက်တာ တမင်ရှာပြီးတိုင်တာ၊ နင်ပြန်လာမှာပဲဆိုတာ





လို့ တမင်စောင့်ခိုင်းထားတာလေ"

"ရင်ခွင်နော် ... နင့်ရဲ့ အဲဒီလို မိန်းမဆန်တဲ့အလုပ်တွေကို ငါမကြိုက်ဆုံးဘဲ၊ နင်သတ္တိရှိရင် ကော်ဖိနပ်ကို ပေါ်တင်စိန်ခေါ်စမ်းပါ မင်းရင်ခွင် ... ဘာဖြစ်လို့ လက်သီးပုန်းထိုးရတာလဲ ... နင် အခြောက်လား ဂျိုပုံးလား၊ နှစ်ပိုင်းတစ်ပိုင်းလား"

မင်းရင်ခွင်ကို ဒေါသတွေဖြစ်ဖြစ်နှင့် ရစရာမရှိအောင် ချိုးချိုးနှိမ်နှိမ် ပြစ်ပြစ်နှစ်နှစ် ပြောပစ်လိုက်သည်။ မင်းရင်ခွင်က ကော်ဖိနပ်အား ဆတ်ခနဲ ပြန်ကြည့်၏။ တစ်မျိုးပဲ ... ရင်ခွင့်မျက်ဝန်းတွေထဲမှာ သူမ တကြိမ်တစ်ခါမျှပင် မမြင်မတွေ့ခဲ့ဘူးတဲ့ နာနာကျင်ကျင်အရိပ်တွေ တနေ့နေ့ အင်ဂျင်နီယာကြီးဖြစ်ရမယ်လို့ ကြွေးကြော်ပြီးဘဝင်လေဟပ်နေတဲ့ ကောင်ရဲ့မျက်ဝန်းတွေထဲမှာ အမြဲတမ်း မာထန်တည်တင်းနေတတ်သည်။

"ငါ့ကိစ္စတွေထဲမှာ ဝင်မပါနဲ့လို့ ငါပြောထားပြီးပြီနော် ရင်ခွင်နင့်အပူမပါဘူး သိလား ... နင်လည်း လူတတ်ကြီးမလုပ်နဲ့၊ နင့်ဟာနင် တစ်နေ့နေ့ ဘာကြီးပဲဖြစ်ဖြစ် နင့်ကို အထင်ကြီးတဲ့အထဲမှာ ငါမပါဘူး"

"ကော်ဖိနပ်"

"ဘာလဲ"

ရင်ခွင် စိတ်တွေ ထိန်းချုပ်ထားသည့်ကြားမှ ကော်ဖိနပ်ရဲ့ ပခုံးနှစ်ဖက်ကို သူ့လက်တွေနှင့်ကြမ်းကြမ်းတမ်းတမ်း ဆုပ်ကိုင်ထား



www.burmeseclassic.com

www.burmeseclassic.com



ပစ်လိုက်သည်။ ကော်ဖီနပ်ရဲ့ မျက်ဝန်းတွေကိုလည်း ခပ်စူးစူးကြ သည်။

"ဟဲ့ကောင် ရင်ခွင် ... ဘာလုပ်တာလဲ ... လွှတ်နော်၊ အသားကိုမထိနဲ့ ... ငါချစ်တဲ့ ငါ့ချစ်သူကလွဲပြီး ငါ့အသားကိုမထိ လွှတ်စမ်း ... "

ရင်ခွင်က မလွှတ်ပေ။ ငါ့အသားကို ငါ့ချစ်သူကလွဲပြီး မထိ ဘူးဟုပြောလိုက်ပေမယ့် ရင်ခွင်လက်တွေကိုတော့ မဖယ်ပစ်မိ ကော်ဖီနပ်ကို နင့်အကြည့်တွေက အထင်သေး ရှုံ့ချတဲ့ အကြည့်တွေ ပါ။ ငါသိပါတယ် ကော်ဖီနပ်ဆိုတဲ့ မိန်းမကို နင်အမြဲတမ်း ဥပေက္ခာ ပြုထားတဲ့ကောင်။

"နင် ... နင် ဘာဖြစ်လို့ ယောကျ်ားတွေကို ချူစားချင် တာလဲ ... အလှအပတွေ ပြင်ချင်နေရတာလဲ ... နင့်ဘဝကို နင် ဘာဖြစ်လို့ တန်ဖိုးမထားချင်ရတာလဲ ကော်ဖီနပ်"

"ဘာ"

နင်ကရော ... ငါ့စိတ်ကို နားမလည်ဘဲ ငါ့ခံစားချက်တွေ ငါရင်ဆိုင်ဖြတ်သန်းနေရတဲ့ ဘဝတွေကို ဘာဖြစ်လို့ ဥပေက္ခာပြုနေရ တာလဲ ရင်ခွင်။ နင်ဘာကောင်လဲ။ ကော်ဖီနပ်ရဲ့ ဂုဏ်သိက္ခာတွေ ကို တစ်သက်လုံး ထိပါးစော်ကားနေတော့မှာလား။

"လောကကြီးအကြောင်းကို နင်ဘယ်လောက်သိလို့လဲ ကော်ဖီနပ် ... သူ့ဆီက နင်လိုချင်တာကိုယူမိပြီးရင် တစ်နေ့နေ့





သူလိုချင်တာကိုလည်း နင်ပေးဆပ်ရလိမ့်မယ်"

"နင့်အပူမပါဘူးနော် ရင်ခွင် ... ငါက ဘာပြန်ပေးဆပ်ရမှာ လဲ၊ သူက ခင်မင်လို့ပေးတာလေ"

"နင် ရူးနေလား ကော်ဖီနပ် ... နင့်အသွေးတွေ အသားတွေ ဘဝတွေ၊ နင့်နာမည် ဂုဏ်သတင်းတွေ သူကအရယူပြီး စွန့်ပစ်ထား ခဲ့မှာလေ"

"ဟား ... ဟား ... ဟား ... ငါက ကော်ဖီနပ်ပါဟ၊ ငါ့ကို လာထိရင်သူပေးဆပ်မှာက အကြီးကြီး ဖြစ်သွားလိမ့်မယ်၊ ငါက သူများခြေတော်တင်ပြီး အစွန့်ပစ်ခံမယ့် မိန်းမလား"

"ကော်ဖီနပ် ... နင် ... နင် ... "

"လွှတ်စမ်းပါဟာ"

"နင့်ကိုယ်နင် တန်ဖိုးရှိအောင်နေပေးပါ၊ နင့်ဘဝကို အမဲစက် တွေ စွန်းထင်းနေအောင် မလုပ်ပါနဲ့ ကော်ဖီနပ်ရယ် ... ကိုမိုးမာန် မောင်တို့လို သူဌေးတွေကိုလည်း အထင်မကြီးစမ်းပါနဲ့"

ငါ့မေတ္တာ စေတနာတွေကို နားလည်လက်ခံပေးစမ်းပါ ကော်ရယ်။ ရင်ခွင်လေ နင့်ကိုချစ်တယ်၊ မြတ်နိုးတယ်။ နင်က ငါ့ ရင်ထဲမှာ တန်ဖိုးထားရတဲ့ မိန်းကလေးပါ။

"နင့်အကျင့်တွေကို ပြင်လိုက်စမ်းပါ၊ ချစ်စရာလို အသိဥာဏ် မပြည့်တဲ့ကောင်ဆီကလဲ တန်ဖိုးမရှိတဲ့ မုန့်တွေယူတယ်၊ ကိုမိုးမာန်



www.burmeseclassic.com

www.burmeseclassic.com



မောင်လို လူမျိုးရဲ့ကားပေါ်လည်း နင်တက်လိုက်ရဲတယ်၊ အရှက်မရှိဘူးလား ကော်"

"လွှတ် ... နင် ထွက်သွားစမ်း ရင်ခွင် ... ငါလုပ်ချင်တာလုပ်မယ်၊ နင်က ငါ့အဖေလား ... ငါ့အစ်ကိုလည်း မဟုတ်ဘူး ... သူစိမ်း၊ ကိုမိုးမာန်မောင်က နင့်ထက်အများကြီးနူးညံ့တယ်၊ ကြင်နာတတ်တယ်၊ ယောကျ်ားလည်း ပီသတယ်၊ နင်ကမရှိဘဲ သွေးကြီးနေတဲ့ကောင် ... အရမ်းမုန်းစရာကောင်းတာပဲ ... လွှတ် ... ဖယ်"

အိမ်လေးထဲမှာက ရင်ခွင်နှင့်ကော်တို့နှစ်ယောက်ထဲ ကော့်စကားတွေက ရင်ခွင်နှလုံးသားကို ပြင်းထန်စွာ ထိခိုက်စေပြီး ကော်ဖိနပ်အား မထိရက် မတို့ရက် ကြွေကျပျက်စီး ညှိုးရော်သွားမှာကို စိုးရိမ်ထိတ်လန့်စွာ သူအလှကြည့်နေခဲ့မိတဲ့စိတ်တွေက ထိန်းချုပ်နိုင်စွမ်းမရှိကော့ဘဲ သူမခန္ဓာကိုယ်လေးအား သူ့ရင်ခွင်ထဲသို့ ဆွဲယူပွေ့ဖက်လိုက်ပြီး စိုရဲတောက်ပ တဆတ်ဆတ်တုန်ရီနေတဲ့ ကော်ဖိနပ်ရဲ့ နှုတ်ခမ်းဖူးဖူးလေးကို မြတ်နိုးတပ်မက်စွာ နမ်းပစ်မိသွားသည်။

"ရင်ခွင် ... နင် ... နင် ... ဘာလုပ်တာလဲ အရူးကောင်၊ လူယုတ်မာကောင် ... နင် စော်ကားလိုက်တာပဲ"

ခဏ္ဍခဏလောက်တော့ မှင်သက်မိစွာ သူ့အနမ်းတွေကို ငြိမ်သက်စွာ ခံယူမိနေရာက ကော်ဖိနပ်အသိတွေဝင်လာပြီး ရုန်းဖယ်ခါ





ရမ်းပစ်လိုက်ကာ ဒေါသတကြီးနှင့် ရင်ခွင်ကို ဆောင့်တွန်းဖယ်ပစ်လိုက်သည်။

"ထွက်သွား ... နင့်ကို ငါသတ်ပစ်မိတော့မယ်နော် ... ခွေးကောင်"

"ငါက ကိုမိုးမာန်မောင် မဟုတ်လို့ နင်ဆတ်ဆတ်ခါ ငြင်းဆန်ပစ်နေတာလား ကော်ဖိနပ်"

"ဟဲ့ကောင် မင်းရင်ခွင် ... နေဦး ... နင့်စကားတွေအတွက် နင်နဲ့ငါ အပြတ်ရှင်းရမယ်၊ နင်မသွားနဲ့ဦး"

မင်းရင်ခွင် ချာခနဲ လှည့်ထွက်လာခဲ့မိသည်။ ကော်ဖိနပ်ဒေါသတကြီးနှင့် အော်ဟစ်ပြီး ကျန်ရစ်ခဲ့၏။ နင်က နင့်အသားကို နင့်ချစ်သူပဲ အထိခံမယ်တဲ့လား ကော်ဖိနပ်။ ငါထိတယ်ဟာ ဘာဖြစ်လဲ။ နင့်ကိုခေါ်သွားပြီး ကိုမိုးမာန်မောင်က အလှကြည့်ပြီး ပြန်လွှတ်လိုက်မှာ မဟုတ်ပါဘူး။ ရင်ခွင် နာကျင်ရသည်။

"နင် ဘယ်လိုဘဝပဲရောက်ရောက် ဘာတွေပဲဖြစ်လာ ဖြစ်လာ နင့်ကို ရင်ခွင် တန်ဖိုးထားပြီး ချစ်နေမယ် ကော်ရယ်"

ကော့်ကို ချစ်တယ်ဟု ရင်ခွင် စိတ်ထဲကနေ အကြိမ်ပေါင်းများစွာ စက္ကန့်မလပ် ရေရွတ်ပြောဆိုနေမိပေမယ့် ရင်ခွင့်နှုတ်ခမ်းတွေက ထုတ်ဖော်ပြောဆိုဖို့ ဝန်လေးနေမိနေတာတော့ အမှန်ပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ နင်က ငါတို့လို ဘဝတူတွေကို အဖက်



www.burmeseclassic.com

www.burmeseclassic.com



တောင် လုပ်ချင်တဲ့ကောင်မလေး မဟုတ်လို့ပါပဲကော်။ ငါချစ်တယ်လို့ မပြောရဲဘူးလေ။ နင်မက်တဲ့ငွေတွေကို ငါမရှာနိုင်သေးဘူး။ ငါ အခု နင့်ကို အရဲစွန့်ပြီး နမ်းမိသွားတာပါပဲ။ ငါ့ရင်ထဲက အချစ်မီးတောင်ကြီး အမှတ်မထင် ဝုန်းခနဲ ထပေါက်ကွဲသွားလို့ပဲ။ ရင်ခွင် အိမ်လေးထဲကနေ ထွက်လာခဲ့သည်။

❀ ❀ ❀

အခန်း ( ၇ )

မင်းရင်ခွင် အရိပ်တွေ ပျောက်ကွယ်သွားတော့မှ ကော်ဖိနပ်အားအင်တွေ ချို့နဲ့မောပန်းနွမ်းလျှစွာဖြင့် ကြမ်းပြင်ပေါ် တဖြည်းဖြည်း ထိုင်ချမိလေသည်။ မင်းရင်ခွင် နင် ... နင်ဘာလုပ်သွားရတာလဲ။ ကော်ဖိနပ်က နင့်ချစ်သူလားဟဲ့။ အညာလွယ်လွန်းတဲ့ကောင်မဆိုပြီး ကိုမိုးမာန်မောင်နဲ့အပြိုင် နင် စော်ကားလိုက်တာလား။ သူမနှုတ်ခမ်းလေးက တင်းကြပ်နာကျင်နေသည်။ ကော်ဖိနပ်ယောက်ျားလေးတွေနဲ့ တတွဲတွဲသွားလာတတ်ပေမယ့် ချစ်သူရည်းစားလိုမဟုတ်ပါဘူး။ သူငယ်ချင်းတွေ အဆင့်ပါ။ နင် ... နင်အရမ်းအောက်တန်းကျတဲ့ကောင်ပဲ။ နင့်ဆီမှာ ငါအထင်ကြီးစရာ ဘာတစ်ခုမှမရှိဘူး ရင်ခွင်ရဲ့။

"နင် ... နင် ... ငါ့ကိုချစ်တယ်လို့ မပြောတာ ဘာကြောင့်လဲ၊ ငါ့ကို အထင်သေးလို့ မဟုတ်လား ရင်ခွင်၊ ဘာပစ္စည်းကိုမှ



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားတွေဆီက ငါချူစားခဲ့တာမဟုတ်ဘူး၊ သူတို့ဟာသူ အတင်းပေးခဲ့ကြတာပဲ ... ငါစိတ်ဓာတ်တွေ နင်ထင်သလော အောက်တန်းမကျဘူး ကောင်စုတ်ရဲ့”

ကော်ဖိနပ် ... ဒေါသတွေ ပေါက်ကွဲလွင့်စင်ကာ ရင်ခွင် မုန်းတီးနာကျည်းမိသည်။ သူမကို ချစ်တယ်ဆိုတဲ့စကားလေ တောင် မပြောနိုင်ဘဲ သူမကို နမ်းသွားခဲ့သူ။ ဘာကြောင့်လဲ ချစ်စရာလို ကျပ်မပြည့်တဲ့ယောကျ်ားတစ်ယောက်လောက်တော အဆင့်မရှိတဲ့ ရင်ခွင် ... နင့်ကို ငါ မုန်းတယ် ရွံ့တယ်။

“ဟုတ်တယ် ကော်ဖိနပ်က ငွေမက်တယ်၊ ယောကျ်ားေ ကို မြူစားတတ်တယ်၊ အကျင့်မကောင်းဘူး ... နင် ဖြစ်စေချင်တ မဟုတ်လား ရင်ခွင် ... ငါလုပ်ပြမယ်”

သူမစိတ်တွေ ပျော့ခွေယိုင်လဲပြိုကျတော့မတတ်ပင်။ အ တမ်း မာကျောခက်ထန်ခဲ့တဲ့ ကော်ဖိနပ်။ စိတ်တွေယိုင်လဲကျသွ လို့မဖြစ်သေးပါဘူး။ ဘာမှမဖြစ်သလို နေပြရမယ်။ နင့်အတင်းေ ပြောချင်နေကြတဲ့ ပတ်ဝန်းကျင်မှာ နင်မကျဆုံးစေရဘူးကော်ဖိနပ်

“သမီးလေး ... အမလေးတော့ အမေနဲ့ သမီးလေးက ဘယ်သူရိုက်တာလဲ ... ကိုကျော်ကြောင့် ခက်ပါတယ်၊ ဒီလောက် အဖိုးတန်တဲ့သမီးလေးကို ရိုက်ရလား”

မိထွေးဖြစ်သူ အမေနုရဲ့လက်ထဲမှာ အဖေ လွှင့်ပစ်ထားခဲ့တ ပစ္စည်းထုပ်တွေ ပြန်ပါလာတာကော်ဖိနပ် တွေ့လိုက်ရသည်





မျက်နှာပြင်ကြီးတစ်ခုလုံး ဝင်းဝင်းထိန်နေပြီး ကော့်ကိုလည်း ပွေ့ဖက်ချော့မော့နေ၏။ ကော် မုန်းတီးရွံ့ရှာလာသည်။ လင်ပါသမီးကို တန်ဖိုးမဲ့မှာတွေ ဘဝပျက်ရမှာတွေ ဘာမှထည့်သွင်းစဉ်းစားခြင်း မရှိတော့ဘဲ သဘောကျကျေနပ်နေသေးသည်။

“အမလေး ကော်လေးရယ် ... ညည်းကို ခေါ်သွားတဲ့ကားကြီးက အကောင်းစားကြီးနော်၊ သမီးလေးကော် ကံကောင်းလာပြီ ဟဲ့ ... ညည်းအဖေလေ ဆိုက်ကားနင်းရတာ အရမ်းပင်ပန်းတယ် ကွယ်၊ လွတ်မြောက်စေချင်ပါပြီ ... အခွင့်အရေးကို လက်လွှတ်မခံနဲ့နော်၊ အမေပြောတာ ကြားလား ... ညည်းအဖေကို အမေကြည့်ပြောထားမယ်၊ အမေပြီးရင် ပြီးပါတယ် ကော်လေးရယ်”

မိထွေးဖြစ်သူကို ကော်အတိုက်အခံမလုပ်ချင်။ အဖေ့အတွက်ပါ။ မကျေနပ်လျှင် မကျေနပ်သလို အဖေ့ကိုရန်ရှာတတ်၍လည်း ဒေါ်နုနုနယ်နှင့် ပြဿနာတက်အောင် ကော် အမြဲတမ်းပဲ သည်းခံနေရသည်။

“အမလေး ကော့်နှုတ်ခမ်းလေး သွေးခြေဥပြီး ဖူးယောင်နေပါလား ... ညည်းအဖေ တုတ်ချက်မိသွားတယ်ထင်တယ်၊ ပြစမ်း”

“အား ... ”

“အထိမခံနိုင်အောင်တင် နာနေလား ... ရက်စက်လိုက်တာ”

သူမ နှုတ်ခမ်းလေးကို လာထိသဖြင့် ဒေါ်နုနုနယ်ရဲ့လက်



www.burmeseclassic.com

www.burmeseclassic.com



တွေကို တွန်းဖယ်ပစ်လိုက်သည်။ အဖေ့ တုတ်ချက်မိတာမဟုတ်
ရင်ခွင်ဆိုတဲ့ကောင် အငမ်းမရ နမ်းသွားခဲ့တာပါ။ ရင်ထဲထိအော
အသဲခိုက်မတတ်ပင် နာကျင်နေရသည်။

"အဝတ်အစားတွေကြည့်စမ်း တန်ဖိုးကြီးတဲ့ပစ္စည်းအသုံး
အဆောင်တွေပဲကော်ရယ် ... နှမျောစရာကောင်းလိုက်တာ၊ အမေ
လည်း ကော်ပြန်အလာကို စောင့်နေတာလေ၊ အတော်ပဲ ... မြ
ကောက်ယူလာခဲ့တယ်"

စိတ်ကုန်တယ်။ ဒေါ်နုနုနယ်ကို စကားတွေ တုန့်ပြန်ပြော
ဆိုမနေချင်တော့ပါဘူး။ မိထွေးဖြစ်သူ မက်မောနေတဲ့ပစ္စည်းတွေကို
လည်း ကော် မမက်မောမိ။ ကြောက်ကြောက်လန့်လန့်နှင့် ပြန်
မှာစိုးရိမ်၍ လက်ခံယူလာတဲ့ပစ္စည်းတွေဖြစ်၍ မိထွေးကိုပဲ ပေးလိုက်
ဖို့ ဆုံးဖြတ်ထားသည်။

"အမေ ယူလိုက်ပါ ... တချို့တစ်ဝက်တော့ပြန်ပေး ကော်
ယူမယ် ... အမေလိုချင်တာယူထားလေ"

"အင်း ... ယူမယ်၊ အမေကတော့ အားလုံးကြိုက်တာပဲ ...
ကျေးဇူးပဲသမီး"

တချို့တဝက်တော့ မိဘမဲ့ဂေဟာသို့ သွားလှူရန် ကော်မ
နပ် စဉ်းစားထားသည်။ ဒေါ်နုနုနယ်ကိုတော့ အကုန်မပေးပါဘူး
စိတ်စေတနာကိုမရှိတာ။ ပြောနေတဲ့စကားတွေက အဖေ့ကို သနား
သလိုလိုနဲ့ စိတ်ထဲက မပါဘူးဆိုတာ ကော်မသိဘဲနေမလား။ မိထွေး





ကိုရှဲ့ပြီးလည်း ကော်ရပ်ကွက်ထဲက ကောင်လေးတွေနှင့်တွဲပြမိ၍
နာမည်ပျက်ရတာလည်းပါသည်။

"ဟဲ့ကော် ... သူ့နာမည်က ဘယ်သူတဲ့လဲ၊ ဘာလုပ်တာလဲ
ာင်၊ လူပျိုလား ... အရမ်းချမ်းသာပုံပဲ ... ချောလည်းချောတယ်၊
နဲ့လိုက်တာပဲ ... မိန်းကလေးတစ်ယောက်အတွက် လက်ခံ
အရွေးချယ်သင့်ဆုံးပဲ ... ကြားလား"

လင်ပါသမီး ကော်ဖိနပ်က တကယ့်ကို ချောချောလေး။
ကိုကျော့် ပထမဇနီးကလဲ ချောတာပဲ။ ကိုကျော်လည်း ဆင်းရဲလို့
သာပါ လူချောလူခန့်တစ်ယောက်။ မိမိသိတယ်။ သူ့မွေးတစ်
ယောက်က တော်ကောက်မယ်ဆိုတာ ကော့်မျက်နှာလေးက မိန်းမ
ချင်းတောင် ငေးကြည့်ရမယ့်ရုပ်ရည်လေး။ နှာတံချွန်ချွန်မြမြ။ မျက်
ခန်းနက်နက်ကျယ်ကျယ်လေးကို မျက်တောင်ကော့လေးတွေ ဝိုင်း
ရံထားတာ သဘာဝအလှတွေပဲ။ ပြီးတော့ ... နှုတ်ခမ်းရဲရဲစိုစို နှင်းဆီ
ဖူးလေးကို နမ်းချင်စရာလေး။ ကော်ဖိနပ်ကို ကပ်ထားမှဖြစ်တော့
မည်ဖြစ်သည်။

"သမီးအဖေကလေ ... ကြည့်ပါဦး ကော်လေး နှုတ်ခမ်း
သွေးခြေဥနေပြီ၊ ခြေသလုံးတွေကိုရိုက်ပေါ့၊ ရွှေလိုဥထားသင့်တဲ့
ကလေးပါ ... အမေ သနားလိုက်တာကွယ်"

ဒေါ်နုနုနယ် စကားတွေကိုကြားရတာ ကော်တော်တော်
လေးစိတ်ပျက်သည်။ ဆက်ပြီး နားမထောင်ချင်တော့၍ သူမအိပ်



www.burmeseclassic.com

www.burmeseclassic.com



ခန်းလေးထဲဝင်နေဖို့ ထသည်။

"ကော် ... ဟဲ့ သမီးလေး၊ အဲဒီသူဌေးက ပိုက်ဆံတွေဘာ… တွေ မပေးလိုက်ဘူးလား ... ငွေတွေ ..."

"မပေးလိုက်ပါဘူး အမေနေ ... ကော်လည်း ခင်မင်တာ မကြာသေးဘူးလေ၊ တောင်းလို့ ဘယ်ကောင်းမလဲ ... တဖြည်းဖြည်းလေး ..."

"အင်း ... ဟုတ်တယ်၊ အမေနေလည်း အကြွေးတွေတင်နေတယ်၊ ညည်းအဖေကိုလည်း မဆပ်ခိုင်းရက်ဘူး၊ ပင်ပန်းတယ်လေ"

ကော် ဆက်မပြောချင်။ ဒေါ်နုနုနယ်ရဲ့ လောင်းကစားအကြွေးတွေကလဲ အဖေဆပ်လို့မကုန်နိုင်ပေ။ မိထွေး ဒေါ်နုနုနယ်အား အဆင်ပြေအောင်သာ ပြောလိုက်တာ။ ကော်လည်းမဆပ်ပေးနိုင်ပါဘူး။

"ကော် အနားယူတော့မယ်၊ အဖေ့ကိုတော့ ဖြောင်းဖျပေးပါနော် ညစာရော ရှိရဲ့လားဟင်"

"ညည်းအဖေ ဝယ်လာမယ်တဲ့၊ ညည်းလေးကတော့ အစားကောင်း အသောက်ကောင်းတွေစားပြီး ဝလာပြီထင်တယ်ကော်၊ မိဘတွေအတွက်ရော စဉ်းစားမိရဲ့လား"

"အိပ်တော့မယ်"

အဖေ ပြန်လာလျှင် ဒေါ်နုနုနယ် ရန်မရှာစေရန် ကော် အလိုက်အထိုက် မိထွေးစိတ်ကြိုက်ပဲလိုက်၍ ဆက်ဆံနေရသည်။





သူမ အိပ်ခန်းလေးထဲ ဝင်လာခဲ့၏။ ဂွမ်းကပ်လေးတစ်ခု ခင်းထားတဲ့ အိပ်ရာပေါ် လှဲချလိုက်သည်။

"မင်းကို ခင်မင်ချင်တယ်၊ မင်းလိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနေချင်တယ် ... မင်းလိုချင်တာတွေပြောလေ ကိုယ်အားလုံး ဖြည့်ဆည်းပေးမယ်"

ကိုမိုးမာန်မောင်ရဲ့စကားတွေနှင့် ကြင်နာနွေးထွေးမှုတွေကို ကော်ပြန်၍ သတိရမိလာသည်။ သူ့မျက်ဝန်းတွေ ရီဝေစိုစွာ။ ကြေကြေကွဲကွဲ အရိပ်တွေယှက်သန်းနေသလိုလို ကော့်ကို စတွေ့စဉ်ထဲက ငေးမောစူးစိုက်ကြည့်နေတာကို ကော် သတိထားမိခဲ့၏။ ကော်က အရမ်းပဲ စွဲမက်စရာ လှပချောမောလွန်းလို့လား။

"နင် ... နင် လူ့လောကကြီးအကြောင်း ဘယ်လောက်များ သိနေလို့လဲ ကော်ဖိနပ် ... ဒီလိုလူမျိုးတွေက နင့်ကိုအတည်ကြံမယ် ထင်လို့လား၊ သူတို့ဆီကယူပြီးရင် နင်ဘက်ကလည်း ပြန်ပေးရမှာပဲ"

ကော်ဖိနပ်က ခပ်တုန်းတုန်းအအ မိန်းမတစ်ယောက်တော့ မဟုတ်ဘူးနော်။ ရင်ခွင်သိတယ်တဲ့။ ငါက လူတွေက အတင်းပြောချင်ကြလေ ပိုပြီးလုပ်ပြချင်လေပဲ။ ငါ့အကျင့်တွေကို နင်ပဲအသိဆုံးဆို။ ရင်ခွင့်အနမ်းတွေက သူမရင်ထဲအထိ စူးနစ်တိုးဝင်သွားရပြီး နာနာကျင်ကျင်လေး စူးစူးရှရှလေးပဲ ခံစားနေရသည်။

"နင် အရမ်းရက်စက်တယ်ရင်ခွင် ... ငါ့ကို အထင်သေးလွန်းပါတယ်၊ ငါအကြားချင်ဆုံးကလေ နင့်ဆီက ငါ့ကိုချစ်ခွင့်ပန်…



www.burmeseclassic.com

www.burmeseclassic.com



စကားတွေပဲ ရင်ခွင်ရယ်"

ကော်ဖိနပ် အိပ်လို့မရ။ မျက်လုံးတွေပင် မှိတ်ပစ်ရန် ခက်ခဲနေသည်။ မျက်တောင်ဖျားပေါ်မှ အိပ်စက်ခြင်းတွေကို ရင်ခွင်ယူဆောင်သွားတာလား။ ကော်ဖိနပ်ရဲ့ ဖြူစင်တဲ့နှလုံးသားတွေကို ဖျက်စီးကြေပျက်စေခဲ့တာ နင်တရားခံပဲ။ မျက်ရည်တွေက ပြည့်နေသည်။

"နင် ... နင် ... ကော်ဖိနပ်ကိုချစ်တယ်လို့ ဘာဖြစ်လို့ မပြောခဲ့ရတာလဲ ရင်ခွင် ... အချစ်မရှိဘဲနဲ့ ငါ့ကိုဘာဖြစ်လို့ နမ်းပစ်လိုက်ရတာလဲ"

ရင်ခွင့်ခန္ဓာကိုယ်တစ်ခုလုံးအား စိစိညက်ညက်ကြေအောင် ထုရိုက်ပစ်ချင်သည်။ မာကျောတဲ့ကော့်နှလုံးသားတွေ ပျော့ညံ့ချင်နေ၏။ ရင်ခွင်ဆိုတဲ့ကောင်ကြောင့်ပဲ။ ကော်ဖိနပ်က နင့်ရည်းစားလား။ ရင်ခွင်ကျဆုံးသွားစေရန် ဘယ်လိုနှိပ်ကွပ်ပစ်ရမလဲ။ ညဥ့်နက်မှ အဖေပြန်ရောက်လာပြီး အရက်တွေလည်း တော်တော်လေးမူးနေပုံပင်။ အဖေ့အရက် နဲနဲပါးပါးသောက်တတ်ပေမယ့် အလွန်အကျွံ လူမှန်းမသိအောင် သောက်တာမျိုးမရှိခဲ့။ ကော်ဖိနပ်အတွက် အမြဲတမ်း ထိန်းထိန်းသိမ်းသိမ်း နေထိုင်တတ်သည်။

"နုနယ် ... ဟေ ... နုနယ် မိန်းမရေ၊ ယောကျ်ား ပြန်လာပြီလေ၊ ဒီမိန်းမ ဖဲဝိုင်းကတောင် ပြန်လာပြီလား မသိဘူး"

"အေ့ ... မိန်းမ"





ကော်ဖိနပ် မျက်ဝန်းတွေထဲမှာ မျက်ရည်တွေပြည့်လာသည်။ အဖေ ဒီလောက်တောင် ခံစားနေရလား။ မိထွေးဖြစ်သူ ဒေါ်နုနုနယ် အိမ်အောက်ပြေးဆင်းသွား၏။ အဖေ့ကိုတွဲ၍ အိမ်လေးပေါ် ခေါ်လာသည်။

"ကိုကျော်ရယ် ... ဘာဖြစ်လို့ အရက်တွေ ဒီလောက်အထိ သောက်လာရတာလဲ၊ ညဥ့်နက်နေပါပြီ၊ တိတ်တိတ်နေစမ်းပါ"

မိထွေး နုနုနယ်ရဲ့စကားတွေကိုတော့ အဖေ မတွန်းလှန်ပါဘူး။ အမူးလွန်နေတာတောင် ငြိမ်သွားသည်။

"ကိုကျော် ... ထိုင်ပါဦး ... ညစာရော စားပြီးပြီလား"

"မစားရသေးဘူး ... ငါဝယ်လည်း မဝယ်လာဘူး၊ ငါအရမ်းရှက်တယ်၊ ရပ်ကွက်ထဲကလူတွေ ငါ့ကိုကြည့်ကြတဲ့ မျက်လုံးတွေ ငါရင်မဆိုင်ရဲလို့လေ၊ ညဥ့်နက်မှလူတွေအားလုံးအိပ်မှ ပြန်လာခဲ့တာလေ"

"ဒုက္ခပါပဲတော် ... အမိပွါယ်မရှိတာဘဲ၊ ကော်ဖိနပ်ကြောင့်လား ... ဒီကလေးက လိမ်မာပါတယ်"

"ဘာပြောတယ်"

"တိုးတိုးတိတ်တိတ်လုပ်ပါရှင့် ... ကိုယ့်ပေါင်ကိုယ်လှန်ထောင်းတဲ့အလုပ်မျိုး မလုပ်ပါနဲ့ ကိုကျော် အိပ်တော့ ... မနက်အမူးပြေမှ အေးအေးဆေးဆေး စကားပြောမယ်"

"ခွေးမ ... အရှက်မရှိတဲ့ ကောင်မ ... ကော်ဖိနပ်ရော"



www.burmeseclassic.com

www.burmeseclassic.com



"အိပ်နေပြီ ... ကလေးကို ကြော်မကောင်း ကြားမကောင်း ရှင် ဘာဖြစ်လို့ ရိုက်တာလဲ"

"သတ်ပစ်မယ် ... အရှက်ကိုမရှိဘူး၊ ရပ်ကွက်ထိပ်အထိ နောက်ဆုံးပေါ်ကားကြီးနဲ့လိုက်ပို့တာ ဂုဏ်ယူနေတဲ့ဟာမ၊ ငါရှက် တယ် ... ဆင်းရဲလို့ ငတ်သေသွားပါစေ ငါ့သမီးမိန်းမပျက် မဖြစ်စေ ရဘူး"

"ကိုကျော် ... ရှင်ပြောလေ ကဲလေပါလား၊ ကိုယ့်သမီး အကြောင်း ဘာဖြစ်လို့ အော်ကျယ်ဟစ်ကျယ် ဖြစ်နေရတာလဲ"

"မင်း ... မင်း ငါ့သမီးကို ပစ်မထားပါနဲ့၊ စောင့်ရှောက်ပေး ပါ၊ ငါ့သမီးကို ဖြူဖြူစင်စင် ဖြစ်စေချင်တာကွ"

"သမီးကို ဘာဖြစ်လို့ ရိုက်နှက်ရတာလဲ ... သမီးမငယ်တော့ ဘူး၊ အရွယ်ရောက်နေပြီ ... နုနယ် ဆုံးမပါ့မယ်၊ ဒီအရွယ်ဆိုတာ တိုးတိုးတိတ်တိတ် ဆုံးမသင့်တယ်"

ဒေါ်နုနုနယ်ကတော့ ယောကျ်ားဖြစ်သူကို ထိန်းချုပ်ထား လိုက်သည်။ ဒီလောက် လှပချောမွတ်တဲ့ သမီးလေးမွေးထားပြီး ဆိုက်ကားသမားဘဝနဲ့ပဲ ရှင်က အဆုံးသတ်တော့မလား။

"ကော်ဖီနပ်က စိတ်ဆိုးပြီး ပေါက်ကရတွေလုပ်သွားရင် ရှင် ရင်ကျိုးရမှာနော်"

မိထွေးပြောတော့လည်း အဖေက ငြိမ်သက်သွားသည်။ ကော် စိတ်အေးသွားရ၏။ အဖေ့စိတ်ဆန္ဒတွေက သမီးဘဝကို ဖြူ



The Early Bird
BOOK RENTAL HOUSE



ဖြူစင်စေချင်နေတာပါ။

"မင်းလည်း သမီးကို လွှတ်မထားပါနဲ့ နုနယ် ... စောင့် ရှောက်ပေးပါ၊ ဒီလိုသူဌေးနဲ့ ဘယ်လိုပတ်သက်တာမျိုးမှ မကြိုက်ဘူး၊ ငါအရမ်းခံစားရတယ်၊ မျက်နှာကိုတောင် ဓားနဲ့လှီးပစ်လိုက်ချင် တယ်"

ဦးကျော်သာလှရဲ့ ရင်ထဲမှာ နာကျင်ခံစားရလွန်းသည်။ သမီးလေး ကော်ဖီနပ်ကို ချမ်းချမ်းသာသာလေး ထားချင်ပါတယ်။ အဖေ တာဝန်မကျေတာပါ။ သမီးလေးထက်ချစ်ရမယ့်သူကို ရှာခဲ့ တယ်လေ။

"သမီးလေးရယ် ... အဖေမှားသွားပါတယ်၊ အသုံးမကျတဲ့ အဖေကြောင့်ပါ ... အရွယ်ရောက်နေတဲ့ သမီးကို အဖေမစောင့် ရှောက်နိုင်ခဲ့ဘူး၊ အီး ... ဟီး ... အဖေ အသုံးမကျတာပါ"

သူမလည်း မျက်ရည်တွေ တလိမ့်လိမ့်စီးကျလာသည်။ အဖေ့ကို သနားလိုက်တာ။ သူမအတွက် အဖေအရမ်းခံစားနေရှာ ၏။ ကော်က အဖေထင်ထားသလို နာမည်ပျက်မယ့်အလုပ်တွေကို လုပ်တာမျိုး မရှိပါဘူးနော်။

အရွဲ့တိုက်ပြချင်တဲ့ကော်ဖီနပ်အကျင့်တွေကိုက နာမည်ပျက် စရာ ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၈ )

မင်းရင်ခွင် ပြောသလို ကော်ဖိနပ်ဆိုတဲ့ကောင်မလေးက ယောကျ်ားတွေကို မြူစားချူစားတတ်တဲ့ မိန်းကလေးတစ်ယောက် မဟုတ်ဘူးဆိုတာ သံသယဖြစ်စရာပင်။ သူ့ကိုပင် ရိုးရိုးသားသား အရှက်အကြောက်ကြီးမားစွာ ဆက်ဆံခဲ့သည်။

"မင်းက သေသေချာချာကြည့်လေ အကြင်နာနဲ့တူလေပဲ၊ ကိုယ် ပျော်ရတယ် ... ကြေကွဲနေတဲ့ ကိုယ့်နှလုံးသားတွေ ပြန်ပြီး သက်ဝင်လှုပ်ရှားလာပြီလေ"

မိုးမာန်မောင် ဘဝသေခဲ့တာ ကြာပြီပဲ။ လူ့လောကကြီးထဲကနေ ထွက်ခွာသွားရတဲ့ ချစ်သူအကြင်နာနှင့်အတူတူလေ။ သူ့မျက်ဝန်းတွေထဲမှာ အပျော်လည်း ကင်းပျောက်သွားခဲ့သည်။

"သံယောဇဉ်နွယ်ရေ မင်းကိုတော့ ကိုယ့်ရဲ့အဖော်အဖြစ် သတ်မှတ်ရလိမ့်မယ် ... ကိုယ့်ချစ်သူ အကြင်နာအစားလေ"





သံယောဇဉ်နွယ်ဆိုတဲ့ နာမည်လှလှလေး ပျောက်ဆုံးသွားရတဲ့အထိ မင်းဆိုးသွမ်းပေတေနေခဲ့တာလား။ တန်ဖိုးမရှိတဲ့ ဇီးထုတ်တွေ ငါးမုန့်ကြော်ထုတ်တွေတောင် တမက်တမော ယူနေသေးတာပဲ။ ကိုယ်ပေးတဲ့လက်ဆောင်တွေကို မင်းမမက်မောဘဲနေမလား ကော်ဖိနပ်။

"ကော်ဖိနပ်က အကျင့်မကောင်းဘူး ကိုမိုးမာန်မောင် ဒုက္ခရောက်လိမ့်မယ် ... ငွေလည်းမက်တယ်"

မင်းရင်ခွင်စကားကိုပင် သူကလက်ခံသည်။ ကိုယ့်အနားမှာသာ မင်းနေပေးမယ်ဆိုရင် ကိုယ်ငွေတွေ ပုံပေးနိုင်ပါတယ်။ မိန်းကလေးတွေက လက်ဝတ်ရတနာတွေ မက်မောတတ်၏။ ကော်ဖိနပ်ကို မြူဆွယ်ဖို့ မိုးမာန်မောင် စဉ်းစားနေရတာပင် အပျော်တွေ ဖြစ်နေရသည်။

"မင်းသရုပ်ဆောင်ပြတာကတော့ တကယ့်ကိုပဲ ကော်ဖိနပ်ရာ ... ကိုယ့်ကားပေါ် မင်းပဲတက်လိုက်လာတာပါ။ ပစ္စည်းတွေကို ငြင်းသလိုလိုနဲ့ မင်းယူသွားတာပဲ ... ဒါပေမဲ့ မင်းကချစ်စရာကောင်းတယ်၊ နှစ်သက်စရာတော့ကောင်းပါတယ် ... ကော်ဖိနပ်ရယ်"

ကော်ဖိနပ်နှင့် ရင်းနှီးမှုရှိစေရန် မိုးမာန် စတင်ကြိုးပမ်းနေသည်။ ဒီကောင်မလေး ဘယ်အရာတွေမက်မောနေမလဲ။ ကိုယ့်ဘဝမှာ မင်းရှိနေမှဖြစ်မယ် ကောင်မလေးရယ်။

"လက်ဝတ်ရတနာတွေ ဆင်ရမယ်၊ မင်းအဖေက ဆိုက်ကား



www.burmeseclassic.com

www.burmeseclassic.com



နင်းရတယ် မဟုတ်လား၊ ကိုယ် တကူစီ တစ်စီးလောက်ဝယ်ပေး ထားလိုက်ရင်ရော”

မိုးမာန် ရင်ခုန်နေသည်။ မိန်းမတွေနှင့်ပတ်သက်ပြီး ရင်မခုန် တော့ဘူးထင်ထားတာ။ ကော်ဖိနပ်ဆိုတဲ့ကောင်မလေးနှင့် ဆုံမိ သွားမှ ရင်တွေက တဆတ်ဆတ် တဒိန်းဒိန်း ထခုန်နေနေပြီး ရင်ခုန် သံတွေ မြန်ဆန်နေသည်။

“အကြင်နာရေ ... မောင်လေ မင်းနဲ့တူလွန်းတဲ့ ကောင် မလေးကို တွေ့နေပြီ၊ အကြင်နာက မင်းမရှိလည်း မောင်ပျော်ပျော် ရွှင်ရွှင်နဲ့နေထိုင်ရမယ်နော်တဲ့ ... မောင်ရင်တွေခုန်နေပြီ၊ မင်း သဘောကျတယ် မဟုတ်လား”

“အကြင်နာ့ဓာတ်ပုံကြီးရှေ့မှာရပ်ပြီး သူပြောမိနေသည်။ သူ တက်ကြွလန်းဆန်းနေ၏။ များပြားလွန်းတဲ့အလုပ်တွေကြားထဲမှာ ပင် ကော်ဖိနပ်အား သတိရနေခဲ့၏။ ညနေရုံးဆင်းတော့ သူတစ် ယောက်ထဲ လက်ဝတ်ရတနာဆိုင်ကို သွားပြီး ကော်ဖိနပ်နှင့် လိုက် ဖက်သည့် လက်ဝတ်ရတနာတွေ ရွေးဝယ်သည်။

“ချစ်သူအတွက်လား”

“ဟင့်အင်း ... ချစ်သူအတွက်တော့ မဟုတ်ပါဘူး၊ ခင်မင်ရ တဲ့ ကောင်မလေးတစ်ယောက်အတွက်ပါ”

“အို ... ခင်မင်ရတဲ့ကောင်မလေးအတွက်တောင် ဒီလောက် တန်ဖိုးကြီးကြီးတွေပေးရလား”





“ကိုယ့်အတွက် လိုအပ်လို့ပါ”

လက်ဝတ်ရတနာဗူးလေးတွေ ပါကင်လှလှလေးထုတ်ပိုး၍ ကော်ဖိနပ်တို့နေတဲ့ ရပ်ကွက်လေးထဲ ရောက်လာပြန်သည်။ မိုးမာန် မောင် စတင်တွေ့ဆုံလိုက်ရတာက ရင်ခွင်နှင့်သူငယ်ချင်းတစ်စုပင်။

“ညီလေး ရင်ခွင် ... ကားပေါ်တက်ပါ”

ကိုမိုးမာန်မောင်ကို တွေ့သဖြင့် ရင်ခွင် မကျေမနပ်ဖြစ်သွား ရပေမယ့် ချစ်စရာသိသွားရင် ပြဿနာအကြီးအကျယ်တက်သွားနိုင် ၍ မင်းတို့ခဏနေခဲ့ဦးဟု ပြောပြီး ကားပေါ်တက်လိုက်လာခဲ့သည်။

“ကိုမိုးမာန်မောင် အတင့်ရဲလွန်းရာရောက်တယ်ဗျာ၊ ဟို ကောင်တွေက ကော်ဖိနပ်နဲ့ ပတ်သက်နေတာသာသိရင် ပြဿနာ ရှာကြမှာ”

“ကော်ဖိနပ်တို့အိမ်ကို လိုက်ပို့ပေးပါလား”

“ဗျာ”

“မင်း သူငယ်ချင်း ကောင်းစားတာကို မင်းမတွေ့ချင်ဘူး လားရင်ခွင် ... ကိုယ်ကလဲ မိတ်ဆွေအဖြစ်ပါ”

“ကော်နဲ့ ကျွန်တော်တို့ ရန်ဖြစ်ထားကြတယ်၊ ကျွန်တော် လိုက်မပို့ပါရစေနဲ့”

“မင်းလိုက်ပို့ပေးစရာမလိုပါဘူး ခပ်လှမ်းလှမ်းကနေ အိမ်ပဲ လှမ်းပြလိုက်ပါ ရင်ခွင်ရာ ... ဒီလောက်လေးတော့ မင်းကူညီနိုင်ပါ တယ်”

www.burmeseclassic.com



ကိုမိုးမာန်မောင်ကို ရင်ခွင် ရှိုင်းရှိုင်းစိုင်းစိုင်း မဆက်ဆံလို ပေ။ ကော်ဖိနပ်ဆီလာနေတာကိုလည်း ရင်ခွင် သဘောမကျမိ။ ချစ်စရာတို့ သိသွားရင်လည်း လွယ်မှာမဟုတ်။ အရာအားလုံး နင့် ကြောင့်ပဲ ကော်ဖိနပ်။ နင်သာ မိန်းကလေးပီပီသသ ဣန္ဒြေသိက္ခာနဲ့ နေထိုင်ရင် တန်ဖိုးရှိမှာပါ။

"ကိုမိုးမာန်မောင် ဒီလောက်အန္တရာယ်များလွန်းတဲ့နေရာ တစ်ခုကို ဘာဖြစ်လို့ မကြာခဏ လာနေရတာလဲဗျာ"

"သံယောဇဉ်နှယ်ဆိုတဲ့ ကောင်မလေးနဲ့တွေ့ဖို့လေ ... မင်း ရင်ခွင် ကူညီမယ်မဟုတ်လား၊ သံယောဇဉ်ကို စိတ်ဝင်စားလို့လေ"

"စိတ်ဝင်စားတယ် ... ဒီလောက်လေးပဲလား ကိုမိုးမာန် မောင်"

သူ ပြုံးသည်။ မင်းရင်ခွင်ဆိုတဲ့ ကောင်လေးမေးတဲ့မေးခွန်း ရဲ့ အဓိပ္ပာယ်တွေကို သူသိလိုက်သည်။ မင်းသူငယ်ချင်းမလေး အပေါ် စိုးရိမ်ပူပန်ပေးနေတာလား။ မင်းကိုယ်တိုင်ရော ကြိတ်ပြီး ကြိုက်နေတာလား။

"မရယ်ပါနဲ့ ကိုမိုးမာန်မောင် ... အတိအကျဖြေပါ၊ ကော် ဖိနပ်နဲ့ပတ်သက်ဆက်ဆံဖို့ ကြိုးပမ်းနေတဲ့ အဓိပ္ပာယ်က ဘာလဲ"

"သံယောဇဉ်ကိုတွေ့တွေ့ခြင်းပဲ ကိုယ်ခင်မင်ချင်တယ်ကွာ၊ မျက်နှာလေးကိုလည်း အမြဲတမ်းတွေ့ချင်နေတယ်၊ သူ့ကို ပျော်ရွှင် အောင်ထားချင်တယ်"





"ကော်ဖိနပ် ပျော်ရွှင်အောင် ဘယ်လိုထားမှာလဲ ကိုမိုးမာန်"

"သူလိုချင်တာတွေပေးမယ်ကွာ၊ မင်းပြောတော့ ငွေမက် တယ်ဆို၊ ကိုယ်က သံယောဇဉ်နှယ် မက်မောတဲ့အရာတွေပေးပြီး ပျော်ရွှင်စေချင်တယ် ... ကောင်မလေး ရယ်လိုက်ရင် ပါးချိုင့်လေး ကြောင့်ထင်တယ် ... အရမ်းချစ်စရာကောင်းလွန်းတယ်"

"တော်ပြီဗျာ ကားရပ်ပေးပါတော့၊ ကိုမိုးမာန်မောင် ... ခင်ဗျားက မရေမရာနဲ့ ကျွန်တော်တို့ရပ်ကွက်ထဲက မိန်းကလေးကို ပေါ့ပျက်ပျက်မဆက်ဆံချင်ပါနဲ့ ပြန်ပါ ... ချစ်စရာတို့သိသွားရင် လည်း ခင်ဗျားအတွက် မကောင်းဘူး ... အန္တရာယ်လို့ သတိပေး တာပါ"

ချစ်စရာကလွယ်တာမဟုတ်။ ကျပ်မပြည့်တော့ ခင်ဗျားကို သတ်ပစ်လည်း ဘယ်သူမှ တားဆီးနိုင်မှာမဟုတ်ဘူး။ အဲဒါ ကော် ဖိနပ် နင့်ကြောင့်ပဲ ... ဇီးထုတ်တစ်ထုတ်လောက်နဲ့ နင် ချစ်စရာ ကို အိစိကလီသွားရိုက်နေတာလေ၊ ကော်ဖိနပ်အကြောင်း တွေးမိ တိုင်း သူ့ရင်တွေကွဲအက်ကြေမွသွားမတတ်ပင်။

"မင်း သတိပေးတာကိုတော့ ကျေးဇူးတင်တယ် ရင်ခွင်ရာ၊ ဒါပေမဲ့ ... အစ်ကိုက အရမ်းတွေ့ချင်နေတယ်၊ အိမ်ပဲပြပေးပါ အစ်ကို တောင်းဆိုတာပါ၊ နောက်ဆို အစ်ကိုနဲ့သံယောဇဉ် အပြင်မှာပဲ တွေ့ ကြမှာပါ"

"ဘာဗျ"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုနဲ့သွားလာနေလို့ မင်းတို့သူငယ်ချင်း မဲ့တစ်ပေါက်
မစွန်းစေရပါဘူးကွာ ... စိတ်ချပါ"

ကော်ဖိနပ်အတွက် ခင်ဗျားကြီးက ဒီလောက်တန်ဖိုးကြီးကြီး
ရင်းနှီးမြှုပ်နှံမယ့်ဟာ မဲ့တစ်ပေါက်မှ မစွန်းထင်းစေရပါဘူးဆိုတာ
ဖြစ်နိုင်ပါ့မလား။ ကော်ဖိနပ်ကိုတွေ့ပဲ တွေ့ချင်နေပြီး ခိုင်မာတိကျ
တဲ့ ရည်ရွယ်ချက်တွေလည်းမရှိ။ ကိုမိုးမာန်မောင် စိတ်ကောမှန်သေး
ရဲ့လားပင် မသိတော့။ သူကတော့ ခပ်ကြောင်ကြောင်လုပ်ရပ်ဟု
ထင်နေသည်။ ကော်ဖိနပ်တို့အိမ်ကို မပြချင်တော့။ သူ့ကြောင့် ကော်
ဖိနပ်နှင့်ကိုမိုးမာန်မောင်တို့ ရင်းနှီးကျွမ်းဝင်သွားကြမှာကိုပင် ရင်ခွင်
မဆက်သွယ်ပေးလိုပေ။ သူကားရပ်ပေးဖို့ပဲ ပြောလိုက်သည်။

"ကားရပ်ပေးပါတော့ ... ကျွန်တော် လိုက်ပြမပေးနိုင်ဘူး
ကျောင်းလည်းသွားရဦးမယ်၊ အချိန်မရှိလို့ပါ ... ကော့်အဖေက
မကြိုက်ဘူးဗျ။ မနေ့က ကော် အရိုက်ခံရတယ်"

"ဘာဖြစ်လို့လဲ ရင်ခွင်ရ"

"ကားနဲ့လာခေါ်တာ တက်လိုက်သွားရမလားဆိုပြီးတော့
လေ"

"ရင်ခွင်ရာ ... မင်းကလဲကွာ၊ တကယ်ဆို အစ်ကိုမေးမြန်း
ပြီးသွားလို့ရပါတယ်၊ ညီလေးကိုခင်လို့ အကူအညီတောင်းတာပါ"

"ဆောရီးပဲ ကိုမိုးမာန်မောင် ... ကျွန်တော် မပြနိုင်ဘူး
တခြားသူကိုမေးပြီး သွားချင်သွားပါဗျာ"





"မင်းကလဲကွာ ... မင်းသူငယ်ချင်းဘဝ ကောင်းစားရေးပါ။
အစ်ကို့ကိုလည်း တစ်မျိုးမထင်နဲ့၊ သံယောဇဉ်နှယ်ကို တွေ့ချင်နေ
တာလေးတစ်ခုတည်းပါ ... မျက်နှာလေးကို ထိုင်ပဲကြည့်နေမှာ"

"အဲဒါကတော့ ခင်ဗျားတို့ကိစ္စပဲ ကိုမိုးမာန်မောင် ... ကျွန်
တော်ကတော့ ကော်ဖိနပ်အဖေရဲ့ အငြိုအငြင်ကို မခံချင်ဘူး ...
ကျွန်တော် ဆင်းတော့မယ်"

သူ ကားကို အတင်းရပ်ခိုင်းပြီး ကားပေါ်မှအဆင်းတွင်
ကော်ဖိနပ်ကလဲ စက်ဘီးတစ်စီးနှင့် သူတို့ဘက် နင်းလာသည်။

"အတော်ပဲ ရင်ခွင် ... ဟိုမှာ လာနေတယ်၊ သံယောဇဉ်
လေးပဲ၊ အိုကေ ... ကျေးဇူးပဲ ရင်ခွင်"

"ဟင်"

နင်နဲ့ကိုမိုးမာန်မောင်တို့ တွေ့ဆုံဖို့ ကံကြမ္မာ နတ်မင်းတွေက
ဖန်ဆင်းပေးနေကြသလိုပါပဲလား။ ရင်ခွင် နာကျင်မှုတွေ စူးစူးရှရှ
လေး ခံစားလိုက်ရသည်။ ကော်ဖိနပ်ကလဲ စက်ဘီးလေးကို အရှိန်
လျှော့၍ ရပ်ပစ်၏။ သူကတော့ အကြည့်တွေကို ချာခနဲ လှည့်ပစ်
သည်။

"ကိုမိုးမာန်မောင် ရောက်လာတာလား၊ ကော် ဈေးဝယ်
ပေးရဦးမယ် ... အဖေ နေမကောင်းလို့လေ ... ငါးကြော်စားချင်
တယ်ဆိုလို့ပါ"

"အတော်ပဲကွာ ... ကိုယ်က သံယောဇဉ်လေးနဲ့တွေ့ချင်လို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာတာပါ။ ရင်ခွင့်ကို မင်းတို့အိမ်လိုက်ပြခိုင်းရတယ်”

ရင်ခွင် ... နင်တော်တော်လေးကို ငါ့အပေါ် စိတ်ကောင်း မရှိပါလားဟာ။ နင်ဘာဖြစ်လို့ယုတ်မာပြီး လိုက်ပြနေရတာလဲ။ ကိုမိုး မာန်မောင်နဲ့ပတ်သက်မိလို့ အဖေရိုက်တာ ရင်ခွင်သိသိကြီး။ အိမ် အထိ ရောက်အောင် လိုက်ပြသေးသည်။ တစ်ညလုံး ကော်အိပ်စက် လို့မရ။

ရင်ခွင့်အနမ်းတွေကို မေ့ပစ်၍မရ။ ချစ်တယ်လို့မပြောဘဲ မိန်းကလေးတစ်ယောက်ကို နမ်းချင်တဲ့ နင့်ရဲ့လူမဆန်တဲ့လုပ်ရပ်ကို ရွံ့တယ်။ ရင်ခွင်က နောက်ကြောင်းပြန်လျှောက်သွားသည်။

“သူ့ကို လိုက်ပို့ခိုင်းစရာ မလိုပါဘူး ကိုမိုးမာန်မောင် ... ဒီ ရပ်ကွက်ထဲမှာ ဘယ်သူ့မေးမေးရပါတယ်၊ သူက သူငယ်ချင်း ကောင်း ပီသတဲ့ကောင် မဟုတ်ဘူး”

ကော်ဖိနပ် အော်ပြောပစ်သည်။ ရင်ခွင် ဆက်ပြီးလျှောက် သွားသည်။ နင်က ဒီလောက်တောင် ဒီကားကြီးပေါ်တက်လိုက် သွားစေချင်နေလား။ သွားပြမယ် ... ကိုမိုးမာန်မောင်က နင့်ထက် အများကြီးသာတယ်။ နောက်ဆုံး ငါ့ကိုအပျော်ကြံရင်တောင် ငါချမ်း ချမ်းသာသာနေရမယ်။ စက်ဘီးကိုလမ်းဘေး ထိုးရပ်ပစ် လိုက်ပြီး ကားကြီးပေါ်တက်လိုက်၏။ ရပ်ကွက်ထိပ်ရောက်မှ ဆင်း မည်။ ရင်ခွင့်ကို ရွံ့ပြချင်တာနဲ့ ကျော့ကျော့မော့မော့လေး လိုက် သွားသည်။





“ရင်ခွင် ... အတို့အထောင်လုပ်မယ်တော့မကြံနဲ့နော်၊ ငါ့ ကိစ္စတွေမှာလည်း ဝင်ဝင်မရှုပ်နဲ့ နင့်အပူ တစ်ပြားတစ်ချပ်မှမပါဘူး ဟဲ့”

ရင်ခွင့်နားကပ်ပြီး ကားပေါ်ကနေ ခပ်စွာစွာလေးပြောပစ် လိုက်သည်။ ရင်ခွင် မော့၍ကြည့်၏။ ကော်ဖိနပ် လက်လေးပြလိုက် ရင်း ဖြတ်ကျော်လာခဲ့သည်။

“ကော်ဖိနပ် ... နင်အရမ်းပျော်နေလား၊ နင့်ကို အဲဒီလိုနန့် တန့်တန့် ပျံတန့်တန့်ပုံစံကို မကြိုက်တာ”

ရင်ခွင်ကတော့ လမ်းပေါ်မှာ တစ်လှမ်းခြင်း နှေးနှေးကွေး ကွေးလေး လေးလံလျှောက်နေရင်း တွေးနေမိသည်။ ငါ့မှာက နင် မက်မောမယ့် အဆောင်အယောင် ငွေကြေးဥစ္စာ ဘာတစ်ခုမှမရှိပါ ဘူး ကော်ရယ်။ နင့်ကို အရမ်းချစ်နေမိပြီလို့ ပြောရင်လည်း နင့်ရဲ့ ခါးခါးသည်းသည်း ငြင်းဆန်ပစ်မှာမဟုတ်လား။ ပြီးရင် တစ်ရပ်ကွက် လုံး ဝက်ဝက်ကွဲအောင် အရှက်ခွဲပစ်မယ်။ ဟားတိုက်ရယ်မောပစ် လိမ့်မယ်။ နင် ဘယ်တော့မှ ငါ့ကိုရွေးချယ်မှာမဟုတ်ဘူး။

“ရင်ခွင် ... ”

“ဟင် ... ချစ်စရာ”

“မင်းကို ရှာနေတာ မေးစရာရှိလို့”

“ဘာလဲကွ ... မေး”

“ဟို ... ဟို ... မင်းလိုက်သွားတဲ့ကားပေါ်ကလူက ဘယ်သူ



www.burmeseclassic.com

www.burmeseclassic.com



လဲ ... ငါအရမ်းစိတ်ပူနေတယ် ရင်ခွင်၊ ငါ့အချစ် ကော်ဖိနပ်ကို လာရှာတာလား"

"ဟာ ... မဟုတ်ပါဘူးကွာ၊ ငါ့အသိပါ ... ငါ့အမေရဲ့မောင် ဝမ်းကွဲလေ ... ဘာဖြစ်လို့လဲ"

"ကော်ဖိနပ်ကို ကားအကောင်းစားကြီးတစ်စီးက လာ လာခေါ်တယ်လို့ ဒေါ်နက်ကဲပြောတယ်၊ ဒီကားလား ... ပြောပြ စမ်းပါ ရင်ခွင်ရ၊ ဟုတ်လို့ကတော့ ငါအပြတ်ဖြိုပစ်မယ်၊ ဒီမှာတွေ့ လား ... "

"ဟင်"

ချစ်စရာ့ လွယ်အိတ်ထဲမှာက အုတ်နီခဲအကျိုးတစ်ခု။ ရင်ခွင် အထိတ်တလန့် ဖြစ်သွားရသည်။ ချစ်စရာ မျက်လုံးတွေက ဒေါသ တွေနှင့် ရဲရဲတောက်နေ၏။ တော်သေးတယ် ... ချစ်စရာမလာခင် ကော်ဖိနပ်နဲ့ ကိုမိုးမာန်မောင်တို့ရဲ့ကား ထွက်သွားလို့ ကော်ဖိနပ် ကြေကြေနပ်နပ်နှင့် လိုက်သွားတာဖြစ်၍ ရင်ခွင် ပြဿနာတွေမဖြစ် စေလိုပေ။ ကော်ဖိနပ်ကို အကာအကွယ်ပေးရမည်ဖြစ်သည်။

"ချစ်စရာရာ ... ကော်ဖိနပ်ဆီလာတာမဟုတ်ပါဘူး၊ ငါ့အစ် ကိုဝမ်းကွဲပါကွ၊ မင်းသိလား ... ငါ့အမျိုးတွေ ချမ်းသာတယ်ဆိုတာ လေ ... အစ်ကိုပါ ... "

"ဟုတ်လို့လား"

"ဟုတ်ပါတယ်ကွာ၊ ဒီအုတ်ခဲကျိုးကြီး ထည့်ထားမနေစမ်း





ပါနဲ့ အန္တရာယ်များတယ်ကွ ... မင်းကလဲ ကော်ဖိနပ်မှ ကော်ဖိနပ်"

"ဟုတ်တယ် ... ငါကော်ဖိနပ်ကိုချစ်တယ်၊ ကိုရိုးယားစတိုင် လ်လေ လက်စွပ်နဲ့လက်ထပ်ခွင့် တောင်းထားပြီးပြီ၊ ကိတ်မုန့်လည်း ပါတယ်ကွ"

လက်စွပ်နဲ့တဲ့။ ချစ်စရာ ဘယ်ကနေ လက်စွပ်ရလာတာလဲ။ ကော်ဖိနပ် နှင် ဘယ်လိုကြောင့် ဦးနှောက်ဉာဏ်ရည်မပြည့်တဲ့ ယောကျ်ားတစ်ယောက်ဆီကတောင် လက်စွပ်ယူရလား။ ချစ်စရာ ဘယ်ကနေခိုးယူလာခဲ့တာလဲ။ နှင့်အတွက်တော့ ငါရင်လေးမိတယ် ကော်ဖိနပ်။ နှင် ... နှင် ချစ်စရာကို လက်ထပ်မယ်လို့ မျှော်လင့် ချက်တွေပေးထားခဲ့တာ မဟုတ်လား။ ချစ်စရာကိုဖက်၍ စိတ်ပြေ သွားအောင် ရင်ခွင်ချော့မော့ဖြောင်းဖျပေးနေရသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၉ )

"ကားကိုရပ်ပေးပါ ကိုမိုးမာန်မောင်"

"ကော်ရယ် ... အဲ ... သံယောဇဉ်ရယ်၊ မျက်နှာကြီးကလ ကွာ၊ တင်းမာသွားလိုက်တာ ... စောစောကတော့ မင်းပဲပြုံးချ ရယ်မောပြီးတော့ကွာ"

"ဟုတ်တယ် ... စောစောက ရင်ခွင်ကိုအမြင်ကတ်လို့ပါ ဒီကောင့်ကို ပုံစံပေးချင်လို့ တက်လိုက်လာခဲ့မိတာပါ၊ တောင်းပန် ပါတယ်"

"သံယောဇဉ် ... "

"ကျွန်မကို ကော်ဖီနပ်လို့ပဲ ခေါ်ပါ၊ နာမည်ရင်းကို မုန်းလို့"

ပျော့ပျော့ညံ့ညံ့ နာမည်ကြီးကို မကြိုက်တာပါ။ မိထွေး ကြောင့်ပဲ။ သံယောဇဉ်နှယ်ဆိုတဲ့ နာမည်လေးနှင့် ကော့်ကို ဘန်း ပြစားချင်နေသည်။ ကော်ဖီနပ်ဆိုတဲ့နာမည်ကြီးက မကောင်းလို့





သံယောဇဉ်နှယ်ဆိုတဲ့ နာမည်လေးကို ပြန်ပြောင်းကြရအောင်တဲ့။ မိထွေးက လောင်းကစားကြွေးတွေဆပ်ဖို့ ရှာချင်နေသည်။

"သံယောဇဉ်ဆိုတဲ့ နာမည်လေးက မင်းနဲ့အရမ်းလိုက်ဖက် လွန်းတယ်၊ ကော်ဖီနပ်ဆိုတဲ့ နာမည်ကြီးကဆိုးပါတယ်၊ ပြီးတော့ ကိုယ်မင်းကို လက်ဆောင်တစ်ခုပေးစရာရှိလို့"

"ဟင့်အင်း ... ကျွန်မ လက်မခံပါရစေနဲ့၊ အဖေက မကြိုက် ဘူး၊ ရင်ခွင်တိုင်ပြောလို့ ကော် အရိုက်ခံရတယ်"

"ဒီအရွယ်ကြီးကိုလား ... "

"ဟုတ်တယ် ... အဖေက အရမ်းပဲ အရက်ကြီးတယ်၊ ရပ် ကွက်ထဲမှာ မျက်နှာမပြရဲအောင်ဖြစ်နေတယ်၊ ကိုမိုးမာန်မောင်ရဲ့ ကားပေါ်တက်လိုက်လာတာတောင် ထပ်ပြီး သိသွားရင်အဖေ ရိုက် ပြီး သေမလားဘဲ"

သံယောဇဉ် မင်းအိုက်တင်ခံနေတာလားကွာ။ ရပ်ကွက်ထဲ မှာ မင်းဒီလောက် နာမည်ပျက်နေတာ မင်းရင်ခွင်လိုကောင်လေး မျိုးကတောင် မင်းကိုအထင်မှမကြီးတာပဲ။ သူ ကောင်မလေးမျက် နှာလေးအား စေ့စေ့ကြည့်မိသည်။ မင်း ကိုယ့်ကိုချေးကိုင်နေတာ လား ကော်ဖီနပ်။ မင်းက ကိုယ့်ချစ်သူ အကြင်နာနဲ့တူနေတာတစ် ခုထဲနဲ့ မင်းဆီ အခစားဝင်ရောက်လာတာပဲ။

"မင်းအတွက် ကိုယ်ကိုယ်တိုင် ဝယ်ခဲ့တာလေ ... ကိုယ့် ကိုယ်တောင် မိန်းကလေးတစ်ယောက်အပေါ် ဂရုစိုက်တတ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားဆိုပြီး အားကျနေကြတယ်"

ဟွန်း ... ဘာကြီးလဲ။ ကော်ဖိနှပ်တို့ကတော့ အချောင်ရတဲ့ ပိုက်ဆံဆိုရင် လုံးဝအထင်ကြီးတာမဟုတ်ဘူး။

"ဒီမှာ ကြည့်ပါဦး သံယောဇဉ်"

"ဟင်"

လက်ဝတ်ရတနာတွေပါလား။ မိထွေး ဒေါ်နုနုနယ်သာ တွေ့သွားရင်တော့ ဘယ်လောက်များ ငမ်းငမ်းတက်သွားမလဲ။

"ကျွန်မ လက်မခံပါဘူး"

"ဘာဖြစ်လို့လဲကွ ... သံယောဇဉ်ရယ် မင်းလိုအပ်တာတွေ အားလုံး ကိုယ်ဖြည့်စွမ်းပေးနိုင်ပါတယ်"

"ကျွန်မမှာ လိုအပ်တာ ဘာမှမရှိဘူးနော်၊ ဒါတွေလည်း ကျွန်မ မက်မောလိမ့်မယ်မထင်နဲ့၊ နောက်ထပ်လည်း ကျွန်မကို လာမပတ်သက်ဖို့ ပြောပါရစေ"

"သံယောဇဉ် ... ကိုယ်"

သံယောဇဉ်ရဲ့ မျက်နှာလေးကို မိုးမာန်ကြည့်ပြီး မာနရိပ်တွေနဲ့ တင်းနေတဲ့ မျက်ဝန်းလေးကြောင့် မိုးမာန် နဲနဲလေးတော့ ရှက်သွားရသည်။ သူလည်း တစ်ကြိမ်တစ်ခါမှ မိန်းကလေးတစ်ယောက်ရဲ့နောက်သို့ အသည်းအသန်လိုက်လျှော့ မရှိပေ။ မိန်းကလေးတွေနှင့် ကင်းကင်းရှင်းရှင်းနေခဲ့တဲ့သူပါ။ ကော်ဖိနှပ်နှင့်ကျမှ သူ့မာနတွေ မြေပြင်ပေါ် ယိုင်နဲ့ပြိုလဲသွားရပြီလား။





"ရပ်ကွက်ထဲမှာ ကျွန်မအရှက်ရစေပါတယ်၊ ရင်ခွင်က အဖေကို ပြန်တိုင်တော့မှာသေချာပါတယ်၊ ကျွန်မ အရိုက်ခံရလိမ့်မယ်၊ ပြီးတော့ တခြားကောင်တွေ တွေ့သွားရင်လည်း ဒုက္ခရောက်လိမ့်မယ်၊ ကျွန်မ တောင်းပန်ပါတယ်နော်"

"သံယောဇဉ် ... မင်းကို ကိုယ်အရမ်းခင်မင်ချင်တယ်၊ မိတ်ဆွေတွေအဖြစ်နဲ့ပဲ ကိုယ်နဲ့စကားပြောပေးပါလား၊ ကိုယ်တောင်းဆိုတာပါ"

"မဖြစ်နိုင်ဘူး ကိုမိုးမာန်မောင် ကားကြီးနဲ့ရပ်ကွက်ထဲကို ဝင်မလာပါနဲ့တော့ ... ကော်ဖိနှပ် သွားပြီ"

ကားပေါ်မှဆင်းပြီး ကော်ဖိနှပ် လှစ်ခနဲပြေးထွက်သွားသည်။ မိုးမာန် မကြေမနပ်နှင့် ဒေါသတကြီး ကျန်ရစ်ခဲ့၏။ ကော်ဖိနှပ် မင်းဘာတွေ မာနပြသွားတာလဲ။

"တောက်"

ဒေါသတွေ ပေါက်ကွဲချင်လာသည်။ ရတနာဗူးတွေကို ကားနောက်ခန်းကို လွှင့်ပစ်လိုက်၏။ မင်းဘာဖြစ်လို့ ကိုယ့်ကို ပြတ်ပြတ်သားသား ငြင်းပစ်လိုက်ရတာလဲ ရှက်စရာကောင်းလိုက်တာကွာ။

"ကော်ဖိနှပ် ... ကိုယ့်ကို အဲဒီလိုစိန်ခေါ်လို့မရဘူး၊ မင်းလိုကောင်မလေးမျိုးကများ"

မိုးမာန်မောင် ကားကိုဝေါခနဲ မောင်းထွက်လာခဲ့သည်။ သံယောဇဉ်နှယ် မင်းကိုယ်မင်း ဈေးမြှင့်နေတာလား။ သူ့ရေတို



www.burmeseclassic.com

www.burmeseclassic.com



အဖိုးတန်လက်ဝတ်ရတနာတွေကိုပင် ကော်ဖိနပ်က မက်မောခြင်းမရှိပေ။ သူပြန်ရောက်လာတော့ အကြင်နာ့ ခဲတံပုံကြီးရှေ့မှာ ရပ်နေမိသည်။

"ဟား ... ဟား ... ဟား သံယောဇဉ်နွယ်၊ ငါချစ်တာက အကြင်နာပဲ၊ မင်းကိုချစ်နေမယ်လို့ ထင်နေလား ... ဟား ... ဟား ဟား ..."

သူ အော်ဟစ်ရယ်မောမိနေသည်။ မင်းမျက်ဝန်းတွေထဲမှာ မာနတွေနှင့် ခပ်ပြတ်ပြတ်လေး ငြင်းပယ်သွားတာ သူ့ရင်ကိုထိမှန်သွားရ၏။ သံယောဇဉ်နွယ်ကို သူ ချစ်မိသွားပြီလား။

"အား ... ကိုယ့်ရင်တွေ ဘာဖြစ်နေတာလဲ၊ နှလုံးသားတွေထဲအထိ ကော်ဖိနပ်လေးက တိုးဝင်နေရာယူတော့မှာလားကွ"

ကော်ဖိနပ်တဲ့ သူ့စိတ်တွေ ဆောက်တည်ရာမရတော့။ မင်းလိုကောင်မလေးမျိုးက မာနတွေပြလိုက်တာလား။ အချစ်တွေက သူ့ရင်ထဲ ဘယ်ကနေဝင်ရောက်လာရတာလဲ။ သံယောဇဉ်နွယ်ဆိုတဲ့နာမည်ကို မကြိုက်ဘူးတဲ့။

"မင်းရင်ခွင် မင်းက ဘယ်လိုကောင်လေးလဲ ... ကော်ဖိနပ်ကို မင်းချစ်နေတာလား"

သံယောဇဉ်နွယ်ဆိုတဲ့ကောင်မလေးကို သူချစ်မိနေပြီလား။ အချစ်ဆိုတာ ဘာလဲကွာ။ ကိုယ့်နှလုံးသားထဲကို ဝင်မလာစမ်းပါနဲ့။ ကိုယ်ချစ်တာက အကြင်နာ။





"အကြင်နာ မောင်ဘယ်လိုလုပ်ရမလဲ၊ မင်းနဲ့တူတဲ့သံယောဇဉ်ကို မတွေ့ရင်မနေနိုင်တာက အချစ်လား၊ မောင်ရင်တွေကွဲအက်ကုန်ပြီထင်တယ်"

သူ အရက်တွေသောက်မိနေသည်။ သူ အလွယ်တကူရမယ် ထင်ခဲ့တဲ့ ကောင်မလေး။

"မောင့်ကို ခွင့်လွှတ်ပေးပါလား အကြင်နာ၊ ခွင့်လွှတ်ပေးပါ"

သူ အရမ်းမူးနေပြီ။ သံယောဇဉ်နွယ်ဆိုတဲ့ ကော်ဖိနပ်တို့ရပ်ကွက်ထဲ ပြန်သွားချင်သည်။ ဒီကောင်မလေးကိုတွေ့မယ့်ငွေတွေ ဘယ်လောက်ပုံပေးရမလဲ။ မင်းကိုရဖို့ဆိုရင် ကိုယ်ပိုင်ဆိုင်သမျှ စည်းစိမ်ဥစ္စာတွေကို ပုံပေးရမလဲ။ မင်းကိုရဖို့ဆိုရင် ကိုယ်ပိုင်ဆိုင်သမျှ စည်းစိမ်ဥစ္စာတွေကို ပုံပေးရဲပါတယ်ကွာ။

"အား ... အကြင်နာ၊ မောင် ရူးသွားပြီလားကွာ ... ဟိုကောင်မလေး သံယောဇဉ်ကို မောင်ချစ်သွားပြီလားမသိတော့ဘူး ရင်တွေစူးရှနေတယ်"

သူ ဒယိမ်းဒယိုင်နှင့် အခန်းထဲကနေထွက်လာခဲ့သည်။ သံယောဇဉ်ထံသွား၍ ဒူးထောက်ခယလိုနေ၏။ မျက်တောင်ကော့လေးတွေ တဖျတ်ဖျတ် လှုပ်ခတ်၍ သူနှင့်မပတ်သက်ချင်ဘူးလို့ တည်တည်တင်းတင်း ပြောသွားခဲ့သည်။

"ကိုယ့်မှာ မိဘတွေလည်းမရှိတော့ဘူး ... ချစ်သူလည်း ဆုံး



www.burmeseclassic.com

www.burmeseclassic.com



သွားရတယ်၊ သံယောဇဉ်နှယ် မင်းအနေနဲ့ ကိုယ့်ကိုဥပေက္ခာ မပြု လိုက်ပါနဲ့ကွာ”

သူ့ခြေလှမ်းတွေ မမှန်။ အခုတလော ချစ်သူကိုသစ္စာဖောက် ချင်နေသည်။

“မိုးချုပ်နေပြီ အစ်ကိုလေးရယ် ... ဘယ်သွားမလို့လဲဗျာ”

သူနှင့်အတူတူနေတဲ့ ကောင်လေးဝီရက တားဆီးသည်။ သူ လက်မခံနိုင်။ ကော်ဖီနုပ်ဆီသွားမလို့။ ကျွန်မနဲ့ လာမပတ်သက်ပါနဲ့ လို့ မင်းပြောလိုက်လို့လားမသိဘူး မင်းကိုတွေ့ချင်နေတယ်။

“အစ်ကိုလေး အရမ်းမူးနေပြီ ထင်တယ် ... ကျွန်တော် လိုက်ပို့ပေးပါရစေလား”

“မလိုဘူး ညီရ”

သူ ကားမောင်းထွက်လာခဲ့သည်။ သူဘာတွေလုပ်မိနေလဲ ဆိုတာ မသိတော့ဘူး။ ကားကို သံယောဇဉ်တို့အိမ်လေးနှင့် ခပ် လှမ်းလှမ်းမှာ ရပ်ထားပစ်လိုက်သည်။

“ဟေ့လူ ... ခင်ဗျား ဘယ်ကလဲ၊ ဒီကားကြီး တကြွကြွနဲ့ ကျုပ်တို့ရပ်ကွက်ထဲ ဘာကိစ္စလာလာနေရတာလဲ”

“အား ... မင်းက ဘယ်သူလဲ”

“ချစ်စရာပဲ ... ဒီရပ်ကွက်ထဲမှာ ကျုပ်မျက်စိနောက်လာရင် မလွယ်ဘူးနော်”

“ဒီရပ်ကွက်က ဘယ်သူမဆို ဝင်ထွက်သွားနိုင်တဲ့ရပ်ကွက်





လေ မဟုတ်ဘူးလား ညီလေးရ”

ချစ်စရာတဲ့။ အား ... မိုးမာန် သတိရပြီ။ ကော်ဖီနုပ်ကို ကြိုက်နေတဲ့ ကောင်လေး။ ဖီးထုတ်တွေပေးတာ။

“ညီလေးက ချစ်စရာလား၊ အစ်ကိုက မင်းရင်ခွင်ဆီလာတာ ပါ မင်းသိတယ် မဟုတ်လား”

“ဪ ... ရင်ခွင့်အစ်ကိုလား၊ ခင်ဗျားက ရင်ခွင့်ဆီသွား မှာလား”

“အင်း ... ဟုတ်တယ်”

“လမ်းမှားနေပြီ၊ ရင်ခွင်တို့က ဟိုဘက်လမ်းမှာ၊ ဒါက ကျုပ် ချစ်သူ ကော်ဖီနုပ်တို့လမ်း”

“ကော်ဖီနုပ်”

“ဟုတ်တယ် ... ကျုပ်ချစ်သူပဲ”

ချစ်စရာလည်း ကော်ဖီနုပ်အား သတိရ၍ လာခဲ့ခြင်းပါ။

“ခင်ဗျား ကော်ဖီနုပ်ဆီ လာတာတော့မဟုတ်ပါဘူးနော်”

“မင်းကရော”

“ကျုပ်ရည်းစားဆီလာတာလေ ... ကျုပ် လက်ထပ်ခွင့် တောင်းထားပြီးပြီ၊ လက်စွပ်လက်ခံထားတယ်၊ ကိုရီးယားစတိုင်လ် လေ”

“ဟုတ်လား”

ကော်ဖီနုပ် မင်းဘယ်လိုကောင်မလေးလဲကွာ။ ဒီလိုကော



www.burmeseclassic.com

www.burmeseclassic.com



လေးမျိုးဆီက လက်စွပ်တော့ လက်ခံထားလား။ ဟုတ်ပြီ ... မင်း အသာထိုင်နေတာပဲ။ မာယာတွေများတာ ချစ်စရာဆိုတဲ့ကောင် လေးပုံစံ။ ရှူးကြောင်ကြောင် အဝတ်အစားက ခပ်နွမ်းနွမ်းဖတ်ဖတ် ရင်ခွင်က သတိပေးထားသည်။ ချစ်စရာသိသွားရင် အန္တရာယ်များ လိမ့်မယ်တဲ့။

"ချစ်စရာ မင်းက ကော်ဖိနပ်ရဲ့ ချစ်သူလား"

"ဟုတ်တယ်"

"ဟား ... ဟား ... ကိုယ်က သံယောဇဉ်နွယ်ဆိုတဲ့ကောင် မလေးကို ချစ်နေတယ်၊ မင်းလိုပဲ လက်ထပ်ခွင့်တောင်းမလို့လာ တာလေ"

"ဘာပြောတယ်ဗျ ... ဒါကတော့ ခင်ဗျားသဘောပဲ၊ ကျုပ် ချစ်သူ ကော်ဖိနပ်ကိုတော့ စိတ်နဲ့တောင် မပြစ်မှားနဲ့နော်၊ သေသွား မယ် ... ကျုပ်က သူငယ်ချင်း မင်းရင်ခွင်ကိုတောင် အသေထိုးပစ် တာ"

ကော်ဖိနပ် မင်းကတော့ တကယ်ရှုပ်တဲ့ကောင်မလေးပဲ။ တစ်ရပ်ကွက်လုံး မလွတ်ဘူးထင်တယ်။ ကိုယ့်ကိုကျမှ ပြတ်ပြတ် သားသား ငြင်းနေပါလား။ မဟုတ်သေးဘူး ... သံယောဇဉ်နွယ်ဆို တဲ့နာမည်ကို ချစ်စရာမေ့လျော့နေပုံပင်။

"ခင်ဗျားချစ်သူ သံယောဇဉ်နွယ်ဆိုတာက ဒီလမ်းထဲမှာ နေ တာလား"





"ဟုတ်တယ် ... ဟိုနားမှာ"

"ဒါ ... ကော်ဖိနပ်တို့အိမ်ပဲ၊ ခင်ဗျား အရမ်းမူးနေပြီထင် ယ် ... သံယောဇဉ်နွယ်ဆိုတာ ဘယ်သူလဲ၊ ဒီရပ်ကွက်ထဲမှာ ကြားဘူးပါဘူး ... ဘယ်သူလဲ"

"ကော်ဖိနပ်ရဲ့ သူငယ်ချင်း"

"ဘာပြောတယ်ဗျ ... ဒီရပ်ကွက်ထဲမှာ ကော်ဖိနပ်က ယောကျ်ားလေးတွေနဲ့ပဲပေါင်းတာ ... မိန်းကလေးသူငယ်ချင်းမရှိ ဘူး၊ ကဲ ... ခင်ဗျား ... ခင်ဗျား ဘာပြောတာလဲ ကော်ဖိနပ်ရဲ့ မည်အရင်းက သံယောဇဉ်နွယ်၊ ကျောင်းနာမည်လည်း သံယော ဉ်နွယ်ပဲ ... ခင် ... ခင်ဗျား ..."

မိုးမာန် ကားပေါ်ပြန်တက်ပြီး စက်နိုးမောင်းထွက်ခဲ့သည်။

"ခင်ဗျား ကော်ဖိနပ်ကို လာငမ်းတာပဲ ... ဟော့လူနေဦး"

ချစ်စရာ ဒေါသတွေထွက်သွားပြီး လမ်းဘေးမှ အုတ်ခဲတစ် ုံးကို ကောက်ယူပြီး ပစ်ပေါက်လိုက်သည်။

"ချွမ် ..."

"ချလန်"

"ခင်ဗျားကများ ကျုပ်ချစ်သူကိုလာငမ်းရလား၊ လက်ထပ် ှင့်တောင်းမလို့ ဟုတ်လား ... သေပေတော့၊ ကိုတိုး ထွန်းချစ်တို့ မှာ တို့ရပ်ကွက်ထဲက မိန်းကလေးကို လာစော်ကားတဲ့လူရှိတယ် ပြတ်ချေမှုန်းကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေပါ အော်ဟစ်ခေါ်လိုက်ပြီး လမ်းဘေးမှာပါ ထားတဲ့ အုတ်ခဲကျိုးတွေနှင့် ကောက်ပေါက်သည်။ ရပ်ကွက်ထဲက လူမိုက်တွေလည်း တုတ်တွေ ဓားတွေဆွဲပြီး ထွက်လာကြ၏။ ကား နှင့်လူကတော့ လွတ်သွားပြီဖြစ်သည်။

"ဘယ်မှာလဲ ချစ်စရာ"

"ကားမောင်းပြေးသွားပြီ ကော်ဖီနယ်ကို လာပတ်တာကွ"

"ဟုတ်လို့လားကွာ ချစ်စရာရ ... စောစောကတော့ ကား တစ်စီး မောင်းသွားသံကြားတယ်၊ မင်း အုတ်ခဲနဲ့ထုပစ်လိုက်လား"

"ထုပစ်တာပေါ့ မှန်တောင်ကြေမွကွဲသွားတယ်"

လမ်းထဲမှာ ပြဿနာတက်နေ၍ လောင်းကစားဝိုင်းကနေ ပြန်လာတဲ့ ဒေါ်နုနုနယ် ဘာတွေဖြစ်နေတာလဲဆိုတာ ကြည့်လိုက် တော့ ချစ်စရာ ဦးဆောင်၍ သောင်းကြမ်းနေသည်။

"ဟဲ့ ... ဘာဖြစ်နေတာလဲ ချစ်စရာ ရပ်ကွက်ထဲမှာ သောင်း ကြမ်းဆူပူနေတယ်၊ ကော်ဖီနယ် အဖေနေမကောင်းဘူးနော်"

"ဟင် ... ဟုတ်လား ဒေါ်လေးနု၊ ချစ်စရာက ကော်ဖီနယ် ကို လာငမ်းတဲ့ကားနဲ့လူလေ ကျူပ်ထုပစ်လိုက်တယ်၊ မှန်တွေကွဲ သွားတယ်၊ အသေသတ်မလို့ဗျ ... ဒီလူထွက်ပြေးတာမြန်သွား တယ်"

"ဘာပြောတယ် ချစ်စရာ"

ကားကြီးနှင့်လာတဲ့လူဆို၍ ဒေါ်နုနုနယ် စိတ်ဝင်စားသွား





သည်။ ဘုရားရေ ... ကော်ဖီနယ်နဲ့ ပတ်သက်နေတဲ့လူလား။ အကောင်းစား အသုံးအဆောင်ပစ္စည်းတွေ ဝယ်ပေးလိုက်တဲ့သူ။ နောက်ဆုံးပေါ် ကားအနက်ကြီးနဲ့ ချစ်စရာက လုပ်လိုက်တာပဲ အရှုံး ကများ။

"နင် ... ဘာ ... ဘာလုပ်လိုက်တာလဲ၊ ကိုယ့်ရပ်ကွက်ထဲ လာတဲ့ဧည့်သည်ကိုများ ငါ့သမီးကိုလာပိုးတော့လဲ ဘာဖြစ်လဲ ... သူ့ငွေ့က လာကြိုက်တာလေ၊ နင် တော်တော်ရိုင်းတဲ့ကောင်ပဲ"

"ဘာဗျ ... ခင်ဗျားကိုပါ ထုပစ်လိုက်မှာနော်၊ ယောက္ခမဖြစ် မယ့်သူမို့ သည်းခံနေတာ"

"အမလေး ... ဟဲ့ ဟဲ့ ... မလုပ်နဲ့နော်"

ဒေါ်နုနုနယ် တောင်းပန်ပြီး အိမ်လေးထဲ ပြေးဝင်လာခဲ့ သည်။ အရှုံးကောင်ကများ ယောက္ခမလောင်းတဲ့။ နင်နဲ့တူလို့တန် လို့လား အရှုံးရဲ့။ ရဲစခန်းကို တိုင်ပစ်လိုက်ချင်တယ်။ ရပ်ကွက်ထဲမှာ အုတ်အော်သောင်းနင်း ဖြစ်သွားမှာကြောက်၍ ဒေါ်နုနုနယ် အသာ ငြိမ်ပြီး အိမ်လေးထဲပြန်ဝင်လာရင်း ရင်ထဲမှာတော့ ပီတိတွေနှင့် ကြိတ်၍ သဘောကျမိသွားသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၀ )

"နုနယ် ... ဘာဖြစ်တာလဲ ဆူညံနေတာပဲ ... ရန်ဖြစ်ကြတာလား"

"ဘာမှမဖြစ်ပါဘူး ကိုကျော် ... ချစ်စရာဆိုတဲ့ကျပ်မပြည့်တဲ့ကောင် သောင်းကျန်းနေတာပါ၊ ပြီးသွားပါပြီ ... ရှင်ရောနေကောင်းရဲ့လားဟင်၊ နုနယ် ဆေးဖိုးသွားရှာတာပါ ကိုကျော် ... ဘာမှမပူနဲ့ အိပ်တော့နော် ... ဆေးသောက်ထားတယ် မဟုတ်လား"

"အေး ... ဆူညံသံတွေကြောင့် ငါလန့်နိုးလာတာ အိပ်ဆေးသောက်ထားလို့ ပြန်အိပ်ချင်လာပြီ"

"အိပ် ... အိပ်ပါ၊ ရန်ပွဲကလဲပြီးသွားပါပြီ"

ကော်ဖိနပ်လည်း လန့်နိုးသွားပြီး။ လမ်းမဘက်က ဆူညံသံတွေကြောင့် ထွက်ကြည့်မလို့ဟာ အမေနိုးသွား၍ အဖေ့အနား ပြေးလာခဲ့သည်။ ဘယ်သူ့အသံလဲ။ ချစ်စရာ အသံဖြစ်နေ၍ စိတ်တော





ပူသွားရ၏။ မိထွေး ဒေါ်နုနုနယ် ပြန်လာ၍ သူမလည်း အပြင်ထွက်လာခဲ့သည်။

"ဟဲ့ ... ကော်ဖိနပ်၊ နေဦး ... ဘယ်သွားမလို့လဲ၊ အမေပြောစရာရှိတယ် ထွက်မသွားနဲ့ ... "

"ဟင်"

"နင့်အဖေ အိပ်သွားပြီ၊ ခြံထဲမှာပဲထိုင်ပြီး အမေတို့စကားပြောရအောင်ကော်"

"ဘယ်သူတွေ ရန်ဖြစ်ကြတာလဲ အမေ"

"ချစ်စရာပေ့ါ ... နင့်လူကို အုတ်ခဲကျိုးနဲ့ ပေါက်လိုက်တာလေ၊ ကားမှန်ကွဲသွားတယ် ပြောတာပဲ ... ဒီအရူး သောင်းကြမ်းနေတယ်၊ အမေ့ကိုတောင် ထုတော့မလို့၊ တော်တော်ရိုင်းပြတဲ့ကောင်တွေပဲ ... သမီးကော်နဲ့ ချိန်ထားလို့လားဟင်"

"မချိန်းပါဘူး ... သူ ... သူလာလို့လား"

"လာတယ် ... ချစ်စရာ အော်ဟစ်နေလို့ အုတ်အော်သောင်းနင်းနဲ့လေ ရှက်စရာကောင်းလိုက်တာ၊ အားနာစရာကောင်းတယ်၊ မနက်ဖြန် ချက်ချင်းသွားတောင်းပန်လိုက်နော်"

"ဟုတ်ကဲ့"

ရင်ခွင် ... အဲဒါ နင့်လက်ချက်ပဲ မဟုတ်လား။ ချစ်စရာကို နင်သွားထောင်တာပဲဖြစ်မယ်။ ငါ့ကို နာမည်ပျက်အောင် သူများတွေ အတင်းအဖျင်းပြောစရာဖြစ်အောင် နင်ကြံစည်လုပ်တာပဲ။ ဒါ



www.burmeseclassic.com

www.burmeseclassic.com



မသိဘူးထင်နေလား။ ချစ်စရာက သူမအိမ်နား လာစရာအကြောင်း မရှိပေ။ ကိုမိုးမာန်မောင်ကရော ဘာဖြစ်လို့ ရောက်လာရတာလဲ။ နင် ... နင်ပဲ အကွက်ချပြီး ချစ်စရာနဲ့ ကိုမိုးမာန်မောင်ကို ဆုံတွေ့အောင် ဖန်တီးတာမဟုတ်လား။ ရင်ခွင်ကိုပဲ ဒေါသဖြစ်မိလာသည်။

"ကော် ... သမီး၊ သူဌေးတစ်ယောက်က သမီးကော်ကို စွဲစွဲလမ်းလမ်း ချစ်နေလို့ လာတာလေ၊ အိုင်တင်တွေခံမနေနဲ့၊ ရတဲ့ အခွင့်အရေးကို အမိအရ ဆုပ်ကိုင်ထားရမယ် ... ကြားလား ..."

မိထွေး ဒေါ်နုနုနယ်ရဲ့ မျက်လုံးတွေထဲမှာ လောဘရမက်တွေနှင့် ဝင်းဝင်းတောက်နေပြီး ပီတိအပြုံးတွေ ပြည့်လျှံနေသည်။ ကော့်ကိုလာပို့တဲ့ သူဌေးက ဘယ်လိုလူလဲ။ အိမ်ထောင်ရှိလား။ ကော့်ကို အတည်ကြံစည်မှာမဟုတ်ဘူးဆိုတာရော စဉ်းစားပေးရဲ့လား။ အဖေ့ကြောင့် အဖေစိတ်ဆင်းရဲမှာစိုးလို့ ကလန်ကဆန် မလုပ်ရဲ။ အဖေက ဒေါ်နုနုနယ်ကိုချစ်သည်။ အမေ့ထက်တောင် ချစ်မြတ်နိုးပြီး အလိုလိုက်ထား၏။ ဒေါ်နုနုနယ် ဘယ်လိုအပြစ်တွေ ကျူးလွန်နေပါစေ အပြစ်မမြင်ဘဲ မိထွေးအလိုဆန္ဒတွေပဲ ဖြည့်ဆွမ်းနေတဲ့အဖေ။

"ရပ်ကွက်ထဲက အကောင်တွေက နည်းနည်းလေးမှ အထင်ကြီးစရာမရှိဘူးနော် ကော်ဖိနပ် ... ငမွဲငတေတွေ၊ ဘာလုပ်မှာလဲ၊ အမေကတော့ ကိုယ့်သမီးလေး ကောင်းစားဖို့ပဲ အဓိကထားတယ်၊ သမီးလူက ဘယ်ကလဲ ... အမေသွားတွေ့ပြီး တောင်းပန်ပေးရ





မလား"

"မလုပ်ပါနဲ့ အမေနေ ... ဒီကိစ္စက ကော့်ကိစ္စပါ၊ အိပ်ကြစို့နော်"

"ဟဲ့ ... ကော်"

"ရှင်"

"အဲဒီသူဌေးဆီကနေ ပိုက်ဆံလေး ဘာလေး ခဏလောက် ချေးပေးလို့မရဘူးလားအေ၊ အမေ့အကြွေးတွေ ပူနေပြီ၊ သမီးအဖေလည်း နေမကောင်းတော့ အမေအသိမပေးချင်ဘူး၊ စိတ်ဆင်းရဲမှာ"

မိကော်ဖိနပ်။ ညည်း အတီးအတ လုပ်မနေနဲ့၊ သူဌေးက အရမ်းစွဲလမ်းနေပြီဆိုတာ ငါသိတယ်။ ညည်းက ဘာအချိုးချိုးနေတာလဲ။ ရပ်ကွက်ထဲက ငမွဲငတေတွေနဲ့ကျတော့ တတွဲတွဲနဲ့။ ကော်ဖိနပ်နှင့်သူဌေးတစ်ယောက်ယောက် ငြိတော့မယ်၊ ကော်ဖိနပ်အလှက ဖမ်းစားထားနိုင်တာ အသေအချာပဲ။ အိမ်ရှေ့တောင်လာနေပြီ။ အန္တရာယ်များတဲ့ ရပ်ကွက်ထဲတောင် ဝင်လာရဲတယ်ဆိုတော့ ကော်ဖိနပ်ကို စွဲလမ်းနှစ်သက်နေတယ်ဆိုတာ နုနုနယ်တို့က သိပ်ပြီးသားအေ့။

"အမေ့အကြွေးတွေ ပူနေတယ်၊ မပေးရင် အဖမ်းခံရမလား ဘဲ ... အကြွေးရှင်က ရဲစခန်းတိုင်တော့မယ် ကော်ရယ်၊ အမေ ပြန်ဆပ်မှာပါ၊ ဟိုလေ ... နောက်လည်း အမေ အကြွေးတင်အောင် မလုပ်တော့ပါဘူး၊ ကိုကျော့်အနားမှာ ပြုစုရင်း ဇနီးကောင်းအဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေပါ့မယ် ကော်လေးရယ် ... အမေရဲ့အကြွေး ဆပ်ပေးပါ"

"ကော်နဲ့သူက ခင်မင်တဲ့အဆင့်ပဲရှိပါသေးတယ် အမေ့
အရမ်းလည်း အငမ်းမရ လုပ်ပြနေလို့ မဖြစ်သေးဘူးလေ အမေ့
အထင်သေးသွားမယ်"

အမလေး ကော်ဖိနပ်ရယ်။ နင့်လို မိန်းကလေးမျိုးကများ
ဘာတွေ အိုင်တင်ခံနေရတာလဲဟဲ့ အသုံးမကျလိုက်တာ။

"အမေ့ကို ထောင်ချပစ်မယ်တဲ့ကော်လေးရယ်၊ သမီးအမေ
ကလည်း စိတ်ဓာတ်ကျပြီး အလုပ်မလုပ်နိုင်တော့ဘူးလေ၊ ဟကယ်
တော့ အမေက ညည်းအဖေအနားမှာပဲ နေချင်တာပါ၊ ဒါပေမဲ့ ...
အိမ်ရှေ့မှာလာပြီး အရုက်ခွဲမှာကြောက်လို့ သွားနေရတာပါ၊ အမေ
နောင်တတွေလည်း ရနေပါပြီ ကော်လေးရယ်နော် ... "

မိထွေးအကြောင်းကိုတော့ ကော်ဖိနပ်တို့က နှောကြေ
အောင်သိနေပါပြီ။ အပြောကလဲကောင်းတယ်။ မာယာတွေကလ
ခပ်များများပဲ။ ကော်ဖိနပ် အိမ်လေးထဲပြန်ဝင်လာခဲ့သည်။ ဒေါ်နှ
နယ်ကိုတော့ ကျေနပ်စေရန် တတ်နိုင်သလောက်လုပ်ပေးပါ့မယ်
ပြောခဲ့၏။ သူမ အိပ်ခန်းလေးထဲ ပြန်ဝင်လာခဲ့သည်။

"ရင်ခွင် ... နင့်လက်ချက်ပဲ၊ ချစ်စရာကို နင်မြှောက်ထိုးပ
ကော်လုပ်ပေးလိုက်တာပဲ ... နင်အကျင့်ယုတ်လွန်းတယ်၊ ငါ့နာမည်
ပျက်အောင် နင်အကွက်ချ စီစဉ်ပစ်လိုက်တာပဲ"

ရင်ခွင်က ပညာတတ်တစ်ယောက်။ တစ်နေ့နေ့ အင်ဂျင်





ယာကြီးဖြစ်ရမယ်၊ ချမ်းသာကြွယ်ဝရမယ်ဆိုတဲ့ ခေါင်းစဉ်တပ် ကြွေး
ကြော်ရင်း ဘာမှလည်းမဖြစ်သေးဘဲ မြှောက်နေသည်။ ကော်ဖိနပ်
ကို အထင်သေးလွန်းစွာ စော်ကားသွားခဲ့၏။ ငါ ဘယ်တော့မှ မမေ့
ပစ်ဘူး ရင်ခွင်။ နင် ဘာကောင်လဲဟာ။ ငါ့ကို နာမည်လိုက်ဖျက်နေ
တာ နင်ဘာရမှာမို့လို့လဲ။ မနက်ဖြန်ကျရင် ရပ်ကွက်ထဲမှာ ကော်ဖိ
နပ်နာမည်က ရစရာမရှိအောင် အမျိုးမျိုးပြောဆိုနှိပ်ကွပ်ကျတော့
မည်။ ကိုမိုးမာန်မောင်ကရော ဘာဖြစ်လို့ ညအချိန်မတော်ကြီး
ရောက်လာရတာလဲ။ ဒီလောက်အထိ မလာပါနဲ့လို့ ပြတ်ပြတ်ပြော
ထားတဲ့ဟာများ။

"ရင်ခွင် ... နင်ခေါ်လိုက်တာမဟုတ်လား၊ နင်ကွက်တိတွေ
ကြံစည်လိုက်တာပဲ၊ သေချာတယ် ... နင့်ကို ငါအရမ်းမုန်းတယ်၊
နင့်ကိုတော့ ငါ့အကြောင်း ကောင်းကောင်းပြရမယ် မင်းရင်ခွင်"

သူမ အိပ်၍မရ။ ချစ်စရာက ဉာဏ်ရည်မှီတာမဟုတ်။ နင်
ဖန်တီးလိုက်တာပဲ။ ကော်နေတဲ့လမ်းကိုလည်း ရင်ခွင်ပဲပြခဲ့တာပါ။
တွေးမိတိုင်း ရင်ခွင်ဆိုတဲ့ကောင်ကို ဒေါသဖြစ်နေရသည်။ မနက်
မိုးလင်းတော့ အဖေနဲ့နဲ့သက်သာလာ၍ ကော်ဖိနပ် စက်ဘီးလေး
နှင့် အပြင်ထွက်လာခဲ့သည်။ အတော်ပဲ ... ရင်ခွင်က ကျောပိုးအိတ်
လေးကိုလွယ်၍ ထွက်လာတာနှင့် ဆုံမိသွား၏။ ကော်ဖိနပ် ခပ်
ကြွမ်းကြွမ်းပဲ ပိတ်ရပ်ပစ်ထားလိုက်သည်။

"ဒါ ... ဘာလုပ်တာလဲ ကော်ဖိနပ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်တယ်ထင်လဲ မင်းရင်ခွင် ... နင်နဲ့ပြဿနာရှင်းဖို့လေ"

"ဘာပြဿနာလဲ ... နင့်ကိုငါနမ်းလိုက်လို့လား၊ အဲဒါက နင် ငါ့ကိုမေ့လိုက်မှာစိုးလို့ အမှတ်တံဆိပ် ခပ်နှိပ်ပစ်လိုက်တာပါ ကော်ဖိနပ်"

"ဘာပြောတယ် ... ငါ့ကိုနင် စော်ကားချင်တိုင်း စော်ကားလို့ရမယ်မထင်နဲ့နော်၊ နင့်ဟာနင် ဘာတံဆိပ်ပဲ ခပ်နှိပ်ခပ်နှိပ်၊ ငါ ဘယ်တော့မှ နင့်လိုကောင်မျိုးကို မမှန်းဘူး မှတ်ထား ... "

စွာတေးလန်မလေး ကော်ဖိနပ်ကို ရင်ခွင် ဘယ်တော့မှ စိတ်မဆိုးရက်နိုင်။ ကော်ဖိနပ်က သူ့စေတနာ မေတ္တာတွေကို တစ်သက်လုံးလည်း နားလည်မှာမဟုတ်ပါဘူး။

"ညက ကိစ္စကို နင်ရှင်းရမယ် မင်းရင်ခွင်၊ ရပ်ကွက်ထဲမှာ ငါ့ကိုသိက္ခာကျအောင် နင်တမင်အကွက်ဖန်ကြံစည်ခဲ့တာ၊ နင်တော်တော်လေး ဝမ်းသာကျေနပ်နေတယ်ပေါ့လေ"

"ဘာပြောတယ် ... ညက ဘာပြဿနာလဲ၊ နင်ကတော့ အမြဲတမ်းရပ်ကွက်ထဲမှာ အရှက်မရှိလုပ်ချင်တာတွေလုပ်နေပြီး တော့မှား ဘာတွေကထပ်ပြီး သိက္ခာကျရပြန်တာလဲ"

"မင်းရင်ခွင် ... နင်စကားပြောတာ ကြည့်ပြောနော်၊ ဒီတစ်ခါတော့ နင့်ကို လုံးဝခွင့်မလွှတ်နိုင်ဘူး၊ နင်က ကော်ဖိနပ် အရှက်ကို ခွဲပစ်ချင်နေတာမဟုတ်လား၊ နင်ကြိုက်သလောက် အရှက်ခွဲလေ





ကော်ဖိနပ်က အရှက်မရှိတဲ့မိန်းမဖြစ်နေလို့ နင်ထင်ထားသလောက် ဖြစ်လာမှာ မဟုတ်ဘူးဟဲ့ ... "

ကော်ဖိနပ် ဘာတွေလာပြောနေတာလဲဆိုတာ ရင်ခွင်ပင် မသိ။ ညက ဘာတွေဖြစ်ကြတာလဲ။ ရင်ခွင်လည်း မရှိပေ။ သူငယ်ချင်းအိမ်မှာ သွားအိပ်နေတာပါ။ မနက်အစောကြီး ထပြန်လာခဲ့သည်။

"ကိုမိုးမာန်မောင် ရပ်ကွက်ထဲထပ်မလာရဲအောင် နင်ယုတ်မာတာပဲ မင်းရင်ခွင် ... ငါ့ကို ရွံ့ရှာမုန်းတီးသွားအောင် နင်ဖန်တီးပစ်လိုက်တာပဲ"

ညက ကိုမိုးမာန်မောင် ရောက်လာပြီး ချစ်စရာနှင့်ပြဿနာတက်သွားပုံပင်။ ရင်ခွင်ဘာမှမသိ။ အမေတို့တောင် မသိလိုက်ဘူးထင်တယ်။ သူ့ရှေ့မှာ စက်ဘီးကိုပိတ်ရပ်ထားပြီး ရင်ခွင့်ကို ကုတ်ဖဲ့ထိုးသတ်တော့မယ့် နှုတ်သီးချွန်ချွန်နှင့် လင်းယုန်ငှက်ကြီးအလား မျက်နှာကြီးက တင်းမာခက်ထန်နေပေမယ့် ရင်ခွင်ကတော့ အပြစ်မယူရက်နိုင်။ ကော်ဖိနပ်ရယ်။ နင့်ကို ငါနမ်းမိတာ ချစ်ရလို့ပါ။ ငါ့စိတ်တွေ လွတ်ထွက်သွားတာလေ။ နင့်အပေါ် စော်ကားယုတ်မာလိုစိတ် တကယ်ပဲ မရှိခဲ့တာ။

"ငါမသိဘူး ကော်ဖိနပ် ... နင်ကိုယ်တိုင်ကရော နှစ်ဖွက်ခွချက်နေလို့ဖြစ်ရတာလေ၊ ငါနဲ့ဘာဆိုင်လို့လဲ ... ငါလည်း ညက မရှိဘူး၊ စာမေးပွဲနီးလို့ သူငယ်ချင်းအိမ်မှာ စာသွားကျက်နေတာဟ"



www.burmeseclassic.com

www.burmeseclassic.com



"နင်လာပြီး မှင်သေသေနဲ့ လူလည်ကြီးလုပ်မနေနဲ့ မင်းရင်ခွင်၊ နင်ကြံစည်တာပဲ သေချာတယ် ... နင်အကွက်ကျကျ ဖန်တီးထားပြီးမှ လစ်ထွက်သွားတာပဲ"

"ကော်ဖိနပ်"

"ဘာလဲ"

"ငါမဟုတ်ဘူးနော် ... မယုံရင် ချစ်စရာကိုသွားမေး ငါသိတောင် မသိဘူး"

ရင်ခွင်ဆိုတဲ့ကောင်က နင့်ကိုအမြဲတမ်း ကာကွယ်စောင့်ရှောက်ပေးချင်နေတာပါ ကော်ဖိနပ်ရယ်။ နင်ကရော ရင်ခွင့်ကိုတစ်သက်လုံးပဲ အထင်တွေလွဲပြီး စွတ်စွဲပုတ်ခတ်ပြောဆိုရင်း မုန်းတီးနေတော့မှာလားဟာ။ ကော်ဖိနပ်ရဲ့ မျက်နှာချောချောလေးကို ရင်ခွင် နာကျင်ကြေကွဲစွာ နှစ်နှစ်သက်သက်စူးစိုက်ကြည့်မိနေသည်။

"ဒီမှာ မင်းရင်ခွင် ... နင့်ကိုပြောပြထားရဦးမယ်၊ ငါလေ ကိုမိုးမာန်မောင်ကို ချစ်တယ်လို့ အဖြေပေးလိုက်ပြီ"

"ဘာပြောတယ် ကော်ဖိနပ် ... "

"နင့်ကိုတော့ ဝန်ခံရဦးမယ်၊ မင်းရင်ခွင်ရာ ... နင်နဲ့ငါက ငယ်သူငယ်ချင်းတွေလေ၊ ပြီးတော့ နင်က ပညာတတ်တစ်ယောက် နင့်ကို ရင်ဖွင့်ပြတာပါဟာ၊ ငါလေ ... သူ့ကို အရမ်းချစ်မိသွားပြီသိလား"

"ကော်ဖိနပ် ... နင့်မှာအသိစိတ်မှ ရှိသေးရဲ့လား၊ ဒီလူကို





နင်ချစ်မိသွားရင် နင်ပဲဒုက္ခရောက်လိမ့်မယ်၊ မချစ်ပါနဲ့ ... နင့်ဘဝကြီးတစ်ခုလုံးကို ပုံမအပ်လိုက်ပါနဲ့"

"ငါ ဒုက္ခရောက်လည်း နင့်အပူမပါဘူးလေ၊ ချစ်စရာကလဲ ဖိနပ်ထုတ်လေးပဲ ဝယ်ပေးနိုင်တယ်၊ ဟိုကောင် ဥာဏ်ထွန်းကျတော့လည်း လက်ဖက်ရည်လေးတစ်ခွက်တောင် အနိုင်နိုင် စွတ်ပျက်တယ်၊ ကိုမိုးမာန်မောင်က ငါ့ဘဝကိုမိုးထိအောင် မြင့်မားသွားအောင်ဖန်တီးပေးနိုင်တယ်နော်ရင်ခွင် ... ငါလေ ကိုင်းကြီးကြီးမှာနားပစ်လိုက်ဖို့ ဆုံးဖြတ်ထားတယ်"

"ဘာ ... နင်ဘာပြောတယ်ကော် ... နင် ဒီလောက်အထိအသိစိတ်ကင်းမဲ့လိမ့်မယ်လို့ ငါမထင်ထားဘူး၊ ကိုင်းကြီးကြီးပေါ်မှာနားရင် နင့်ဘဝခိုင်မယ်လို့ ထင်နေလား ... အသိစိတ်ရှိစမ်းပါ"

ကော်ဖိနပ်ရဲ့ စကားတွေက ချွန်မြနေတဲ့ အဆိပ်လူးမြှားတစ်ချောင်းကဲ့သို့ ရင်ခွင့်နှလုံးသားထဲ စိုက်ဝင်ဖောက်ထွင်းသွားသည်။ သူ အင်ဂျင်နီယာကြီးဖြစ်ဖို့နဲ့ ကော်ဖိနပ်အား တင့်တင့်တယ်တယ် လက်ထပ်ယူနိုင်ဖို့ဆိုတဲ့ မျှော်လင့်ချက်တွေ ယိုင်နဲ့လဲပြိုကျမတတ်။ လက်လွှတ်ဆုံးရှုံးရတော့မယ့်သူ ချစ်မြတ်နိုးရတဲ့ ချစ်ဦးသူမိန်းကလေးကို ဆတ်ခနဲ ကြည့်ပစ်မိပေမယ့် မျက်ရည်ကာရံလိုက်သဖြင့် အမြင်တွေက ဝေ့ဝေ့ဝါးဝါး ဖြစ်သွားရသည်။

"နင့်ကို ပထမဆုံးအကြိမ် ခင်မင်ရတဲ့ သူငယ်ချင်းတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်အနေနဲ့ ရင်ဖွင့်ပြတာပဲ၊ ငါလေ ... ကိုမိုးမာန်မောင်ကို ချစ်
မိနေတယ်၊ သူက အရမ်းချောတယ်ဟာ၊ ပြီးတော့လည်း ချမ်းသာ
တယ် ... နင်လည်း ကော်ဖိနပ်အကြောင်းသိသိကြီးနဲ့ အကျင့်
မကောင်းဘူး၊ ငွေမြင်ရင် ငမ်းငမ်းတက် မက်မောတယ်"

"တော်ပါတော့ဟာ ... နင် ဘာမှဆက်မပြောပါနဲ့ ကော်ရော
ငါတောင်းပန်ပါတယ် ... အင်းလေ ဒီလူက နင်နားချင်တဲ့ကိုင်းကြီး
ကြီးပဲလေ၊ လောက်စာလုံးမှန်မှာကိုပဲ သတိနဲ့ကြည့်ပြီး နားပါ၊ ငါက
စေတနာနဲ့ သတိပေးတာပါ"

ကော်ဖိနပ်လည်း ပါးစပ်တွေ့ရာတွေပြောပြီး ကိုမိုးမာန်
မောင်အပေါ် အရမ်းကြွေနေတဲ့ပုံစံ အပြည့်ဖမ်းပြီး မင်းရင်ခွင်အား
ဒီလောက်နဲ့ပညာပေးဖို့ မလုံလောက်သေးဘူးဟု ကော်ဖိနပ် ထင်မိ
လာသည်။ ဘယ်လိုနှိပ်ကွတ်ပစ်ရရင် ကောင်းမလဲလို့ စဉ်းစားနေစဉ်
ချစ်စရာက သူမတို့နှစ်ယောက်ဘက်သို့ လျှောက်လာနေသည်။
အတော်ပဲ ... သူမ လဲပြိုကျသလိုလိုနှင့် ရင်ခွင်အပေါ် မှီလိုက်ရာ
ရင်ခွင်ကလဲ အထိတ်တလန့်နှင့် ဆီး၍ပွေ့ကာ ထိန်းပေးလိုက်သည်။

"အား"

ကော်ဖိနပ် အသံကြောင့် ချစ်စရာမော့ကြည့်ပြီး လမ်းပေါ်
က ခဲတစ်လုံးကိုကောက်ယူပြီး ပစ်လိုက်ရာ ခဲက ကော်ဖိနပ်ခေါင်း
တည့်တည့်သို့ တန်းဝင်လာနေသဖြင့် ရင်ခွင်က သူမအားမြေပြင်ပေါ်





သို့လှဲချလိုက်သဖြင့် သူမလွတ်သွားပေမယ့် နှစ်ယောက်သားထပ်ပြီး
ကျသွားတာကို ချစ်စရာ ဘယ်လိုမြင်သွားသည်မသိဘဲ နောက်ထပ်
ခဲတစ်လုံးကောက်၍ ထပ်ပစ်လိုက်ရာ မင်းရင်ခွင်ရဲ့ခေါင်းကို ထိမှန်
သွားသည်။

"အား ... ကျွတ် ကျွတ် ..."

"ဟင် ... မင်းရင်ခွင်"

"ကော်ဖိနပ် ... နင်တမင်လုပ်တာမဟုတ်လား၊ အား ...
သွေးတွေ ထွက်လာပြီ သူငယ်ချင်းအချင်းချင်း ရန်မတိုက်ပေးပါနဲ့
ကော်ဖိနပ် ... ဟိုကောင် ဒုက္ခရောက်လိမ့်မယ်၊ လူသတ်တော့မယ်
ဟ ... ဟား ..."

ချစ်စရာက သူ့ကိုတုတ်ကိုင်ပြီး ရိုက်တော့မယ်ပြုနေ၍ ကော်
ဖိနပ်က ပြေးဆွဲထားရသည်။

"ဟိုကောင်ရင်ခွင် ... ဘာလုပ်တာလဲ၊ ကော့်ကို ဖက်တာ
လား နမ်းနေတာလား ..."

"မဟုတ်ပါဘူး ... ချစ်စရာ သွားကြမယ်"

"ရင်ခွင် ... ဘာကောင်လဲ၊ ငါအသေသတ်ပစ်မယ် ကော်
စက်ဘီးနဲ့အပြင်ထွက်သွားတာ တွေ့တယ်ဆိုလို့ ချစ်စရာလိုက်လာ
တာပါ၊ မင်းရင်ခွင်ဆိုတဲ့ကောင် အသေသတ်ပစ်မယ်"

"မလုပ်နဲ့တော့ ဒီလောက်ဆို သူမှတ်လောက်သားလောက်



www.burmeseclassic.com

www.burmeseclassic.com



ရှိသွားပါပြီ … ထားလိုက်တော့”

ရင်ခွင် လဲကျနေရာမှထပြီး ကော်ဖိနပ်ကိုကြည့်သည်။ မျက်နှာပေါ်သို့ သွေးတွေက စီးကျနေ၏။ ကော်ဖိနပ် စိတ်တော့ပူပန်သွားရ၏။ ရင်ခွင် စာမေးပွဲဖြေနေတာလားတောင် မသိဘူး။ ကော်ဖိနပ် ပညာပေးလိုက်တာလွန်သွားပြီထင်တယ်။ ရင်ခွင့်အမေက ခပ် စွာစွာ။ ကော်ဖိနပ်ကို ပြဿနာလာရှင်ရင် ဒုက္ခပဲ။ ချစ်စရာကလဲ ရိုက်မယ် နှက်မယ် အော်ဟစ်နေ၍ ကော်ဖိနပ်က ဆွဲနေရသည်။

“တော်ပါတော့ ချစ်စရာရယ် … မလုပ်ပါနဲ့တော့ လာပါ ပြန်ကြမယ် … ”

“ဒီကောင့်ကို သတ်မယ်၊ ညကလဲ ကားနဲ့ကောင်ကိုသတ်မလို့ တွေ့ရာသချိုင်း ဓားမဆိုင်းဘဲ”

ချစ်စရာကိုဆွဲနေရင်း ချစ်စရာမိခင် ရောက်လာ၍ သက်သာသွားရသည်။

“ချစ်စရာ စိတ်ဖောက်နေပြီ ကော်ဖိနပ် … အခု စိတ်ရောဂါ အထူးကုဆေးရုံပို့မလို့ တဖြည်းဖြည်း အခြေအနေက ဆိုးလာတယ်၊ ကော်ဖိနပ်လည်း အဒေါ့်သားကို ခင်ခင်မင်မင်နဲ့ ဆက်ဆံပေးလို့ ကျေးဇူးတင်ပါတယ်ကွယ်”

ချစ်စရာ့မိဘတွေက သူ့သားကို ခင်ခင်မင်မင်ရင်းရင်းနှီးနှီးနှင့် အလိုက်အထိုက် ဆက်ဆံပေးပါဟု ကော်ဖိနပ်အား အကူအညီ





တောင်းထားလို့ သူမကလဲ အပျော်အပျက်အနေနှင့် ဆက်ဆံပေးနေခဲ့မိတာပါ။ ချစ်စရာ့အခြေအနေက တဖြည်းဖြည်းဆိုးသွမ်းသောင်းကျန်းလာနေသည်။ ချစ်စရာအား ဆွဲခေါ်သွားပြီး အငှားကားပေါ်တင်လိုက်ကြ၏။ ကော်ဖိနပ် စိတ်ပူသွားတာက မင်းရင်ခွင်ကိုပင် ပြဿနာရှာပစ်လိုက်ပြီးမှ ကော်ဖိနပ် စိတ်တွေစိုးရိမ်တကြီးဖြစ်သွားရသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၁ )

"သား ဘာဖြစ်လာတာလဲ ... မင်းစာမေးပွဲသွားဖြေရမယ်လေ"

"အား ... သားချော်လဲတာပါအမေ ဘာမှမဖြစ်ပါဘူး"

"အမလေး ... သွေးတွေအများကြီးထွက်နေတယ်၊ ဆေးခန်းသွားကြရအောင် ... များတယ်ထင်တယ်၊ မင်းဘယ်သူနဲ့ရန်ဖြစ်လာတာလဲ ရင်ခွင် ... အမေ့ကို မှန်မှန်ပြောစမ်းပါ၊ အမေ့သားအလိမ်မာလေး ရန်မရှာတတ်တဲ့သားကို ဘယ်သူရန်ရှာတာလဲ"

"အမေကလည်း သားချော်လဲပြီး နဖူးကိုဆောင့်မိတာပါ၊ ဘယ်သူနဲ့မှ ရန်မဖြစ်ပါဘူး"

"လာ ... လာ ဆေးခန်းသွားပြရအောင်၊ သွေးတွေအရမ်းထွက်နေတယ် ... စာမေးပွဲ ဘယ်လိုဖြေမလဲ"

"ကျွန်တော် ဆေးခန်းသွားပြပြီးရင်ဖြေမယ်၊ အချိန်ရှိပါသေး





တယ်အမေ"

"အမေ့သား အဖိုးတန်လေး ဖြစ်မှဖြစ်ရလေ ... စာမေးပွဲမဖြေနိုင်ရင်တော့ ဒုက္ခပါပဲ"

အမေနှင့်ရင်ခွင် ဆေးခန်းကိုရောက်တော့ သူ့နဖူးဒဏ်ရာက သုံးချက်ချုပ်လိုက်ရသည်။ ကံကောင်းသည်ဟု ဆရာဝန်က ပြောတော့ အမေက သည်းသည်းလှုပ်။ သူကတော့ ကော်ဖိနပ်ကို မထိခိုက်စေလိုပေ။ ချစ်စရာကိုလည်း စိတ်ရောဂါအထူးကုဆေးရုံကြီးသို့ ပို့လိုက်ရသည်တဲ့ ရင်ခွင် စိတ်မကောင်း ဖြစ်ရသည်။

"အရာအားလုံး နင့်ကြောင့်ပဲကော် ... မကောင်းလွန်းတဲ့ အကျင့်စရိုက်ကြီးဟာ ... "

ကော်ဖိနပ်အတွက်ပဲ ရင်ခွင်စိတ်ပူပင်သောကရောက်ရမြဲ။ ကော်ဖိနပ်ကြောင့် ရင်ခွင် စာမေးပွဲသွား၍မဖြေနိုင်ခဲ့။ သွေးထွက်လွန်၍လားမသိ ခေါင်းတွေမူးနောက်နေသဖြင့် ဆရာဝန်က အနားယူရန် ပြောလိုက်သည်။

"ကျွန်တော် စာမေးပွဲမဖြေရတာ အရေးမကြီးပါဘူးအမေရာ ကံကြမ္မာက ဖြစ်လာတော့လေ ဘယ်တတ်နိုင်မှာလဲ၊ စာကြေတာပေါ့၊ နောက်နှစ်တော့ ဂုဏ်ထူးထွက်အောင် ရင်ခွင်ကြိုးစားမှာပါအမေ"

"သားရယ် ... ဟုတ်ပါတယ် စာမေးပွဲကိုခေါင်းထဲမှာ မထားပါနဲ့တော့၊ ကျပါစေ ... စိတ်အေးအေးထားပြီး သားအနားယူနေ



www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့”

အမေ ပြန်ထွက်သွားသည် ကော်ဖိနပ်ကြောင့်ဆိုတာသာ အမေသိလျှင် ပြဿနာတွေ အကြီးအကျယ်တက်သွားနိုင်၍ ရင်ခွင် ထုတ်ဖော်ပြောပြခြင်း မရှိပေ။ ငါအသုံးမကျတဲ့ကောင်ပဲ ကော်ဖိနပ်။ နင့်ကိုအမြဲတမ်းပဲ ကာကွယ်စောင့်ရှောက်ပေးနေချင်တယ်။ ရင်ခွင် စာမေးပွဲမဖြေရတော့ စာတွေလည်း မကျက်နိုင်။ အမေကမရှိမဲ့ ရှိမဲ့ နှင့် ရှာဖွေပြီး ရင်ခွင့်ကိုကျောင်းထားပေးခဲ့ရတာပါ။ သူ စာမေးပွဲ မဖြေနိုင်တာထက် ကော့ဆုံးဖြတ်ချက်တွေ မှားယွင်းသွားမှာကို လည်း သူစိတ်ပူနေသည်။

“ကိုမိုးမာန်မောင်နဲ့ ချစ်စရာနဲ့ကို တွေ့ပေးပြီး နင်အကွက် ဆင်လုပ်ကြံဖန်တီးတာပဲ ရင်ခွင် ... ငါ့ကို ဘာဖြစ်လို့ရပ်ကွက်ထဲမှာ သူများတံတွေးခွက်ထဲ ပက်လက်မျောအောင် လုပ်ချင်ရတာလဲ ရင်ခွင်”

ချစ်စရာ အခုတလောစိတ်တွေ မတည်မငြိမ်နဲ့ ကော်ဖိနပ် နှင့်ပတ်သက်သမျှ လူတွေကို ရန်လုပ်နေတာ။ နင့်ကြောင့်ပဲ ကော် ဖိနပ် နင်ပဲမွှေနေတာ။ နင်ရှုပ်တဲ့ဓာတ်လမ်းတွေပဲ။ ဒီကြားထဲ ညဏ်ထွန်းက ပါချင်သေးတယ်။ ကော်ဖီတစ်ခွက်နဲ့ နင်နာမည် အပျက်ခံနေတာပဲ ကော်။

“နင်လေ ကိုမိုးမာန်မောင်ကို ရွေးချယ်မယ်ဆိုရင်လည်း မှန် ကန်တဲ့ရွေးချယ်မှုတွေ ဖြစ်ပါစေလို့ ငါဆုတောင်းပေးချင်တယ်”





ရင်ခွင်ကတော့ ခေါင်းကဒဏ်ရာထက် သူ့နှလုံးတွေထဲမှာ ူးရှနာကျင်မှုက အတိုင်းအဆမရှိဖြစ်ရသည်။ ကိုမိုးမာန်မောင် ခင်ဗျား ကော်ဖိနပ်ကို ငွေကြေးမနေဥစ္စာတွေနဲ့ ဖြားယောင်းသွေး ဆောင်နေတာ ကော်ဖိနပ် ထိခိုက်နစ်နာမှု တစ်စုံတစ်ခု ဖြစ်သွား ရင်တော့ ခင်ဗျားကြီးကို ကျုပ်လုံးဝ ခွင့်မလွှတ်ဘူး။

“အား ... ကျွတ် ... ကျွတ်”

သူ ဒေါသထွက်ပြီး အိပ်ရာပေါ်ကနေ ဆတ်ခနဲ ထပစ်လိုက် သဖြင့် ခေါင်းဒဏ်ရာက စူးခနဲ နာကျင်သွားသည်။

“ရင်ခွင်ရေ ... ရင်ခွင် ...”

“ဉာဏ်ထွန်းလား ... လာခဲ့လေ”

ရပ်ကွက်ထဲက သူငယ်ချင်းလူဆိုးလူပေ ဉာဏ်ထွန်း တက် လာသည်။ ဉာဏ်ထွန်းက လူမိုက်။ ကော်ဖိနပ်ကိုလည်း ကြိတ်ပိုး နေသူ။

“မင်း စာမေးပွဲမဖြေရတော့ဘူးဆို ဒေါ်လေးကပြောတော့ ငါစိတ်မကောင်းလို့ပါ ... ချစ်စရာကြောင့် မဟုတ်လား ... ကော် ဖိနပ်က မီးဓာလေ”

“မဟုတ်ပါဘူး ဉာဏ်ထွန်းရာ ... ငါကလွန်တာပါ ချစ်စရာ အကြောင်း မင်းသိတဲ့အတိုင်းပဲ ကော်ဖိနပ်ကို ထိလို့မရဘူး၊ ငါက သူ့ရှေ့မှာ ကော်ဖိနပ်လက်ကို ဆွဲထားမိတယ်”

“မင်းက ဘာဖြစ်လို့ သွားဆွဲရတာလဲ ရင်ခွင်၊ ကော်ဖိနပ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်နေတာလား၊ မင်းအဆင့်နဲ့မတန်ပါဘူးရင်ခွင်ရျာ၊ ကော်ဖိနပ်က ရှုပ်တယ်၊ အခု ဟို ... ကားနဲ့လူက ဘာကောင်လဲ၊ ကော်ဖိနပ်ကို ဘာလုပ်တာလဲ"

"ညဏ်ထွန်းကလဲကွာ၊ ကော်ဖိနပ်အကြောင်း သိသိကြီးနဲ့ လုပ်ချင်တာတွေလုပ်တတ်တယ်၊ ဟိုလူက လူကောင်းပါ၊ မင်းကော်ဖိနပ်ကြောင့်တောင် အဲဒီလူ ဒုက္ခရောက်မှာ သိလား ... "

ညဏ်ထွန်းက လူဆိုးလူမိုက်ဖြစ်၍ ပြဿနာတက်မှာကို စိတ်ပူပြီး ရင်ခွင် ဖြောင်းဖြောင်းဖျဖျ ပြောဆိုနေရသည်။ ကော်ဖိနပ်ကို အထိခိုက်မခံနိုင်လို့ပါ။ ညဏ်ထွန်းကိုလည်း လက်ဖက်ရည် တစ်ခွက်နဲ့ ကော်ဖိနပ် အီစီကလီ လုပ်ခဲ့၏။ ရင်ခွင် စိတ်မအေးနိုင်၊

"ကော်ဖိနပ် ... သူ့လမ်းသူလျှောက်ပါစေ ညဏ်ထွန်းရာ ကိုယ့်ရပ်ကွက်သားချင်းပဲ ကော်ဖိနပ် ကောင်းစားမယ်ဆိုရင် တို့တွေ ကျေနပ်သင့်တယ်ကွ၊ ဝမ်းသာရမယ် ... ကော်ဖိနပ် ဂုဏ်သိက္ခာမဲ့အောင် မလုပ်သင့်ဘူး စောင့်ရှောက်ပေးရမယ် ... "

"ရင်ခွင်"

"ပြော"

"မင်း ကော်ဖိနပ်ကို မကြိုက်နဲ့နော်၊ တကယ်မလွယ်တဲ့ ကော်ဖိနပ်ပဲ ... ငွေမက်လွန်းတယ်၊ မင်းနဲ့မတန်ဘူး"

"ညဏ်ထွန်း"

"ဘာလဲကွ"





"ကော်ဖိနပ်ကို တို့ရပ်ကွက်သားချင်း စောင့်ရှောက်သင့်တယ် ငါစဉ်းစားမိလို့ပြောတာပါ"

"ကော်ဖိနပ်က အကျင့်ကိုမကောင်းတာ ရင်ခွင်၊ ယောက်ျားလေးတွေဆီက ရသမျှ မက်မောနေတယ်၊ ငါလည်း ကော်ဖိနပ်ကို မကြိုက်ဖို့ ဆုံးဖြတ်ထားလိုက်ပြီ ရင်ခွင်"

"ကောင်းပါတယ်ကွာ၊ ကော်ဖိနပ်ကို ဥပေက္ခာပြုထားလိုက်စမ်းပါ၊ ချစ်စရာကလဲ အရင်ထဲက ကြောင်တောင်တောင်လေ ... ဦးနှောက်အခန်းပျက်နေတာကွ ... ချစ်စရာ စိတ်ရောဂါအထူးကုဆေးရုံကြီးရောက်သွားတာ ကော်ဖိနပ်နဲ့တော့ မဆိုင်ဘူး၊ ငါစာမေးပွဲမဖြေရတာလဲ ငါ့အပြစ်ပါ"

ညဏ်ထွန်းကိုလည်း နှစ်သိမ့်ချော့မော့ပြောနေရသည်။ ကော်ဖိနပ်ကို အကာအကွယ်ပေးတာပါ။ ရင်ခွင်ကို တစ်ရပ်ကွက်လုံးက စံပြထားပြီး ချစ်ခင်ကြသည်။

"မင်း နေကောင်းအောင်နေပါ ရင်ခွင်၊ တို့ရပ်ကွက်ထဲမှာ မင်းကစံပြလေ ... မင်းကိုတော့ အထိခိုက်မခံနိုင်ဘူး၊ ကော်ဖိနပ် ဘာပဲဖြစ်ဖြစ်ကွာ မင်းကိုတော့ မထိခိုက်စေချင်ဘူး၊ မင်းစာမေးပွဲမဖြေရဘူးဆိုလို့ တစ်ရပ်ကွက်လုံး စိတ်မကောင်းဖြစ်နေကြတယ်"

"ငါ့ကံပေါ့ကွာ၊ ငါသွားပြီး ချစ်စရာကို နောက်ချင်တာနဲ့ ဆပ်သေ့ပြလိုက်လို့ပါ၊ ညဏ်ထွန်း ... ဒီကိစ္စရပ်ကွက်ထဲ မပြန့်ပါစေနဲ့ကွာ၊ ချစ်စရာလည်း မကောင်းဘူး၊ ကော်ဖိနပ်လည်း အပြစ်မရှိပါ



www.burmeseclassic.com

www.burmeseclassic.com



အမုန်း ခံနေရမယ်"

"အေးပါ"

ဉာဏ်ထွန်းကတော့ ရင်ခွင့်ရဲ့တောက်ပတဲ့ အနာဂတ်အား မှေးမှိန်ပျက်စီးမသွားစေလိုပေ။ ချစ်စရာ ခဲနဲ့ပေါက်လိုက်တာကို ဉာဏ်ထွန်းမြင်လိုက်ရသည်။ ဒါပေမဲ့ ပတ်ဝန်းကျင်ကိုတော့ သတင်း မဖြန့်ပါဘူး။ ချစ်စရာကြောင့်ပါ ... ရင်ခွင်ကလည်း မပြောစေချင်၍ မပြောဖို့ ဆုံးဖြတ်ထားသည်။

"ဟင် ... ကော်ဖီနပ်၊ နင်ဘယ်သွားမလို့လဲ၊ လက်ဖက်ရည် သောက်မလား"

ရင်ခွင့်ဆီကအပြန် လမ်းထိပ်တွင် ကော်ဖီနပ်အား စက်ဘီး တစ်စီးနှင့်တွေ့လိုက်ရသည်။ ဉာဏ်ထွန်းကလည်း လက်ဖက်ရည် တစ်ခွက်နှင့် ကော်ဖီနပ်လိုကောင်မလေး ချောချောလေးမျက်နှာ ကြည့်ရတာလည်း ရင်ခုန်စရာကောင်းတာပဲဟု တွေးပြီး ခေါ်လိုက် သည်။

"အင်း ... သွားမယ်၊ ကော်လည်း ပျင်းလို့ထွက်လာတာ"

"ဟိုလူရော"

"ဘယ်သူလဲ"

"ကားကြီးနဲ့လေ"

"အမလေး ... ဉာဏ်ထွန်းရယ် ... အသိမိတ်ဆွေပါဟ၊ ဟိုကောင် ချစ်စရာ ချောင်ပြီး ရန်သွားရှာတာပါ"





အတော်ပဲ။ ကော်လည်း ရင်ခွင့်အခြေအနေ သိချင်နေတာ ပါ။ ကော် တမင်အပြင်ထွက်ပြီး အခြေအနေကို စုံစမ်းနေခြင်းဖြစ် သည်။ ဉာဏ်ထွန်းက ရင်ခွင်နှင့်ငယ်သူချင်းတွေ။ ရင်ခွင့်အိမ်က ပြန် ထွက်လာတာဆိုတော့ ရင်ခွင့်အကြောင်း သိချင်လာ၏။ ထို့ကြောင့် ပင် ဉာဏ်ထွန်းကို မပတ်သက်ချင်ပေမယ့် အလိုက်အထိုက်ဆက်ဆံ ပြီး လက်ဖက်ရည်ဆိုင်ကို လိုက်လာသည်။

"ရင်ခွင်ရယ် ... နင့်ကိုငါမုန်းပေမယ့် ငါ့ကြောင့် နင်ဒုက္ခ ရောက်ရတာလေ၊ ချစ်စရာ အထင်လွဲအောင် ငါလုပ်လိုက်မိတာပါ"

ရင်ခွင့်ကို ပြဿနာရှာလိုက်တာက ကော်ဖြစ်နေသည်။ ကံ ကောင်းလို့မသေတာပါ။ အခုစာမေးပွဲလည်း မဖြေနိုင်တော့ဘူးဆို တော့ ရင်ခွင်အရမ်းထိခိုက်နစ်နာသွားရသည်ဟု ထင်မိနေ၏။ ကော် လက်ဖက်ရည်ဆိုင်အထိလိုက်လာပြီး ဉာဏ်ထွန်းဆီက သတင်း မေးဖို့ ဖြစ်သည်။

"ငါက ကော်ဖီတစ်ခွက်လောက်ပဲ တိုက်နိုင်တယ်နော် ကော်"

"ရပါတယ် ... ငါက နင့်တို့ကို ငယ်သူငယ်ချင်းတွေမို့ ခင် တာနော် ... တစ်မျိုးတော့ မထင်နဲ့ ဉာဏ်ထွန်း ... "

"ကော်ဖီနပ်"

"ဘာလဲဟ"

"ဟိုလူက နင်နဲ့ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ထားလိုက်ပါ"

"နင့်အတွက် အကျိုးရှိမှာလား"

"အလကားပါ"

ကော်ဖီနပ် သိချင်နေတာက ရင်ခွင့် အကြောင်းပင်။ ရပ်ကွက်ထဲမှာ သတင်းတွေအမျိုးမျိုးထွက်နေသည်။ စိုးရိမ်ရလား ဉာဏ်ထွန်းကို ဘယ်လိုစကားစပြီး မေးရမလဲ။ အရေးထဲ သူ့ကိုယ်ရေး ကိုယ်တာတွေကို ဉာဏ်ထွန်းက စပ်စုနေသေး၏။ စကားကို လှည့်ပတ်ပြီးမေးဖို့ စဉ်းစားနေသည်။

"ဟဲ့ ... ဉာဏ်ထွန်း၊ နင် ရင်ခွင်တို့အိမ်က ထွက်လာတာလား ဒီကောင် ဘယ်လိုနေသေးလဲ"

"သက်သာပါတယ် ... ဒဏ်ရာက သုံးချက်ချုပ်ရတယ်၊ စာမေးပွဲတော့ မဖြေရတော့ဘူးပေါ့၊ တစ်နှစ်အောက်ပြီ"

ကော့်ကြောင့်ပါ ရင်ခွင်ရယ်။ နင့်ကို ပြဿနာရှာပစ်လိုက်တာပါ။ ဒီလောက်အထိ မရည်ရွယ်ခဲ့ပါဘူးဟယ်။ ဘာဖြစ်လို့မှန်း မသိဘဲ ရင်ခွင်အပေါ် သံယောဇဉ်တွေ ကြီးမိနေသလိုပင်။ ရင်ခွင် ဒဏ်ရာ ဒီလောက်နဲ့ပဲပြီးသွားတာ တော်ပါသေးရဲ့။

"နင့်ကြောင့်ဖြစ်တာလေ၊ ဒါပေမဲ့ ... ရင်ခွင်က ချစ်စရာကို စနောက်ချင်လို့ နင့်ပခုံးကို ကိုင်မိတာတဲ့ ... နင့်အပြစ်မဟုတ်ဘူးလို့ ပြောတယ်၊ သူ့ဟာသူဖြစ်တာတဲ့၊ ငါက မျက်မြင်သက်သေလေ၊ ရပ်ကွက်ထဲ လျှောက်မပြောနဲ့တဲ့၊ နှုတ်ပိတ်လိုက်တယ်၊ ဒီကောင်က





နင့်အပေါ်တော့ စိတ်ပူနေတတ်ပြီး သစ္စာရှိပါတယ်"

ရင်ခွင့်အခြေအနေအား သူမကိုယ်တိုင်သွားပြီး သတင်းမေးချင်သည်။ ပေါ့ပျက်ပျက်မနေဖို့လည်း သတိစကားတွေပြောချင်နေ၏။ တောင်းလည်းတောင်းပန်ချင်နေသည်။

"ကော်"

"ဟင်"

"နင်လည်း သတိထားဦး ... ဟိုလူက နင့်ကိုအတည်ကြံတာဆိုရင် ငါတို့ကျေနပ်တယ် ခြေတော်တင်ရုံလေးဆိုရင်တော့ အသေပဲ"

"ကဲပါ ဉာဏ်ထွန်းရာ၊ ဒီကိစ္စက ဘာမှလည်း မဟုတ်သေးပါဘူး၊ ငါကလည်း ကော်ဖီနပ်ပါဟ ... ရမလား"

"ရင်ခွင်ကလဲ ပြောလိုက်တယ် ... နင်ကောင်းစားမယ်ဆိုရင် တို့တွေကျေနပ်သင့်တယ်တဲ့"

ကိုမိုးမာန်မောင်နှင့်ကော်တို့က ဘာမှမဖြစ်ကြသေးပါဘူး။ ရပ်ကွက်ထဲမှာတော့ လူတွေပါးစပ်ဖျားမှာ ရေပန်းစားနေသည်။ ရင်ခွင့် နင်ကရော အတည်ပြုပေးလိုက်ပြီလားဟာ။ ကိုမိုးမာန်မောင်ကို ကော်ဖီနပ်က အထင်ကြီးမယ်ထင်နေတာလား။ ဝေးသေးတယ် ရင်ခွင်နှင့် အဆင်ပြေပြေ ဆက်ဆံခဲ့ချင်ပေမယ့် တွေ့လိုက်တာနှင့် ဘုဘောက်ဖြစ်ရပြီး ရန်ပွဲအသွင်က ဆောင်နေမြဲ။

"ရင်ခွင်က လူတော်တစ်ယောက်ဟ၊ တို့ရပ်ကွက်ရဲ့စံပြပဲလေ



www.burmeseclassic.com

www.burmeseclassic.com



ရင်ခွင်ကိုတော့ သွားမရှုပ်ပါနဲ့ ကော်ဖိနပ်ရာ ... နင့်ဟာနင် တခြား ခွင်တွေမှာ ကြိုက်သလိုလှုပ်ရှားစမ်းပါ၊ နင့်ဘဝအတွက် အကျိုးရှိဖို့ တော့ လိုအပ်တယ်ဟ၊ နင့်အကန့်က ဘာလဲ ... ”

“တော်ပြီဟာ ... ငါပြန်တော့မယ် ... အဖေလည်း နေ မကောင်းဘူး၊ ဆိုက်ကားတောင် မထွက်နိုင်ဘူး”

“နင်က ဘာပူစရာရှိလို့လဲ ကော်ဖိနပ်ရ ... သူဌေးတစ် ယောက်နဲ့ ချိတ်ဆက်မိနေပြီပဲ”

“ငါက မပိုင်ရင် ခြင်တောင်မရိုက်ဘူး ဉာဏ်ထွန်းရ ... သွား ပြီနော် ... တော့တာ ... ”

“ကော်ဖိနပ် ... ခဏနေဦးလေဟာ ... ထိုင်ပါဦးဟ”

“ဆက်ထိုင်နေလို့ မဖြစ်ဘူး၊ အဖေက ဆေးဝယ်ခိုင်းလိုက် တာလေ ... ပြန်ရမယ်၊ မေ့နေတာဟ ... သွားပြီ ... ”

ဉာဏ်ထွန်းကို နှုတ်ဆက်ပြီး စက်ဘီးပေါ်တက်ခွ၍ နင်း ထွက်လာခဲ့သည်။ ရင်ခွင်တို့ အိမ်ရှေ့ဖြတ်တော့ ကော်ဝင်ပြီး သတင်းမေးလိုတဲ့ ဆန္ဒတွေ ပြင်းပြင်းပြပြ ဖြစ်ပေါ်လာခဲ့ပေမယ့် သူ့အပြစ်နဲ့သူပဲ ခံပါစေဟု တွေးပစ်လိုက်သည်။

“နင့်အပြစ်နဲ့နင်ပဲလေ ရင်ခွင် ... သူတော်ကောင်းကို စော် ကားလို့ အပြစ်ဒဏ်ခတ်ခံရတာပဲ နင်ခံလိုက် ... ”

ကော်ဖိနပ်ဆီ တည့်တည့်မတ်မတ်ရောက်လာတဲ့ ခဲလုံးအား ရင်ခွင်ကပေးလိုက်တာ ဖြစ်ပေမယ့် လွမ်းစရာတွေကို နာစရာနှင့်





ဖြေပစ်လိုက်သည်။

“အဲဒါ ... ငါ့ကို အမြဲတမ်း မကောင်းကြံစည်နေလို့လေ မင်းရင်ခွင် ... မှတ်လောက်သားလောက်အောင် ပညာပေးလိုက် တာပဲ၊ ငါ့ကို အထင်သေးပြီး အရှက်ခွဲချင်နေတဲ့ကောင်ပဲ”

ဝင်ပြီး သတင်းမမေးတော့ဘူး။ ကော်ဖိနပ်အပေါ် မိတ်ဆွေ ကောင်းပီသသလိုလိုနဲ့ အကောက်ကြံချင်နေသည်။ ပြီးတော့လည်း ကြီးကြီးကျယ်ကျယ် ကော်ဖိနပ်ကို ရည်းစားစကားပြောဖို့ ဝန်လေး နေတဲ့ကောင်။ နင့်ကိုယ်နင် အင်ဂျင်နီယာကြီးဖြစ်တော့မယ့်လူဆို ပြီး ဘဝင်မြင့်ပြီး မြှောက်နေတာ။ မိုးကောင်းကင်ကြီးကိုတောင် ခေါင်းနဲ့တက်ထိုင်မိတော့မယ်။ ကော်ဖိနပ်ကတော့ ရင်ခွင်ကို အောက်ကျမခံနိုင်၍ ရင်ခွင့်အကြောင်း မကောင်းတာတွေပဲ တွေး ပစ်သည်။ အဖေ့အတွက် ဆေးဝယ်ပြီး အိမ်အပြန်တွင်လမ်းမှာ မိတ္တေးဖြစ်သူ ဒေါ်နုနုနယ်နှင့် တိုးသည်။

“အမေနု ဘယ်သွားမလို့လဲ ... အပြင်မထွက်တော့ဘူးဆို အဖေ့အနားမှာနေပေးမယ်ဆို”

“အမေက မထွက်ချင်ပါဘူး ကော်လေးရယ်၊ အကြွေးရှင် တွေက မလာရင် လစ်တော့မယ်ထင်ပြီး ပြဿနာလာရှာကြမှာ၊ အမေ ဟန်မပျက်သွားရဦးမယ်”

မိတ္တေး ဒေါ်နုနုနယ်အကြောင်း ကော်ဖိနပ် မသိဘဲနေ မလား။ အကြွေးပြန်ဆပ်ဖို့ထက် ပြန်ပြန်ထပ်ယူ၍ လောင်းကစား



www.burmeseclassic.com

www.burmeseclassic.com



တွေ လုပ်နေသည်။

"အမေနု"

"ဟင်"

"ကျေးဇူးပြုပြီး အဖေ့အနားမှာပဲနေပါ"

"ငါ့အကြွေးတွေ ညည်းကဆပ်ပေးမှာလား ကော်ဖိနပ်၊ ဟို သူဌေးကို ညည်းရှောင်နေတယ်ဆိုတာ ငါသိတယ်၊ အသုံးမကျတဲ့ မာနတွေ၊ ဘာမဟုတ်တဲ့ကောင်တွေကိုကျတော့ ညည်းကအရေး တယူနဲ့တတွဲတွဲ၊ လက်ဖက်ရည်ဆိုင်ထိုင်ရတာနဲ့ ဒီရပ်ကွက်ထဲမှာ အရှုံးနဲ့လည်းတွဲ၊ ညည်းအဖေကို ညည်းပဲပြုစု၊ ငါကတော့ သွားစရာ ရှိတာ သွားရမှာပဲ"

မိထွေး ဒေါ်နုနုနယ်က ကော်ဖိနပ်ကို အကြပ်ကိုင်နေပြီဆို တာ သိသည်။ မတားတော့ ရှင်ကြီးသဘောပဲ။ ရှင်ကောင်းစားဖို့ တော့ ကော်ဖိနပ်ဘဝကို လုံးဝမစတေးနိုင်ပါဘူး။ မိထွေးဖြစ်သူ ကြောင့် ကော် အရွဲ့တိုက်ရင်း ရပ်ကွက်ထဲမှာ နာမည်ပျက်ရတာပဲ လေ။

"ရှင်ကြီး သုံးဖြုန်းချင်တိုင်း သုံးဖြုန်းနိုင်ဖို့ ကော်ဖိနပ်ရဲ့ အပျိုစင်ဘဝကို ငွေကြေးတွေနဲ့ အလဲလှယ်လုပ်ဖို့ မခိုင်းစေစမ်းပါနဲ့ ကျွန်မ ဘယ်တော့မှ မလုပ်ဘူး"

ဒေါ်သဖြစ်ဖြစ်နှင့် နှုတ်ခမ်းလေးကနေ မကျေမနပ်နှင့် ပွစိ ပွစိပြောရင်း အိမ်ပြန်ရောက်လာသည်။ အဖေ့ကို ဝင်ကြည့်တော့





မျက်လုံးတွေ မှိတ်ထားပြီး ငြိမ်သက်နေရာမှ ခြေသံကြောင့် နုနယ် လားဟုမေးနေ၏။ အဖေက မိထွေးဒေါ်နုနုနယ်ကိုတော့ တော် တော်လေး ချစ်မြတ်နိုးစွဲလမ်းသည်။ စိတ်ရှုပ်လိုက်တာ။ ကျွန်မ ကော်ပါ အဖေဟုပြောပြီး သူမအိပ်ခန်းလေးထဲဝင်လာခဲ့မိ၏။ အဖေ က ကော့်ကို ယောကျ်ားလေးတွေဆီကနေ ချူစား မြူစားတာကို ရှက်ပြီး လုံးဝ လက်မခံနိုင်ဘူးမဟုတ်လား။ အဲဒီကိစ္စနဲ့ အဖေမျက် နှာပူလို့ ဆိုတ်ကားတောင် ထွက်မနင်းနိုင်တော့ဘဲ အိပ်ရာထဲလဲနေ တာလားဟင်။ တကယ်လို့သာ ကော်က အဖေ့မိန်းမ ဒေါ်နုနုနယ် အတွက် ငွေရှာပေးမယ်ဆိုရင်ရော အဖေ လက်ခံမလားဟင်။ အဖေ့ ဆန္ဒက ဒေါ်နုနုနယ်ကို အနားမှာရှိနေစေချင်တာလည်း ကော်သိ နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၂ )

ချစ်စရာဆိုတဲ့ကောင်နဲ့တွေ့ရင် ခင်ဗျား ပြဿနာတွေအကြ
အကျယ်တက်လိမ့်မယ်ဟု ရင်ခွင်ပြောတာ မှန်နေသည်။ မိုးမာ
မောင်ကလဲ မိုးမာန်ပါပဲ။ ဘာမဟုတ်တဲ့ကောင်လေးတစ်ယောက်
နှင့် ဖက်ပြိုင်မိနေ၏။ မိုးမာန် ကံကောင်းလို့ ရပ်ကွက်ထဲကလူတွေ
ဝိုင်းရိုက်မခံရတာပါ။ နောင်တတွေ ရမိသည်။

"ကော်ဖိနပ် ... ကိုယ် နောင်တရပေမယ့် မင်းကိုတော့
အရယူဖို့ ဆုံးဖြတ်ချက်တွေ ချမိသွားပြီ၊ အကြင်နာလို မင်းကိုမချစ်
ပေမယ့် မင်းက ငါ့အတွက် တန်ဖိုးကြီးမားသွားရပြီ"

ကော်ဖိနပ်လို မိန်းကလေးတစ်ယောက်က သူ့ကိုငြင်းပယ်
တယ်ဆိုတာ တကယ့်ကိုခံပြင်းစရာပဲ။ မင်းအတွက် ငွေတွေပုံအော
ပစ်မယ် ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် မင်းကိုအရယူမယ်။ မိုးမာန်အတွက်
လွတ်တဲ့ငါးက ကြီးချင်နေသည်။





"ကိုယ့်ကားအဖိုးတန်ကြီး မှန်တွေကွဲသွားရထယ်၊ မီးလုံး
တွေကွဲသွားတယ် ... မင်းတန်ရာတန်ကြေးတော့ အလျော်ပေးရ
မယ်"

မိုးမာန် ရင်ထဲမှာ ပြင်းပြလွန်းတဲ့ဆန္ဒတွေက ခပ်ကြောင်
ကြောင်နှင့် ကော်ဖိနပ်ဆိုတဲ့ ကောင်မလေးအား ပွေ့ဖက်နမ်းပစ်
ချင်နေသည်။ အကြင်နာနဲ့တူနေလို့လား။ မင်းက ကံကောင်းစွာနဲ့
ကိုယ်ချစ်မြတ်နိုးရတဲ့ ချစ်သူ အကြင်နာနဲ့လာတူနေရတာကွ။ ဒီလိုမှ
မဟုတ်ရင် မိုးမာန်မောင်က မင်းလိုအဆင့်လောက်ကို စိတ်မဝင်စား
ဘူး ကော်ဖိနပ်။ ချစ်သူအကြင်နာနှင့်ပတ်သက်ပြီး အမှတ်တရ
ပစ္စည်းတွေ သိမ်းထားသော သီးသန့်အခန်းထဲ ဝင်လာခဲ့သည်။

"အကြင်နာ ... မင်းအပေါ် မောင်ဘယ်တော့မှ သစ္စာမဲ့ပါ
ဘူးကွာ ... ဒါပေမဲ့ ကော်ဖိနပ်ဆိုတဲ့ ကောင်မလေးကိုတော့ ကိုယ်
အရယူပစ်ရလိမ့်မယ်၊ အထီးကျန်နေတဲ့ မောင့်ဘဝကို အကြင်နာ
လည်း မကြည့်ရက်ဘူး မဟုတ်လား"

အကြင်နာနှင့်သူ အမှတ်တရတွေ အများကြီးပဲရှိနေကြ
သည်။ ချစ်သူဘဝမရောက်ခင် ငယ်သူငယ်ချင်းဘဝ အကြင်နာ့နှုတ်
ခမ်းလေးဆီက ထွက်ပေါ်လာသော ဆန္ဒတွေမှန်သမျှ မိုးမာန်မောင်
က ဖြည့်စွမ်းပေးပြီးသားဖြစ်နေ၏။ အကြင်နာ့မျက်နှာလေးပေါ်က
အပြောင်းအလဲကို စက္ကန့်မလပ် ဖတ်ရှုသုံးသပ်နေခဲ့ကာ အနည်းငယ်
မျှပင် အငြိုအငြင် မခံနိုင်ခဲ့။ အကြင်နာ့ကို ပျော်ရွှင်ကြည်နူးပီတိတွေ



www.burmeseclassic.com

www.burmeseclassic.com



နှင့်သာ ရယ်မောနေစေခဲ့သည်။

"မောင်နဲ့အကြင်နာ ဘယ်တော့မှမခွဲဘူးနော် ... မောင် တခြားကောင်မလေးတစ်ယောက်ကို မကြိုက်ရဘူး၊ အကြင်နာ့ အပေါ်မှာလည်း သစ္စာမမဲ့ရဘူး၊ အမြဲတမ်းချစ်နေရမယ်"

"တော်ပါတော့ အကြင်နာရယ် ... စိုးရိမ်ပူပန်မှုတွေမများ စမ်းပါနဲ့ကွာ ... အကြင်နာကလွဲပြီး မောင် ဘယ်သူ့ကိုမှမချစ်ဘူး ကဲ ... အကြင်နာမယုံရင် မောင် သစ္စာဆိုပြမယ်"

"အင်း ... ဆိုပြ"

အကြင်နာ့နှင့်အတူတူ သစ္စာစကားတွေဆိုပြီး သစ္စာရေ သောက်ခဲ့တဲ့ ငွေဖလားလေး မိုးမာန်ရဲ့အမှတ်တရတွေ။

"သံယောဇဉ်နှယ်ဆိုတဲ့ ကောင်မလေးကို မောင်ပတ်သက်ရ လိမ့်မယ်၊ မင်းနေရာမှာ မောင် ခဏလေးပါ ... အစားထိုးထား မလို့"

အကြင်နာရဲ့ရုပ်တု မိုးမာန်နာမည်ကြီး ပန်းပုဆရာတစ် ယောက်ဆီမှာအပ်ပြီး ထုလုပ်ထားတာ အမှတ်တမဲ့ကြည့်လျှင် အကြင်နာပဲ။ ချစ်သူကို ဘယ်လောက်အထိ စွဲလမ်းချစ်မြတ်နိုးရလဲ ချစ်သူပြတိုက်လေး အကြင်နာ့အသုံးအဆောင်ပစ္စည်းတွေ။ ဆံပင် ညှပ်တဲ့ဆံညှပ်လေးကအစ။ သူမ နှစ်သက်စွာ စီးတတ်တဲ့ဖိနပ်တွေ။ အကြင်နာ့ဆံပင် ဖီးသင်လို့ ကျွတ်ကျတဲ့ဆံပင်အတိုအစတွေကအစ။

"မောင် ... တကယ်လို့သာ အကြင်နာသေဆုံးသွားခဲ့ရင်



လေ မောင့်ရင်ထဲက အကြင်နာနဲ့ပတ်သက်ခဲ့တဲ့ အမှတ်တရတွေ အားလုံး ဖယ်ထုတ်မေ့ပျောက်ပစ်လိုက်ပါ ... အထီးကျန်မနေပါနဲ့ အကြင်နာ မကြည့်ရက်လို့ပါ"

အကြင်နာက မောင့်ကို အထီးမကျန်စေလိုပါဘူး။ မောင်က တော့ တကယ်ပဲ အထီးကျန်နေခဲ့တယ်။ အမှတ်တရတွေကို ပျောက်ဖျက်ပစ်ဖို့နေနေသာသာ ချစ်သူပြတိုက်လေးလုပ်ပြီး သိမ်း ဆည်းထားခဲ့တာပါ။ အကြင်နာ့ကို မိုးမာန် အချစ်ကြီးချစ်သည်။

"မောင် ချစ်တာက အကြင်နာတစ်ယောက်ထဲပဲ၊ အကြင်နာ ကလွဲပြီး မောင် ဘယ်သူ့ကိုမှလည်း လက်မထပ်ဘူး၊ ဒါပေမဲ့ ... သံယောဇဉ်နှယ်ကိုတော့ မောင့်အနားမှာထားချင်တယ်၊ အကြင်နာ့ ကိုအလွှမ်းပြေပါ"

ချစ်သူအကြင်နာရဲ့ အမှတ်တရတွေကို နေ့စဉ်မပျက် သူ ကိုယ်တိုင် သန့်ရှင်းရေးလုပ်ပေးခဲ့သည်။ ဘယ်သူ့ကိုမှ ဝင်ခွင့်မပြု။ သူနိုင်ငံခြားကိုထွက်သွားတော့ ထိုအခန်းလေးအား သော့ခတ်ထား သည်။ မကြာသေးခင်ကမှ ချစ်သူပြတိုက်လေးဆီပြန်လာခဲ့ပြီး သန့် ရှင်းရေးတွေလုပ်ခဲ့၏။ မိုးမာန် ရင်ထဲမှာ အကြင်နာပဲ ထာဝရရှိသွား မည်ဖြစ်သည်။ မိုးမာန် ချစ်သူပြတိုက်လေးထဲကနေ ပြန်ထွက်လာခဲ့ ၏။ လသာဆောင်မှာ ဝင်ထိုင်သည်။

"အစ်ကိုလေး ... ကားမှန်တွေ မီးလုံးတွေ ပြင်လိုက်ရတော့ မလား"

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ထားလိုက် ... ဒါ အမှတ်တရပဲ"

"ဗျာ"

"ဂိုထောင်ထဲက ကားအသစ်တစ်စီး ထုတ်လိုက် ... ဒီကား ကို လုံးဝမထိနဲ့၊ အမှတ်တရထားမယ်"

ဒီကားကတော့ သံယောဇဉ်နွယ်ဆိုတဲ့ ကော်ဖိနပ်နဲ့အမှတ် တရပဲ။ ညက သူသောက်တာလည်း များသွားခဲ့သည်၊ ခေါင်းတွေက မကြည်လင်။ လသာဆောင်မှာ ခဏထိုင်ပြီး ခြံကြီးထဲက မှန်စတွေ ထိုးထိုးထောင်ထောင်နှင့် သူ့ကားအသစ်ကီးကို ကြည့်မိနေသည်။

"ကော်ဖိနပ် ... မင်းတော်တော်ရုပ်တာပဲ၊ ရည်းစားတွေက လည်း များလွန်းတယ်၊ ဒါပေမဲ့လည်း ... မင်းကချစ်စရာကော ကောင်းပါတယ်"

ငယ်ရွယ်နုပျိုလွန်းတဲ့ ကော်ဖိနပ်မျက်နှာလေးက နုနုဖတ် ဖတ်လေး။ သူ့ရှေ့ရောက်လျှင် မာနတွေက တင်းတင်း။ မင်းတွေ ခေါ်နေတာပါ။ သိပ်ကြီးကျယ်မနေစမ်းပါနဲ့။ ကော်ဖိနပ်ကို မိုးမာ မေ့ပစ်လို့မရတော့ ဝန်ခံချင်သည်။

"မင်းလိုကောင်မလေးမျိုးကိုတော့ ကိုယ်မချစ်ဘူး ... ကိုယ့် နှလုံးသားထဲက အချစ်တွေအားလုံး ထုတ်ယူပြီး အကြွင်နာရဲ့အုတ်ဂူ ထဲမှာ မြုပ်နှံထားတယ်၊ ဒါပေမဲ့ ... မင်းကိုယ့်အနားမှာနေပေး မယ်"

မိုးမာန် ခေါင်းတွေလေးလံနေသည်။ ညက ရပ်ကွက်ထဲက





လူတွေလိုက်၍ ပြေးလိုက်ရတာ။

"ဟား ဟား ဟား ... မင်းလိုကောင်မလေးကလား မိုး မာန်ကို ငြင်းပစ်တာ"

သူ လသာဆောင်ကနေထပြီး ရေချိုးခန်းထဲ ဝင်လာခဲ့ သည်။ ရေပန်းကို အရှိန်ပြင်းပြင်းဖွင့်ပြီး ရေပန်းအောက်ဝင်လိုက်၏။ သူ့ခေါင်းပေါ်ရေတွေ တဖြန်းဖြန်းအသံတွေ ဆူညံကျနေတာတောင် ကော်ဖိနပ်အကြောင်းတွေက သူ့နှလုံးသားတွေ တိုးဝင်လာသည်။

"ဟော့ ... ကောင်မလေး ကော်ဖိနပ် ကိုယ့်အတွေးကို မင်း ပုံရိပ်တွေနဲ့ လွှမ်းခြုံပစ်လိုက်ဖို့ မကြိုးစားနဲ့ကွ၊ ကိုယ့်မှာ ချစ်တတ် တဲ့နှလုံးသား မရှိတော့ဘူး၊ ချစ်သူပြတိုက်ထဲမှာ ထည့်ထားတယ်"

သူ အော်ဟစ်ပစ်သည်။ ကော်ဖိနပ်လိုကောင်မလေးမျိုးကို လွှမ်းဆွတ်တမ်းတ သတိရနေစရာလားကွာ။ သူ အပြင်ပြန်ထွက် လာသည်။ ကိုယ်လုံးပေါ်မှန်ကြီးရှေ့မှာရပ်ပြီး ရေထုတ်ရင်း ဖြူနု သန့်စင်နေတဲ့ ယောကျာ်းပီပီသသ သူ့ခန္ဓာကိုယ်က ကော်ဖိနပ်လို အစုတ်ပလုပ်၊ ဆင်းဆင်းရဲရဲ ကောင်မလေးနဲ့ ဘယ်လိုလုပ် တန်မှာ လဲဟု တွေးပစ်သည်။

"ကိုယ်နဲ့မင်း မတန်ဘူး ကော်ဖိနပ် ... မင်းကို မိတ်ဆွေ တစ်ယောက်လို ကိုယ်ကခင်မင်နေရင်တောင် မင်းကျေနပ်ပျော်ရွှင် စမ်းပါကွ"

မိုးမာန်ပေးတဲ့ လက်ဝတ်ရတနာတွေကိုပင် ကော်ဖိနပ်က



www.burmeseclassic.com

www.burmeseclassic.com



ငြင်းဆန်သည်။

"ဘာဖြစ်လို့လဲ ကော်ဖိနပ် ... နည်းလို့လား၊ မင်းက ဒီထက် မကတန်ဖိုးကြီးမားတာတွေ မျှော်လင့်နေတာ မဟုတ်လား"

မိုးမာန်ရဲ့ဘဝတစ်လျှောက်လုံးမှာ ဘယ်လိုမိန်းကလေးမျိုးကမှ ငြင်းပယ်ခဲ့တာမျိုး မရှိခဲ့။ သူ့ဘက်ကပဲ အဖက်မတန်သလို ဥပေက္ခာပြုနေထိုင်ခဲ့တာပဲ ရှိသည်။

"မင်း ဘာလိုချင်နေရတာလဲ၊ ဘယ်လောက်ပေးမှ မင်းက အပြုံးနဲ့လက်ခံမှာလဲ ... မင်းကို ကိုယ်အထင်တကြီးရှိလိမ့်မယ်လို့တော့ ထင်မထားနဲ့နော် ကော်ဖိနပ် ... ဖိုးထုတ်တစ်ထုတ်တောင် အငမ်းမရ လက်ခံယူနေတာများ ... "

ကော်ဖိနပ် အပြုအမူတွေအတွက် မိုးမာန်ခံပြင်းနေရသည်။ နာကျင်ရ၏။ သူ အဝတ်အစားလဲပြီး မင်းရင်ခွင်ကို သတိရလာ၍ ဒီကောင်လေး တက်သောကျောင်းကို ရောက်လာသည်။

"မင်းရင်ခွင် ... စာမေးပွဲတောင် လာမဖြေနိုင်ဘူး၊ ခေါင်းပေါက်သွားလို့ပါ အစ်ကို"

"ဘာ ... ခေါင်းပေါက်တယ် ဟုတ်လား၊ ဘာဖြစ်တာလဲ"

"မသိဘူး ... မင်းရင်ခွင်က လျှို့ဝှက်တယ်၊ ရပ်ကွက်ထဲမှာတော့ အရူးကပေါက်တာဆိုတာပဲ ... ချော်လဲတာလို့လည်းပြောနေတယ်"

မင်းရင်ခွင် စာမေးပွဲဖြေနေတာလည်း မိုးမာန်မသိပေ။





အတန်းတင်စာမေးပွဲကြီးတောင် လာမဖြေဘူးဆိုတော့လည်း ကော်ဖိနပ်ကြောင့် ပြဿနာတွေ တက်ခဲ့တာလား။ အရူးက ခဲနဲ့ပေါက်တယ်ဆိုတော့ သူ့လိုပဲ ချစ်စရာနှင့်ပြဿနာတက်တာပဲ ဖြစ်နိုင်သည်။ သူ့ကားက အသစ်ဆိုတော့လည်း ရပ်ကွက်ထဲကလူတွေ မမှတ်မိနိုင်ပေ။ ညကလည်း မှောင်နေတာဖြစ်၍ ကော်ဖိနပ်အကြောင်းလည်း မိုးမာန်သိချင်လာသည်။ ရင်ခွင်သို့ အိမ်ကိုတော့ မိုးမာန်သိနေ၏။ မသွားသင့်မှန်းသိနေပေမယ့် သွားဖို့ပဲ ဆန္ဒတွေက ပြင်းပြင်းပြပြ။ သူ့ဦးနှောက်တွေက မဆုံးဖြတ်နိုင်ခင် သူ့ကားလေးက မင်းရင်ခွင်သို့အိမ်လေးရှေ့ ထိုးရပ်သွားသည်။

"သားရေ ... ဒီမှာညွှံ့သည်ရောက်နေတယ်၊ သားမိတ်ဆွေတဲ့"

အဖေ့အသံကြောင့် ရင်ခွင် အိပ်ခန်းလေးထဲကထွက်လာတော့ အပြင်မှာ ထိုင်နေသူက ကိုမိုးမာန်မောင်ပင်။

"ရင်ခွင်"

"ကိုမိုးမာန်မောင် ... ဘာကိစ္စရှိလို့လဲ"

အမေက ညွှံ့သည်နှင့်စကားပြောနေဦး။ အမေ ဈေးသွားဦးမယ်ဟုပြောပြီး ကိုမုန်းမာန်မောင်ကိုလည်း နှုတ်ဆက်၍ထွက်သွားမှ ရင်ခွင် သက်ပြင်းကိုချပစ်နိုင်သည်။

"ဘာဖြစ်လို့လဲရင်ခွင် ... အစ်ကိုက ရင်ခွင်ကျောင်းမတက်လို့ သတင်းလာမေးတာပါ၊ ဘာဖြစ်လို့များ သက်ပြင်းတွေချ၊ မျက်[illegible]



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာတွေပျက်နေရတာလဲ၊ ကိုယ်ကားအသစ်နဲ့ပါကွ ... ဟိုကားကြီးက ချစ်စရာလက်ချက်နဲ့ ချစ်သူပြတိုက်ကိုရောက်သွားပြီလေ"

"ဘာပြောတယ်ဗျ ... ချစ်သူပြတိုက် ဟုတ်လား"

"ဟုတ်တယ်လေ ရင်ခွင် ... အစ်ကိုရဲ့ရူးသွပ်မှုလေကွာ"

ကားအကောင်းစားကြီးတစ်စီး ပျက်စီးရတာကိုပင် ကလေးကစားစရာကားလေးတစ်စီး လွှင့်ပစ်လိုက်သလိုပါပဲလား။ ချစ်သူပြတိုက်မှာ သိမ်းထားလိုက်ပြီတဲ့။ နောက်ထပ် ကားအကောင်းစားတစ်စီး။ ကော်ဖိနပ်မမက်မောဘဲနေမလား။ ကိုမိုးမာန်မောင်ကို ချစ်မိနေပြီဟု ကော်ဖိနပ်က ကျေနပ်ပီတိတွေ ဝေဖြာနေကာ ပြောသွားခဲ့တယ်။ ရင်ခွင့်ခေါင်းမှ ဒဏ်ရာက မနာကျင်ရဘဲ ရင်ခွင့် ရင်ဘတ်ထဲက နာကျင်စူးရှနေသည်။

"ခင်ဗျား လာတာက အန္တရာယ်များလွန်းတယ်၊ ကော်ဖိနပ်နဲ့တွေ့ချင်တာလား ... ဒါဆိုလည်း ခင်ဗျားက သူ့ရွေးပဲ ကိုမိုးမာန်၊ ဖုန်းတစ်လုံးလောက်ပေးထားလေဗျာ၊ အဆက်အသွယ်လုပ်ပြီး အပြင်မှာပဲသွားတွေ့ကြပါ၊ ရပ်ကွက်ထဲမှာ ကော်ဖိနပ်နဲ့တွဲရင် မကျေနပ်တဲ့ကောင်တွေက အများကြီးပဲဗျ"

"မင်းခေါင်းက ဒဏ်ရာကရော ဘာဖြစ်လို့ရခဲ့တာလဲ ရင်ခွင်၊ မင်းနစ်နာမှုက ဘာကြောင့်လဲ ... ကော်ဖိနပ်နဲ့ပတ်သက်နေတာ မဟုတ်လား"





ကော်ဖိနပ်ကြောင့် သူ့ခေါင်းကွဲရတာတွေ စာမေးပွဲမဖြေလိုက်ရတာတွေကို အမေသိသွားလို့မဖြစ်တဲ့အပြင် ရပ်ကွက်ထဲမှာ သတင်းပျံ့သွားလျှင် ကော်ဖိနပ်ကို ဝိုင်းထိုးနှက်ပြောဆိုကြမှာ ရင်ခွင် အဖြစ်မခံနိုင်ပါဘူး။

"ကော်ဖိနပ်နဲ့ ဘာမှမဆိုင်ပါဘူး၊ ပြဿနာက ကျွန်တော်ပဲ ဒါပါပဲ ... "

ရင်ခွင် ... မင်းနဲ့ကော်ဖိနပ် ဘာမှမဆိုင်ဘူးဆိုတာ တကယ်ပဲလား။ ရပ်ရည်သန့်ပြန့်ပြီး ပညာကြိုးစားတဲ့လူတော်လေး မင်းရင်ခွင်ဘဝကိုတော့ မပျက်စီးစေချင်ပေ။

"အစ်ကိုမိုးမာန် ပြန်ပါ ... နောက်ထပ် ရပ်ကွက်ထဲကို မလာပါနဲ့ဗျာ၊ အစ်ကိုမိုးမာန်နဲ့ကော်ဖိနပ်တို့ကိစ္စက ကော်ဖိနပ်ရွေးချယ်မှုပါပဲ၊ တစ်ခုပဲ ကျွန်တော်ပြောချင်တာက ကော်ဖိနပ်ဘဝကိုတော့ ငွေတွေပုံအောမက်လုံးတွေပေးပြီး မဖျက်စီးပစ်လိုက်ဖို့ပဲ၊ ကော်ဖိနပ်က ကျွန်တော်တို့သူငယ်ချင်းပါ ... ပျော်ရွှင်စေချင်တယ်၊ ကောင်းစားစေချင်တယ် ... ဒါပါပဲ ... "

ကော်ရယ် ... ငါကလေ ကိုမိုးမာန်မောင်ကို ဘယ်လိုမှယှဉ်ပြိုင်နိုင်တဲ့လူတစ်ယောက်တော့ ဖြစ်မလာနိုင်ပါဘူး။ မင်းရင်ခွင်က အင်ဂျင်နီယာတစ်ယောက် ဖြစ်လာရင်တောင် နင့်အတွက်ကတော့ ရယ်မောလှောင်ပြောင်စရာပဲ ဖြစ်နေလိမ့်မယ်ထင်တယ်။ တကယ်ဆို သူငယ်ချင်းတစ်ယောက်အနေနဲ့ သတင်းမေးဖို့တောင် နင့်မှာ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးမရှိဘူး မဟုတ်လား။ ရက်စက်လွန်းပါတယ်ဟာ။

"အခုလို ရပ်ကွက်ထဲအထိ သတ္တိရှိရှိလာနေတာလည်း ကိုမိုးမာန်ရဲ့အချစ်တွေကို ရင်ခွင်လေးစားပါတယ်။ အတည်ကြံပါဗျာ"

"ကိုယ်ပြန်ပြီ ရင်ခွင် ... မင်းအတွက် စိတ်မကောင်းဘူးကွာ၊ ကိုယ်ဘာကူညီနိုင်မလဲ ... ပြော ... "

"ကျွန်တော့်အတွက် ဘာအကူအညီမှ မလိုအပ်ပါဘူး၊ ကိုမိုးမာန်ရာ ... ကော့်အတွက်ပဲ စိတ်ပူတာပါ၊ ကျွန်တော့်ရဲ့တောင်းဆိုမှုကို အသိအမှတ်ပြုတဲ့အနေနဲ့ ကတိတော့ ပေးသွားပါ"

"မင်းကျန်းမာရေးပဲ ဂရုစိုက်စမ်းပါ ရင်ခွင် ... ကိုယ်သွားပြီ"

"ခဏလေး ကိုမိုးမာန်"

"ပြောလေကွာ"

"ကော်ဖိနပ်အပေါ် ခင်ဗျား ဘယ်လိုသဘောထားလဲ၊ အသေအချာပြောပြပေးပါ ... ကော်ဖိနပ်ကို ခင်ဗျား လက်ထပ်ယူမှာလား အတိအလင်းလေ"

"ကိုယ်သွားပြီ ရင်ခွင် ... နောက်မှ တွေ့ကြရအောင်ပါ၊ နေကောင်းအောင်ပဲလုပ် ... အိုကေ ... "

"ကိုမိုးမာန်မောင် ... ဒီမှာ ... "

မင်းတောင်းတဲ့ကတိတွေကို လုံးဝမပေးနိုင်ဘူး မင်းရင်ခွင်။ ကော်ဖိနပ်ကို အတိအလင်းလက်ထပ်ယူဖို့ဆိုတာလည်း လုံးဝမဖြစ်နိုင်တဲ့ကိစ္စပဲ။ ကော်ဖိနပ်လို မိန်းကလေးက မိုးမာန်မောင်ရဲ့အတွက်





အဖော်ပဲဖြစ်လိမ့်မယ်။ ကိုယ်ငွေတွေပုံအောချင်ရင် ပုံအောပစ်ပေမယ့် အတိအလင်းတရားဝင်လက်ထပ်ယူဖို့ဆိုတာတော့ စိတ်ကူးယဉ်အိပ်မက်ထဲမှာတောင် ထည့်မမက်သင့်တာကွ။ မင်းရင်ခွင်မကျေမနပ်နှင့် သူ့နာမည်ကို အော်ဟစ်တားဆီးရင်း ကျန်ရစ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၃ )

"အဖေ ... ကော့်ကြောင့်ရှက်ပြီး အလုပ်မသွားနိုင်တာလား ဟင် ... သမီးနဲ့ ဘာမှမပတ်သက်ပါဘူး၊ နောက်ထပ်လည်း ပတ်သက်စရာအကြောင်း မရှိတော့ပါဘူး၊ သမီးလိမ်လိမ်မာမာနေပါ့မယ်"

အဖေ့မျက်နှာပြင်က ချောင်ကျနေသည်။ ဆိုက်ကားနင်းနေပေမယ့် အဖေက သန့်သန့်ချောချောပဲ။ မိထွေးကြောင့်ပါ။ အဖေစုဆောင်းထားတဲ့ငွေနဲ့ မိထွေး ဒေါ်နုနုနယ်က ဆိုက်ကားတစ်စီး အတင်းဝယ်ခိုင်းပြီး နင်းခိုင်းခဲ့တာပါ။ အိပ်ရာထဲမှာ အဖေဘုံးဘုံးလဲသွားမှာလည်း ကော် စိတ်ပူသည်။

"သမီးကြောင့် မဟုတ်ပါဘူးကွယ် ... တကယ်ဆို အဖေ့ကြောင့် သမီးဆိုက်ကားသမားသမီးအဖြစ် ဂုဏ်ငယ်နေရရှာတာပါ"

"အဖေ ကော်တစ်ခါမှ အဖေ့သမီးဖြစ်ရတာ ဂုဏ်ငယ်တယ်





လို့ မထင်ခဲ့ပါဘူး ... သမီးဘဝကို အဖေဂုဏ်ယူရတဲ့သမီးဖြစ်အောင် ကြိုးစားပါတော့မယ်"

မိထွေး ဒေါ်နုနုနယ်ကြောင့် ကော်အရွဲ့တိုက်လုပ်ပြနေရာကနေ နာမည်ပျက်ရသည်။ မိထွေးက သူဌေးတွေကို ချိုင်ခိုင်းနေသဖြင့် သူမက တမင်ရပ်ကွက်ထဲက ငမွဲတေတွေနှင့် ကော်ဖီဆိုင်မှာ ထိုင်ချင်ထိုင်ပစ်၏။ ချစ်စရာကတော့ သူမ စနောက်ရင်း ချစ်စရာ အမေကလည်း သူ့သားပျော်ရွှင်အောင် အလိုက်အထိုက်ဆက်ဆံပေးဖို့ ပြောတာနှင့် မိထွေးမကျေမနပ် ဒေါသထွက်အောင်လည်း တမင် ဖန်တီးနေခြင်းဖြစ်သည်။ ဒါပေမဲ့ ... အခုတလော ကော် ပတ်ဝန်းကျင်မှာ အထင်သေးအမြင်သေးစရာအလုပ်တွေ မလုပ်လိုပေ။ ရင်ခွင့်ကြောင့်ပဲ ... ကော်ဖိနပ်ကို ဘယ်သူတွေ ဘယ်လောက်ပဲ အထင်သေးနေပါစေ မင်းရင်ခွင် အထင်သေးနေတာကိုတော့ မခံယူလိုတော့ပေ။ ကော် ဘယ်လောက်ပဲ ပြဿနာရှာနေပါစေ ကာကွယ်စောင့်ရှောက်ပေးတတ်တဲ့ မင်းရင်ခွင်ပါ။

"အဖေ"

"ဟင်"

"အမေနုရဲ့အကြွေးတွေ ဆပ်ဖို့လေ ... "

"အဲဒါ သမီးနဲ့ဘာမှမဆိုင်ဘူး၊ သူ့ကိစ္စပဲ ... သမီးဝင်ပြီး ပူပန်နေစရာလည်း မလိုဘူး၊ ဝင်ဆပ်ပေးစရာလည်း မလိုဘူး"

အဖေက သူဌေးကားပေါ် ကော်ထပ်လိုက်သွားမှာ



www.burmeseclassic.com

www.burmeseclassic.com



ကြောက်ရွံ့ထိတ်လန့်နေသလိုပင်။ မျက်လုံးပြူးကြီးတွေနှင့် ကော့ကို တားသည်။ အဖေ ခံယူချက်က အဲဒီလိုဆိုရင်တော့ ကော်က အနေသာကြီးပါ။

"အဖေက နုနယ်ကို ချစ်မြတ်နိုးနေတာ ဖြစ်ချင်ဖြစ်ပေမယ့် သမီးဘ၀ကိုတော့ ရောင်းမစားဘူး၊ အဖေ့သမီးကို တင့်တင့်တယ်တယ်ပဲ မြင်တွေ့ချင်တယ်၊ ရှုပ်ရှုပ်ယှက်ယှက်တွေမလုပ်နဲ့၊ အခု အဖေ စဉ်းစားနေတာက သမီးနာမည်ပဲ ... သံယောဇဉ်နှယ်ဆိုတဲ့ နာမည်လေး ပျောက်သွားလို့မဖြစ်ဘူး၊ ကော်ဖိနပ်ဆိုတဲ့ နာမည်ကြီးကို ဖျောက်ရမယ် ကြားလား ..."

"သမီးလည်း သံယောဇဉ်နှယ်ဆိုတဲ့နာမည်လေးကိုပဲ အသုံးပြုချင်ပါတယ် အဖေ"

"နောက်နေ့ကစပြီး အဖေလည်း ၀င်ငွေရအောင်ရှာရမယ်၊ သမီးကျောင်းစရိတ်ကလည်း ရှိသေးတယ်၊ သံယောဇဉ်နှယ်လေး ဘွဲ့လေးတစ်ခုရအောင် ကြိုးစားနော်"

"ဟုတ်ကဲ့ ... ကော် ... အဲ့ သံယောဇဉ် ကြိုးစားမယ်"

"ဒါမှ အဖေ့သမီး ..."

အဖေ့အနားကနေ သူမထွက်လာခဲ့သည်။ ခြံလေးထဲမှာထိုင်ရင်း သူမ သတိရနေမိတာက ရင်ခွင့်ကိုပင်။ စာမေးပွဲလည်း မဖြေရဘူး ခေါင်းကဒဏ်ရာကရော သက်သာရဲ့လား။ သူမ သတင်းသွားမေးသင့်လား။ ရင်ခွင့်ကိုရွဲ့ပြီး သူမက ကိုမိုးမာန်မောင်ကို ချစ်နေ





သယောင် ပြောထားခဲ့တာ။ ကော် နောင်တတွေရနေမိသည်။

"ငါ မပြောသင့်ဘူး ... ဟုတ်မှမဟုတ်တာဘဲ၊ ရင်ခွင့်ကိုပြန်ပြီး ရှင်းပြလိုက်ရင် ကောင်းမလားဘဲ"

အခြေအနေကြီးတဲ့ မင်းရင်ခွင်။ တစ်နေ့နေ့မှာ အင်ဂျင်နီယာဖြစ်မလိုလို ဘာလိုလိုနှင့် ဒီကောင့်ကို ဂရုစိုက်စရာမလိုပါဘူး။ ရှင်းမပြဘူး။ ထင်ချင်သလိုထင်။ မင်းရင်ခွင် တစ်နေ့ကျရင် နင့်ထက်သာအောင် ကြိုးစားပြမယ်။ ငါ့နာမည် ကော်ဖိနပ်မဟုတ်တော့ဘူး သံယောဇဉ်နှယ်။

"တီ ..."

"ဟင် ..."

သူမတို့အိမ်လေးနှင့် မလှမ်းမကမ်းတွင် ကားတစ်စီးရပ်လာပြီး ကားပေါ်မှ ဆင်းလာသူက ကိုမိုးမာန်ဖြစ်နေသည်။ အဖေ သိသွားရင် ပြဿနာပဲ။ သူမ အထိတ်တလန့်နှင့် နှုတ်ခမ်းလေးပေါ် လက်ညှိုးလေး တင်လိုက်ပြီး တိတ်တိတ်လေးနေရန် အချက်ပြလိုက်၏။ အဖေ့ သမီး အပြင်ခဏသွားဦးမယ်ဟု အော်ပြောပြီး လမ်းမပေါ် ပြေးထွက်လာခဲ့၏။ ကားက အသစ်ကြီးပဲ ရှင်တော်တော်လေး ကားတွေပေါ်နေပါလား။ ကားပေါ်တက်ဆိုတော့ သူမ ကပျာကယာတက်လိုက်သည်။ ဒီနေ့တော့ ကိုမိုးမာန်မောင်နဲ့ အပြတ်ရှင်းပစ်ရမယ်။ ဘာသဘောနဲ့ သူမအား ရပ်ကွက်ထဲမှာ အရှက်ခွဲနေရတာလဲ။ ဒေါသတွေက ထွက်ချင်နေသည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့ရပ်ကွက်ထဲကို ကားကြီးတစ်စီးပြီးတစ်စီးနဲ့ ဝင်ထွက်မနေပါနဲ့ ကိုမိုးမာန်မောင်"

"ရပ်ကွက်ထဲကကောင်တွေက ကိုယ့်ကားမှန်ကိုထပ်ပြီး ရိုက်ခွဲကြမှာစိုးလို့လား၊ မပူပါနဲ့ သံယောဇဉ်ရယ် ... တစ်စီးပြီးတစ်စီး အချစ်ပြတိုက်မှာ ထားပစ်လိုက်မယ်"

"ဘာလဲ အချစ်ပြတိုက် ..."

"မင်းသိချင်တာလား ... ဒါဆို ကိုယ်နဲ့လိုက်ခဲ့လေ"

"မလိုက်ပါဘူး၊ ကားကိုရပ်ပေးပါ ကိုမိုးမာန်မောင် ... အခု လိုက်လာတာ အဖေသိမှာစိုးလို့ပါ၊ ကားရပ်ပါတော့"

"ကိုယ့်ကို မင်းရင်ခွင်ကပြောတယ်၊ ကော်ဖီနပ်နဲ့ပတ်သက်ချင်ရင် အပြင်မှာသွားပတ်သက်ကြပါတဲ့ ... မင်းနဲ့အဆက်အသွယ်ရအောင် ဖုန်းလေးတစ်လုံးလောက်ပေးပို့ရမလား သံယောဇဉ်နှယ်"

"ကျွန်မနာမည် ကော်ဖီနပ်ပါ၊ ရှင်နဲ့ဘာအဆက်အသွယ်မှလည်း မလုပ်ဘူး၊ ရှင့်ဆီကနေ ဘာပစ္စည်းမှ မယူချင်ဘူးလို့ပြောထားတယ်နော်"

"မယူဘူးဆိုရင် ကိုယ်ကတော့ မင်းအိမ်ရှေ့အထိ လာရမှာပဲ သံယောဇဉ်"

"ဘာရှင့်"

"ကိုယ်က သံယောဇဉ်ကို မတွေ့ရရင် နေမှမနေနိုင်တာ"

"ရှင် ... ရူးနေလား ... ကျွန်မဘက်က လက်မခံနိုင်ဘူးလို့





ပြောထားပြီးပြီနော် ... နောက်ထပ်လာရင် ရပ်ကွက်ထဲကကောင်တွေ ဝိုင်းရိုက်ရင် ကျွန်မလည်း မတတ်နိုင်ဘူး"

"ဒီရပ်ကွက်ထဲက မင်းပြောင်းမလား သံယောဇဉ် ... ကိုယ်အားလုံး ပြည့်စုံအောင် စီစဉ်ပေးနိုင်ပါတယ်"

"ဟား ... ဟား ... ဟား ..."

"မင်း ဘာရယ်တာလဲ"

"ရယ်ချင်လို့"

"မင်းက ချစ်စရာကောင်းတယ်၊ မထင်မှတ်ဘဲ ကိုယ်တို့နှစ်ယောက်က ဆုံဖြစ်သွားကြတယ်လေ ... အဲဒါ ရေစက်လား"

"ဘုံဘိုင် ..."

သူမရွဲ့ပြီး ပြောနေရင်း ကားပေါ်ကနေ ဆင်းဖို့အကွက်ချောင်းနေတာ ကားက လေအဟုန်ကိုခွင်း၍ ဦးတည်ရာ ဘယ်နေရာမှန်းမသိ ပြေးနေသည်။

"ကားကိုရပ်ပေးစမ်းပါ၊ ကျွန်မ ခုန်ဆင်းလိုက်မှာနော် ... အခု ဘယ်သွားနေတာလဲ၊ ကျွန်မကို ဘယ်ခေါ်သွားမလို့လဲ၊ ရပ်ပေးပါ"

"မင်းကို ကိုယ့်ရဲ့အချစ်ပြတိုက်လေးဆီ ခေါ်သွားမလို့လေ"

"ဘာရှင့်"

"မင်း အေးအေးဆေးဆေး လိုက်ခဲ့ပါ ... သံယောဇဉ်နှယ်၊ မင်းကိုခေါ်သွားနိုင်ဖို့ မင်းအမေကို ကိုယ်ပိုက်ဆံသိန်းနှစ်ဆယ်ပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရတယ်”

“ဘာပြောတယ်”

ကိုမိုးမာန်မောင်နှင့်မိထွေး ဒေါ်နုနုနယ်တို့ ဘယ်တုန်းက တွေ့ဆုံလိုက်ကြတာလဲ။ သိန်းနှစ်ဆယ်ပေးလိုက်ရတယ်တဲ့ ... ဘုရားရေ ... သူမစိတ်တွေ ချောက်ချားချားချားနှင့် ကြည့်မိသည်။

“စာချုပ်မှာ လက်မှတ်ထိုးယူသွားတယ်၊ သံယောဇဉ်နှယ် ဆိုတဲ့ကော်ဖီနပ်က သူ့သမီးပါတဲ့၊ မောင်မိုးမာန်မောင်နဲ့ အဆင်ပြေဖို့ အမေနဲ့ တာဝန်ယူနိုင်ပါတယ်တဲ့ ... ဘယ်လိုလဲ”

“ဘာဆိုင်လဲ ... ရှင့်ကိုဘယ်သူမှ မပေးခိုင်းဘူး၊ ကျွန်မ မိထွေးယူတာ ကျွန်မ လုံးဝတာဝန်မယူနိုင်ဘူးနော်”

“ဒီလိုအကွက်တွေက ရိုးနေပြီ ကော်ဖီနပ် ... မင်းအကွက် ရွှေ့ဖို့ မကြိုးစားပါနဲ့”

“ဘာရှင့်”

“မင်းအဖေကို လိမ်လည်မှုနဲ့ ရဲစခန်းတိုင်ပစ်လိုက်ရမလား ၄၂၀ လေ ... ”

“ရှင် ... ရှင် ... ကျွန်မကိုလာပြီး အကြပ်မကိုင်ပါနဲ့၊ အမိပွါယ် လည်းမရှိဘူး၊ ဒေါ်နုနုနယ်က ကျွန်မအမေ အရင်းလည်းမဟုတ်ဘူး မိထွေး ... သူ့ကိုဖမ်းချင်ဖမ်း၊ ကျွန်မ လုံးဝတာဝန်ယူဖြေရှင်းပေးမှာ မဟုတ်ဘူးနော်”

ဒေါ်နုနုနယ် ရက်စက်လိုက်တာ။ သူမကို ရောင်းစားလိုက်





တာပဲ။ အဖေသာသိသွားရင်တော့ မလွယ်ဘူး။ သူမကိုယ်တိုင် လည်း မိထွေးဒေါ်နုနုနယ်ကြောင့် သူမဘဝကို အဆုံးရှုံးမခံနိုင်။ သူမ ဘယ်လိုလုပ်ရမလဲ။ ကားလေးက ခြံဝင်းကျယ်ကြီးတစ်ခုထဲ မောင်း ဝင်လာခဲ့သည်။

“ဒါ ... ကိုယ့်ခြံပဲ”

“ဒီမှာ ကျွန်မကို ဘာဖြစ်လို့ ဒီခြံကြီးထဲခေါ်လာရတာလဲ မိုးမာန်မောင် ... ရှင့်မှာ ပိုက်ဆံရှိတယ်ဆိုပြီး အနိုင်မကျင့်ပါနဲ့”

ကိုမိုးမာန်မောင်ရဲ့ ခြံကြီးက အကျယ်ကြီးပဲ၊ တိုက်ကြီးက လည်း အကြီးကြီး။ သူ့ချမ်းသာကြွယ်ဝမှုတွေက သူမဆန္ဒကို ဖမ်းစားဆုပ်ကိုင်မထားနိုင်ခဲ့။ ခြံကြီးထဲကနေ ပြန်ထွက်သွားဖို့ပဲ သူမ ကြံစည်နေရင်း မှန်တွေ မီးလုံးတွေကွဲနေတဲ့ ကားအနက်ကြီးနား ရောက်သွားသည်။

“ဒီကားကြီးကို ကိုယ်ပြင်လည်းမပြင်တော့ဘူး၊ ရောင်းလည်း မရောင်းဘူး၊ အချစ်ပြတိုက်လေးအဖြစ် အမှတ်တရ ထားလိုက် တယ်”

“အဲဒါ ရှင့်ကိစ္စပဲ ... ကျွန်မကို တစ်ခုခုလုပ်မယ်လို့တော့ မကြံစည်နဲ့နော် ... ရဲစခန်းကိုတိုင်မှာ”

သူက ဘာမှတုန့်ပြန်ပြောဆိုမနေဘဲ သူမလက်လေးကိုဆွဲပြီး တိုက်ကြီးထဲဝင်လာကာ လှေကားထစ်တွေအတိုင်း ဆွဲခေါ်သွားပြီး အခန်းကြီးတစ်ခုထဲ



www.burmeseclassic.com

www.burmeseclassic.com



ဝင်သည်။

"ဟင်"

"အဲဒါ ကိုယ့်ရဲ့အချစ်ပြတိုက်လေးပဲ သံယောဇဉ်နွယ်"

သူမ မှင်သက်မိသွားသည်။ အခန်းထဲမှာ မိန်းကလေးတစ်ယောက်ရဲ့ ရုပ်တုတွေ ... ပြီးတော့ ဓာတ်ပုံတွေ၊ အသုံးအဆောင်ပစ္စည်းတွေ။

"ဒီဓာတ်ပုံကို သေသေချာချာကြည့်စမ်း သံယောဇဉ်နွယ်"

သူမ ကြည့်လိုက်တော့ သူမနှင့်တူလွန်းနေသည်။ ဒါကြောင့်လား။ သူမနှင့်စတွေ့စဉ်က တအံ့တဩနှင့် အကြည့်တွေကို မမြင်တော့ပဲ စိုက်ကြည့်နေတာပဲ။ သူမ စိတ်တွေ နည်းနည်းလေး သက်သာရာရသွား၏။ သူမက ရှင့်ချစ်သူလား။

"အဲဒါ ... ကိုယ့်ချစ်သူ အကြင်နာပဲလေ၊ မင်းနဲ့မတူဘူးလား သံယောဇဉ်နွယ်"

"တူတယ်လေ ... ဒါကြောင့် ကျွန်မကို ခင်မင်ချင်နေတာလား၊ အင်းလေ ... ဖြစ်သင့်ပါတယ် သူရောဟင် ... "

"ဆုံးသွားပါပြီ"

"ဟင်"

"သွေးကင်ဆာရောဂါနဲ့ ဆုံးသွားတာပါ၊ မင်းနဲ့နာမည်ချင်းလည်း ဆင်တယ်လေ"

"အင်း ... ဟုတ်တယ်နော်၊ အမလေး ... ကျွန်မဖြင့် လန့်





သွားတာပဲ၊ ဟို ... ဟိုလေ ကျွန်မမိထွေး ပိုက်ဆံကိစ္စ ကျွန်မနဲ့ လုံးဝ မဆိုင်ဘူးနော်"

"ဆိုင်တယ်"

"ရှင်"

"မင်းကိုယ့်အနားမှာ နေပေးရမယ် သံယောဇဉ် ... ကိုယ်ချစ်သူဆုံးသွားပြီးထဲက ကိုယ်အထီးကျန်ခဲ့တာလေ၊ ကိုယ့်ဘဝ ရှင်လျက်နဲ့သေနေရတာပါကွာ"

ကိုမိုးမာန်မောင်ရဲ့ မျက်ဝန်းတွေက လွမ်းဆွတ်ကြေကွဲနေတဲ့ အရိပ်တွေပြည့်နှက်နေကာ သူမအား မမှိတ်မသုန် စူးစိုက်ကြည့်နေလေရာ ကော်ဖီနပ် ကြောက်ကြောက်ရွံ့ရွံ့နှင့် ပြေးပေါက်ရှာနေရသည်။ မိထွေး ဒေါ်နုနုနယ်ကြောင့် ကိုမိုးမာန်မောင်ခေါ်ဆောင်ရာသို့ လိုက်လာခဲ့မိတာပါ။ ငွေသိန်းနှစ်ဆယ်အား လက်ခံရယူကြောင်း အထောက်အထားစာချုပ်က ချစ်သူပြတိုက်ထဲမှာ မှန်ဘောင်သွင်းထားသည်။

"တွေ့လား ... သံယောဇဉ်ရဲ့အမေ ယူသွားတဲ့ငွေလက်ခံရရှိကြောင်းစာချုပ်လေ၊ တကယ်လို့သာ မင်းငြင်းဆန်မယ်ဆိုရင် ကိုယ်က ရဲစခန်းကိုတိုင်ရလိမ့်မယ်"

"အဲဒါက ကိုမိုးမာန်မောင် ကျေနပ်လို့ပေးလိုက်တာပဲ ... ကျွန်မမိထွေးကို ဖမ်းချင်လည်းဖမ်းပါ၊ ကျွန်မက သူရဲ့ရောင်းကုန်ပစ္စည်း မဟုတ်ဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



သံယောဇဉ်နှယ် မင်းတကယ့်ကို ရိုးသားဖြူစင်တာလား။ ခွင့်ဖန်တာလားကွာ။ မင်းလိုမိန်းကလေးက ငွေမမက်ဘူးဆိုတာတော့ မဖြစ်နိုင်ပါဘူး။

"မင်း ... ကိုယ်နဲ့နေရမယ်၊ မင်းကိုကိုယ်ပိုင်တယ်၊ အကြွင်နာ့နေရာမှာ မင်းအစားဝင်ပေးရမယ်"

ကိုမိုးမာန်မောင်ရဲ့စိတ်က မူမမှန်တော့။ စိတ်ဝေဒနာရှင်တစ်ယောက်ကဲ့သို့ပင်။ သူမအား ခပ်ကြောင်ကြောင်ကြည့်သည်။

"မင်းလိုအပ်တာတွေ တိုက်တွေ ကားတွေလည်း ကိုယ်ဝယ်ပေးနိုင်တယ် သံယောဇဉ် ... ဘယ်လိုလဲ ... "

"ဟင့်အင်း ... ကျွန်မ နေမပေးနိုင်ပါဘူး၊ ရှင်ငွေနဲ့ပေါက်ပြီး ကျွန်မကိုဝယ်ဖို့ မကြိုးစားပါနဲ့ ... ကျွန်မ ပြန်တော့မယ်"

"မင်းပြန်ရမှာပါ၊ ကိုယ်ကလည်း ဆွဲမထားပါဘူးကွာ၊ တစ်ခါတလေ လိုအပ်တဲ့အခါ မင်းနေပေးဖို့ပဲ လိုအပ်ပါတယ် သံယောဇဉ်နှယ်"

"ဘာရှင့်"

သူမ ဒေါသတကြီးနှင့် တုန့်ပြန်ဖို့ ရည်ရွယ်လိုက်တာနှင့် သူ့လက်တွေက သူမခန္ဓာကိုယ်လေးအား ဆွဲယူပွေ့ဖက်ကာ အသင့်ပြင်ထားတဲ့ နှစ်ယောက်အိပ်ခုတင်ကြီးပေါ် ပစ်လှဲချသည်။

"ရှင် ... ရှင်ဘာလုပ်တာလဲ၊ ကျွန်မကို မဟုတ်တာတွေမကြံစည်နဲ့နော် ... ကျွန်မ ရဲစခန်းကို တိုင်ပစ်မှာ ... လွှတ်"





သူမ ရှုန်းဖယ်ပစ်သည်။ မရ၊ သူ့လက်မောင်းတွေက ဘယ်လိုပဲရုန်းဖယ် ရုန်းဖယ် တင်းကြပ်ချုပ်နှောင်၍ သူမမျက်နှာလေးပေါ် သူ့မျက်နှာက အုပ်မိုးထားသည်။ အကြွင်နာ မင်းကို မောင်အရမ်းချစ်တယ်ဟု အငမ်းမရ နမ်းရှိုက်ဖို့ကြံစည်ရင်း တတွတ်တွတ်ပြောနေသည်။ သူမ ကြောက်ရွံ့တုန်လှုပ်လာရ၏။ သူမ မျက်နှာလေးက သူ့အနမ်းတွေနှင့် လွတ်မြောက်စေရန် ဘယ်ညာယိမ်းခါယင်း ရှောင်တိမ်းနေရသည်။

"ရင်ခွင် ... ငါတော့ ဒုက္ခရောက်ပြီထင်တယ်ဟယ် ... နင့်ကိုအရွဲ့တိုက်ချင်စိတ်တွေက ငါ့ဘဝကို ထိခိုက်နစ်မွန်းသွားစေတော့မယ်ထင်တယ်"

ရင်ခွင့်ကို သတိရမိသည်။ ကိုမိုးမာန်မောင်ရဲ့ စော်ကားမှုတွေကို သူမ လုံးဝလက်မခံနိုင်ပေ။

"အကြွင်နာရယ် ... မောင်ဘယ်လောက်အထိ အထီးကျန်ခဲ့ရလဲ၊ အကြွင်နာပျောက်ဆုံးသွားတဲ့နေ့ကစပြီး မောင်အရူးတပိုင်းဖြစ်ခဲ့ရတာပါ ... အခု အကြွင်နာ မောင့်ဆီပြန်လာတယ်နော်၊ အကြွင်နာ့ကို မောင်ချစ်တယ်"

"ဖယ်ပါ ... ကျွန်မက အကြွင်နာမဟုတ်ပါဘူး၊ ကော်ဖိနပ်ပါ ကိုမိုးမာန်မောင် ... သတိထားပါဦးနော်၊ ရှင် ဒီလိုလုပ်နေတာကို ရှင့်ချစ်သူ မအကြွင်နာက ကြိုက်နှစ်သက်မလား၊ ရှင် သစ္စာရှိမယ်ဆို"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ကိုမိုးမာန်မောင်ရဲ့ အသိတရားတွေက ရုတ်ချည်းပြန်သက်ဝင်သွားရကာ သူမကို အုပ်မိုးထားတဲ့ ခန္ဓာကိုယ်ကြီးက ပြန်၍မတ်သွားသည်။ သူမ ပက်လက်အနေအထားမှ ကုန်းရုန်း၍ ထလိုက်၏။ သူ့အကြည့်တွေက အရူးတစ်ယောက်ကဲ့သို့ အသိကင်းမဲ့နေသလိုလို မှေးမှေးစင်းစင်း ပြန်ကြည့်ကာ သူမလက်လေးကို ဖမ်းယူဆုပ်ကိုင်ပြီး ပြန်ဖက်သည်။

"မောင် ရူးသွပ်နေပြီထင်တယ် သံယောဇဉ် ... မင်းက အကြင်နာမဟုတ်မှန်း ကိုယ့်စိတ်တွေ အသိဝင်လာတာတောင်မှ မင်းပြန်ထွက်သွားမှာကို ကြောက်နေတယ်၊ ကိုယ့်အနားမှာနေပေးစမ်းပါ၊ ကိုယ်နဲ့နှစ်ယောက်ထဲ ညစာစားပေးစမ်းပါ၊ ကိုယ့်အနားမှာ မင်းအဖော်အဖြစ် နေပေးပါ"

"လွှတ်ပါ ... ကျွန်မ လုံးဝလက်မခံနိုင်ဘူး၊ ရှင့်အဖော်အဖြစ်လည်း မနေပေးနိုင်ဘူး၊ မိုးချုပ်နေပြီ ... ကျွန်မ ပြန်မှဖြစ်မယ်၊ လွှတ်နော် ... "

"မလွှတ်ဘူးကွာ ... မင်းမိထွေးက မင်းနဲ့တစ်ညတာ ပျော်ပါးဖို့ ကိုယ့်ဆီကနေ ငွေသိန်းနှစ်ဆယ် ယူသွားပြီး မင်းနဲ့တစ်ညအိပ်ခွင့်က သိန်းနှစ်ဆယ်လေ ... နည်းနေသေးလို့လား သံယောဇဉ်"

"ဖယ်နော် ... လူယုတ်မာကြီး"

"ဝုန်း"

"အား"





"ချွမ် ... ချလမ်း ... "

သူမ ဆောင့်တွန်းပစ်လိုက်သဖြင့် သူ့ခန္ဓာကိုယ်ကြီး ဝုန်းခနဲပြိုလဲကျသွားရကာ စားပွဲပေါ်မှာ တင်ထားတဲ့ အမှတ်တရပစ္စည်းတွေ ပြုတ်ကျသံတွေ ဆူညံသွားရသည်။ သူမလည်း ကြောက်ကြောက်ရွံ့ရွံ့ တုန်တုန်လှုပ်လှုပ်ဖြင့် အခန်းအပြင်ဘက်သို့ ပြေးထွက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၄ )

"ကော်ဖီနပ် ... နင် ... နင် ဘာဖြစ်လာတာလဲ၊ နင် တက္ကစီနဲ့တောင်ပြန်လာတာပါလား ... ငါစိတ်ပူလိုက်ရတာ"

ကော်ဖီနပ်တစ်ယောက် ကိုမိုးမာန်မောင်ကားနှင့် ပါသွားတယ်ဆိုတဲ့သတင်း ဥဒေါက်ထွန်းလာပြော၍ ရင်ခွင်စိတ်ပူပြီး ရပ်ကွက်ထိပ်သို့ ရောက်လာခဲ့သည်။ ညအမှောင်လွှမ်းမှ ကော်ဖီနပ် အငှားကားတစ်စီးနှင့် ပြန်ရောက်လာ၏။ သူမကို မြင်တွေ့ရတော့ ထိတ်လန့်တုန်လှုပ်နေပြီး မောပန်းနွမ်းနယ်နေသည်။

"ကော်"

"ရင်ခွင် ... နင် ... နင် ဘာထွက်လုပ်နေတာလဲ၊ ဘာလဲ ငါ သူဌေးကားပေါ်တက်လိုက်သွားတယ်လို့ သတင်းရလို့ စပ်စုမလို့ မဟုတ်လား"

ရင်ခွင်ခေါင်းမှာ ပတ်တီးကြီးနှင့် ရပ်ကွက်ထိပ်မှာ ညအချိန်





ထွက်နေ၍ ကော် ဒေါသဖြစ်သွားရသည်။ ငါ့အတွက် တကယ်ပဲ စိတ်ပူနေတာလား။ စပ်စုချင်နေတာလား။ သူမရဲ့ ဖရိုဖရဲပွယောင်းနေမယ့် ဆံနွယ်တွေ တွန့်တွန့်ကြေကြေ အဝတ်အစား ကော် ဘာတစ်ခုမှ သပ်သပ်ရပ်ရပ်ဖြစ်စေရန် ပြုပြင်ဖို့ပင် အသိမရှိတော့ဘဲ အပြင်ရောက်သည်နှင့် တက္ကစီပေါ် ပြေးတက်လာခဲ့သည်။

"ကော် ... နင့်ပုံစံကို ပြင်ပါဦး၊ ညဘက်ပြန်လာတယ်ဆိုပေမယ့် မီးရောင်ရှိတယ်ဟ"

"ဘာပြောတယ်"

"နင်တို့လမ်းထိပ်မှာ ဥဒေါက်ထွန်းတို့အဖွဲ့ထိုင်နေတယ်၊ ကိုမိုးမာန်မောင်ကားပေါ် နင်တက်လိုက်သွားတာ သူတို့သိထားတယ်"

"ဘာ ... ငါဟာငါ ဘယ်သူ့ကားပေါ်ပဲတက်လိုက် တက်လိုက် သူတို့နဲ့ဘာဆိုင်လို့လဲမင်းရင်ခွင် ... နင်တို့တွေ အရမ်းအားနေကျလား၊ အလုပ်မရှိ အကိုင်မရှိ လမ်းဆုံလမ်းဝထိုင်ပြီး ဘေးထိုင်ဘိုင်ကျပြီး ဘုပြောနေကြတဲ့ကောင်တွေကို ကော်ဖီနပ်က ဂရုစိုက်နေရမှာလား"

ကော်ဖီနပ်လည်း မတတ်နိုင်တော့ဘူး။ ရင်ခွင့်ရှေ့ရောက်လျှင် မကျေနပ်ချက်တွေ မာန်မာနတွေ မိုးထိအောင်မြင့်တက်သွားရလေပြီ။ ရန်စကားတွေနှင့်အရွဲ့တိုက်ချင်လာသည်။ ကြည့်လေ ပုံစံကိုက ဆရာကြီးပုံစံ၊ ကော်ဖီနပ်ကိုလာပြီး မသနားနေနဲ့။ ငါ့ကို အကာအကွယ်ပေးသလိုလိုနဲ့ ငါ့မကောင်းသတင်းတွေ ဖွမလို့



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား မင်းရင်ခွင်။

"နင် ပတ်ဝန်းကျင်မှာ အတင်းပြောစရာဖြစ်အောင် ဘာဖြစ်လို့ နေထိုင်ပြုမူနေရတာလဲကော် ... နင် သူဌေးတစ်ယောက်နဲ့ပြီး ချမ်းသာသွားရင် အားလုံးက ဝမ်းသာကြမှာပါ ... အခုတော့"

"ဘာဖြစ်လဲ"

"နင့်ပုံစံကိုပြင်လိုက်"

ရင်ခွင်ကတော့ ကိုယ်နဲ့ဘာမှမဆိုင်ပါဘူးဟု တွေးမရ၊ နင့်အပူမပါဘူးဟု ကော် မကြာခဏပြောပစ်တတ်ပေမယ့် ရင်ခွင်မနေနိုင်။ ကော်ဖိနပ်အပေါ် ကြီးမားလွန်းသော သံယောဇဉ်ကြိုးတွေနှင့် သွေးနှလုံးသားကို ရစ်ပတ်တုတ်နှောင်နေတာ သူအသိဆုံးပင်။ ကော်ဖိနပ် နှုတ်ခမ်းလေးကို ဘယ်သူမှ မနမ်းရှိုက်ခင် သူက ပထမဆုံး နမ်းရှိုက်ပစ်မိသည်။

"အဲဒါ ရင်ခွင့်အချစ်တွေပါ ကော် ... နင်ဘယ်တော့မှ ငါ့ကို မေ့ပျောက်မသွားအောင်ပါ၊ နင်နဲ့ငါ ဘယ်လောက်ပဲဝေးကွာသွားပါစေ ငါ့ကို အမှတ်ရနေစေချင်တယ်"

အဝတ်အစားနှင့်ဆံပင်ကို သေသပ်အောင် လက်လေးတွေနှင့် ပွတ်သပ်နေတဲ့ကော်ဖိနပ်ကိုကြည့်ပြီး ရင်ခွင်စိတ်ထဲကနေ ပြောမိသည်။ ရင်ခွင် ချစ်မြတ်နိုးရတဲ့ချစ်သူ။

"ရှော့"

"ဘာလဲ"





"ဘီး"

"နင်က အဆင်သင့်တောင်ယူလာတာပါလား၊ ဘာလဲ ရင်ခွင် ငါက ကိုမိုးမာန်မောင်ကို အသုံးတော်ခံပြီး ဖရိုဖရဲနဲ့ပြန်လာမှာကို နင်ကကြိုတင်တွေးတောပြီး စေတနာတွေ ရေစီးကမ်းပြိုလိုက်ပြီး ဘီးအသင့်ဆောင်လာတာလား မင်းရင်ခွင်"

"ဘယ်လိုပဲဖြစ်ဖြစ် နင့်ဆံပင်တွေ ရှုပ်ပွထိုးထောင်နေတာတွေ သပ်ရပ်သွားဖို့ အရေးကြီးတယ်လေ"

"ပေး"

ဟုတ်တော့ဟုတ်တယ်။ ကိုမိုးမာန်မောင် လက်ထဲကနေ အတင်းရုန်းဖယ်ထွက်ပြေးလာခဲ့ရတာလေ။ ဆံပင်တွေ ဘယ်လောက်အထိ ပွယောင်းနေမလဲ။ ရင်ခွင့်ကို ကျေးဇူးတင်မိပေမယ့် ရန်စကားတွေနှင့် ထုံးစံအတိုင်း ရန်ထောင်ပစ်သည်။

"ငါက သပ်သပ်ရပ်ရပ်နေတတ်တယ်၊ ဆံပင်တွေ ပွယောင်းနေတာ မကြိုက်ဆုံးပဲ၊ ငါသွားလေရာ ဘီးတစ်ချောင်းအမြဲတမ်းပါတတ်တယ်ဆိုတာ နင်သိပါတယ် ... "

"ဟွန်း"

ဆောရီးပဲဟု တောင်းပန်စကားတွေ ပြောရမယ့်အစား ဟွန်းဟု မျက်စောင်း မာမာထန်ထန်တစ်ခု ထိုးပစ်လိုက်သည်။

"ကော်ဖိနပ်"

"ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နင် ဘာဖြစ်လာတာလဲ"

"မစပ်စုနဲ့"

"နင် ဘာတွေဖြစ်နေတာလဲ ကော်ဖိနပ် ... ငါ့ကို ပြောပြ စမ်းပါ၊ ဟိုလူက နင့်ကိုဘာတွေစော်ကားလိုက်လဲ၊ နင့်ပုံစံက ကြည် ကြည်ဖြူဖြူ ချစ်ကြည်နူးလာတဲ့ပုံစံ မဟုတ်ဘူးနော်"

နင့်ကိုတော့ ငါ့ရင်ထဲကနေ ကျေးဇူးတွေအများကြီး တင်မိ သွားတယ်ရင်ခွင်။ ဘာဖြစ်လို့လည်းသိလား။ ငါဒီလို ဖရိုဖရဲပုံစံကြီးနဲ့ အသိကင်းမဲ့ပြီး ရပ်ကွက်ထဲဝင်သွားရင် ဥဇ္ဇာထွန်းတို့တွေ့သွားတာ နဲ့ ပြဿနာတွေ အကြီးအကျယ်တက်နိုင်တယ်လေ။ ငါ့အိမ်ပေါ် တက်သွားရင်လည်း အဖေတွေ့သွားရင် ငါသေပြီ။ အခုတော့ နင့် ကြောင့် ငါစိတ်တွေငြိမ်သက်လာတယ်။ အသိတွေ ပြန်ကပ်လာ တယ်။ ငါ့ရင်ထဲမှာလေ ... နင့်ဒဏ်ရာအကြောင်းလည်း သက်သာ ရဲ့လားလို့မေးချင်တယ်။ ကျေးဇူးပဲ ရင်ခွင်လို့လည်း ပြောချင်နေပါ တယ်။ ဒါပေမဲ့လေ ... နင်နဲ့မျက်နှာချင်းဆိုင်မိတိုင်း ဒေါသတွေဖြစ် ရတယ်။ နင့်ကို လုံးဝမကျေနပ်ဘူးဟာ။ ငါဘယ်လို အရွဲ့တိုက်ပြရ မလဲဘဲ စဉ်းစားနေတယ်၊ ကော့်ကို ချစ်တယ်ဆိုတဲ့ စကား နင်ဘာ ဖြစ်လို့ မပြောရတာလဲ။ ပိုင်စိုးပိုင်နင်း ငါ့ကိုနမ်းတယ်။ နင့်စိတ်ထဲ မှာတော့ ငါက နင်နဲ့မတူမတန်ဘူးလို့ သတ်မှတ်ထားတာမဟုတ် လား ကောင်စုတ်ရဲ့။

"ရပြီ ငါသွားတော့မယ် ရင်ခွင် ... ဒါပေမဲ့ နင်ထင်သလို





တော့ မဟုတ်ဘူးနော်၊ ကိုမိုးမာန်က ငါ့ကိုအရမ်းချစ်ပါတယ်၊ တယု တယလည်း ဆက်ဆံပါတယ်၊ ငါကရှက်ပြီး ကယောင်ကတမ်းနဲ့ ထွက်ပြေးလာခဲ့တာလေ၊ ငါက ရည်းစားတွေ ဘာတွေ အတိအကျ ထားဖူးတာမှမဟုတ်တာ ... သူ ... သူကလေ ငါ့ကိုဖက်လိုက်တာ နဲ့ အတင်းရုန်းပြီး ထွက်ပြေးလာတာ"

"ကော်"

"ဟင်"

"နင် ဒီလိုဘဝကို ပျော်လား"

"ပျော်တယ် ... ငါ့ဘဝက တဖြည်းဖြည်းမြင့်လာဖို့ပဲ ရှိတယ် လေ ... ငါတို့ရပြီးရင် လုပ်ငန်းတစ်ခု ထူထောင်တော့မယ်၊ တစ်နေ့ နေ့တော့ ငါ သူဌေးမကြီးဖြစ်အောင် ကြိုးစားယူမယ်"

"သူဌေးက နင့်ကိုယူမှာပဲလေ ... နင်ဘာစီးပွားရေးလုပ် စရာလိုလို့လဲ"

"တော်ပြီဟာ ... ငါသွားတော့မယ်၊ နင်လည်း နင့်အိမ်နင် ပြန်၊ လမ်းပေါ်မှာ ထိုင်မနေစမ်းပါနဲ့ဟာ"

ရင်ခွင့်ကို ဒဏ်ရာကြောင့် အပြင်မှာမနေစေချင်တော့၍ အိမ် ထဲမှာပဲနေဖို့ ပြောချင်တာတောင် ကော်က ဘုကျကျနှင့်ရန်စကား ပြောပစ်သည်။

"နင့်ကိုလိုက်ပို့မယ်၊ ဟိုကောင်တွေလာရန်စချင်စကြမှာ၊ နင်က နည်းနည်းလေးမှ သည်းခံတတ်တာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် ရင်ခွင် ... နင်နေရာတကာ ဆရာကြီးဝင်လုပ် မနေစမ်းပါနဲ့၊ ငါ့ကိစ္စငါ ရှင်းနိုင်တယ် ... နင်ပြန်တော့"

နင့်ခေါင်းက ဒဏ်ရာနဲ့ပါ ရင်ခွင်ရယ် ပြန်စမ်းပါ။ အိမ်ထဲမှာပဲ အနားယူနေစမ်းပါ။ ရင်ခွင့်ဒဏ်ရာသက်သာလားဟုလည်း မေးချင်သည်။ ရင်ခွင့်ကို အတင်းပြန်ခိုင်းပြီး ကော် ရပ်ကွက်ထဲဝင်လာခဲ့၏။ ကော်တို့လမ်းထိပ်မှာ ဥဒဏ်ထွန်းတို့အုပ်စု ထိုင်နေကြသည်။

"ကော် ... ဘယ်ကပြန်လာတာလဲ ... နင်က မကြာခင် သူဌေးကတော်ဖြစ်တော့မှာ မဟုတ်လား၊ ဥဒဏ်ထွန်းတိုက်ထားတဲ့ကော်ဖီလေးကိုတော့ မမေ့နဲ့"

"မေ့ပစ်လိုက်ပြီဟ ... အဲဒီတော့ ဘာဖြစ်သွားနိုင်လဲ"

"ကော်ဖိနပ်"

သူမ ဒေါသတွေက ရင်ထဲမှာ ပြင်းပြင်းထန်ထန်ပေါက်ကွဲနေတာ။ ဥဒဏ်ထွန်းက လူမိုက်လေသံနှင့်ထလာပြီး သူမနှင့်မျက်နှာချင်းဆိုင်မှာရပ်သည်။ ဆက်ထိုင်နေကြတဲ့ ကောင်တွေကလည်း မြှောက်ထိုးပင့်ကော်စကားတွေနှင့် ခပ်ရိရိပြောဆိုနေကြ၏။ ကော်ဖိနပ်က အလျှော့ပေးတတ်တဲ့ မိန်းကလေးမဟုတ်။ လမ်းဘေးက ခဲလုံးတစ်လုံးကို ဆတ်ခနဲ ကောက်ယူလိုက်၍ မူးယစ်နေတဲ့ ဥဒဏ်ထွန်းကလည်း ရှေ့တိုးလာသည်။ တခြားကောင်လေးတွေကပါ ဝိုင်းလာသည်။

"နင်က ဘဝမေ့သွားပြီပဲကော် ... အမေကျော် ဒွေးတော်





ွမ်းပြီး ပိုက်ဆံချမ်းသာတဲ့ကောင် ကားအမျိုးမျိုးစီးနိုင်တဲ့ကောင် ကိုမှ အထင်ကြီးတာပဲ"

"အဲဒါ ... နင်နဲ့ဘာဆိုင်လို့လဲ ဥဒဏ်ထွန်း ... ငါ့ကိစ္စပဲ၊ နင်တို့နဲ့ အရောတဝင်နေတယ်ဆိုတာ ငါက တစ်ရပ်ကွက်ထဲသားချင်းတွေဖြစ်နေလို့ပဲ ... ဘာအကန့်မှမရှိဘူးနော်"

"အေး ... ကောင်းပြီလေ၊ နင် အဲဒီကောင်နဲ့အတည်ယူပြ၊ ဒါမှမဟုတ်ရင်တော့ ငါတို့ရပ်ကွက်ထဲမှာ တခြားမိန်းကလေးတွေလည်း ရှိတယ်၊ နာမည်ပျက်တယ်"

"ငါ့ကိစ္စပဲလေ ... ငါယူချင်ယူမယ်၊ မယူချင်မယူဘူး၊ နင်တို့က မနာလိုဖြစ်နေကြတာလား"

"ကော်ဖိနပ် ... နင် ... နင်"

"ဖယ် ... ငါသွားမယ့်လမ်းကနေ ပိတ်မနေကြနဲ့"

"နင့်အမေကိုယ်တိုင်က နင်သူဌေးနဲ့ယူတော့မယ်လို့ပြောသွားတယ် ကော်ဖိနပ် ... နင် တကယ်ယူတယ်ဆိုရင် ငါတို့ဝမ်းသာတယ်၊ နင် ဇယားမခင်းနဲ့ ..."

"ဘာပြောတယ်"

သူမ မျက်ဝန်းတွေထဲမှာ ပြာဝေမှောင်မိုက်သွားရကာ ဒေါသတွေ ပေါက်ကွဲသွားရသည်။ သူမလက်က မြန်ဆန်စွာ၊ ဥဒဏ်ထွန်းမျက်နှာတည့်တည့်သို့ ခဲလုံးအား ပစ်ပေါက်လိုက်၏။ ခဲလုံးက ဥဒဏ်ထွန်းကို မထိ။ ဥဒဏ်ထွန်းလက်တွေက သူမပခုံး



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဖက်အား ခပ်ကြွမ်းကြွမ်း ဆုပ်ကိုင်သည်။

"နင့်ကို တစ်ရပ်ကွက်ထဲသားချင်းမို့ သည်းခံနေတာ၊ နင်က မာန်မတက်နဲ့"

"ကော်ဖိနပ်ကို မှတ်လောက်သားလောက်အောင် ပုံစံပေး သင့်တယ်၊ ဥဒဏ်ထွန်း ဘယ်လိုလဲ ... "

ဥဒဏ်ထွန်းရော တခြားကောင်တွေပါ မူးနေကြတာ ကော် သိလိုက်သည်။ သူမမှာ အရင်ကလောက် စိတ်ဓာတ်အင်အားတွေ မရှိ၊ စိတ်မောလူမောနှင့် ပြေးလွှားပြန်ခဲ့ရတာ ဥဒဏ်ထွန်းရဲ့မျက် လုံးနီနီတွေက ကော်ဖိနပ်အား စားတော့ဝါးတော့မတတ် ကြည့်နေ သည်။

"ဟေ့ကောင် ဥဒဏ်ထွန်း ... မင်း ဘာလုပ်တာလဲ၊ ကော် ဖိနပ်ကို လွှတ်လိုက် ... "

"ဒီဟာမက အရမ်းကိုစွာကြွယ်နေတယ် ရင်ခွင်၊ ငါ့ကို ခဲလုံး နဲ့ပေါက်တယ်၊ ကံကောင်းလို့ ... မင်းလည်း သူ့ကြောင့်ခံလိုက်ရတာ မဟုတ်လား"

"ကော်ဖိနပ်နဲ့မဆိုင်ဘူးလို့ ငါပြောထားပြီးပြီပဲ ... လွှတ်လိုက် ပါကွာ ... ဟေ့ကောင်တွေ ဥဒဏ်ထွန်းကိုခေါ်သွားတော့၊ ကော် ဖိနပ်ကို ငါလိုက်ပို့လိုက်မယ်"

ဥဒဏ်ထွန်းအား ကျန်တဲ့ကောင်တွေက ဆွဲခေါ်သွားကြ သည်။





"နင့်ကိုငါပြောသားပဲကော်ရာ ... ငါလိုက်ပို့ပါ့မယ်လို့၊ နင့်ကို အရင်ကလို ရိုးသားဖြူစင်တဲ့ကော်ဖိနပ်လို့ မထင်ကြတော့ဘူး"

"လွှတ်စမ်းပါ ရင်ခွင် ... ငါ့ကိုမထိနဲ့၊ ငါဘာလုပ်နေလို့လဲ လုံးဝဂရုမစိုက်ဘူးနော် ... ငါအသားကိုထိလို့ကတော့ သူသေကိုယ် သေပဲ"

"ကော်"

"နင်လည်း ဘာထူးလဲ၊ ငါ့ကိုယ်ရေးကိုယ်တာကိစ္စတွေမှာ ဝင်စွက်ဖက်ချင်နေတယ်"

"တော်ပါတော့ဟယ် ... နင်က မိန်းကလေးပဲ၊ ဆင်ဆင်ခြင် ခြင်နေစမ်းပါ၊ နင် သူ့ငွေးဖြစ်ပြီး ဒီရပ်ကွက်ထဲကနေ ပြောင်းသွားရင် တော့ ပြီးပြီလေ ... ညနေက နင့်မိထွေး ဒေါ်နုနုနယ်က ရပ်ကွက်ထဲ ကကောင်တွေကို စိန်ခေါ်ပြီး သူ့သမီးနဲ့မတူမတန်ဘူးလို့ပြောနေ တယ်၊ ဥဒဏ်ထွန်းတို့ အရမ်းဒေါကန်သွားကြတယ်"

မိထွေး ဒေါ်နုနုနယ်ကြောင့် ပြဿနာတွေက မဆုံးနိုင် အောင် ဖြစ်နေရတာပါ။ ငယ်ငယ်လေးထဲက ကော်ဖိနပ် အလှတွေ ကို အသုံးချဖို့ လက်သပ်မွေးချင်နေတဲ့မိထွေးဖြစ်သူရဲ့ လုပ်ရပ် အတွက် သူမ လုံးဝလက်မခံခဲ့ဘဲ အရွဲ့တိုက်ပြနေရာကနေ ကော် ဖိနပ် နာမည်က ရပ်ကွက်ထဲမှာ သူများကဲ့ရဲ့ဝေဖန်စရာ ဖြစ်ခဲ့ရ သည်။

"ရော့ ... နင့်အတွက် ငါဝယ်လာတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ"

"အအေးဗူးလေးပါ ... နင့်စိတ်တွေ အေးသွားအောင် သောက်လိုက်နော်ကော် ... စွာတေးလန်မလေး ကော်ဖိနပ်ရယ်၊ နင့်နာမည်အရင်းက သံယောဇဉ်နွယ်ပါ၊ လှပတဲ့နာမည်လေးနဲ့ အတူတူ၊ အေးချမ်းပျော်ရွှင်စရာကောင်းတဲ့ ဘဝလေးကိုလည်း ပိုင်ဆိုင်နိုင်ပါစေ"

ရင်ခွင့်လေသံတွေက ပထမဆုံးအကြိမ်ဖြစ်နေမလားဘဲ။ ကော့်ကိုပြောနေတာ တိုးတိုးညှင်းညှင်းလေး အကြင်နာတွေပြည့်လျှံယိုဖိတ်ကျလာတော့မတတ် မျက်ဝန်းတွေ။ ကော့်ကို ကြည့်နေသည်။ သူမ ဒေါသတွေပြေလျော့သွားရသလို မျက်နှာပေါ်အပူငွေ့တွေလာဟပ်သလိုလို နွေးနွေးထွေးထွေးလေး။

"အချိုရည်ဗူးလေးကို ငါဖွင့်ပေးမယ်လေ ကော်"

"ရပါတယ် ... ငါ့ဟာငါ အိမ်ကျမှသောက်မယ်၊ နင်ပြန်တော့လေ ... ဒဏ်ရာနဲ့မဟုတ်လား"

"အေးပါ ... ငါပြန်မယ်၊ နင့်အမေတွေ့သွားရင်လည်း မလွယ်ဘူး ကော် ... ပြဿနာရှိတယ်၊ နင်သွားလေ ... ငါဒီကနေ စောင့်ကြည့်နေမယ်"

"ပြီးရောဟာ"

ကော်ဖိနပ် ဘာမှရန်စကားတွေမပြောတော့ဘဲ ထွက်သွား၍ ရင်ခွင်စိတ်မောသက်သာသွားရသည်။ ကော်ဖိနပ်ရယ် ... နင့်





ကြောင့်ပဲ ငါစိတ်မောနေရတယ်။ နင့်ကို နူးညံ့သိမ်မွေ့တဲ့ မိန်းကလေးတစ်ယောက် ဖြစ်စေချင်တယ်။ ကော့်မိခင်ကိုလည်း ရပ်ကွက်ထဲက လူတွေကြည့်မရ။ နေ့ခင်းက တော်တော်လေးဝတ်စားပြင်ဆင်ထားပြီး ရပ်ကွက်ထဲက ကောင်တွေကိုခြိမ်းခြောက်ကြိမ်းမောင်းနေ၏။ သူ့သမီး သံယောဇဉ်နွယ်အနားမကပ်ကြနဲ့တဲ့။ သူ့သမီးနာမည်ကိုလည်း ဒီနေ့ကစပြီး ကော်ဖိနပ်လို့ ခေါ်ရဲခေါ်ကြည့်တဲ့။ သံယောဇဉ်နွယ်တဲ့ ... ရပ်ကွက်ထဲမှာ တော်တော်လေး ပွက်လောရိုက်သွားသည်။ ကော်ဖိနပ်အတွက် ရင်ခွင်စိတ်မအေးနိုင်ရပါလား။ အမေက သူ့ကိုလိုက်ရှာနေပြီး လမ်းမှာရပ်နေတာတွေ့သဖြင့် သား အအေးပတ်တော့မှာပဲဆိုပြီး ဆွဲခေါ်သွား၏။ ကော့်အရိပ်လေး ပျောက်သွားလို့ ရင်ခွင်လည်း အမေခေါ်ဆောင်ရာ နောက်သို့လိုက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၅ )

"ကော်လေ ... အဲ့ သမီးလေး သံယောဇဉ် ပြန်လာပြီလား ကွယ် ... အမေမျှော်နေတာ၊ မောင်မိုးမာန်မောင်နဲ့ရော အဆင်ပြေ ခဲ့ရဲ့လား"

"အမေနု"

"ဘာလဲ သံယောဇဉ်လေး အမေနုကတော့ ငါ့သမီးကို ကော်ဖီနပ်လို့ မခေါ်ကြနဲ့ သံယောဇဉ်နွယ်လို့ပဲ ခေါ်ရမယ်ဆိုပြီး တစ်ရပ်ကွက်လုံးကို လှည့်ပတ်မှာထားတယ်"

"ကျွန်မကတော့ ကော်ဖီနပ်ဆိုတဲ့နာမည်ကိုပဲ ကြိုက်တယ်၊ သံယောဇဉ်နွယ်ဆိုတာကို မနှစ်သက်ဘူး မြေမြှုပ်သင်္ဂြိုလ်ပစ်ချင်နေ တယ်"

"အမလေး ... ဘယ်လိုပြောလိုက်တာလဲ သံယောဇဉ်ရယ်၊ အခုဆိုရင် သမီးလေးဘဝက မိုးထိအောင်မြင့်တော့မယ်လေ၊ မောင်





မိုးမာန်မောင်က လူပျိုလူလွတ်၊ သမီးလေး ဖမ်းစားနိုင်ရင် ဖမ်းစား နိုင်သလောက် အကျိုးရှိမယ်လေ"

"မနက်ဖြန် အမေနု အချုပ်ခန်းထဲဝင်ဖို့ပြင်ထားတော့"

"ဘာပြောတယ် ... သံယောဇဉ်၊ ညည်းနဲ့မောင်မိုးမာန် အဆင်မပြေဘူးလား၊ ပြောစမ်းပါ ... ညည်းနဲ့ပြဿနာတွေ တက် လာတာလား"

"ကျွန်မ လုံးဝတာဝန်မယူနိုင်ဘူးလို့ပြောထားခဲ့တယ်၊ အမေ နုက ဘာဖြစ်လို့ ကော်မသိဘဲ လက်ခံလဲ၊ အမေနုကို ရဲစခန်းပို့လိမ့် မယ်ထင်တာပဲ"

"ဘာပြောတယ် ကော်ဖီနပ် ... ညည်းက ကျုပ်ကိုထောင် ထဲပို့မလို့ပေါ့လေ၊ ညည်းအမေအရင်း မဟုတ်လို့လားဟဲ့"

စောစောက သမီးလေး သံယောဇဉ်ဆိုတာတွေပျောက်၍ ကော်ဖီနပ်တွေ ညည်းတွေ ဖြစ်သွားရသည်။ ဟုတ်တယ် ... ကျွန်မ အမေအရင်းမဟုတ်လို့လေ။ ရှင်ကြီးကရော ကျွန်မကို သမီးအရင်းလို ဘယ်တုန်းကများ စိတ်စေတနာအပြည့်အဝနဲ့ ပြုစုစောင့်ရှောက်ခဲ့လို့လဲ။ အဖေကွယ်လျှင်ကွယ်သလို သူမအားနှိပ်စက်၊ နည်းမျိုးစုံနှင့်နှိပ် စက်ခဲ့သည်။

"ငါကတော့ ညည်းလေးကို စေတနာထားလိုက်ရတာ၊ ညည်း ... ချမ်းသာဖို့ လုပ်နေတာဟဲ့၊ ညည်းအဖေကို ဒီအတိုင်း အသေခံမလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"အဖေကိုယ်တိုင်က လက်မခံဘူး၊ ကျွန်မကလည်း မလုပ်နိုင်ဘူး၊ ကိုမိုးမာန်မောင်က ကျွန်မကို အတိအလင်းတရားဝင်လက်ထပ်ယူမှာ မဟုတ်ဘူး"

"မယူလဲ ဘာဖြစ်လဲ ... အရေးကြီးတာက ညည်းလိုအပ်တာတွေ ထောက်ပံ့ဖို့လေ၊ ညည်းက ဘယ်လောက်အထိမျှား မှန်းထားလို့လဲ ကော်ဖီနပ်ရဲ့"

အသုံးမကျတဲ့ ကောင်မ။ တန်ရာ တန်ရာမမှန်းဘူး။ အရေးကြီးတာက ချမ်းချမ်းသာသာ ပြည့်ပြည့်စုံစုံနေထိုင်ရဖို့ပဲ။ ဒေါ်နုနုနယ်ကတော့ ငွေသိန်းနှစ်ဆယ်ကို လက်ခံယူထားပြီး အကြွေးတွေလည်းဆပ်၊ အဝတ်အစားအသုံးအဆောင်တွေလည်းဝယ်၊ ကျော့မော့နေတာ။

"သံယောဇဉ်လေးရယ် ... အမေ့ကို သနားပါဦး၊ တစ်ကြိမ်တစ်ခါထဲပါအေ၊ ပိုက်ဆံတွေက သုံးလို့ကုန်ပြီ၊ မောင်မိုးမာန်မောင်ကို အလိုက်အထိုက် ဆက်ဆံလိုက်စမ်းပါအေ၊ အမေတို့မိသားစု ချမ်းချမ်းသာသာနဲ့ ဒီရပ်ကွက်ထဲကနေ ပြောင်းကြရအောင်ပါ"

သူမလက်လေးကို လှမ်းဆွဲပြီး အိမ်လေးပေါ်တက်လာခဲ့သည်။ အဖေ အိပ်နေပြီဖြစ်၏။ မိထွေးကို ကော် အတိုက်အခံတွေ ပြောမနေတော့ဘဲ သူမ အိပ်ခန်းလေးထဲ တန်းဝင်လာသည်။

"ကိုကျော်ရယ် ... အိပ်နေပြီလားဟင်၊ ရှင် နိုးနေတာလား"

"နုနယ် ... မင်းပြန်ရောက်လာပြီးလား၊ သမီးရော ... "





"သံယောဇဉ်လေးလား၊ ပြန်ရောက်နေပါပြီ"

"မင်းက ငါ့သမီးကို သံယောဇဉ်လေးတဲ့လား"

အဖေ့အသံက ရွှင်လန်းတက်ကြွပြီး အပျော်တွေစီးမျောဝင်နေသည်။ တတ်လည်းတတ်နိုင်ပါပေ့ ဒေါ်နုနုနယ်။ အချွဲအနွဲ့တွေနှင့် ညုတုတု ခရာတာတာ အရှက်မရှိလိုက်တဲ့ မိန်းမရဲ့အသံတွေက အခန်းချင်းကပ်နေသဖြင့် သူမကြားနေရလေရာ စိတ်ပျက်ပျက်နှင့် အိပ်ရာလေးပေါ် ပစ်လှဲချလိုက်သည်။

"ကော်ဖီနပ်ဆိုတဲ့နာမည်ကို နုနယ်တို့မိဘတွေကစပြီး မသုံးသင့်တော့ဘူးလေ၊ သမီးက အရွယ်ရောက်နေပြီ၊ အပျိုကြီးဖားဖားရှင့်၊ သံယောဇဉ်ဆိုတဲ့နာမည်ပဲ ပြန်ခေါ်ကြမယ်"

"ကိုယ်လည်း သမီးလေးကို ကော်ဖီနပ်ဆိုတဲ့နာမည်ကြီးနဲ့ ဘဝကို မဆက်စေချင်တော့ဘူး၊ ဟုတ်တယ် ... တို့မိဘတွေကစပြီး နာမည်အမှန် ခေါ်ရမယ်"

"ကျွန်မမွေးထားတာ မဟုတ်ပေမယ့် သံယောဇဉ်လေးက ကျွန်မသမီးလေးပါ၊ လင်ကောင်းသားကောင်းရပြီး ချမ်းသာစေချင်တယ်"

"ကိုယ့်သမီးလေးက အရမ်းချစ်စရာကောင်းတယ်၊ ကိုယ်အသုံးမကျလို့ပါ"

"ကိုကျော့်သမီးကို နုနယ်စောင့်ရှောက်ပါ့မယ်၊ ရပ်ကွက်ထဲက ကောင်လေးတွေနဲ့ လုံးဝမပတ်သက်စေနဲ့၊ သုံးစားလို့ရတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကောင်တွေ မဟုတ်ဘူး"

"မင်းရင်ခွင်ဆိုတဲ့ကောင်လေးကိုတော့ ကိုယ်သဘောကျ တယ်၊ လူတော်လေးပဲ ..."

"အမလေး ... တစ်ယောက်မှ သမီးသံယောဇဉ်နဲ့ မတန်ဘူး၊ ကိုယ့်သမီးလေးက ချောချောလေး ကတော်ဖြစ်မှာ"

"သိပ်လည်းအမြင့်ကြီးကို မမှန်စေချင်ဘူးကွာ၊ ကိုယ့်သမီး လေး နာမည်ပျက်မယ်"

"ကိုကျော်"

"ဟင်"

"နုနယ်လေ အကြွေးတွေပူနေပြီ၊ ထောင်ထဲဘယ်တော့ဝင် ရမလဲဆိုတာ တထိတ်ထိတ်နဲ့ အရမ်းကိုကြောက်တာပဲရှင်၊ သမီး လေးသံယောဇဉ် ဂုဏ်သိက္ခာလည်း ရှိသေးတယ်"

"ကိုယ် မနက်ဖြန် ဆိုက်ကားပြန်နင်းမယ်၊ အတိုးတွေမှန်မှန် ပေးထားရင် ဖြစ်လား"

"အရင်းကရော ဘယ်တော့ဆပ်နိုင်မှာမို့လို့လဲ၊ အင်းလေ နုနယ်မိုက်ပစ်ပဲ ... နုနယ်ခံရမှာပေါ့၊ ဖမ်းချင်လည်းဖမ်းကြပါစေ တော့ ... ကိုကျော်လည်း ပင်ပန်းပါပြီ၊ နုနယ် မခိုင်းရက်တော့ပါ ဘူး"

"နုနယ်ရယ် အားမငယ်ပါနဲ့၊ မင်းကိုတော့ ထောင်ကျမခံနိုင် ပါဘူး၊ ကိုယ်တို့ ဒီအိမ်လေးကို ရောင်းပစ်မယ်၊ နောက်နေ့ ကိုယ်





ပွဲစားလက်ထဲ အပ်ပါ့မယ်"

"ကိုကျော်ရယ် ... နုနယ် အရမ်းဝမ်းနည်းတာပဲ၊ ကိုကျော် အချစ်တွေက ကြီးမားလိုက်တာ ... အဟင့် ဟင့် ... အဟင့် ဟင့်"

"တိတ်ပါကွာ၊ မငိုပါနဲ့ ... ကိုကျော့်သမီးလေးအပေါ် မိခင် အရမ်းလို နုနယ်စောင့်ရှောက်ပေးလာတာပဲ ကျေးဇူးတင်ပါတယ်"

"ကိုကျော်ရယ်"

သူမကတော့ မိထွေးစကားတွေကို နားကြားမြင်းကတ် သည်။ အဖေက သူမမိခင်လက်ထက်က အိမ်လေးကို ရောင်းပစ် တော့မလို့ပြောနေ၏။ ဘယ်လိုတားဆီးရမလဲ။ အဖေ မလုပ်သင့် ဘူးဟုထင်သည်။ အမေ့လက်ထက်က ပစ္စည်းတွေလည်း မိထွေး ဖြုန်းသုံးပစ်လို့ကုန်ပြီပဲ။ ကိုမိုးမာန်မောင်ဆီက ပိုက်ဆံတွေယူပြီး အကြွေးဆပ်ပြီးသားကို ကော် တာဝန်ယူစေရန် တမင်ကြား့အောင် အဖေ့ကိုပြောနေတာသိနေ၍ ခံပြင်းနေသည်။

"ရှင် အနားယူတော့နော် ကိုကျော် တာဝန်ကျေပါတယ်၊ နုနယ်ကိုက ဆိုးခဲ့တာပါ ... ကိုကျော် ညောင်းနေလား ဆေးလိမ်း ပေးမယ်လေ"

"ရပါတယ်ကွာ"

"လာစမ်းပါ ကိုကျော်ရယ် ... နုနယ် ပြုစုပေးပါရစေ"

ကော်ကတော့ မျက်လုံးတွေကိုဖွတ်မှိတ်၍ နားနှစ်ဖက်ကိုပါ ဖိပိတ်ထားပစ်လိုက်သည်။ ကော် ဆယ်နှစ်သမီးထဲက အဖေနောက်



www.burmeseclassic.com

www.burmeseclassic.com



မိန်းမယူခဲ့တာပါ။ သမီးလေးမှာ အမေလိုအပ်လို့တဲ့။ ကော် ငိုယို တားဆီးခဲ့ပေမယ့် အဖေ့နောက်မိန်းမ ဒေါ်နုနုနယ်က အိမ်ပေါ် တက်လာခဲ့၏။ အမေ ဆုံးစဉ်က မိသားစုအတွက် အမေစုဆောင်း ထားတဲ့ ပစ္စည်းတွေအပြည့်ပဲ။ မိထွေး ဖြုန်းပစ်တာပါ။

"အဖေရယ် ... အမေ့လက်ထက်က အိမ်လေးကိုတော့ မရောင်းပစ်ပါနဲ့၊ အမေ့ အမှတ်ရလေးပါနော်"

ဘယ်တော့မှ ဝမ်းနည်းကြေကွဲမှုတွေကို ထွေးပိုက်မထား ချင်ခဲ့တဲ့ ကော်ဖိနပ်တစ်ယောက် မျက်ရည်တွေက ဝဲလာရသည်။ မိထွေးကို အရွဲ့တိုက်ပြီး မာမာကျောကျောပဲနေထိုင်လာခဲ့တဲ့သူပါ။ သူမ ကြောက်ရွံ့တုန်လှုပ်နေလျှင် မိထွေးကပိုပြီး အနိုင်ကျင့်မှာစိုး ရိမ်၍ ကြမ်းကြမ်းတမ်းတမ်း စွာတေးလန်အောင် နေထိုင်ခဲ့တဲ့သူမ။

"နင် ဘာဖြစ်လို့ ဒီလောက်အထိ ဆိုးသွမ်းနေရတာလဲ ကော်ဖိနပ်၊ တစ်ခုခုဖြစ်ပြီဆိုရင် နင်ပဲ ရပ်ကွက်ထဲက ကောင်လေး တွေနဲ့လည်း နင်တတွဲတွဲလုပ်နေတာ ... နင့်နာမည် ဘယ်လောက် ပျက်နေလဲ"

ရင်ခွင်နှင့်တွေ့တိုင်း သူမအား အပြစ်တင်ဝေဖန်ပြောဆို တတ်သည်။ ကော်နှင့် ရန်အဖြစ်ဆုံးက ရင်ခွင်ပဲ။ ဒီညလည်း ရင်ခွင် ဝင်ပြီး ကူညီပေးလို့ ပြဿနာတွေ မတက်တာပါ။

"ရင်ခွင် ... ငါဘာဆက်လုပ်ရတော့မလဲဟာ၊ ရပ်ကွက်ထဲမှာ လေ နာမည်ပျက်ကြီးနဲ့ ဘယ်မိန်းကလေးကနေချင်မှာလဲဟာ၊ ငါက





မာနတွေ မိုးထိအောင်မြင့်တက်နေချင်ခဲ့တာပါ ... ဒါပေမဲ့လည်း ဟယ် ... ငါလေ ..."

ရင်ခွင်ပေးလိုက်တဲ့ အအေးဗူးလေးကို သူမသောက်ဖို့မေ့နေ သည်။ ရင်တွေပူလာသဖြင့် အအေးဗူးလေးကို လှမ်းယူရင်း ဖောက် ၍သောက်မိ၏။ ရင်ထဲတွင် ချိုစိမ့်အေးမြသွားတာပဲ။

"ရင်ခွင် ... ကိုမိုးမာန်မောင်ရဲ့ တိုက်ကြီးထဲမှာ ချစ်သူပြ တိုက်လေးရှိတယ်လေ ... အမှတ်တရလေးတွေ အများကြီးပဲဟာ"

ရင်ခွင် ပေးလိုက်တဲ့ အအေးဗူးအခွံလေးကိုလည်း သံယော ဇဉ်နှယ်ရဲ့ အချစ်ပြတိုက်လေးထဲမှာသိမ်းဆည်းထားချင်သည်။ သူမ အိပ်နေရာကနေ ပြန်ထပစ်လိုက်ပြီး ကတ်ထူပြားတစ်ခုကို သေသေ သပ်သပ်လေးညှပ်၍ စာကြောင်းလေးတွေရေးလိုက်၏။ သူမ စာ ကြည့်စားပွဲလေးပေါ်မှာ အအေးဗူးလေးကို တင်ထားပြီး ကဒ်ထူ ပြားလေးကို ထောင်ထားလိုက်သည်။

"ချစ်သူပေးလိုက်တဲ့ အအေးဗူးလေးကြောင့် ရင်ထဲမှာပူ လောင်ပြင်းပြသောကတွေ အေးချမ်းပျော်ရွှင်သွားရတယ်လေ"

အမှတ်တရ

သံယောဇဉ်နှယ် ...

သူမ အိပ်မက်လေးထဲမှာပဲ ချစ်ရသူရဲ့ အနမ်းလေး ဘယ် တော့မှ မေ့ပစ်လိုက်လို့မရခဲ့တဲ့ အမှတ်တရ၊ အဲဒါကိုတော့ သူမရဲ့ နှလုံးသား အချစ်ပြတိုက်လေးထဲမှာပဲ သိမ်းဆည်းထားပစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရင်ခွင်က ကျွန်မရဲ့အချစ်ဦးပါနော်၊ ချစ်သူနမ်းရှိုက်ခဲ့တဲ့ ကျွန်မနှုတ်ခမ်းလေးကိုလည်း ဘယ်တော့မှ တခြားယောကျ်ားတစ်ယောက် အနမ်းမကျရောက်စေရပါဘူး"

ကိုမိုးမာန်မောင်ကို သူမကြောက်လန့်တကြား ငြင်းဆန်ပစ်ခဲ့သည်။ ရင်ခွင့်အပေါ် သစ္စာရှိပြချင်တာပါ။

"နင် ဘာဖြစ်လို့ ကော့်ကို ချစ်တယ်လို့ ချစ်ခွင့်မပန်ခဲ့တာလဲ ဟယ် ... ကော့်ကို အထင်သေးလို့လားဟင်"

မျက်ရည်တွေက ဝဲကျချင်လာသည်။ လောကကြီးကို ကော်လုံးဝမကျေနပ်။ အဆင်မပြေမှုတွေ ကြမ်းတမ်းခက်ခဲမှုတွေ၊ ကြေကွဲ ဝမ်းနည်းရတာတွေအားလုံး သံယောဇဉ်နှယ်ဆိုတဲ့ ကော်ဖိနပ် အတွက် ကန်ထရိုက်ဆွဲထားသလိုတောင် ဖြစ်ရတယ်။

"နင့်ကို ငါစိတ်ပူတယ် ရင်ခွင် ... ရပ်ကွက်ထဲမှာ နာမည်အရမ်းပျက်နေတယ်၊ ချစ်စရာလိုကောင်ဆီကတောင် စားချင်တယ်"

မိထွေးကို အရွဲ့တိုက်ရင်း ငါ့ဘဝ ဘာတွေဖြစ်ကုန်ပြီလဲမသိတော့ဘူး။ ရင်ခွင် အရင်ကတော့ ကော်လေ အပျော်အပျက်နဲ့နေခဲ့တာပါ။ ရင်ခွင်ကိုယ်တိုင်တောင် ကော်ဖိနပ်ကို အထင်သေးနေပြီ။

"ငါ့ရင်ထဲမှာ ငယ်စဉ်လေးထဲက တိတ်တခိုးလေး နှစ်သက်မြတ်နိုးခဲ့ရတဲ့ ချစ်သူတစ်ယောက်ရှိနေတယ် ... ဘယ်သူလဲ သိလား၊ ဟင့်အင်း ... သံယောဇဉ်နှယ်ရဲ့ နှလုံးသားပြတိုက်လေးထဲမှာပဲ





သိမ်းထားမယ်"

နှလုံးသားတွေထဲမှာ ကွဲအက်နာကျင်နေရသည်။ ကိုမိုးမာန်မောင်ကို သူမ ဘယ်လိုရှောင်တိမ်းရမှန်းပင် မသိတော့။ မိထွေးဒေါ်နုနုနယ်က သူ့ဆီကနေ ငွေသိန်းနှစ်ဆယ်ယူထားခဲ့၏။ စာချုပ်စာတမ်းနှင့်။ ကိုမိုးမာန်မောင် မကျေနပ်လျှင် အမေနှ အချုပ်ထဲရောက်သွားနိုင်သည်။

"နုနယ်ကို ကိုယ်ထောင်ထဲအရောက်မခံနိုင်ပါဘူး၊ လိုအပ်လာရင် ဒီအိမ်ကိုရောင်းပြီးဆပ်မယ်၊ မနက်ဖြန် ပွဲစားလက်ထဲ အပ်လိုက်မယ် နုနယ်"

အဖေ စိတ်ကူး ဆုံးဖြတ်ချက်ခိုင်ခိုင်မာမာ ချထားတဲ့ပုံပင်။ အမေ့ပစ္စည်းတွေ ရောင်းတိုင်း ကော်ဖိနပ်ကို တိုင်ပင်တာမျိုးမရှိ။ ရွှေ့ပြောင်းနိုင်တဲ့ပစ္စည်းတွေ ကုန်သွားပြီလေ။ သူမ ညဦးအတော်နက်မှ အိပ်ပျော်သွားသည်။

"ကော်"

"ဟင် ... ရင်ခွင်"

"ကော့်ကို ပြောစရာရှိလို့ ရင်ခွင်ရောက်လာတာလေ"

"ဘာပြောမလို့လဲ ရင်ခွင်ရယ် ... ထူးထူးခြားခြား အိမ်အထိ ရောက်လာရလားဟဲ့"

ရင်ခွင်က သူမအိမ်လေးထဲ တက်လာပြီး သူမအိပ်ခန်းထဲအထိ လှမ်းဝင်လာသဖြင့် ကော် အလန့်တကြားနှင့်ပြောစရာရှိလို့



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး သူမကိုယ်လုံးလေးအား အားဆွဲယူပွေ့ဖက်တော့သည်။

"ရင်ခွင် ဘာလုပ်တာလဲ ... နင် ... နင် ငါ့ကိုထပ်ပြီးစော်ကားဦးမလို့လား၊ လွှတ် ... လွှတ်နော်"

"နင့်ကိုချစ်တယ် ... အရမ်းချစ်တယ်၊ ရင်ခွင် ချစ်မြတ်နိုးရတဲ့ သံယောဇဉ်ရယ် ... အရမ်းချစ်တယ်လို့ ပြောမလို့ပါ"

"အို ... ရင်ခွင် ... နင် ... နင်"

ရင်ခွင့်ဆီက ချစ်တယ်ဆိုတဲ့စကားတွေကို သံယောဇဉ်ဘယ်လောက်အထိ မျှော်လင့်တောင်းတနေခဲ့ရလဲ။ ပြောလာပြီဆိုတော့လည်း ငြင်းဆန်နိုင်တဲ့အင်အားတွေ မရှိ။ သူ့လက်တွေက သူမခန္ဓာကိုယ်လေးအနှံ့ ပွေ့ဖက်ပွတ်သပ်ပြီး အနမ်းတွေက မိုးသီးမိုးပေါက်တွေကဲ့သို့ တရစပ် ခုန်ပေါက်ကျရောက်လာလေရာ သူမကိုယ်တိုင် ပြင်းပြတဲ့ဆန္ဒရမက်တွေနှင့် အလိုတူ အလိုပါ။

"ဟော့ ... သံယောဇဉ်နှယ်၊ ဒါ ဘာလုပ်နေတာလဲ၊ မင်းကိုကိုယ်ပိုင်တယ်"

"ဟင် ... ကိုမိုးမာန်မောင်၊ ရှင် ... ရှင်"

"ဟော့ကောင် ရင်ခွင်၊ မင်းဘာလုပ်တာလဲ ... အခု ထွက်သွားစမ်း၊ သံယောဇဉ်ကို မင်းချစ်ခွင့်မရှိဘူး၊ ကိုယ်ပိုင်တယ် ... ကိုယ်ငွေတွေနဲ့ဝယ်ထားတာကွ ... ဖယ်စမ်း ... "

ရင်ခွင်အား ဆွဲဖယ်၍ အခန်းထဲမှ တွန်းထုတ်ဆွဲယူနေသည်။ သူမအထိတ်တလန့်နှင့် ရင်ခွင့်ကိုမလုပ်ဖို့ အော်ဟစ်တောင်းပန်နေမိ





၏။ ကိုမိုးမာန်မောင်က ရင်ခွင့်ကို အပြင်သို့ ဆွဲထုတ်သွား၍ လက်သီးနှင့်အချက်ပေါင်းများစွာ ထိုးနက်နေသည်။

"မလုပ်ပါနဲ့ ကိုမိုးမာန်မောင် ... ကျွန်မ တောင်းပန်ပါတယ်၊ တော်ပါတော့နော် ... ကျွန်မ ရှင်နဲ့ပဲ နေပါ့မယ်၊ ရှင့်ဆန္ဒတွေအတိုင်း ဖြစ်စေရပါ့မယ် ... ရပ်လိုက်ပါတော့"

အေးစက်စက် လက်တစ်ခုက သူမခန္ဓာကိုယ်လေးအား ထိတွေ့လှုပ်ခါပစ်လိုက်၍ သူမ အိပ်ရာမှ လန့်နိုးသွားပြီး မျက်လုံးတွေကို ဖွင့်လိုက်တော့ သူမမျက်နှာပေါ်မှာ ပီတိအပြုံးတွေနှင့် အုပ်မိုးနေတဲ့ မျက်နှာကြီးက မိထွေး ဒေါ်နုနုနယ်ရဲ့ မျက်နှာကြီးဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၆ )

"သံယောဇဉ် သမီးလေး … နေမြင့်နေပြီလေ၊ ညည်းလေး အဖေတောင် ဆိုက်ကားထွက်သွားပြီ၊ ဟဲ့ … အိပ်မက်မက်နေတာလား၊ ညည်းလေး အိပ်မက်ထဲမှာ မောင်မိုးမာန်မောင်နဲ့ နှစ်ပါး ကြည်နေတာလား"

"ရှင်"

"အမေကြားရတာတော့လေ ကိုမိုးမာန်မောင် မလုပ်ပါနဲ့ တောင်းပန်ပါတယ်တဲ့ … အိပ်မက်ထဲမှာတောင် သူဌေးကောင်လေးက ဘာတွေလုပ်နေလဲ"

ဒေါ်နုနုနယ်ကို ကော် စိတ်ပျက်မိသည်။ မုန်းတီးရွံ့ရှာလာသဖြင့် ကော် ဆတ်ခနဲထ၍ မျက်နှာသစ်ရန် ပြင်ဆင်ရာ သူမလက်ကို အတင်းဆွဲထားသည်။

"သံယောဇဉ် … အမေ့ကို မသနားဘူးလား၊ ညည်းအဖေက





အိမ်ကိုရောင်းပြီး အမေ့အကြွေးကို ဆပ်ပေးမယ်တဲ့၊ အမေ မသုံးရက်ပါဘူး၊ အမေ သမီးလေး အိမ်ခြေရာခြေမဲ့သွားလိမ့်မယ် … အမေ့အကြွေးက ဆပ်ပြီးပါပြီကွယ်၊ မောင်မိုးမာန်မောင်နဲ့ အဆင်ပြေအောင် နေလိုက်တာက အမေတို့မိသားစု ဟန်မပျက်တော့ဘူးလေ"

ကောင်မ ကော်ဖိနပ်။ ညည်းကများ အိုင်တင်ခံနေသေးတယ်။ ဆင်းရဲစုတ်ပြတ်နေတဲ့ အစုတ်ပလုတ်ကများ မောင်မိုးမာန်မောင်လို လူပျိုသူဌေးကို ပဲပေးနေသေးတယ်။ ကော်ဖိနပ်က ချောမောလှပလွန်းနေတာ သေသေချာချာကြည့်လေ အကြည့်ခံတယ်။ ဒင်းအလှကြောင့် နုနယ်သည်းခံနေတာပါ။

"သံယောဇဉ် … မိသားစုကို ငဲ့ပါဦး၊ အိမ်တွေဘာတွေရောင်းပြီး အခြေပျက်ရမယ်လေ"

"အိမ်ရောင်းပါစေ … အမေ့သဘောပဲ၊ အဲဒီကိုမိုးမာန်မောင်ဆိုတဲ့ သူဌေးက ကော့်ကို အတည်ကြံမယ်ထင်လား၊ သူ့ဘေးမှာ အဖော်အဖြစ်ပဲထားမှာ၊ ကော် လုံးဝမလုပ်နိုင်ဘူး အမေနဲ့"

"ဟဲ့ … ဟဲ့ ကော်ဖိနပ် … အဲ သံယောဇဉ် သမီးလေး အဲဒီလိုကြီးတော့ အပြတ်မငြင်းလိုက်ပါနဲ့အေ … အင်းလေ ဘယ်တတ်နိုင်မလဲ၊ ကျုပ်ကမိထွေးကိုး … ဒါပေမဲ့ ညည်းသေသေချာချာ စဉ်းစားနော် … ညည်းအတွက်လည်း အမိကကောင်းစားရမှာ"

ကော်ဖိနပ် ထွက်လာခဲ့သည်။ ကိုမိုးမာန်မောင်နှင့်တော့



www.burmeseclassic.com

www.burmeseclassic.com



လုံးဝ မပတ်သက်ချင်တော့ပါဘူး။ စိတ်ရှုပ်တယ်။ ငွေရှိတယ်ဆိုပြီး ကော်ဖိနပ်ကို ဓော်ကားဖျက်စီးချင်လို့ ရမလား။ ကော့်စိတ်ထဲမှာ စိတ်မမှန်တဲ့ ကြောင်တောင်တောင် လူကြီးတစ်ယောက်ဟုထင် သည်။

"မင်းမိထွေးက မင်းနဲ့တစ်ညတာ ပျော်ပါးဖို့ ငွေသိန်းနှစ် ဆယ်ယူသွားပြီ၊ မင်းနဲ့တစ်ညတာက သိန်းနှစ်ဆယ်လေ ... နည်း သေးလား"

ကိုမိုးမာန်မောင်ရဲ့အသံကြီးကို ပြန်ကြားလာမိပြီး ကော်ဖိ နပ် ဒေါသတွေဖြစ်လာပြီး တွေ့မြင်သမျှ အရာတွေအားလုံးကို ရိုက် ခွဲချေမွပြစ်ချင်လာသည်။ ရင်ခွင် ... ငါဘာဆက်လုပ်ရမလဲဟင်။ ငါက အဖြူရောင်လေးပါဟာ။ ငါ့မိထွေးက အနက်ဆိုးပစ်ဖို့ ကြိုးစည် ကြိုးစားနေလို့ ငါရောင်တိမ်းနိုင်မယ့်နည်းလမ်းတွေ နင်သိလား ဟင်။ နည်းလမ်းတစ်ခုလောက်ပဲဖြစ်ဖြစ် ပြောပြပြီး ငါ့ဘဝကို ကယ်တင်ပေးနိုင်မလားဟင်။ ရင်ခွင့်ကိုသတိရမိနေ၏။

အိပ်မက်လေး။ ရင်ခွင်က သူမအား ချစ်သည်ဟု ပြောခဲ့ သည်။ ကိုမိုးမာန်မောင်က သူပိုင်တယ်ဆိုပြီး ရင်ခွင့်ကို သတ်တော့ မလို့။

"အိပ်မက်လေးကို နင့်ကိုပြောပြလို့မဖြစ်ဘူးထင်တယ် ရင် ခွင် ... ရှက်စရာကြီးဟာ"

သူမ နှုတ်ခမ်းလေးက ယခုထိ နာကျင်နေသလိုပင်။ ရင်ခွင်





ရယ် နင့်ကိုလည်း ငါချစ်တယ်။ ရင်ခွင်စုတ်က ကော့်ကို သူငယ်ချင်း လို စေတနာအပြည့်နှင့် စောင့်ရှောက်နေသလိုလို မှန်းပစ်ချင်သည်။

"နင့်ကို ချစ်တယ်ရင်ခွင် ... ငါ့ရင်ထဲက ချစ်သူပြတိုက်လေး ထဲမှာ ကမ္ပည်းတင်ထားတယ်"

ကိုမိုးမာန်မောင်က ရင်ခွင့်ကိုလည်ပင်းညှစ်ပစ်မယ်လုပ် တော့ သူမ ကြောက်လန့်တကြား တားဆီးမိသည်။

"ငါ့ရဲ့ဘဝကို ငါချစ်သူရည်းစားမဟုတ်တဲ့ လူတစ်ယောက် ရဲ့ရင်ခွင်ထဲမှာ ဘယ်တော့မှ အပျက်စီးမခံနိုင်ဘူး ရင်ခွင် ... နင့် အတွက်ပဲ"

ရင်ခွင့်အကြောင်းကိုတွေးမိပြီး ကော့်နှလုံးသားတွေ ထိခိုက် ကြေကွဲရသည်။

"သံယောဇဉ်လေး မျက်နှာသစ်လေ၊ ဘာဖြစ်လို့ ကြာနေရ တာလဲကွယ် ... ဒီမှာ မောင်မိုးမာန်မောင် ဖုန်းဆက်နေတယ်လေ"

"ဟင် ... ဘယ်သူ့ဖုန်းလဲ ... အဖေရော"

"ညည်းအဖေ အစောကြီးထဲက ထွက်သွားပြီလေ"

"ဒီ ... ဒီဖုန်းက"

"အမေဝယ်ထားတာ ... ညည်းအဖေမသိအောင် သိမ်းထား ရတယ်လေ ... ရော့ပါ ပြောလိုက်"

"ဟာ ... မပြောချင်ပါဘူး"

"ပြောလိုက်ပါ ... သံယောဇဉ်လေးရယ်၊ တော်ပြီ



www.burmeseclassic.com

www.burmeseclassic.com



ရပ်ကွက်ထဲရောက်လာရင် မကောင်းပါဘူး၊ ကျုပ်ကို ဖမ်းခိုင်းချင်ရင်လည်း တစ်ခါတည်းသာ ဖမ်းခိုင်းလိုက်"

မိထွေး ဒေါ်နုနုနယ်က ပြောခိုင်းနေသဖြင့် ကော် စိတ်မသက်မသာဖြင့် ဖုန်းလေးကိုယူ၍ ပြောလိုက်ရသည်။

"သံယောဇဉ်"

"အမလေး"

"ဘယ်လိုဖြစ်ရတာလဲကွာ ... ကိုယ့်အသံကိုကြားလိုက်တာနဲ့ အလန့်တကြား အော်လိုက်တာ၊ ကိုယ်က သရဲသဘက်လား"

"ဟို ... ဟို ကျွန်မက ရုတ်တရက် အသံကြီးပေါ်လာတော့ လန့်သွားတာပါ"

အမေနကို အချုပ်ထဲပို့လိုက်ပါလို့လည်း ကော်မပြောလိုက်ချင်ပေ။ အိမ်ရောင်းဆပ်တော့လည်း အဖေပဲဆက်ပြီး ပင်ပန်းရမှာ။ ကော် အလုပ်လုပ်မယ်ဆိုတော့လည်း အဖေက လက်မခံ။ စာပေးစာယူနဲ့ ဘွဲ့လေးတစ်ခုတော့ ရအောင်ယူရမယ်။ သမီးအံနာဂတ်ပဲတဲ့။ အဖေက သမီးနှင့်နောက်မိန်းမကြားထဲတွင် နှစ်ဖက်လုံးကို အဆင်ပြေစေရန် ဖေးမယင်း ပင်ပန်းနွမ်းနယ်နေရရှာသည်။

"ဘယ်လိုလဲ သံယောဇဉ် ... မင်းအမေကို ထောင်ထဲပို့လိုက်ရမလား"

"ရှင်"

"ကိုယ့်ဆီကနေ ပိုက်ဆံတွေ လိမ်ညာယူပြီး သွားတာလေ၊





သိန်းနှစ်ဆယ်တောင်"

"ကိုမိုးမာန်မောင် ရှင်ကိုယ်တိုင်က မစဉ်းစားမဆင်ခြင်ဘဲ ပေးလိုက်တာပဲလေ"

"ဟုတ်ပါတယ် ... ကိုယ်ပေးလိုက်မိလို့ပေ့ါ၊ မင်းအမေက သူ့သမီးက သူပြောရင်ရတယ်တဲ့၊ စာချုပ်မှာလည်း လက်မှတ်ထိုးထားတယ်၊ အသံလည်း ဖမ်းထားတယ် ... မင်းနားထောင်မလား"

ကိုမိုးမာန်မောင်က သူဖမ်းတဲ့ ဒေါ်နုနုနယ်အသံအား ဖုန်းထဲကနေဖွင့်ပြနေသည်။ ဒေါ်နုနုနယ်က သူမရှေ့ကနေ ရှိုးမတတ်တောင်းပန်နေ၏။ ကော်ဖိနပ် ... အရင်စိတ်နဲ့ဆို ဒေါ်နုနုနယ်ရော အိမ်တစ်အိမ်လုံးရော မီးလောင်ပြာကျသွားပြီ။ ဘယ်လောက်ဒေါသဖြစ်ဖို့ကောင်းလဲ။

"သံယောဇဉ် ... သမီးလေး အမေ့ကိုကယ်ပါ၊ သူ ... သူ ကျေနပ်အောင် ပြောပေးပါကွယ်၊ ရှိုးပါတယ်နော် သမီးလေး"

ဒေါ်နုနုနယ်ရဲ့ အောက်ကျနောက်ကျခံပြီး လေသံက ရှိန့်ရှိန့်ကျိုးကျိုး လက်အုပ်က ချီထားလိုက်သေးတယ်။ ရှင်ကြီးစိတ်ထဲမှာ လင်ပါသမီးအပေါ် နည်းနည်းလေးမှ ညှာတာသနားမှု ကင်းမဲ့နေတာပါ။

"သံယောဇဉ် ... မင်းကြားတယ် မဟုတ်လားကွာ ... ကိုယ်က အကျိုးမဲ့ငွေကုန်ခံတာမျိုး မရှိဘူးနော်၊ အပေးအယူရှိမှ၊ ဒါဆိုရင်တော့ ကိုယ်ငွေပုံအောနိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ရှင် ... ရှင် ရူးနေပြီပဲ ... ပိုက်ဆံတွေ ဘယ်လောက်ပဲ ချမ်းသာနေပါစေ။ ရှင့်စိတ်ဓာတ်က အောက်တန်းကျလွန်းတယ်။ ကော်ဖိနပ်တို့က အထင်ကြီးမယ်မထင်နဲ့။

"မင်း ကိုယ့်ဆီလာခဲ့ပါ၊ ကိုယ်ရဲ့အချစ်ပြတိုက်လေးထဲမှာ ကိုယ့်ချစ်သူအကြင်နာရဲ့အကြောင်းတွေ ရှင်းပြချင်တယ် ... နား ထောင်ပေးရမယ်"

ကော်ကတော့ အဖြေပေးဖို့ တွန့်ဆုတ်သွားသည်။ သူဌေး တစ်ယောက်ရဲ့ ရူးကြောင်ကြောင်လုပ်ရပ်ပဲလား။ ဒါမှမဟုတ် ကော် ရဲ့အပျိုစင်ဘဝလေးကို ချေမွဖျက်ဆီးပစ်ဖို့ နည်းပရိယာယ်တွေခင်း နေတာလား။ ရင်ခွင်ပြောသလိုပဲ အပေးရှိရင် အယူလည်းရှိလိမ့်မယ် တဲ့။ မိထွေး ဒေါ်နုနုနယ်က သူမရှေ့မှောက်မှာ ဒူးထောက်နေသည်။

"မင်းက မာနရှိသားပဲ၊ ကိုယ်ပိုပြီး နှစ်သက်သွားတယ်၊ မိန်း ကလေးတစ်ယောက်ရဲ့ တန်ဖိုးပြတာလား၊ ဟား ဟား ဟား ... ဒါမှမဟုတ် တန်ဖိုးမြှင့်လိုက်တာလား၊ မင်းရဲ့ရာဇဝင်က ဖီးထုတ် တစ်ထုတ်နဲ့လည်း ချစ်သူရည်းစားလုပ်လို့ရတယ်ဆို"

"ဒီမှာ ... ကျွန်မကို ဘယ်လိုမိန်းကလေးမျိုးထင်နေလို့လဲ၊ ရှင် ရူးနေပြီထင်တယ်၊ ရှင်နဲ့ဘာရန်ငြိုးမှလည်း မရှိဘဲနဲ့ ကျွန်မကို အထင်သေးနှိမ်ချစကားတွေ လာမပြောပါနဲ့၊ ရှင်ပေးလိုက်တဲ့ငွေက ကျွန်မသိတာမဟုတ်ဘူး ... ရှင့်သဘောပဲ"

"သံယောဇဉ် သမီးလေး ... ဒီလိုမပြောပါနဲ့ကွယ်၊ အမေ





တောင်းပန်ပါတယ်၊ အမေထောင်ကျရင် အရင်ဆုံးသမီးအဖေ သေ လိမ့်မယ်"

ဒေါ်နုနုနယ်က ကော့်လက်ထဲမှဖုန်းလေးကိုဆွဲယူပြီး ကိုမိုး မာန်မောင်အား သမီးလေးအား မိမိရအောင် ချော့မော့ဖြောင်းဖျ ပေးမည့်အကြောင်း တောင်းပန်နေသည်။ စိတ်ပျက်လိုက်တာ။ ကော်ဖိနပ် ခြေကလေးဆောင့်ပြီး အိပ်ခန်းထဲ ပြန်ဝင်လာမိသည်။

"သံယောဇဉ် သမီးလေး ... အမေ့ကို သနားပါဦး၊ မိန်းမ မာယာ သဲကိုးဖြာတဲ့၊ အလိုက်အထိုက်လေး နေပေးလိုက်ပါ ... သံယောဇဉ်လေးကို အမေနားလည်ပါတယ်"

"ကျွန်မ လုံးဝမလုပ်နိုင်ဘူး၊ အမေနဲ့ ယူသုံးတဲ့ကိစ္စလေ အိမ် ရောင်းပြီး ပြန်ပေးလိုက်မယ်၊ လမ်းဘေးမှာပဲ တဲထိုးနေရပါစေ ကျွန်မ လက်ထပ်ယူမယ့်ချစ်သူကလွဲပြီး ကျွန်မဘဝကို မပေးအပ် နိုင်ဘူး"

"ကော်ဖိနပ် ... နင်က ငါဒီလောက် တောင်းပန်နေတာ တောင် ခေါင်းမာနေပါလား၊ နင့်အဖေနဲ့ လက်ထပ်ယူပြီးထဲက နင် လေ ငါမကြိုက်တာတွေကြီးပဲ ရွေးလုပ်ပြတယ် ... နင် ငါ့ကိုမိထွေး ဆိုပြီး အရွဲ့တိုက်ပြနေတာ မဟုတ်လား"

"အိမ်ရောင်းလို့ ပြောထားပြီးပြီပဲ၊ သူ့အကြွေးကို ပြန်ဆပ် မယ်၊ သူ ရဲကိုတိုင်လည်း အမေရှင်းပေါ့၊ ကော်ဖိနပ်ကတော့ လုံးဝပဲ



www.burmeseclassic.com

www.burmeseclassic.com



လက်မခံဘူး"

"အမလေး ... ကြီးကျယ်နေလိုက်တာဟယ်၊ နင်က ခေါင်းမာနေလိုက်တာ ... ဘာလဲ ရပ်ကွက်ထဲက ကောင်တွေအပေါ် သစ္စာရှိပြမလို့လား ... အလုပ်မရှိ အကိုင်မရှိ၊ လက်ကျောမတင်းတဲ့ ကောင်တွေ ... ဘာအထင်ကြီးစရာမှ မရှိဘူး"

ဒေါ်နုနုနယ် ဒေါသတွေဖြစ်လာရသည်။ ကော်ဖီနပ်က အထာကြီးနှင့် အမြဲတမ်း မိမိပြောဆိုသမျှ သွန်သင်ဆုံးမစကားတွေနှင့် ဆန့်ကျင်ဘက် လုပ်ကိုင်နေထိုင်တာကြာပြီ။ ကောင်းပြီလေ ကော်ဖီနပ် ... နင်က ခွေးဖြစ်ချင်လို့ပြာပုံတိုးတာပဲ။ ခွေးအဖြစ်ပဲ နေ။ နင့်ကိုလေ လမ်းဘေးမှာ ငတ်ငတ်ပြတ်ပြတ်နဲ့ ခွေးဝဲစားဖြစ်အောင် လုပ်ပြမယ်။

"ညည်း ကြိုက်သလိုနေတော့၊ ဇီးထုတ်တစ်ထုတ်နဲ့လည်း ရည်းစားစကား အပြောခံ၊ လက်ဖက်ရည်တစ်ခွက်တောင် အနိုင်နိုင်တိုက်နိုင်တဲ့ကောင်နဲ့လည်း လက်ဖက်ရည်ဆိုင်ထိုင်၊ နင့်သဘောပဲ နောက်မှ ငါ့အဆိုးမဆိုနဲ့နော်"

မိထွေးက ဓာတိပြလာသည်။ ရက်စက်လွှန်းတဲ့ ဒေါ်နုနုနယ်။ အဖေမှာရှိသမျှ ထိုင်ပြီး လောင်းကစားဝိုင်းတွေ နေ့စဉ်သွားဖြုန်းသုံးပစ်တာ အားမရသေးပေ။ ကော်ဖီနပ်ကို ဘန်းပြပြီး မြူစားချင်သေးတယ်။ အဖေရော ကော်ရော မကြိုက်တဲ့အလုပ်တွေ။





မိထွေး ဒေါ်နုနုနယ်က ပြောဆိုပြီး ဝတ်စားပြင်ဆင်ကာ အပြင်ထွက်သွားသည်။

"ဟဲ့ ... ကောင်မ ... ဒီမှာ ဖုန်းထားခဲ့မယ်၊ နင် သေသေချာချာ စဉ်းစား ... ဟိုကလာလိမ့်မယ်၊ နင့်ပြဿနာနင်ရှင်းတော့ ငါကတော့ လစ်ပြီ"

"ဒေါ်နုနုနယ်"

အနီရောင် ဖုန်းလေးကို သူမအား ပစ်ချပြီး မိထွေးဒေါ်နုနုနယ် အဝတ်အစားတွေထည့်ပြီး အိတ်တစ်လုံးဆွဲကာ ထွက်သွားသည်။ ရက်ရက်စက်စက်နှင့် တာဝန်မဲ့ရှောင်တိမ်းထွက်သွားတော့မယ်ဆိုတာ ကော်သိလိုက်သဖြင့် နောက်မှလိုက်ခေါ်သော်လည်း အငှားကားနှင့် ထွက်သွား၏။ ရပ်ကွက်ထဲမှာ အုတ်အော်သောင်းနင်းဖြစ်မှာကြောက်၍ ကော် ထပ်မခေါ်နေတော့။ အဖေ ပြန်ရောက် လာရင် ရှင်းလင်းရမည့် ပြဿနာအတွက် ကော်ရင်ပူလာသည်။

"ရင်ခွင်ရေ ... ငါ့ကိုလာကယ်ပါဦးဟာ၊ ငါ ဘယ်လိုဆက်လုပ်ရမလဲဟင် ... "

တကယ်တမ်းကျတော့ သူမကိုယ်သူမ စိတ်ဓာတ်မာကျောခက်ထန်ပြီး အရာရာကို ခံနိုင်စွမ်းရည်ရှိမယ်ထင်ခဲ့တာ။ အခုတော့ ကော်တစ်ယောက်ထဲ အားငယ်ချောက်ချားသိမ်ငယ်တဲ့စိတ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ကနေ ဘယ်ကိုရောက်လာမှန်းမသိဘဲ မျက်ရည်တွေက ပါးပြင်လေးပေါ် တစ်ပေါက်ပေါက် လိမ့်ကျလာသည်။

"ငါလေ … ရင်ခွင် အမြဲတမ်းပဲ ငါ့မိထွေးကို မကျေနပ်တိုင်း ငါ့အဖေရဲ့လုပ်ရပ်အတွက် ခံပြင်းလာရတိုင်း မိထွေးကို အရွဲ့တိုက်ပြခဲ့တယ်၊ နင့်ကိုလည်း အရွဲ့တိုက်ခဲ့တာပဲ … အခု ငါဘာဆက်လုပ်သင့်လဲဟာ"

ကိုမိုးမာန်မောင်ရဲ့ဆန္ဒတွေကို လိုက်လျောရင်လည်း မိထွေးဒေါ်နုနုနယ် စိတ်ကျေနပ်ပြီး အဖေစိတ်ချမ်းသာရမယ်။ တစ်ဖက်က အထိနိုက် အနစ်နာဆုံးက ကော်ဖိနပ်ပဲလေ။ ဖြူစင်သန့်ရှင်းတဲ့ဘဝလေး အမဲစက်စွန်းထင်းရမယ်။ ချစ်သူရင်ခွင်ကိုလည်း ဆုံးရှုံးရမယ်။ ကိုမိုးမာန်မောင် ရှင်က ဘာလဲ။ ရှင့်ကို ကျွန်မအပြတ်သားဆုံးမေးမယ်။ ကျွန်မကို အတိအလင်း လက်ထပ်ယူမလား။

"တီ … တီ … "

"တီ … "

"ဟင် … အမလေး"

အိမ်ရှေ့မှကားဟွန်းသံကြောင့် သူမထွက်ကြည့်လိုက်တော့ အိမ်ရှေ့မှာ ကိုမိုးမာန်မောင်ရဲ့ကားလေးက ရပ်နေသည်။ လူကတော့ ကားပေါ်က မဆင်းပေ။ ပြဿနာကစပြီ။ ရပ်ကွက်ထဲက ကောင်တွေနှင့် ပြဿနာတက်မှာကြောက်၍ မျက်ရည်တွေပေကျံ





နေတဲ့ မျက်နှာလေးကို မျက်နှာသုတ်ပဝါလေးနှင့် သုတ်၍ ကပျာကယာဆင်းလာသည်။

တက်လေတဲ့ … ဒီလိုလိမ်မာမှပေါ့တဲ့။ ကိုမိုးမာန်မောင်ရဲ့ ချောမောခန့်ညားတဲ့ မျက်နှာကြီးက ကော်ဖိနပ်အမြင်မှာ အစွယ်ငေါငေါနဲ့ ဘီလူးတစ်ကောင် ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၇ )

"ပိုက်ဆံရှိတယ်ဆိုတိုင်း အပြစ်မရှိတဲ့ ဖြူစင်လွန်းတဲ့ မိန်းကလေးတစ်ယောက်ရဲ့ဘဝကို ဖျက်ဆီးပစ်ဖို့အတွက် ရှင်က ပိုက်ဆံတွေကို မနှမျောပဲ ပုံအောသုံးနေတာ ... ကိုမိုးမာန်မောင်လို ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ယောက်အတွက် အရှက်သိက္ခာမဲ့လွန်းတယ် ထင်ပါတယ်"

သူ့ရဲ့အချစ်ပြတိုက်ထဲမှာ အပြစ်မဲ့တဲ့ သူမက ချစ်သူနဲ့တူတယ်ဆိုတဲ့အကြောင်းပြချက်လေးနဲ့ပဲ ကိုမိုးမာန်မောင်ရဲ့ အာသာငမ်းငမ်း ကျားခံတွင်းထဲ လည်ဆင်းဦးညွတ်တိုးဝင် စတေးလိုက်ရမှာလား။ သူ့မျက်ဝန်းတွေက ကြောင်စီစီနှင့်သူမအား စူးစိုက်ကြည့်ရင်း အနားသို့ တဖြည်းဖြည်း တိုးကပ်လာသည်။

"ကိုမိုးမာန်မောင် ရှင်ကလူကြီးလူကောင်းတစ်ယောက်ပါ။ အသိရှိစမ်းပါ ... ကျွန်မက ဆင်းရဲသားရပ်ကွက်လေးထဲမှာနေတဲ့





ဆိုက်ကားသမားတစ်ယောက်ရဲ့သမီးပါ၊ ရှင်နဲ့မတန်ပါဘူး၊ ပြီးတော့ ကျွန်မက ရှင့်ချစ်သူ အကြင်နာလည်း မဟုတ်ဘူး ... နည်းနည်းလေးဆင်နေတာ ကျွန်မ ကံဆိုးတာပဲ"

ဘာမှ မစဉ်းစားချင်ဘူး။ သံယောဇဉ် ... မင်းက ငါ့ချစ်သူအကြင်နာမဟုတ်ရင်လည်း မင်းကိုချစ်မိသွားပြီထင်တယ်။ ကိုယ့်ချစ်သူ အကြင်နာမှာတောင် မင်းလိုညို့ချက်ပြင်းတဲ့မျက်ဝန်းတောက်တောက်လေးတစ်စုံ ရှိမနေဘူး။ မင်းနှုတ်ခမ်းလေးကဖူးစင်နေတာပဲ။ မင်းမျက်တောင်ကော့ကော့လေးတွေ တဖြတ်ဖြတ်ခတ်ပြီး ကိုယ့်လို မာနတွေနဲ့ရင်ဆိုင်နေတာ စွဲဆောင်မှုရှိလွန်းနေတယ်။ ကိုယ့်ရင်ထဲက ငယ်ချစ်ဦး အကြင်နာကိုတောင် ဆွဲထုတ်ဖယ်ရှားနိုင်စွမ်းတွေအပြည့်ပဲ။

"ဒီမှာ ကိုမိုးမာန်မောင် ရှင်ပေးလိုက်ရတဲ့ ပိုက်ဆံတွေကို ကျွန်မတို့ အိမ်ရောင်းပြီးပြန်ဆပ်ပါ့မယ် အတိုးလည်းယူပါနော်"

မင်းက တကယ့်ကိုရယ်စရာကောင်းတဲ့ ကောင်မလေးပါလား သံယောဇဉ်နှယ်။ မင်းကိုပေးလိုက်တဲ့ ငွေပမာဏက ကိုယ့်အတွက် တစ်နေ့အသုံးစရိတ်လောက်တောင် မရှိပါဘူးကွာ။ သေးသေးမွှားမွှားလေးပါ။ ကိုယ့်ရင်ထဲမှာ မင်းကိုလည်း အထင်သေးမနေပါဘူး။ တစ်ခုတော့ရှိတယ် ... မင်းကို ကိုယ်တရားဝင်ဇနီးမယူပါလို့ ကိုယ့်အသိုင်းအဝိုင်း ဆွဲထုတ်ခေါ်ပြဖို့တော့ ကိုယ့်မှာ အဲဒီလို သတ္တိမျိုးလုံးဝမရှိဘူး၊ ဟုတ်တယ်လေ။ မင်းက ကိုယ်နဲ့တန်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ မိန်းကလေးတစ်ယောက်တော့ လုံးဝမဟုတ်ဘူး သံယောဇဉ်။

"ရှင့်ချစ်သူအကြင်နာကို ရှင်အရမ်းချစ်တယ် မဟုတ်လား။ ရှင်အမြတ်တနိုး သိမ်းဆည်းထားတဲ့ ချစ်သူပြတိုက်ထဲမှာ သစ္စာဆို ထားတဲ့ ငွေဖလားလေးကိုတော့ ရှက်သင့်ပါတယ်"

သူမ အကြင်နာနှင့်ဘယ်လိုအကြောင်းနဲ့မှ မခွဲခွာကြစတမ်း ဟု စာတမ်းလေးရေးထားတဲ့ ငွေဖလားလေးကို သူမကောက်ယူ လိုက်၏။ ကိုမိုးမာန်မောင်ကို ပြမိသည်။

"အဲဒါ ဘာလုပ်တာလဲ သံယောဇဉ် ... မင်းချထားလိုက်စမ်း ဒီကပစ္စည်းတွေကို အခွင့်မရှိဘဲ မကိုင်နဲ့ ... "

"ရှင့်ကို သတိပေးတာပါ။ ကျွန်မ တောင်းပန်ပါတယ်၊ ဒူး ထောက်ရှိခိုးပြီး တောင်းပန်ပါတယ်ဆိုရင်လည်း ကျွန်မ တောင်းပန် ပါတယ်နော်"

"သံယောဇဉ်နှယ်"

"ရှင်"

"မင်း တကယ်ပဲ ကိုယ်ထောက်ပံ့ပေးကမ်းမှုတွေအားလုံးကို လက်မခံဘူးလား"

"ဟုတ်တယ် ... လုံးဝကို လက်မခံနိုင်တာပါ ကိုမိုးမာန် မောင် ... ကျွန်မကို တရားဝင်လက်ထပ်ယူပါ့မယ်ဆိုရင်တောင် ရှင့်ကို ကျွန်မ လက်မခံနိုင်ပါဘူး"

"ဘာပြောတယ်ကွ"





ရင်ခွင့်ကြောင့်ပါ။ ဆင်းရဲရဲ မွဲမွဲတေ်တေ် နှုတ်ခမ်းပဲ့ခြင်း မီး မှုတ်တယ်ပဲ အပြစ်တင်ဝေဖန်ကြပါစေ ကော်ဖိနပ်ရဲ့ နှလုံးသားထဲ မှာ ငယ်ချစ်ဦး မင်းရင်ခွင်တစ်ယောက်ထဲကိုပဲ လက်ထပ်ဖို့ ဆုံးဖြတ် ထားလို့ပါ။ မင်းရင်ခွင်ဘက်က လက်ထပ်ဖို့ ခွင့်တောင်းလာတဲ့အထိ ကျွန်မ စောင့်နေရပါလိမ့်မယ်။

"မင်းစကားတွေက အရမ်းကိုကြီးကျယ်ခမ်းနားနေပါလား ကော်ဖိနပ် ... မင်းအဆင့်က ကိုယ်တရားဝင် လက်ထပ်မယ်ဆိုရင် တောင် မင်းက လက်မခံနိုင်ဘူးလား"

"ဟုတ်တယ် ... အဲဒါ ကော်ဖိနပ်ရဲ့ ဆုံးဖြတ်ချက်ပဲ၊ ကျွန်မရဲ့ ခန္ဓာကိုယ်အပျိုစင်ဘဝကို ထိန်းသိမ်းရမယ်၊ ကျွန်မ ချစ်မြတ်နိုးရတဲ့ ယောကျ်ားကလွဲပြီး ကျွန်မ အသားကိုလုံးဝ ထိလို့မရဘူး။ ကျွန်မ ကို အကြပ်ကိုင်ပြီး စော်ကားလိုက်ရင်လည်း ရှင်လူသတ်မှုနဲ့ထောင် ထဲရောက်လိမ့်မယ်၊ ရှင့်ရဲ့ ရက်စက်ယုတ်မာမှုကြောင့် ကျွန်မ အသက်ကို သေကြောင်းကြံစည်ပစ်လိုက်တာပါလို့ ကြွေးကြော်ပြီး သေပစ်မယ်"

မိုးမာန်မောင် တွန့်ထုတ်သွားသည်။ သံယောဇဉ်နှယ်ရဲ့ ချက်ဝန်းတွေက ဆုံးဖြတ်ချက်ခိုင်မာနေပုံပင်။ ဒီကောင်မလေး ပဲ ပေးနေတာ မဟုတ်ဘူး။ တန်ဖိုးကို မူယာမာယာတွေနဲ့ မြှင့်တင်နေ တာလည်း မဟုတ်ဘူး။ မင်းက ချစ်စရာကောင်းလောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



ဖြူစင်လွှမ်းနေတာပဲ။

"ရှင့်ပိုက်ဆံ သိန်းနှစ်ဆယ်ကို တစ်လအတွင်း ကျွန်မပြန်ပေးပါ့မယ်၊ အိမ်ရောင်းမလို့ပါ ... ရှင်ပိုက်ဆံပေးလိုက်တဲ့ ဒေါ်နုနုယဉ်က ကျွန်မအမေအရင်းလည်း မဟုတ်ပါဘူး၊ မိထွေးပါ ... သူ့လောင်းကစားကြွေးတွေအတွက် ကျွန်မခန္ဓာကိုယ်ကို ရောင်းစားဖို့လုပ်တာပါ"

ကော်ကတော့ ပါးစပ်ထဲတွေ့တာတွေပြောနေရင်း ကိုမိုးမာန်မောင်အား ခြိမ်းခြောက်လိုက် တောင်းပန်လိုက်နှင့် သူမမျက်ဝန်းတွေထဲမှလည်း မျက်ရည်ပေါက်တွေ ပြုတ်ကျလာသည်။ သူ့ခြေလှမ်းတွေက ရပ်တန့်သွား၏။ ကြောင်စီစီ အကြည့်တွေကနေ အကြင်နာအရိပ်တွေ လွှမ်းလာသည်။

"မင်းကို ကိုယ်လက်ဖျားနဲ့တောင် မတို့တော့ပါဘူး ကောင်မလေးရယ် ... ကိုယ်ပေးလိုက်ရတဲ့ ပိုက်ဆံကိုလည်း မင်းအိမ်ရောင်းဆပ်စရာမလိုတော့ဘူးဆိုရင်ရော"

"ကိုမိုးမာန်မောင် တကယ်ပြောတာလားဟင်၊ ပိုက်ဆံကတော့ ပြန်ယူပါ၊ အိမ်ရောင်းရမယ့်ရက်လေးပဲ ခဏလေးစောင့်ပေးပါ၊ ကျွန်မအဖေကလည်း အိမ်ရောင်းပြီး ကျွန်မမိထွေးအကြွေးတွေဆပ်ပေးမယ်လို့ ပြောပါတယ်"

ကော် ဝမ်းသာအားရ တက်တက်ကြွကြွနှင့် သူ့ကိုကျေးဇူး





...င်စကားပြောရင်း အပြင်ဘက်သို့ထွက်ရန် ခြေလှမ်းကိုပြင်သည်။

"သံယောဇဉ်နွယ် ... မင်းဆီကနေ ကိုယ်တစ်ခုလောက်တော့ တောင်းဆိုလို့ရမလား"

"ဟုတ်ကဲ့ ... ပြောပါ"

"မင်းကို ကိုယ်ချစ်မိသွားပြီထင်တယ် သံယောဇဉ်"

"ရှင်"

"ကိုယ့်ချစ်သူအဖြစ်နဲ့ မင်းကိုပြည့်ပြည့်စုံစုံထားပေးမယ်၊ ...ဘယ်လိုလဲ ... ကိုယ့်အနားမှာ နေပေးပါ၊ ကိုယ့်ချစ်သူအကြင်နာ ...သေဆုံးပြီးထဲက ကိုယ်အထီးကျန်ရစ်ပြီး ဘယ်လိုမှဖြေလို့မရအောင် ...ရူးသွတ်နေရတယ်၊ ကိုယ်နဲ့သံယောဇဉ်တို့ ဆုံတွေ့လိုက်ရတာကိုက ကိုယ့်ကိုအထီးကျန်ဘဝကနေ လွတ်မြောက်ခွင့်ပေးလိုက်တာထင်တယ်"

ရှင်က လူလည်ကြီးသားသမီးပဲ ကိုမိုးမာန်မောင်။ ကျွန်မက ရှင့်ဘေးနားမှာ ချစ်သူအဖြစ်နေပေးရုံပဲလား။ ကိုမိုးမာန်မောင်နှင့် ...ပတ်သက်မှုကိုပင် ကော့်စိတ်ထဲမှာ ရှုံ့မုန်းစရာကြီး ဖြစ်နေသည်။ ကိုယ့်ကိုယ်ကိုတောင် သတ်သေပစ်ချင်နေပြီ၊ မိထွေးဖြစ်သူ ဒေါ်နုနုယဉ်ရဲ့သားသမီးချင်း မစာမနာ ယုတ်မာရက်စက်မှုကြောင့် သူမစိတ်ရှုပ်ထွေးညစ်နွမ်းစရာတွေနှင့် ရင်ဆိုင်နေရသည်။ ကိုမိုးမာန်မောင်ရဲ့စိတ်တွေက ပုံမှန်မဟုတ်တော့ဘူးထင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းက အရမ်းဖြူစင်တယ်၊ မင်းရင်ခွင်ပြောသလို ငွေမက်တဲ့ကောင်မလေးတစ်ယောက်ပဲ ဖြစ်စေချင်လာတယ်၊ ကိုယ်တရားဝင်လက်မထပ်တာပဲရှိမှာပါ ... မင်းအတွက် အားလုံးဖြည့်စွမ်းပေးမယ် သံယောဇဉ် ... "

"ဟင့်အင်း မဖြစ်နိုင်ပါဘူး၊ ကျွန်မ လုံးဝလက်မခံနိုင်ဘူး ကိုမိုးမာန်မောင် ... ကျွန်မ ရှင့်ချစ်သူအဖြစ်လည်း မနေနိုင်ဘူး၊ ရှင် လက်ထပ်ဖို့ တောင်းဆိုမယ်ဆိုရင်တောင် ကျွန်မငြင်းရလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မမှာ အရမ်းချစ်မြတ်နိုးရတဲ့ ချစ်သူရှိလို့ပါ"

"ဘာ ... ဘာပြောတယ်၊ မင်းမှာချစ်သူရှိတယ် ဟုတ်လား၊ မင်းရပ်ကွက်ထဲက ဘယ်ကောင်နဲ့လဲ၊ မင်းချစ်သူ ဘယ်သူလဲဆိုတာ ပြောပြစမ်းပါ"

"ကျွန်မ ကိုယ်ရေးကိုယ်တာကိစ္စပါ မပြောပြနိုင်ဘူး ... ကျွန်မကိုထပ်ပြီး မနှောင့်ယှက်ပါနဲ့တော့နော်၊ တောင်းပန်ပါတယ်၊ ကျွန်မ ရှိခိုးပြီး တောင်းပန်ပါတယ်"

သူမ လက်အုပ်လေးချီပြီး တောင်းပန်မိသည်။

"ကိုမိုးမာန်မောင်က ပြည့်စုံတဲ့သူပါ၊ ကျွန်မထက်ချောတဲ့သူတွေ ပြည့်စုံနေတဲ့မိန်းကလေးတွေ အများကြီးဝိုင်းဝိုင်းလည်နေမှာပါ၊ ကျွန်မနဲ့ပတ်သက်မိလို့ ကိုမိုးမာန်မောင်ဘဝ ဂုဏ်သိက္ခာမဲ့စေ





တွေနဲ့ပဲ ကြုံတွေ့ရမှာပါနော်"

သံယောဇဉ်နှယ် မင်းလေးက ချစ်စရာကောင်းလွန်းနေတယ်။ မင်းက ကိုယ့်ချစ်သူ အကြင်နာလိုပဲ ဖြူစင်တယ်။ မင်းက ချစ်သူအဖြစ် သတ်မှတ်ထားတဲ့ ကောင်က ဘယ်သူလဲ။ သူပဲဖြစ်စေချင်လာသည်။

"ကျွန်မကို ပြန်ခွင့်ပြုပါနော် ... မအကြင်နာကလဲ သူ့ရှေ့မှာ တခြားမိန်းကလေးတစ်ယောက်ကို ချစ်ဖို့ကြိုးစည်နေတာ တမလွန်ကနေကြည့်ပြီး စိတ်ထိခိုက်ကြေကွဲရမှာပါ"

သူ့ရဲ့ကြောင်စီစီ အိုင်ဒီယာချစ်သူရဲ့ ပြတိုက်ထဲမှာ ချစ်သူအကြင်နာရဲ့ကိုယ်လုံးပေါ် ရုပ်တုတွေပင်ရှိနေသည်။ သစ္စာရေသောက်ခဲ့ကြတဲ့ ငွေဖလားလေး အမှတ်တရတွေ အများကြီးပဲ။ သူမကတော့ မအကြင်နာကိုပင် အားနာမိနေသည်။

"မအကြင်နာရဲ့ရှေ့မှာ ကျွန်မကိုချစ်သူအဖြစ် နေပေးဖို့ ဘာဖြစ်လို့ တောင်းဆိုရက်ရတာလဲ"

"မင်းအပိုတွေလျှောက်ပြောမနေစမ်းပါနဲ့ သံယောဇဉ် ... ကိုယ်အထီးကျန်ကြေကွဲဝမ်းနည်းနေမှာကို အကြင်နာက အကြောက်ဆုံးပဲကွ၊ ကိုယ် ဘာပဲလုပ်လုပ် အကြင်နာ့ရှေ့မှာလုပ်တယ်၊ သူ့ကို တိုင်ပင်တယ်"

ဘုရားရေ ... ဒုက္ခပါပဲ။ ဘယ်လိုပဲသွယ်ဝိုက်ပြောဆိုနေပါစေ



www.burmeseclassic.com

www.burmeseclassic.com



မရပါလား။ ကိုမိုးမာန်မောင်ရဲ့မျက်လုံးတွေထဲမှာ စိတ်ရောဂါဝေဒနာအရိပ်တွေ ပြေးလွှားလှုပ်ခတ်နေသလိုပင်။ သူမ ထွက်သွားချင်သည်။ လွတ်လမ်းက မမြင်။ သူက အခန်းလော့ကိုပိတ်ထားခဲ့၏။ ပါးစပ်ထဲရှိတာတွေ လျှောက်ပြောရင်း သူ့ရဲ့မုန်းယိုနေတဲ့ဆင်ကြီးတစ်ကောင်လို သူမအား ထိုးနှက်ချေနင်းတော့မည့် အရှိန်ကိုရပ်တန့်သွားစေရန် ကြိုးစားရင်း ဆင်နင်းခြေခံရတော့မလား။ တထိတ်ထိတ်။

"သံယောဇဉ်"

"ရှင်"

"မင်းကို တစ်ပတ်စဉ်းစားခွင့်ပေးမယ်၊ မင်းစဉ်းစားပါဦးကွာ၊ ပြီးတော့လေ … ကိုယ်ပေးမယ့်လက်ဆောင်ကို မင်းလက်ခံရမယ်"

"ဟင် … ဘာတွေလဲ သိန်းနှစ်ဆယ်လောက်နဲ့တော်ပါပြီ၊ ထပ်လည်းမယူချင်ပါဘူး၊ ရှင်ပြောတဲ့အတိုင်း တစ်ပတ်အချိန်ပေးပါနော် … စဉ်းစားပါ့မယ်၊ အခု … ကျွန်မပြန်ချင်တယ်၊ တံခါးဖွင့်ပေးပါ"

"ကိုယ်လိုက်ပို့ပေးမယ်၊ ကိုယ်က မင်းကိုအတင်းအကြပ်ဘာမှမလုပ်ပါဘူးကွာ၊ ဒီမှာကြည့်စမ်း သံယောဇဉ် … ဟိုနေ့က မင်းအတွက် ကိုယ်ဝယ်လာခဲ့တဲ့ လက်ဝတ်ရတနာတွေ လက်ခံပေးပါ"





"ဟင့်အင်း … ကျွန်မ လက်မခံသေးပါဘူး၊ တစ်ပတ်စဉ်းစားမယ်နော်၊ နောက်မှ ကျွန်မ လက်ခံပါရစေ"

"မရဘူးကွာ … ကိုယ်ပေးတာကို လက်ခံမှမင်းသွားရမယ် ဘယ်လိုလဲ"

"ရှင်"

"ဘာရှင်လဲ"

မိုးမာန်မောင်ကတော့ သံယောဇဉ်ကို ဘယ်လိုနည်းနဲ့မဆို လက်လွတ်မခံနိုင်တော့တာ သူအသိဆုံးဖြစ်နေသည်။ မင်းနဲ့ကိုယ် ဖူးစာရေစက်တွေ။ ဟိုးအတိတ်ဘဝတွေ ဘဝတွေက ပန္နက်ချခဲ့ကြလို့ပဲ ဆုံတွေ့ကြတာလေ။

ဘယ်လိုအကြောင်းတွေပဲရှိရှိ မင်းကိုယ့်အနားမှာပဲ ထာဝရနေရမယ်သံယောဇဉ်။ သူ … သံယောဇဉ်ရဲ့လက်လေးကို ဆတ်ခနဲဆွဲယူကာ စိန်လက်စွပ်လေးကို စွပ်ပေးလိုက်သည်။

"မင်းလက်ခံရမယ် … မင်းဝတ်ထားရမယ်၊ ပြီးတော့ … ကိုယ်ဖုန်းခေါ်ရင် မင်းနားထောင်ရမယ်"

သူဝတ်ပေးတဲ့ စိန်လက်စွပ်က တန်ဖိုးကြီးမားမည်ဆိုတာတော့ ခဲသားရောင်လက်လက်ထနေသဖြင့် သူမသိနေသည်။ ချစ်စရာပေးတဲ့ ကျောက်အနီရောင်ကော်လက်စွပ်လေးကို ပြန်၍မြင်ယောင်လာမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို လက်ထပ်ပါ ကော်ဖိနပ်"

သူမအတွက် ရင်မောစရာဟာသလေး ပြီးတော့ ... မှီတက်နေတဲ့ မင်္ဂလာကိတ်မုန့်ဗူး။ အမေနရောက်လာ၍ ကြောက်လန့်တကြား ပြေးထွက်သွားတဲ့ ချစ်စရာ။ အခုဆိုရင် ကျန်းမာရေးမကောင်းလို့ စိတ်ရောဂါအထူးကုဆေးရုံကြီးကနေ ရန်ကုန်ဆေးရုံကြီးသို့ ပြောင်းရွှေ့တင်ထားရသည်။

"ဟိတ် ... သံယောဇဉ်နှယ် ဘာတွေငေးကြောင်နေတာလဲ မင်းပျော်ရွှင်ကြည်နူးသွားတာကို ငါအမြင်ချင်ဆုံးပဲကွာ၊ မင်းမှာ ချစ်သူကောင်လေး မရှိပါဘူး"

"ရှိပါတယ် ... တကယ်ပဲ ကျွန်မချစ်မြတ်နိုးရတဲ့ ချစ်သူရှိပါတယ်"

သူ့လက်တွေက ကောင်မလေးရဲ့ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်မိသွားပြန်သည်။ သူမမှာ ချစ်သူရှိသည်ဟုပြောနေတဲ့ စကားသံတွေကို သူလုံးဝ မကြားလိုပေ။

"မင်းမှာ ချစ်သူရှိနေရင် ကိုယ့်ဆီခေါ်လာခဲ့ပါ၊ ကိုယ်နဲ့မိတ်ဆက်ပေးပါ ... မင်းတွဲပြလေ"

သူ့မျက်နှာက သူမမျက်နှာလေးပေါ် အုပ်မိုးလာပြီးမှ ပြန်တည့်မတ်သွားကာ သူမလက်လေးကိုဆွဲ၍ သူမတို့ရပ်ကွက်ထိပ်အထိ ကားနှင့်လိုက်ပို့ပေးသည်။





စိတ်ညစ်လိုက်တာ ... သူ့ကားပေါ် ကနေဆင်းလိုက်ရတဲ့ လွတ်လပ်မှုတွေက သူမရဲ့စိတ်တွေ ကမ္ဘာကြီးကို ထိုးဖောက် လွင့်တက်သွားရ၏။

သူ့ကားကြီးပြန်မောင်းထွက် သွားတော့မှ ရပ်ကွက်ထိပ်မှာရှိတဲ့ အုတ်ခုံလေးပေါ် ရပ်သေးရပ်လေး ကြိုးပြတ်သွားသလို ထိုင်ချပစ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၈ )

သူမ ရပ်ကွက်လေးထဲဝင်လာပြီး ချစ်စရာတို့အိမ်လေးရှေ့ ရောက်တော့ ကုလားဖျင်းတွေ ထိုးထား၍ စိတ်ထဲလေးလံသွားရ ကာ ဝင်ပြီးသတင်းမေးလိုက်ရာ ချစ်စရာ ဆုံးသွားပြီတဲ့။ ချစ်စရာ အမေက သူမကိုဖက်၍ ငိုသည်။

"အဒေါ့်သားလေး ချစ်စရာ ဆုံးသွားပြီ ကော်ဖိနပ်ရဲ့၊ ညည်း ကို အရမ်းချစ်တာလေ၊ လက်ထပ်ယူမယ်ပဲပြောနေတာပါ ... ဆုံး ကာနီးတောင် ညည်းကိုမေးတယ်၊ အဒေါ်တို့လိုက်ရှာတာ ရင်ခွင်ဆို ကော်ဖိနပ်ကို လိုက်ရှာနေတာ ခုထိတောင် ပြန်ရောက်မလာသေး ဘူး။

"ရှင်"

"ဘယ်တွေသွားနေတာလဲ ကော်ဖိနပ်ရယ် ... အဒေါ့်သား





ချစ်စရာ ကောင်းကောင်းတောင် မျက်လုံးမမှိတ်နိုင်ဘူး၊ ညည်းနေ နိုင်တယ်၊ လာတောင်မကြည့်ဘူး ... သားလေးရေ မင်းတွေ့ချင် လွန်းတဲ့ ကော်ဖိနပ်ရောက်လာပြီဟဲ့"

ချစ်စရာအမေက အော်ငိုနေလေရာ ကော်လည်း ငယ်သူ ငယ်ချင်း ချစ်စရာအတွက် ဝမ်းနည်းကြေကွဲလို့မဆုံးတော့။ ချစ်စရာ အမေကိုဖက်၍ ငိုပစ်မိသည်။

"ချစ်စရာရယ် ... ကော့်ကို ခွင့်မလွှတ်စမ်းပါနဲ့၊ ငါလေ နင့်ကို မေ့လျော့နေမိတယ်၊ ဟုတ်ပါရဲ့ဟယ် ... တစ်ကြိမ်လေးတောင် နင်ရှိနေတဲ့ ဆေးရုံကို ငါလာမကြည့်မိဘူး၊ ငါ့ရဲ့မိသားစုပြဿနာတွေ ရှုပ်ထွေးနေလို့ပါ သူငယ်ချင်းရယ်"

စိတ်ထဲကနေ နာကျင်စွာပြောနေမိရင်း ချစ်စရာအတွက် စကားလေးနှင့်တောင် နှစ်သိမ့်အားပေးစကားမပြောလိုက်ရ။ အခု တလော ကော့်မှာလည်း မိသားစုပြဿနာ ကိုယ်ရေးကိုယ်တာတွေ နှင့် ရှုပ်ထွေးနေရသည်။

"ဟော ... ရင်ခွင်လာပြီ၊ ညည်းကို ရှာနေတာလေ ... အဒေါ့် သားချစ်စရာက တမ်းတနေလို့ပါ၊ အမလေး သားလေးရေ ... မင်း အချစ်ဆုံးသူငယ်ချင်းတွေ ဆုံပြီလေ"

ရင်ခွင်က သူမကိုပဲ စေ့စေ့ကြည့်ပြီး သူ့အကြည့်တွေက သူမ လက်ချောင်းလေးပေါ်အရောက်တွင် တင်းတည်သွားသည်။ ငွေ



www.burmeseclassic.com

www.burmeseclassic.com



အခုမှ သတိရသွားမိ၏။ လက်စွပ်လေး ... ကိုမိုးမာန်မောင်ပေး လိုက်တဲ့ စိန်လက်စွပ်ကို ကော်လက်ချောင်းလေးမှာ ဝတ်ဆင်ထား ဆဲဖြစ်နေသည်။

"ပြန်ကြရအောင် ကော်ဖိနပ် ... နင့်အဖေလည်း လိုက်ရှာ နေတယ်၊ လာ ... ပြန်မယ်"

"ဟင်"

ရင်ခွင်က သူမလက်လေးကို ဆတ်ခနဲဆွဲယူ၍ ချစ်စရာတို့ အိမ်လေးပေါ်ကနေ ဆင်းလာသည်။ ပြီးတော့လည်း ခြေလှမ်းတွေ က သွက်နေ၏။ ကော့်လက်ချောင်းလေးတွေတောင် နာကျင်ကိုက် ခဲလာသည်။

"ဟဲ့ ရင်ခွင် ... ငါ့လက်ကိုလွှတ်စမ်းပါ၊ ဘာဖြစ်နေတာလဲ ဒီမှာ လက်တွေပြုတ်ထွက်တော့မယ်ဟဲ့"

ကော်ဖိနပ်တို့အိမ်လေးဝင်မှ ရင်ခွင်က လက်ကိုလွှတ်ပေး လိုက်သည်။ သူမ မျက်ဝန်းတွေထဲ စူးဖောက်တိုးဝင်မတတ် မျက် ဝန်းတွေနှင့်ကြည့်ပြီး သူမပခုံးနှစ်ဖက်ကို သူ့လက်တွေနှင့်ဆုပ်ကိုင် သည်။

"ရင်ခွင် ... နင် ... နင် ဘာဖြစ်နေတာလဲ၊ ဖယ်စမ်းပါ"

"ကော်ဖိနပ်"

"ငါ့နာမည်က သံယောဇဉ်နွယ်ဟဲ့ ... ကော်ဖိနပ်ဆိုတဲ့





နာမည်ကြီးကို ငါမုန်းတယ် မခေါ်စမ်းပါနဲ့"

"ဘာ ... ကော်ဖိနပ်ဆိုတဲ့နာမည်ကို နင်က မုန်းတယ် ဟုတ် လား ... ဘာဖြစ်လို့လဲ၊ ငါတို့လို မရှိဆင်းရဲသားတွေခေါ်တဲ့ နာမည် ဖြစ်နေလို့လား"

အဲဒီကော်ဖိနပ်ကိုပဲ နင်အထင်သေးနေတာ မဟုတ်လား ရင်ခွင်။ နင်ကိုယ်တိုင်လည်း နင့်ကိုယ်နင် ပြန်ဆန်းစစ်ကြည့်ပါဦး ဟာ။ ကော်ဖိနပ်ကို နင်အမြဲတမ်း အထင်သေးပြီး မဟုတ်တာတွေ ပဲ လျှောက်နေတဲ့ မိန်းကလေးလို့ နင်သတ်မှတ်နေခဲ့တာမဟုတ် လား။ နင့်မျက်ဝန်းတွေထဲမှာ ဘာအရိပ်တွေလဲ။ နင့်အဲဒီအကြည့်က ငါ့ဘဝတစ်ခုလုံးကို မြောင်းထဲရောက်သွားစေအောင် တွန်းပို့နေတာ ဟာ။ နင်သိလား ... မင်းရင်ခွင်စုတ်ရဲ့။

"ချစ်စရာက နင့်ကိုဘယ်လောက်အထိချစ်ခဲ့လဲ၊ နင်ကတော့ ရက်စက်မှုသရုပ်ဆောင်းပြီး တစ်ခါလေးတောင် သွားမကြည့်ခဲ့ ဘူး၊ နင့်ကို အဲဒီအသုဘအိမ်ကနေ ဘာဖြစ်လို့ ဆွဲခေါ်လာခဲ့တာလဲ သိလား ... နင့်လက်မှာ စိန်လက်စွပ်ကြီး ဖျတ်ဖျတ်ခါအောင်ဝတ် ထားတာ မတွေ့စေချင်လို့ပဲ"

"ဖယ်စမ်းပါဟာ ... ဒါများ"

ကော်ဖိနပ် ဒေါသတကြီးနှင့် ရင်ခွင်လက်တွေကို ကြမ်း ကြမ်းတမ်းတမ်း ဖယ်ချပစ်မိနေပေမယ့် ထိုကိစ္စအတွက်တော့



www.burmeseclassic.com

www.burmeseclassic.com



ရင်ခွင့်အား ကြိတ်ပြီးကျေးဇူးတွေ တင်မိသည်။

စိန်လက်စွပ်ဆိုတာ ကော်ဖိနပ်တို့ ပတ်ဝန်းကျင်မှာတော့ အံ့ဩတုန်လှုပ်သွားနိုင်တဲ့ ပစ္စည်းတစ်ခုပါ။

အဖေ တွေ့သွားရင်လည်း ကော်ဖိနပ် ရှင်းလင်းလို့ ရတော့မှာမဟုတ်။ ရင်ခွင်က သူမကို အမြဲတမ်းသတိထား ကာကွယ်ပေးနေသူဖြစ်သည်။

“နင်က ဒီလိုပစ္စည်းတွေတောင် လက်ခံနေပြီလား၊ နောက်ပြီး နင့်လည်ပင်းမှာလွယ်ထားတဲ့ အိတ်လေးကဘာလဲ၊ ဟန်းဖုန်းလေးလား ကော်ဖိနပ် ... နင်အရမ်းအဆင့်တွေ မြင့်နေပြီပဲ ... ဒါကြောင့် နင်ကြွားဖို့ အသုဘအိမ်ထဲဝင်တာလား”

“ဟုတ်တယ် ... အဲဒါ နင်နဲ့ဘာဆိုင်လဲ မင်းရင်ခွင်၊ ကိုယ့်ရပ်ကွက်လေးထဲက မိန်းကလေးတစ်ယောက် ချမ်းချမ်းသာသာနေရမှာလေ၊ နင် ဝမ်းသာလိုက် ... ပြန်တော့”

ကိုမိုးမာန်မောင်ရဲ့ လက်ကနေ လွတ်မြောက်အောင် ငါ ဘယ်လိုတွေရင်ဆိုင်ကျော်ဖြတ်လာရလဲ နင်သိလား ရင်ခွင်။သူက ငါ့ကို တစ်ပတ်အချိန်ပေးလိုက်တယ်။ ငါ့ချစ်သူကို ခေါ်ပြရမယ်။ ငါ့မှာ ချစ်သူရှိကြောင်း သက်သေပြရမယ်လေ။ ကိုမိုးမာန်မောင် အကြောင်း ငါသိတယ်။ သူက ငါ့ကို အရယူမှာပဲ။

“နင် တော်တော်ရက်စက်တာပဲ ကော်ဖိနပ် ... အဲ ... သံ





ယောဇဉ်နွယ်၊ ဒီနာမည်လေးက နင်နဲ့လိုက်ဖက်ပါတယ်၊ ဒါပေမဲ့ ဟာ ချစ်စရာ အသုဘမှာတော့ မကြွားစမ်းပါနဲ့”

“ကောင်စုတ် မင်းရင်ခွင် ... နင့်အပူမပါဘူးလို့ ငါပြောထားပြီးပြီနော်၊ ငါ့ဟာငါ ဘာပဲလုပ်လုပ် ငါ့ကိစ္စပဲ ... နင် ဘာဆိုင်လို့ ဝင်ပါနေရတာလဲ၊ နင် မနာလိုဝန်တိုဖြစ်နေတာလား”

“ဘာပြောတယ်”

“နင်ပြန်တော့ ... ငါတို့အိမ်မှာ ငါတစ်ယောက်ထဲရှိနေတာနော်၊ လူမြင်မကောင်းဘူး ... ငါ့နာမည်ပျက်အောင် လုပ်နေတာလေ၊ ငါ့နာမည် သံယောဇဉ်နွယ်နော် ... ကော်ဖိနပ်လို့ လုံးဝမခေါ်နဲ့၊ နင်လည်း လာပြီးမပတ်သက်နဲ့တော့”

“သံယောဇဉ်နွယ်တဲ့လား”

ကော်ဖိနပ် ပခုံးလေးပေါ်မှ သူ့လက်တွေကို ရင်ခွင်ဖယ်ရှားလိုက်သည်။ ကော်ဖိနပ်ကပဲ ရင်ခွင်တို့နဲ့တန်တာပါ။ သံယောဇဉ်နွယ်ကို ထူးဆန်းသလိုလို ရင်ခွင် ကြည့်သည်။

“ဟုတ်တယ် ... နင်က သံယောဇဉ်နွယ်ဖြစ်သွားပြီဆိုတော့ မင်းရင်ခွင်နဲ့ မဆိုင်တော့ဘူးပေါ့၊ ရင်ခွင် အတတ်နိုင်ဆုံး ဆင်ဆင်ခြင်ခြင်နေရတော့မယ်၊ သံယောဇဉ်နွယ်ကို ပတ်သက်လို့ဘယ်တော့ ဘာဖြစ်တော့မလဲ”

“လွှတ်စမ်းပါ ရင်ခွင် ... အေးအေးဆေးဆေးပြန်စမ်းပါဟာ



www.burmeseclassic.com

www.burmeseclassic.com



ငွေ့ကိစ္စတွေကို ဥပေက္ခာ ပြုထားစမ်းပါ”

ဥပေက္ခာ ပြုမထားနိုင်လို့ ရင်ခွင် မကျေမနပ်ဖြစ်မိသည်။ ငါတစ်နေကုန် ဘယ်လောက်အထိပင်ပန်းခဲ့ရလဲ။ နင့်ကို ဟိုလူက ခြေတော်တင်လိုက်မှာ ငါအရမ်းစိုးရိမ်နေမိတယ်။ ချစ်စရာက နင့်ကို အရမ်းပဲ တမ်းတမ်းတတတွေ့ချင်နေ၍ ရင်ခွင်ရှာခဲ့၏။ မတွေ့။

သူ သတင်းကြားတာက ကိုမိုးမာန်မောင်ရဲ့ကားကြီး ကော်ဖိနပ်တို့ အိမ်လေးရှေ့အထိ ရောက်လာသည်ဟုပင်။ ရင်ခွင် ဘယ်လောက်အထိ နာကျင်ခဲ့ရလဲ။ ကော်ဖိနပ် မက်မောလွန်းတဲ့ငွေတွေ ရှာဖို့ ရင်ခွင် နှစ်တွေအများကြီးကြာဦးမည်ဖြစ်သည်။ ချစ်သူ ငယ်ချစ်ဦးကို လက်လွှတ်ဆုံးရှုံးဖို့ပဲ ရှိသည်။

“ကောင်းပါပြီ သံယောဇဉ်နှယ် ... သွားတော့မယ်၊ နင်က အပူမပါဘူးဆိုပေမယ့် ရင်ခွင်ဆိုတဲ့ကောင်က မနေနိုင်ဘူး ... နင့်အတွက် ပူရင်းနဲ့ ရင်ခွင်ကျောင်းတစ်နှစ်အောက်ရပြီ၊ ဘာပဲဖြစ်ဖြစ် နင်ကောင်းအောင်နေပါ သံယောဇဉ်နှယ် ... နင်ချမ်းသာနေတာကို ငါမြင်ချင်ပါတယ်၊ ကျေနပ်ပြီလား”

သူ ထွက်သွားသည်။ ငါက ရက်စက်တာမဟုတ်ဘူး မင်းရင်ခွင်။ နင်ကမှ တကယ့်ကိုစိမ်းကားရက်စက်တာဟဲ့။ ကော်ဖိနပ်ကို ချစ်တယ်လို့ နင်တစ်ခွန်းလေးပြောခဲ့ဖူးလား။ ငွေချစ်သူရည်းစား မဟုတ်တဲ့ မင်းရင်ခွင်ဆိုတဲ့ကောင် အနိုင်ကျင့်နမ်းသွားခဲ့တဲ့ ငွေ့နှုတ်





ခမ်းလေးကို ငါဘယ်လောက်အထိ မြတ်နိုးတန့်ဖိုးထားခဲ့မိလဲ။ နင် မသိဘူး မဟုတ်လား။ ကော်ဖိနပ်က အသက်နဲ့လဲပြီး ကာကွယ် သွားမှာပါ။

မင်းရင်ခွင် ပြန်သွားမှ မျက်ရည်တွေက လိမ့်ဆင်းကျလာပြီး သူမလက်လေးမှာ စွတ်ထားတဲ့ လက်စွပ်ကိုချွတ်ပစ်လိုက်သည်။

“ဟိုလူကြီး အတင်းဝတ်ပေးလိုက်တာပါဟဲ့၊ ငါကြောက်လို့ သူဝတ်ပေးတာကို လက်ခံလိုက်ရတာပါ ... နင့်ကို ရှင်းပြလည်း နင် မယုံဘူးမဟုတ်လား ရင်ခွင်ရယ် ... ”

သူမ လက်စွပ်ကိုရော ဟန်းဖုန်းလေးကိုပါ ချွတ်၍ ပစ်ထားလိုက်သည်။ မိထွေးဖြစ်သူ ဒေါ်နုနုနယ်တောင် ကိုမိုးမာန်မောင်ဆီက ယူထားတဲ့ငွေကိစ္စကြောင့် လစ်ထွက်သွားပြီလားတောင်မသိဘူး။ အဖေ့အတွက်ပဲ ကော်ဖိနပ် ပူပင်မိသည်။

“တီ ... တီ ... ”

“တီ ... ”

“ဟင်”

ကိုမိုးမာန်မောင် ပေးထားတဲ့ ဟန်းဖုန်းလေးက မြည်လာသည်။ မကိုင်ဘူး။ ဒီလူနဲ့လည်း စကားမပြောချင်ပါဘူး။ မျက်ရည်တွေက လဲကျနေပြီး အသံတွေကလဲ ငိုရှိုက်သံတွေ ရောစွက်နေသဖြင့် သူမ မျက်နှာကို ချာခနဲ လွှဲပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အယ် ... မဖြစ်သေးပါဘူး၊ ဒီလူကရောက်လာမှာ၊ ရပ်ကွက်ထဲမှာ အသုဘဖြစ်နေတယ်၊ ပတ်ဝန်းကျင်ကလူတွေ သတိထားမိသွားလို့ မဖြစ်သေးပါဘူး"

သူမ ဒေါသဖြစ်ဖြစ်နှင့် ဖုန်းလေးကိုကောက်ပြီး ဖွင့်နားထောင်လိုက်ရသည်။

"သံယောဇဉ်နွယ်လား"

သံယောဇဉ်နွယ်ဆိုတဲ့ နာမည်ကြီးက ကော်ဖိနပ်နားထဲသို့ ကြမ်းကြမ်းတမ်းတမ်း ပူပူလောင်လောင်ကြီး တိုးဝင်လာသည်။ မှန်းလိုက်တာ။ သူမနားထဲမှာ ခါးသက်နေရ၏။

မိထွေး ဒေါ်နုနုနယ်ရဲ့ လုပ်ရပ်ကြောင့် ဒီလူကြီးအား သည်းခံပြောဆိုနေရတာပါ။

"ဟိတ် ... ကောင်မလေး"

"ရှင်"

"မင်းရဲ့ ငယ်ချစ်ဦး ရည်းစားဟောင်း ချစ်စရာ ဆုံးသွားပြီဆို"

"ဟင် ... ကိုမိုးမာန်မောင်၊ ရှင် ... ရှင် ရပ်ကွက်ထဲရောက်နေပြန်ပြီလားဟင်"

"အင်း"

"အမလေး ... ပြန်ပါ၊ ရပ်ကွက်ထဲက ကောင်တွေနဲ့ ပြဿ





နာတက်လိမ့်မယ်၊ အခု ဘယ်မှာလဲ"

"မင်း ပြန်ထွက်လာမလို့လား"

ဒီလူ တော်တော်လေး စိတ်ပျက်စရာကောင်းတာပဲ။ အရှုးအမူးကြီး။ ကော်ဖိနပ်ကို လိုက်ပို့ပြီးပြန်သွားပြီထင်နေတာပါ။ အသုဘအိမ်မှာလား။ ရင်ခွင်ကတော့ ကော်ဖိနပ်အပေါ် အထင်လွဲပြီးရင်းလွဲနေတော့မှာပဲ။ ပြန်လိုက်သွားလို့လည်း မဖြစ်ဘူး။ မသွားဘူး ... ရှင့်ဟာရှင် သေသေ။

"သံယောဇဉ်နွယ်"

"ဟင်"

"ကိုယ့်ကို စိတ်ပူလား"

"ဟုတ်တယ် စိတ်ပူပါတယ် ... ပြန်ပါနော်၊ အခု ဘယ်မှာလဲဟင်"

"အိမ်မှာ"

"ဟာ"

"မင်းကို သတိရမိလို့ပါ၊ ချစ်စရာ ဆုံးသွားတယ်ဆိုတာ လမ်းထိပ်ကနေ ကြားရတာပါ ... မင်းကြေကွဲနေလား၊ ကိုယ်က အားပေးနှစ်သိမ့်ဖို့ ဖုန်းဆက်တာလေ"

"ကျွန်မ ဝမ်းနည်းနေပါတယ် ငယ်သူငယ်ချင်းလေ၊ အရမ်းကို ကြေကွဲထိခိုက်နေရပါတယ် ... ကျေးဇူးပြုပြီး တစ်ပတ်လောက်



www.burmeseclassic.com

www.burmeseclassic.com



မဆက်သွယ်ဖို့ တောင်းပန်ပါတယ်၊ အသုဘအိမ်မှာ ကူညီရမယ့်
နားလည်ပေးပါ"

"ကောင်းပါပြီ ခင်ဗျာ ... သံယောဇဉ်နွယ်လေးကို ကိုယ်
အများကြီး နားလည်ပေးပါတယ်၊ တစ်ပတ်ပဲနော် ... ချစ်တယ်"

"အို"

ဖုန်းလေးထဲမှာ ရွှတ်ဆိုတဲ့အနမ်းရဲ့ သင်္ကေတအသံက ဖြတ်
ခနဲ စီးဝင်လာသဖြင့် ကော်ဖီနပ် ကြောက်လန့်တကြားနှင့် ဖုန်းခွက်
လေးအား သူမနားဆီမှ ဆတ်ခနဲ ဖယ်ခွာပစ်မိသည်။ ဒီလူ့ကို ဘယ်
လိုမှ တားဆီးနိုင်စွမ်းမရှိနိုင်တော့ပါဘူး။

အနီရောင် ဖုန်းလေးကို ပိတ်ပစ်လိုက်တော့၏။ အဖေ ပြန်
လာတော့မယ် ... ကော်ဖီနပ် ထပြီး မျက်နှာသစ်ပြစ်သည်။

ညဉ့်အတော်နက်မှ အဖေ ပြန်ရောက်လာသည်။

"ကလင် ... လင်"

"ကလင်"

အဖေက ဆိုက်ကားဘဲလ်ကိုဖိနှိပ်သည်။ အဖေ ပျော်လာ
ပါပဲ။ ဒေါ်နုနုနယ်က ပြန်မရောက်သေးပေ။ သူမ အပြင်သို့ထွက်
လာတော့ အဖေက အိမ်လေးပေါ်တက်လာနေပြီ ဖြစ်သည်။

"သမီး သံယောဇဉ် ... မအိပ်သေးဘူးလား၊ အင်း ... သမီး
သူငယ်ချင်းဆုံးသွားတာ သိလား ... "





"ဟုတ်ကဲ့"

"ကောင်လေးဘဝက ကံဆိုးရှာပါတယ်ကွယ်၊ မွေးလာက
ည်းက ခပ်ချောင်ချောင်လေး၊ ဒါနဲ့ ... သမီးအမေ ပြန်မရောက်
သေးဘူးလား"

"ဟင့်အင်း"

"ဒီမိန်းမ ဘာတွေလုပ်နေလဲ၊ ဘယ်တွေသွားနေတာလဲကွာ
ဖေ အိမ်စပ်ခဲ့တာ၊ သုံးလေးရက်အတွင်း အဆင်ပြေလိမ့်မယ်၊ ဒါကို
ာပြမလို့ဟာ ... ဘာပဲဖြစ်ဖြစ်လေ အဖေတို့က မိသားစုပဲ၊ တစ်
ာက်အခက်အခဲကို တစ်ယောက်က မဖြစ်ဖြစ်တဲ့နည်းနဲ့ အကူ
ညီပေးရမယ်၊ နုနယ် စိတ်ပူနေတော့မယ်၊ ငွေသွားရှာနေတာ ဖြစ်
် ... အသုံးအဖြုန်းကြီးပေမယ့်လည်း အဖေပဲ တာဝန်ယူရမယ်
ပဲ"

ဒေါ်နုနုနယ်ကို မမြင်ရတာနှင့် အဖေ့အသံတွေက အင်အား
ားသလို ပျော့ပျော့ခွေခွေနှင့် ကြမ်းပြင်ပေါ် ထိုင်ချသည်။

အဖေ့မိန်းမ သမီးကို ဘယ်လောက်ဒုက္ခပေးသွားလဲ သိလား
အဖြစ်အပျက်တွေအားလုံးကို တိုင်ပြောပစ်ချင်ပေမယ့် အဖေ
င်လည်း ဒေါ်နုနုနယ်ဘက်ကပဲ ပူပင်ပြီး သမီးက မိထွေးကို
ကောင်း မပြောချင်ဘူး မိထွေးက အမေပဲဟု ဘယ်သူမှားမှား
ဖသိသိကြီးနှင့် ပြောမှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



မိသားစုတွေ အဆင်ပြေသွားအောင် ကိုမိုးမာန်မောင် ဆန္ဒတွေအတိုင်း နေလိုက်ရင်ရော ရင်ခွင့်မျက်နှာပေါ်လာသဖြင့် သူမ ထိုအတွေးအား ချက်ချင်းပင် သူမအသိတွေထဲမှ ဖယ်ရှား မောင်းထုတ်ပစ်လိုက်သည်။

"အဖေ ... အသုဘအိမ်သွားလိုက်ဦးမယ်၊ နုနယ်မရှိတော့လည်း အဖေစိတ်ပူပြီး မနေတတ်ဘူး၊ နုနယ်ကို ထွက်စောင့်လိုက်ဦးမယ်"

"အဖေ ထမင်းစားဖို့ ဟို ... အမေနု ပြန်လာမှာပါ၊ အဖေ ပင်ပန်းလာတယ် မဟုတ်လားဟင် နားပါဦး ... "

"မစားတော့ဘူး၊ အဖေ မုန့်ဟင်းခါးစားလာတယ်၊ သမီး အိပ်တော့ ... "

အဖေ ပြန်ထွက်သွားသည်။

သမီးလေး အိမ်မှာတစ်ယောက်ထဲကျန်ခဲ့တာ အဖေ စိတ်မပူပါလား။ နေ့စဉ် အဖေပြန်လာတိုင်း သတိတရမေးခဲ့တာက ဒေါ်နုနုနယ်ပဲ။ ပြီးမှ ကော်ဖီနပ်ရောတဲ့။

တစ်ခါတလေတော့လည်း ကော်ဖီနပ် လောကကြီးအား အရွဲ့တိုက်ပစ်ချင်လောက်အောင် သူမဘဝကို နာကြည်းကြေကွဲသည်။ မိထွေးဒေါ်နုနုနယ်ကိုသာ ထောင်ထဲပို့ပစ်လိုက်ရင် အဖေ သမီးကို သံယောဇဉ်နှယ်လို့ ဘာဖြစ်လို့ ပြောင်းခေါ်ရတာလဲဟင်





ဒေါ်နုနုနယ်ရဲ့ဆန္ဒအရလား။

သူမတစ်ယောက်ထဲ အိပ်ခန်းလေးထဲ မှာ ထိုင်နေမိသည်က မိုးထိန်ထိန်လင်းသွားတဲ့အထိပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၉ )

"သံယောဇဉ်နွယ် ... နင်က ကော်ဖိနပ်ဆိုတဲ့နာမည်ကို တောင် မကြိုက်တော့ဘူးလား၊ နင့်ဟာနင် သံယောဇဉ်နွယ်ပဲဖြစ် ဖြစ် ကော်ဖိနပ်ပဲဖြစ်ဖြစ်ပါ ငါကတော့ချစ်တယ် ... ငါ့ရင်ထဲမှာ အမြဲတမ်း တန်ဖိုးထားနေမိတာပါ"

ကော်ဖိနပ်တို့အိမ်လေးကနေ ရင်ခွင်ပြန်ထွက်လာတော့ ခြေလှမ်းတိုင်းက လေးလေးလံလံကြီး။

ကော်ဖိနပ်ကို ချစ်တယ်ဟုပြောဖို့ ရင်ခွင်ဘာဖြစ်လို့များ ဝန်လေးနေမှန်းမသိပါဘူး။ နင့်ကို တန်ဖိုးထားရလွန်းလို့ပါ။ မထိရက် မကိုင်ရက်တာ ဟိုနေ့က ငါနမ်းမိတာ။ ငါ့စိတ်တွေ ထိန်းချုပ်လို့ မရဘဲ ပေါက်ကွဲထွက်ရလို့ပါ။ မပြည့်မစုံဖြစ်နေတဲ့ ငါ့ဘဝမို့ နင့်ကို ချစ်တယ်လို့ ဖွင့်မပြောခဲ့တာပါ။

"ငါလည်း သံယောဇဉ်နွယ်ဆိုတဲ့ နာမည်လေးကို နှစ်သက်





တယ်ဟာ၊ အရမ်းစွာတေးလန်ပြီး နေချင်သလိုနေတတ်တဲ့ကော် ဖိနပ်ကို ယဉ်ကျေးသိမ်မွေ့ပြီး တည်ငြိမ်ရင့်ကျက်တဲ့ သံယောဇဉ် နွယ်ပဲ ဖြစ်စေချင်ပါတယ်"

သူမ ယောက်ျားလေးတစ်ယောက်ယောက်ကို ပြဿနာရှာ လိုလျှင် ချစ်စရာကို ထောင်ပေးတတ်တဲ့အကျင့်ကြောင့် ရင်ခွင် ခေါင်းပေါက်ရပြီး စာမေးပွဲပင် မဖြေနိုင်ခဲ့။ ချစ်စရာလည်း လူ့လော ကကြီးထဲကနေ ထွက်သွားပြီလေ။ နင်လည်း တို့ရပ်ကွက်လေးထဲ ကနေ ထွက်သွားတော့မှာမဟုတ်လား။ ကော်ဖိနပ် လက်ချောင်း သွယ်သွယ်လေးမှာ ဝတ်ဆင်ထားတဲ့ စိန်လက်စွပ်။ ရင်ခွင်ဝယ်ပေး နိုင်မယ့် အနာဂတ်က မရေမရာ။ သူအိမ်ပဲ ပြန်လာခဲ့သည်။

"သား ... မင်းရင်ခွင်၊ အမေ မင်းပြန်အလာကို စောင့်နေ တာပဲ"

"ဘာဖြစ်လို့လဲအမေ ... သားကို ဘာပြောစရာရှိလို့လဲ"

အမေက ရင်ခွင့်ကို အရမ်းတန်ဖိုးထားပြီး မျှော်လင့်ချက်တွေ တပွေ့တပိုက်ကြီးနှင့် မျက်စိအောက်ကပင် အပျောက်မခံခဲ့။ အမေ က စီးပွားအရှာကောင်း၍ ရင်ခွင်တို့ မိသားစုဘဝ အရမ်းမကြပ် တည်းခဲ့။ အဖေ ဆုံးသွားသွာတာ ကြာနေခဲ့ပေမယ့် သားအတွက် အမေ နောက်အိမ်ထောင်ပင်မပြုခဲ့။ သားကိုချစ်ပြီး သားကိုထိလို့ ကတော့ မီးပွင့်သွားမယ်ဆိုတဲ့ အမေဖြစ်သည်။

"ထိုင်ပါဦးသားရယ် ... မင်းကို အမေမေးစရာရှိလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ အမေ ... ပြောလေ"

"သားအခုလို ခေါင်းမှာဒဏ်ရာရတာက ချစ်စရာက ကော်ဖိနပ်ဆိုတဲ့ကောင်မလေး ထောင်ပေးလို့ဆို"

"အမေကလည်းဗျာ ဘာတွေပြောနေတာလဲ၊ ချစ်စရာနဲ့ မဆိုင်ပါဘူး၊ အခု ချစ်စရာတောင် ဆုံးသွားပြီ ... ကျွန်တော်တို့က ငယ်သူငယ်ချင်းတွေလေ ဒီလိုပဲနေကြတာပါ"

"ကော်ဖိနပ်ဆိုတဲ့ကောင်မက ခပ်ရှုပ်ရှုပ်နော်၊ အခုတလော သူဌေးတစ်ယောက်ကို ချိုင်နေတယ်လို့ သတင်းကြားတယ် ... ကော်ဖိနပ်အမေနဲ့က ငယ်သူငယ်ချင်းတွေဆိုပေမယ့် ဒင်းအမေဆုံးပြီးမှ ကောင်မလေးက အကျင့်မကောင်းတော့ဘူး၊ မိထွေးကလဲ လောင်းကစားသမား၊ သားလုံးဝ ပတ်ပတ်သက်သက်တွေ သွားမလုပ်နဲ့တော့"

"အမေ"

"သားတို့က ငယ်သူငယ်ချင်းတွေဆိုပေမယ့်လည်း အခုက ဒီကောင်မလေး နာမည်ပျက်လွန်းတယ်၊ အမေက သားကိုအင်ဂျင်နီယာကြီး ဖြစ်စေချင်တယ်၊ ချမ်းသာတဲ့ သူဌေးသမီးနဲ့ညားစေချင်တယ် ... ကော်ဖိနပ်ဆီ သွားသွားနေတာတွေ မလုပ်စေချင်တော့ဘူး၊ ကင်းကင်းရှင်းရှင်းနေပါ"

ကော်ဖိနပ်နှင့်ပတ်သက်တာတွေ မကြားချင်တော့။ အရင်က အမေကိုယ်တိုင် သူငယ်ချင်းသမီးဆိုပြီး ချစ်သည်။ ကော်ဖိနပ်





ကိုစောင့်ရှောက်ပေးနေတဲ့အမေ။ ကော်ဖိနပ်အကြောင်းတွေ ဥဏ်ထွန်းသွားပြောတာလား။

"နင်ကလဲ နင်ပဲ ကော်ဖိနပ် ... ကားအကောင်းစားကြီးတွေစီးနိုင်တဲ့ သူဌေးနဲ့ ပတ်သက်ရတာ ဂုဏ်ယူနေတာမဟုတ်လား၊ ရပ်ကွက်ထဲအထိ ဝင်ထွက်နေတယ်"

သူ့စိတ်ထဲမှာ ဒေါသဖြစ်ရသည်။ ကော်ဖိနပ်လက်ချောင်းဖောင်းဖောင်းအိအိ သွယ်သွယ်လေးနဲ့ လိုက်ဖက်လွန်းသော စိန်လက်စွပ် မင်းရင်ဘွင်းလိုကောင်ကို ကော်ဖိနပ်က စိတ်ဝင်စားပြီး အဖက်လုပ်မယ်လို့များ ထင်နေလား အမေရာ။

"အမေလေ ... သားရှေ့ရေးအတွက် အရမ်းစိတ်ပူတယ်ကွယ် ... သားကံကောင်းတာကလေ အမေ့သူငယ်ချင်းပဲ ... မန္တလေးမှာ ကြီးပွားချမ်းသာနေတာ ... မြတ်လေးရုံတဲ့၊ အဲဒါ ဖုန်းတွေနဲ့ပြန်ဆက်မိနေတယ်"

အမေ့မျက်နှာပေါ်မှာ အပြုံးတွေနှင့်ဝင်းတောက်နေတာကိုပဲ ရင်ခွင် စိတ်တွေမွန်းကြပ်ပိတ်လှောင်သွားရသလို အမေ့သူငယ်ချင်း မြတ်လေးရုံမှာ သမီးလေးတစ်ယောက်ရှိတယ်။ သားကိုမိတ်ဆက်ပေးမလို့ တစ်ရက် နှစ်ရက်အတွင်း ရန်ကုန်လာလိမ့်မယ်တဲ့ဟု ဆက်ပြောနေသဖြင့် သူထပြီး အိပ်ခန်းလေးထဲ ဝင်ခဲ့သည်။

"မြလေးရုံကလေ အမေပြောရင်ပြီးတယ်၊ အမေ့သားလေးတော်ကြောင်း၊ လိမ္မာကြောင်း ... ယောကျ်ားပီသပြီး ချောတဲ့



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းတွေ အမေကြွားခဲ့တယ်"

ကော်ဖိနပ် ဘယ်လောက်ပဲနာမည်ပျက်ပျက်ဆိုးဆိုး ရင်ခွင် အချစ်ဦးပဲ။ နောက်ဆုံးအချိန်အထိ မျှော်လင့်နေမည်ဖြစ်သည်။ ကိုမိုးမာန်မောင်နဲ့ တရားဝင်မှ လက်မထပ်ရသေးတာပဲ။ ချစ်ဦးသူကိုပဲ ရင်ခွင် စောင့်မည်ဖြစ်၏။ ကိုမိုးမာန်မောင်က ကော်ဖိနပ်ကို အတည်ယူမှာမဟုတ်ဘူးဆိုတာလည်း ရင်ခွင်သိသည်။

"မြတ်လေးရုံသမီးလေး နာမည်ကလေ ချိုကြည်သာတဲ့ သားရဲ့ ... နိုင်ငံခြားမှာ ဒီဇိုင်နာသင်တန်း တစ်နှစ်တက်ပြီးပြန်လာတာတဲ့၊ ဒီမှာ ကုမ္ပဏီထောင်မှာဆိုးလားပဲ၊ ရန်ကုန်မှာ အခြေချမလို့တဲ့၊ အမေက သားရဲ့ပညာရေးမဆက်နိုင်မှာ စိတ်ပူတယ်ဆိုတော့လေ မြတ်လေးရုံက မပူနဲ့ သူတာဝန်ယူမယ်တဲ့"

အမေက အခန်းဝအထိ လိုက်လာပြီးပြောနေသည်။ ရင်ခွင် အင်ဂျင်နီယာ ဖြစ်ချင်တာ ငွေတွေအများကြီးရှာချင်တာက ကော်ဖိနပ်အတွက်ပါ။ ငွေမက်တဲ့ကော်ဖိနပ်ကို ဖြားယောင်းသွေးဆောင်နိုင်ဖို့ပဲ ဖြစ်သည်။

"သူများအထောက်အပံ့တွေနဲ့ သားပညာမသင်ချင်ပါဘူး အမေ ... သားအကြောင်း အမေအသိသားနဲ့ ... သူဌေးသမီးကိုယူပြီး အချောင်သူဌေးဖြစ်ရမှာ အရှက်ဆုံးပဲ သားကိုနှိမ်ချဆက်ဆံကြမှာလေ"

"အရမ်းတော်တဲ့အမေ့သားကို ဘယ်သူကနှိမ်မှာလဲ ... မြတ်





လေးရုံက ဘဝကိုနားလည်တယ်၊ တကယ်လို့သာ အခြေအနေပေးရင် မြတ်လေးရုံဆီမှာ အကူအညီတောင်းပြီး ဒီရပ်ကွက်ကနေ ရွှေ့ကြမယ်၊ အမေ့သား အနာဂတ်အတွက်လေ"

"သား အနားယူတော့မယ်"

"ကော်ဖိနပ်နဲ့တော့ လုံးဝမပတ်သက်နဲ့တော့နော် ... သား အမေ့သားက လူတော်လေး ... ကော်ဖိနပ်ကိစ္စတွေမှာ သားဝင်ဝင်ပါနေတယ်လို့ အမေသတင်းကြားနေတယ်၊ ဒီကောင်မလေးသတင်းက နည်းနည်းလေးမှမကောင်းဘူး ... ကော်ဖိနပ်ရဲ့မိထွေးက မိန်းမလည်မ'

"အား ... သားခေါင်းတွေ ကိုက်လာပြီအမေရာ၊ တော်ပါတော့ ... အိပ်ချင်နေတယ်၊ အား ... ကျွတ် ... ကျွတ်"

"အမလေး ... အမေ့သားလေး ခေါင်းအရမ်းကိုက်နေလားကွယ်၊ ဆေးသောက်မလား ... "

"သား အိပ်တော့မယ် ... ပြောစရာရှိတာတွေ မနက်မှပြောပါ အမေ"

"အေး ... အေး အိပ်တော့ ... အိပ်"

အမေ ပြန်ထွက်သွားမှ ရင်ခွင်စိတ်သက်သာရသွားသည်။ ကော်ဖိနပ်အား ဘယ်သူဘာပဲဖြစ်ဖြစ် မကောင်းပြောတာမျိုး ရင်ခွင် မကြိုက်။ ကော်ဖိနပ်ကိုယ်တိုင်က နင့်အပူမပါဘူးပြောတာတောင် ရင်ခွင် စိတ်ပူနေရဆဲပင်။ ရင်ခွင် အိပ်မရ။



www.burmeseclassic.com

www.burmeseclassic.com



အမေက ရပ်ကွက်ထဲမှာ သူ့သူငယ်ချင်း ဒေါ်မြတ်လေးရဲ့တို့ သားအမိအကြောင်း လျှောက်ပြောလျှင် ကော်ဖီနပ် ပြဿနာ ရှာဦး မယ်။ ရင်ခွင်တစ်ယောက် မဆီမဆိုင် သူ့အမေက သူဌေးသမီး တစ် ယောက်နဲ့ ပေးစားမယ်ဆိုတာ ကော်ဖီနပ် သိသွားမှာ စိုးရိမ်နေ သည်။

"ကော်ရယ် ... နင်ကလွဲပြီး ဘယ်လိုမိန်းကလေးကိုမှ လက် မထပ်ဘူး၊ ငါ့နှလုံးသားတွေထဲမှာ နင့်ကိုချစ်တဲ့ အချစ်တွေ ထာဝရ သိမ်းထားမှာပါ"

ရင်ခွင် အိပ်လို့မရ၍ အသုဘအိမ်ဘက် ထွက်လာခဲ့သည်။ အမေပင်မသိ။

အခုတလော အမေက ရပ်ကွက်ထဲကလူတွေကို အဆင့် အတန်း ခွဲခြားချင်နေ၏။ ပတ်သက်ဆက်ဆံတာမျိုးတွေ မပြော စဘူး ကန့်ကွက်ပြောဆိုနေသည်။

အသုဘအိမ်ဘက်သွားမယ် ဆိုပေမယ့် သူ့ခြေလှမ်းတွေက ကော်ဖီနပ်တို့ လမ်းထိပ်ဘက်သို့ ဦးတည်နေသည်။

"ဟင် ... ဦးလေးကျော်၊ အသုဘအိမ်က ပြန်လာတာလား၊ မအိပ်သေးဘူးလား ... ဘာထိုင်လုပ်နေတာလဲ"

"မင်းတို့ဒေါ်လေးနုနယ် ပြန်မလာသေးလို့ကွ ... မနက်က ဦးလေးသမီး သံယောဇဉ်နဲ့များ ရန်ဖြစ်ကြလားပဲ"

ဦးလေကျော်ကတောင် သံယောဇဉ်နွယ်တဲ့လား။ ဦးလေး





ကျော်သမီး ကော်ဖီနပ်က သူဌေးနဲ့ညားတော့မှာမို့ နာမည်တွေဘာ တွေ ပြောင်းတာလား။ ရင်ခွင်သိရသလောက်တော့ ဦးလေးကျော် က ကော်ဖီနပ်လုပ်ရပ်ကို နှစ်သက်တာမဟုတ်။

ကိုမိုးမာန်မောင်ရဲ့ ကားပေါ်ကနေ ဆင်းလာတုန်းက အသေရိုက်ပစ်တာပါ။

"ကော်ဖီနပ်ကို ဦးလေးကျော် မမေးကြည့်ဘူးလား"

"ဘာမှမဖြစ်ဘူးလို့ပြောတာပဲ ရင်ခွင်ရာ"

ဦးလေးကျော်သမီးက တစ်နေကုန် သူဌေးကားနဲ့လိုက်သွား နေတာလေ။ မှောင်မှရပ်ကွက်ထဲပြန်ဝင်လာတာပါ။ ဦးလေးကျော် က ညဦးအတော်နက်မှ အိမ်ပြန်လာတတ်သည်။

"နုနယ် ... နုနယ် ဘယ်တွေလျှောက်သွားနေလဲကွာ၊ စိတ် ပူလိုက်တာ၊ ရင်ခွင် ... မင်းရော စာမေးပွဲတစ်နှစ်အောက်တယ်ဆို သတိထားကွ ... မင်းကအဖိုးတန်သားရတနာလေးပါ"

ဇနီး နုနုနယ် ... အိမ်ပြန်မလာသေး၍ ဦးကျော်တစ် ယောက်ထဲ ရင်ကိုမီးဟတ်သလို အပူတွေစွဲကပ်ပြီး လမ်းထိပ်အုတ် ခုံမှာ ထိုင်နေတာပါ။

"မင်းရော ဘယ်လဲ ရင်ခွင်"

"ကျွန်တော် အသုဘအိမ်သွားမလို့ပါ၊ အိပ်မရလို့လေ"

ရင်ခွင်လို ကောင်လေးနဲ့ သမီးကို နီးစပ်စေချင်မိသည်။ ရိုး သား ကြိုးစားတဲ့ကောင်လေး။ မိထွေးနှင့်နေရတဲ့ သမီးကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



အပြစ်မတင်ရက်ပါဘူး။ အဖေက တစ်နေ့နေ့ နောက်မိန်းမသုံးဖြုန်းဖို့ဘဲ ငွေရှာနေရတာ။

"ရင်ခွင်ရာ ... ဦးလေးသမီးကို မင်းလိုလိမ်မာစေချင်တာပါ၊ ဦးလေးက တာဝန်မကြေတော့ သမီးကိုတင်းတင်းကြပ်ကြပ် ဆုံးမဖို့ခက်တယ်ကွ ... မင်းလည်း စောင့်ရှောက်ပေးပါဦး"

"ဦးလေးကျော် ... "

"ပြောလေ ရင်ခွင်"

"ဟိုနေ့ကလေ ကော်လေ ... သူဌေးတစ်ယောက်ရဲ့ကားကြီးနဲ့ ပါသွားတာလေ၊ တကယ်လို့ အဲဒီသူဌေးက အတည်လက်ထပ်ယူမယ်ဆိုရင်ရော"

"ဟ ... ရင်ခွင်ရ ... အဓိပ္ပာယ်မရှိတာဘဲ ... မဖြစ်နိုင်ပါဘူး၊ ဦးလေးကျော်သမီးကို သူဌေးက အကိအလင်းလက်ထပ်ယူမယ်ဆိုရင်တော့ စဉ်းစားမယ်ကွာ ... သမီးလေးဘဝ ကောင်းစားမယ်ဆိုရင်လေ၊ ဒါမှမဟုတ်ဘဲ အပျော်ကြံရင်တော့ လျှာပေါ်မြက်ပေါက်သွားပါစေကွာ အသေသတ်ပစ်မယ်"

ဦးလေးကျော် စကားကြောင့် ရင်ခွင်အားတက်သွားသည်။ ကော်ဖိနပ် ... နင် ဘယ်လောက်ပဲငွေမက် ငွေမက် နင့်အဖေသာ သိရင် အသေပဲ။

"ဦးလေးကျော်ကတော့ ကော်ဖိနပ်ဆိုတဲ့နာမည်ဆိုးကြီးကိုတောင် မသုံးစေချင်ဘူးကွ၊ မင်းတို့က ငယ်သူငယ်ချင်းတွေလေ





တ်တရက်တော့ ဘယ်ပြောင်းလို့ရမလဲ ... သမီးလေး နာမည်ရင်းက သံယောဇဉ်နွယ်ပါ၊ ငါ့သမီးလေးရဲ့ဘဝကို လှပစေချင်တယ်၊ ါ အသုံးမကျတာပါ"

မိမိစိတ်ထဲမှာတော့ မင်းရင်ခွင်ကို သဘောကျမိသည်။ ဘဝတူချင်းပဲ သဘောကျပါတယ်။ သူဌေးတွေက ပေးကမ်းထောက်ပံ့တာတွေ လက်မခံစေရဘူး ဝတ်သွားပါစေ။

"ဦးလေးကတော့ ဂုဏ်သိက္ခာကို အလေးထားတယ်၊ သူဌေးကားပေါ်လိုက်သွားပြီး၊ ပေးကမ်းထောက်ပံ့စာက ဘာခဏလေးပါကွာ ... သမီးလေးဘဝတစ်လျှောက်မှာ နာမည်ပျက်တွေနဲ့ ဘယ်လိုလုပ် တင့်တင့်တယ်တယ် ဘဝကို ပိုင်ဆိုင်ထားနိုင်မလဲ ... "

"ကော်ဖိနပ်ကို နာမည်ပြောင်းတာလည်း ကောင်းပါတယ်ဦးလေးကျော်ရာ ... ကျွန်တော်လည်း သူ့အတွက် စိတ်ပူတယ်ဦးလေးကျော် ... နည်းနည်းတော့ သတင်းနားစွင့်ထားစေချင်တယ် ကော်က လုပ်ချင်တာတွေကို မဆင်မခြင် လုပ်တတ်လို့ပါ"

"ဦးလေးကျော်သမီးသတင်း ဘာကြားသေးလဲရင်ခွင် ... သူဌေး ကားပေါ်လိုက်သွားသေးလား"

"မလိုက်ပါဘူး ဦးလေးကျော် ... အရမ်းလည်းမဆူဘဲ စောင့်ကြည့်နေဖို့ ပြောတာပါ"

"မင်းလည်း စောင့်ရှောက်ပေးပါဦး ရင်ခွင် ... မဟုတ်မဟတ်တာတွေလုပ်ရင် ဦးလေးကျော်ကို အသိပေးနော် ... စိတ်မဆိုးဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးက အိပ်ချိန်ပဲ ရပ်ကွက်ထဲမှာရှိတာလေ”

ရင်ခွင်နဲ့ဆို သမီးလေးက ရန်ပဲဖြစ်နေကြသည်။ ဘုနှင့်ဘောက် ... ဦးကျော်က နီးစပ်စေချင်တာ။

အခုတလော ရင်ခွင့်အမေကတောင် မျက်နှာထား တင်းတင်းနဲ့။ အင်းလေ ... သူ့သားက လူတော်လူကောင်းလေးလေ။

“ဦးလေးပြန်မယ် ရင်ခွင် ... အိမ်မှာက သမီးလေးတစ်ယောက်ထဲရှိတယ်၊ နေ့နယ် ဘယ်တွေသွားနေတာလဲကွာ စိတ်ပူလိုက်တာ”

ဦးကျော် လမ်းထဲဝင်သွားပေမယ့် ရင်ခွင်ကတော့ ရပ်နေဆဲပင်။ ကော့်အတွက် သူလည်းစိတ်ပူနေတာပဲ။

သူ့ဌေးကိုမိုးမာန်မောင်ဆီက စိန်လက်စွပ်တွေ ဟန်းဖုန်းတွေ လက်ခံထားတာ ပြောပြလိုက်ရင် နင်သေပြီမှတ်။

“နင်လိုက်ပြီး အတို့အထောင်တွေလုပ်မနေနဲ့ ရင်ခွင် ... ဘာလဲ ငါကြီးပွားချမ်းသာတာ မနာလိုဖြစ်နေတာလား ... မုန်းလိုက်တာ”

ကော်ဖိနပ်ရဲ့ အပြစ်တင် ငြိုငြင်တဲ့စကားတွေ မျက်စောင်းတင်းတင်းလေးတွေ ဗွာတေးလန်နေတဲ့ ရန်စကားတွေကို ရင်ခွင်မကြားချင်တော့။ ကော်ဖိနပ်နှင့် ဝေးရတော့မယ့် အရိပ်လက္ခဏာတွေက ရင်ခွင်တို့ကြားမှာ အုတ်တံတိုင်းတစ်ခုကဲ့သို့ ကာရံခြားနား‌တော့မလားဘဲ။

ဖိုးလပြည့်စာပေ



အမေပြောတဲ့စကားတွေက နာမည်အသစ်တွေပါ လာနေ၏။ ဒေါ်မြတ်လေးရုံရယ်။ သူ့သမီးချိုကြည်သာရယ်။

ဘယ်လို အကြောင်းတွေပဲဖြစ်နေပါစေ ငယ်ချစ်ဦး သံယောဇဉ်နှယ်ကိုတော့ ရင်ခွင် စောင့်နေမှာပဲဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၂၀ )

"အဖေရယ် ... ဘာဖြစ်လို့ အရက်တွေ ဒီလောက်အထိ သောက်လာရတာလဲ ... လူမှန်းတောင် မသိတော့ဘူး"

ဒေါ်နုနုနယ် ပျောက်နေတဲ့ ရက်တွေမှာ အဖေအရက်တွေ အလွန်အကျွံသောက်လာတတ်သည်။ လူမှန်းပင် မသိတော့။ အမေ ဆုံးစဉ်ကတောင် အဖေ ဒီလောက်အထိ ကြေကွဲဝမ်းနည်းလိမ့်မည် ဟု မထင်မိ။

ကြိတ်ဆွေးမနေပါနဲ့ပ ဦးကျော်။ ပေါက်ကွဲပစ်လိုက်စမ်းပါ ဟု ရပ်ကွက်ထဲကလူတွေ ဝိုင်းပြောရသည်အထိပင်။

ကြည့်ပါဦး ... အဖေ အရုပ်ကြိုးပြတ်သလို ခွေကျနေ၏။ ကော့မျက်ဝန်းတွေထဲက မျက်ရည်တွေ လိမ့်ဆင်းကျလာရသည်။

"နုနယ် ... မင်းဘယ်တွေသွားနေတာလဲ ... ကိုကျော်ကို ထားခဲ့ရက်တယ်ကွာ ... နုနယ်ရေ ... "





တကယ်ပါပဲ။ အဖေ့ကိုတောင် ကော်အမြင်ကတ်လာမိသည်။ ဒေါ်နုနုနယ် ရှိစဉ်ကလဲ အဖေ့ကို ဂရုစိုက်လို့လား။ တစ်နေကုန် လောင်းကစားဝိုင်းတွေသွား ယောကျ်ားလေးမိတ်ဆွေတွေရော ဘာတွေရော တရှန်းရှန်းနေတာ။ အဖေ ပြန်လာရင် ညစာတောင် နပ်မမှန်။ သုံးဖြုန်းပျော်ပါးနေတဲ့ မိန်းမအား အဖေ ကြေကွဲတမ်းတနေသေး၏။ အဲဒါကြောင့် ကော်ဖိနပ် ရွံပစ်တာ။ အဲ့ဖေ့မိန်းမကြောင့်လေ။ ကော်လည်း အပူမီးတွေ ဝိုင်းနေတာပါအဖေ။

"နုနယ် ... နုနယ်ရေ ... မင်းအကြွေးတွေကြောင့် မဟုတ်လား၊ ဆပ်ပေးရမှာ ကိုယ့်တာဝန်ပါ ... မင်းထွက်သွားတာမှန်ပါတယ်ကွာ၊ ကိုယ်က တာဝန်မကြေတဲ့ယောကျ်ားပါ၊ အသုံးမကျတဲ့ ကောင်ကြီး ... "

"အဖေ ... အဖေ ... တကယ်ပါပဲ၊ အဖေတို့ကတော့လေ၊ ကိုယ့်သမီးလေးကိုများ ထောက်ထားညှာတာပါဦး ... ကော့ဘဝ ရှေ့ရေးကိုတော့ အဖေထည့်ပြီး မစဉ်းစားတော့ဘူးလား"

သူမ စိတ်ပျက်ပျက်နှင့် အဖေ့ကိုထားပစ်ခဲ့ပြီး ထွက်လာခဲ့သည်။ မနက်ဖြန် ... ချစ်စရာ့ အသုဘပို့ရမယ်။ နောက်ဆုံးခရီးကိုတော့ နင်ချစ်တဲ့ ကော်ဖိနပ် လိုက်ပို့ပေးပါ့မယ် ချစ်စရာရယ်။

"နုနယ်ရေ ... မင်းထွက်သွားတာ အကြွေးတွေကြောင့်လား၊ ဒါမှမဟုတ် ကိုကျော့်သမီး ကော်ဖိနပ်ကြောင့်လား ... ဒီ



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေး မင်းကို အမေအရင်းလို သဘောမထားဘူးဆိုတာ ကိုကျော်သိပါတယ် ... သမီးမိုက်ကြောင့်လား"

"ဟွန်း ... တို့အဖေတို့ကတော့ လုပ်ချလိုက်ပြန်ပြီ၊ သမီးဘက်ကနေ အဖေအမြဲတမ်း ပြဿနာဖြစ်လာရင် သမီးကိုပဲ မဲတယ်၊ အပြစ်တင်တယ် ... အဖေ့မိန်းမ ဒေါ်နုနုနယ်ကြောင့် ကော် ဘယ်လောက်ဒုက္ခရောက်နေရလဲ ... ကော်ဆိုးသွမ်းပေတေတာလဲ အဖေ့မိန်းမကြောင့်ပဲ ရှဲ့ပြစ်တာ ... ရှဲ့ပြစ်တာ သိလား ... "

သူမ အိပ်ခန်းလေးထဲ ပြန်ဝင်လာခဲ့သည်။

အဖေရဲ့ နောက်မိန်းမကို တိမ်းတနေတဲ့အသံကြီးက အချိန်တော်တော်ကြာအောင်ပဲ ကော် မကြားချင်၍လည်းမရ၊ ကြားနေရ၏။

စိတ်ညစ်တယ် အိပ်လို့လည်းမရဘူး။ အသုဘအိမ်ပဲ ထွက်သွားလိုက်ရင် ကောင်းမလားဘဲ။ မဖြစ်သေးပါဘူး ... အသုဘအိမ်မှာက ဥဘဏ်ထွန်းတို့အုပ်စု တွေ့ရှိတယ်။ ရင်ခွင်က တစ်မျိုးထင်နေဦးမယ်။ အမူးသမား ယောကျ်ားလေးတွေရှိနေတဲ့နေရာ မိန်းကလေးတန်မှ လာရလား့လို့ ။

အခုတလော နေရင်းထိုင်ရင်း မဆီမဆိုင် ကော့်ရည်းစားလည်း မဟုတ်ဘဲနှင့် ရင်ခွင်အထင်လွဲမှာတွေ အထင်သေးမှာတွေ ကြောက်ရွံ့ထိတ်လန့်နေသည်။





"ကော်ဖိနပ်ကလေ ... နင်ထင်ထားသလို ခပ်ညံ့ညံ့ အကျင့်ပျက်စိတ်ဓာတ်အောက်တန်းကျတဲ့ မိန်းကလေးတစ်ယောက် မဟုတ်ပါဘူး ရင်ခွင် ... ကော်လေ အမြဲတမ်း တန်ဖိုးရှိတဲ့မိန်းကလေးတစ်ယောက် ဖြစ်ချင်ခဲ့တာပါ ... အထင်တော့ မသေးပါနဲ့ ဟယ်"

ကော့်စိတ်တွေ နောက်ကိုကြေကွဲပြီး အခက်အခဲတွေနှင့် ရင်ဆိုင်နေခဲ့ရတိုင်း သူမရဲ့နှလုံးသားပြတိုက်ထဲက ငယ်ချစ်ဦးမင်း ရင်ခွင်ကို သတိရတမ်းတမ်းတတ လွမ်းလွမ်းဆွတ်ဆွတ် ခံစားနေရပြပင်။ မျက်ရည်တွေကလဲ စီးကျလာရာ လက်ဖမိုးလေးနှင့်သုတ်ပစ်ရင်း သူမ အိပ်ခန်းလေးထဲပဲ ပြန်ဝင်လာခဲ့သည်။

"တီ ... တီ ... "

"တီ ... တီ"

"အမလေး"

အရေးထဲ ဟိုလူကြီးဆီက ဖုန်းက လာနေသေးသည်။ မကိုင်လို့လည်းမဖြစ်ဘူး။ တစ်ပတ်အတွင်း နည်းနည်းလေးတော့ နှစ်သိမ့်ထားမှဖြစ်မည်။

ကြောက်လိုက်တာ ... ရင်တွေတုန်ပြီး လက်လေးတွေက ဖုန်းလေးကို ကောက်ကိုင်ဖို့ပင် တွန့်ဆုတ်နေးကွေး လေးလံနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို ... ပြောပါ"

"သံယောဇဉ်လား ... "

"ဟင့်အင်း မဟုတ်ပါဘူး ... ကော်ဖီနပ်ပါ၊ အဲ ... ဟုတ်ပါတယ်"

အရေးထဲ သံယောဇဉ်နွယ်ဆိုတဲ့နာမည်အရင်းကို မေ့နေသေးသည်။

"သံယောဇဉ်နွယ်"

"ရှင်"

"ကော်ဖီနပ်ဆိုတဲ့နာမည်ကြီးက ရိုမက်တစ်မဖြစ်လိုက်တာကွာ၊ ကိုယ့်ရင်ထဲမှာ သံယောဇဉ်နွယ်ပဲရှိတယ်"

ဒုက္ခပါပဲ။ လာပြီး ရိုမက်တစ်တွေ ဘာတွေလုပ်နေသေးတယ်။ ကိုမိုးမာန်မောင်ရဲ့ စကားလုံးတွေက ဘယ်လောက်ပဲ ရိုမက်တစ်ဖြစ်နေပါစေ ရယ်မောသံလွင်လွင်တွေက အကြင်နာတွေရောယှက်စီးမျောနေပါစေ ကော်ကတော့ နားထဲသို့ ဆူးညှောင့်ခလုတ်တွေလို တိုးဝင်လာသည်။

"သံယောဇဉ်လေး အိပ်ပြီလားကွာ ... ကိုယ်ကတော့ အရမ်းသတိရနေတယ် ... ကိုယ် ကတိတည်တည်နဲ့ တစ်ပတ်ပြည့် သက်ပေးနေရတာလေ၊ ဘယ်လိုလဲ ... သံယောဇဉ်လေး စဉ်းစားပြီးပြီလား"





"ဘာကိုလဲ"

"ဟာကွာ ... ကိုယ့်အနားမှာ သံယောဇဉ်နေပေးဖို့လေ၊ မေ့ထားတာလား ... ကိုယ့်ရင်ထဲမှာတော့ စက္ကန့်မလပ် သိမ်းဆည်းထားတာလေ"

"ကျွန်မ စဉ်းစားပါ့မယ် ... ဒါပဲနော်"

"ဟော့ ... ဟော့ ... ဖုန်းကို မပိတ်လိုက်နဲ့ဦးလေ၊ ကိုယ့်ရင်ထဲက သံယောဇဉ်တွေ သံယောဇဉ်နွယ်ဆိုတဲ့ ကောင်မလေးသိအောင် ပြောပြချင်နေတယ်"

ကော်ဖီနပ် နားကြားမြင်းကတ်ကတ်နှင့် ဒေါသတွေလည်း ကွဲအက်ပေါက်ထွက်လုမတတ်ပင်။

မိန်းကလေးတစ်ယောက် အပျိုစင်မလေးကို ရှင်ကြီးအနားမှာ အသုံးတော်ခံဝပ်ဆင်းခယစေတာ သံယောဇဉ်လား။ ကျွန်မရဲ့ ဂုဏ်သိက္ခာတွေ ကိုယ်ကျင့်တရားတွေက ရှင်ကြီးပုံပေးမယ့် ငွေပုံကြီးထက် တန်ဖိုးကြီးတယ်။ ကျွန်မဘဝ တစ်သက်တာအတွက်လေ။

"သံယောဇဉ်နွယ် ... ဟော့ကောင်မလေး ... အသံတိတ်သွားတယ်၊ ကြွေနေပြီလား ... ကိုယ် မင်းလေးကို အရမ်းတမ်းတနေတယ် ... ကိုယ့်အနားမှာသာ မင်းလေးရှိနေရင်၊ လောကကြီးတစ်ခုလုံး လှပလန်းဆန်းသွားမှာပဲ ... ကမ္ဘာကြီးလည်း ငြိမ်းချမ်း



www.burmeseclassic.com

www.burmeseclassic.com



သွားမယ်”

ကော်ဖိနပ် နားမထောင်ချင်တော့ဘူး။ အော့နှလုံးနာလိုက်တာ။ ရှင်ကြီးအနားမှာ ကော်ဖိနပ်ထက် အစစအရာရာသာလွန်းတဲ့ မိန်းကလေးတွေ အများကြီးပါနော်။ ကော်ဖိနပ် ပြောချင်နေတာက ကျွန်မကို သက်သာခွင့်ပေးပါလို့။

“မင်းမှာ ချစ်သူရည်းစားအတည်မရှိဘူးဆိုတာ ကိုယ်သိထားတယ် သံယောဇဉ် ... မင်းခေါ်လာပြစရာမှမရှိတာဘဲ၊ ဒါပေမဲ့ ကိုယ် တစ်ပတ်တိတိစောင့်နေမယ်၊ ကိုယ်တစ်ခုတော့ပြောပြထားမယ်နော် ... သံယောဇဉ်နှယ်လေး ကိုယ့်အနားမှာ ထာဝရနေပေးရမယ်၊ ကိုယ်အစွမ်းကုန် ကြိုးစားမယ်ဆိုတာပဲ ... ဂွတ်လပ်စ် အိုကေ”

ဟွန်း ... ရှင်ကြီး ဘာလုပ်မှာလဲ။ ကော်ဖိနပ်က ရှင်ကြီးသဘောထားတွေကို ဘယ်တော့မှလိုက်လျောမယ်မထင်နဲ့ သေပစ်လိုက်မယ်။

ဖုန်းလေးကို ပစ်ချလိုက်သည်။ ဒေါသဖြစ်လိုက်တာ သူမ အိပ်ရာပေါ် ပြစ်လှဲလိုက်သည်။ ရင်ခွင့်ကို အိပ်မက်မက်နေသေး၏။ ကိုမိုးမာန်မောင်က ကြိမ်းမောင်းနေသည်။

သူမ အိပ်ရာက လန့်နိုးလာတော့ နေတောင်အတော်မြင့်နေပြီ။ အဖေ ဆိုက်ကားနင်း ထွက်သွားပြီလားဟု အိပ်ရာကနေ ကမန်းကတန်း ထလိုက်သည်။ အဖေ့အခန်းထဲ ဝင်ကြည့်တော့





အဖေ ခေါင်းငိုက်စိုက်ချကာ ထိုင်နေသေး၏။ ဆိုက်ကားနင်းသွားမည့်ပုံမပေါ်ပေ။ သူမ အခန်းလေးထဲ ဝင်သွားကာ အဖေ့အနားမှာ ထိုင်လိုက်သည်။

“အဖေ”

“ဟင်”

“အမေ့အတွက် အရမ်းခံစားနေရလားဟင်”

“အဖေ ခံစားနေရလား ... အင်း ... အဲဒီလောက်ကြီးလည်း မဟုတ်ပါဘူး သမီးရ...”

ဦးကျော် ရင်ထဲမှာ နုနယ်အတွက် ရင်ကွဲမတတ်ခံစားနေရပေမယ့် သမီးလေးကိုတော့ မသိစေချင်ပေ။ တာဝန်မကြေတဲ့အဖေပါ။ နောက်မိန်းမ နုနုနယ်ကို အစွဲအလမ်းကြီးနေတာ သမီးစိတ်ထဲမှာ နာကျင်မှုတွေ မခံစားစေလိုပေ။ ညက အရက်တွေသောက်တာ များသွားတယ်။ သမီးလေးကို တွေ့မြင်နေရတော့လည်း မိတွေးအတွက် ခံစားကြေကွဲနေတာ ဖုံးဖိဟန်ဆောင်သိမ်းဆည်းနေရသည်။

“အဟဲ ... အဖေညက သူငယ်ချင်းတွေစုံသွားလို့ပါကွယ်၊ ဘာလဲ သမီးက နုနယ်ကို အဖေတမ်းတလွမ်းဆွတ်နေမယ်ထင်လို့လား၊ မဟုတ်ပါဘူး ... ဘယ်အရာကိုမှ အဖေ့သမီးလေးဘဝနဲ့ မလဲနိုင်ဘူး”



www.burmeseclassic.com

www.burmeseclassic.com



ညကတော့ မူးပြီး ဒေါ်နုနုနယ်ကို တမ်းတနေပြီးတော့ ကော်ဖိနပ်က အမေအရင်းလို မသတ်မှတ်ဘူးဆိုတာပါသေးတယ်။ အဖေ့ရင်ထဲမှာ မိန်းမအတွက် ကြိတ်မှိတ်ခံစားနေရရှာမှာပါ။

"သံယောဇဉ်"

"အဖေ"

"နုနယ် အကြွေးအတွက် အဖေအိမ်ရောင်းဆပ်မှာကိုတော့ သမီးခွင့်ပြုနော် ... သမီး ပညာရေးအတွက်လည်းပါပါတယ်၊ သမီးကိုတော့ ဘွဲ့လေးတစ်ခုရစေချင်တယ်၊ စိတ်ကိုမြင့်တင်ထားရမယ်၊ ဒါကြောင့်လည်း ကော်ဖိနပ်ဆိုတဲ့နာမည်ကြီးကို ပျောက်သွားစေချင်တယ်၊ အဖေကတော့လေ တတ်နိုင်ရင် အကျွဲအမွေးနဲ့ကို သမီးနာမည်ကို ပြောင်းပစ်ချင်နေတာ"

အဖေ့မျက်နှာပြင်က လွမ်းဆွတ်တမ်းတမှုတွေနှင့် ပိန်ချုံးကျသွားသည်။ အဖေ့အသက်က ဘယ်လောက်မှမကြီးသေးဘဲနှင့် အိုစာနေသလိုပင်။ သူမကတော့ အဖေ့ကိုအရမ်းချစ်တယ်။ သွေးသားရင်းဆိုလို့ ဒီသားအဖပဲ ရှိကြတာပါ။ မိထွေး ဒေါ်နုနုနယ် ဆိုးသမျှအဖေနဲ့ အတူတူ ကော်လည်း မျှဝေခံစားလာခဲ့သည်။

"အဖေ့ကို အိမ်ရောင်းခွင့် ကြည်ကြည်ဖြူဖြူပေးတာပဲ အဖေ စိတ်ချမ်းသာရပါတယ် ... အဖေ့သမီးလေးက လိမ်မာပါတယ်"





အဖေကတော့ လက်လေးကို ဆုပ်ကိုင်ပြီး အပြုံးတွေနှင့် ကြည့်ပေမယ့် အပူသောကရိပ်တွေကတော့ အဖေ့မျက်ဝန်းတွေထဲမှာအပြည့်။ အဖေ ဘယ်လောက်ပဲ ဟန်ဆောင်နေပါစေ ကော်က အဖေ့သမီးပါ။

"အဖေ"

"ဟင်"

"တကယ်လို့လေ ... ကော်ရဲ့မိတ်ဆွေတစ်ယောက်ယောက်က အမေနုအကြွေးတွေကို စိုက်ဆပ်ပေးထားမယ်ဆိုရင်ရော"

"ဘာ ... ဘာပြောတယ်၊ သမီးမိတ်ဆွေ ဟုတ်လား၊ ဟိုကားနဲ့ကောင်လား သံယောဇဉ် ... ငါပြောထားမယ်နော်၊ နင်ဝင်ဆပ်စရာမလိုဘူး ဒါပဲ ... အိမ်ရောင်းဆပ်မယ်၊ ငါ့သမီးဘဝကိုတော့ မစတေးပစ်ဘူး၊ သမီး အနာဂတ် ဘဝတစ်လျှောက်လုံးအတွက် အဖေ ကာကွယ်စောင့်ရှောက်ရမယ်"

ဒီလိုစကားလေးတွေနှင့်ပင် အဖေ့ကို ကော်လေးစားသွားရသည်။ အဖေ့မျက်ဝန်းတွေက ခိုင်မာတဲ့ဆုံးဖြတ်ချက်တွေဖြစ်ကြောင်း ထင်ထင်ရှားရှားပင်။

"အိမ်ရောင်းပြီးရင်လည်း အမေနုက ကြွေးကင်းသွားမယ် ထင်လို့လား အဖေ"

"ဒါမှ ထပ်လုပ်ရင်လည်း ဒီမိန်းမကို အဖေကွာပစ်မယ်၊ လုံးဝ



www.burmeseclassic.com

www.burmeseclassic.com



ခွင့်မလွှတ်တော့ဘူး သမီး ... အဖေ့ကို ယုံပါ"

အဖေ့မိန်းမက သမီးကိုရောင်းစားခဲ့ပြီးပါပြီ အဖေရယ်။ အကြွေးတွေလည်း ဆပ်ပြီးပါပြီ။

အဖေ အိမ်ရောင်းတဲ့ငွေတွေအားလုံးလည်း သုံးဖြုန်းပစ်ဦးမှာပါ။ အဖေ့မိန်းမ ဒေါ်နုနုနယ်ရဲ့ လုပ်ရပ်တွေကို အဖေသိအောင် ဖွင့်ပြောပြဖို့ ကော်သေသေချာချာ စဉ်းစားနေရသည်။ ထိပ်တိုက် ရင်ဆိုင်ဖြေရှင်းကြရင် အဖေ စိတ်ထိခိုက်ကြေကွဲမှုတွေနဲ့ မိန်းမနဲ့ သမီးကြားမှာ အဖေ ဗျာများရတော့မယ်။ ကော်ဖိနပ်ရဲ့စကားတွေကို အဖေ ယုံကြည်လက်ခံပေးပါ့မလား။

"သံယောဇဉ် သမီးလေး ... အဖေ ရေချိုးမယ်၊ ဆိုက်ကား ထွက်ရဦးမယ်၊ အိမ်ရောင်းဖို့ ကိစ္စလည်းလုပ်ရမယ် ... သမီးခေါင်းထဲမှာ ဘာမှမထားနဲ့တော့၊ ဒီနေ့လည်း မောင်ချစ်စရာ အသုဘကိုသမီးလေး လိုက်ပို့ဖြစ်အောင်ပို့နော်၊ ဒီကလေးက သမီးအပေါ်တော့ သံယောဇဉ်ကြီးတယ်"

"ဟုတ်ကဲ့ အဖေ"

ချစ်စရာရဲ့နောက်ဆုံးခရီးကို ကော်ပို့ဖြစ်အောင်ပို့မှာပါအဖေ။ ဘာဖြစ်လို့လည်းဆိုတော့ ချစ်စရာက ကော့်ကိုအရမ်းချစ်လို့လေ ရင်ခွင်။ နင်သေရင်သာ ငါလိုက်မပို့မှာ။ နင်က ကော်ဖိနပ်ကို ဆရာကြီးလုပ်ချင်တာပဲရှိတယ်။ ကူညီသယောင် စေတနာရှိသယောင်နဲ့





အဖက်မတန်သလိုနေတဲ့ကောင်စုတ်။

အဖေ ထွက်သွားမှ အသုဘကလည်း နေ့ခင်းမှမို့ သူမ ချစ်သူရဲ့အမှတ်တရလေးတွေ ကြည့်မိသည်။

"ချစ်စရာ ... နင်ပေးခဲ့တဲ့ ထမင်းခြောက်နဲ့လုပ်ထားတဲ့ အနီရောင်ပတ္တမြားလက်စွပ်လေးကိုလည်း ငါအမှတ်တရ သိမ်းထားပါတယ်ဟာ ... နင်က ငါ့ကိုအရမ်းချစ်တယ်၊ စေတနာ မေတ္တာတွေလည်း ကြီးမားတယ်"

ဒီနေ့ နေ့လည်မှာ ချစ်စရာ ရုပ်အလောင်းပင် လူ့လောကကြီးထဲကနေ ပျောက်ဆုံးသွားရတော့မယ်လေ။ နင့်ကို ငါမမေ့ပစ်နိုင်ပါဘူးဟယ်။ နင့်ရဲ့နောက်ဆုံးခရီးကိုတော့ ငါလိုက်ပို့ဖြစ်အောင် လိုက်ပို့ပေးမှာပါ။ ကော့်မျက်ဝန်းလေးတွေက အချိုရည်ဖူးလေးဆီ ရောက်သွားသည်။

"ရင်ခွင် ... နင့်ကြောင့် ငါ့ရဲ့ပူပန်သောကတွေ လောင်မြိုက်နေမှုတွေ ငြိမ်းအေးသွားစေတဲ့ အအေးဖူးလေးပါ၊ ငါအမှတ်တရ သိမ်းထားတယ်၊ ပြီးတော့လေ ... နင်နမ်းသွားခဲ့တဲ့ ငါ့နှုတ်ခမ်းလေးပေါ်က နာကျင်မှုလေးရောပဲ"

ရင်ခွင်နှင့် ပတ်သက်လာရင်တော့ သူမရဲ့ နှလုံးသားထဲမှာ သိမ်းထားတဲ့ အမှတ်တရတွေက အများကြီးရှိသည်။ ငါစုဆောင်းထားတယ်ရင်ခွင်ရယ်။ တစ်နေ့နေ့မှာတော့ ချစ်သူပြတိုက်လေးထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ ထားဖို့လေ။

ကိုမိုးမာန်မောင်လိုပဲလေ။ ချစ်သူပြတိုက်လေး တစ်ခုတော့ မဖြစ်မနေ ထားရမှာလေ။

ရင်ခွင့်အနမ်းလေးကတော့ လွန်စွာချိုမြိန်ပြီး မေ့ပစ်လို့ မရနိုင်တဲ့ အမှတ်တရလေး ဖြစ်နေသည်။

## အခန်း ( ၂၁ )

"သံယောဇဉ်"

"ဟင် ... ရင်ခွင်၊ နင်က ငါ့ကို သံယောဇဉ်တွေ ဘာတွေ ခေါ်လို့ပါလားဟ"

"ကော်ဖိနပ်ဆိုတဲ့ နာမည်ကြီးက နင့်ဘဝကို ခက်ခဲကြမ်းတမ်းသွားစေတာလားလို့ပါ။ သံယောဇဉ်နွယ်ဆိုတဲ့ နာမည်လေးက နင်နဲ့လိုက်ဖက်မယ်ထင်တယ်"

"အမလေး ရင်ခွင်ရယ် ... အရေးထဲ ရှိမက်တစ်တွေ လာလုပ်နေပြန်ပြီ၊ ကော်ဖိနပ်က မာကျောတယ်၊ ကိုယ့်ကိုအကာအကွယ်ပေးမယ့် လက်နက်အဖြစ်လည်း သုံးလို့ရတယ်၊ ငါတော့ ကြိုက်တယ်"

ချစ်စရာ အသုဘကို လိုက်ပို့တဲ့ကော်ဖိနပ်။ မော်တော်ကား



www.burmeseclassic.com

www.burmeseclassic.com



ပေါ်ကနေ အပြေးအလွှားဆင်းပြီး မီးသဂြိုလ်စက်အနားသွားဖို့ ခြေလှမ်းပြင်နေတဲ့ ကော်ဖိနပ်ကို ရင်ခွင်က သူမရှေ့မှပိတ်ကာ တားဆီးလိုက်သည်။

"ဟိုမှာ ချစ်စရာအလောင်းကို မီးသဂြိုလ်စက်ထဲ ထည့်တော့မယ် သွားမယ်လေ ... နင်က ဒီမှာဘာလုပ်နေတာလဲ"

"ချစ်စရာ အလောင်းကို ခန်းမကြီးထဲမှာ အလှပဆုံးပြင်ထားပါတယ်၊ နင်လာမှ သဂြိုလ်မှာပါ"

"ဘာပြောတယ် ... ခန်းမကြီးထဲမှာပြင်ထားတယ် ဟုတ်လား ... နင်ရူးနေလားရင်ခွင်၊ ဘယ်ကပိုက်ဆံနဲ့ လုပ်တာလဲ ရင်ခွင် အဓိပ္ပါယ် မရှိလိုက်တာ"

"ဟိုမှာ မတွေ့ဘူးလား ... အသုဘ လာပို့ကြတဲ့ တို့ရပ်ကွက်ထဲကလူတွေ ထိုင်နေကြတာ"

"ဟင် ... ချစ်စရာအမေ ထီများပေါက်သွားလို့လား၊ မနေ့ကအထိ ပိုက်ဆံမရှိလို့ ညည်းနေတာ"

"ချစ်စရာ အသုဘကို အခမ်းနားဆုံးဖြစ်အောင် စီစဉ်ပေးလိုက်တဲ့သူက ဘယ်သူလဲသိလား"

"ဘယ်သူလဲဟင်"

"ဟိုမှာလေ"

ရင်ခွင် လှမ်းပြတဲ့နေရာကိုကြည့်လိုက်တော့ သူမထိ တည့်





တည့်မတ်မတ် လှမ်းလျှောက်လာတဲ့ ကိုမိုးမာန်မောင်ပင်။ သူ့ကားကြီးရပ်ထားတာလဲ ကော်ဖိနပ်ရှေ့မှာပါ။ မမြင်တာ။

"မနက်အစောကြီး ရောက်လာပြီး စီစဉ်ပေးနေတာလေ၊ လွမ်းသူပန်းခွေကြီးလည်း ပို့ထားတယ် သံယောဇဉ် ... ချစ်စရာ ကံကောင်းပြီး သေပန်းပွင့်တာလား၊ နင်ကံကောင်းတာလားပဲ၊ ကိုမိုးမာန်မောင်နှင့်မသံယောဇဉ်နွယ်တို့မှ လွမ်းသူပန်းခွေတဲ့"

"ဘာပြောတယ် ... အမလေး ဘာဖြစ်လို့ ဒီလိုလုပ်လိုက်ရတာလဲ၊ ဒီလူ ရူးနေပြီလားမသိဘူး၊ ငါဘယ်လိုလုပ်ရမလဲ ရင်ခွင်၊ လုပ်ပါဦး ... ငါရှက်တယ်၊ သေတောင် သေပစ်ချင်လိုက်တာ"

"သံယောဇဉ် နင်မလှုပ်ရှားနဲ့၊ ဟိုမှာ ကိုမိုးမာန်မောင်လာနေတယ်၊ နင်ပြန်လိုက်သွားရင် သွားတော့၊ ဒီအခမ်းအနားမှာ နင်မရှိတာ အကောင်းဆုံးပဲ သံယောဇဉ် ... ဒါကြောင့် ငါကြိုတင်သတိပေးဖို့ စောင့်နေတာပါ။ ဥဒဏ်ထွန်းတို့ မကျေမနပ်ဖြစ်နေကြတယ်၊ ကော်ဖိနပ် လာကြွားတာတဲ့၊ တစ်ရပ်ကွက်လုံးကို မောက်မာထောင်လွှားတာတဲ့ ... နင် အေးအေးဆေးဆေးလိုက်သွားတော့"

ကိုမိုးမာန်မောင်က ကော်ဖိနပ်ကို အသိမပေးဘဲ သဘောတူညီမှုလည်းမယူဘဲ ပိုင်စိုးပိုင်နင်းလုပ်ပစ်လိုက်တာ ချစ်စရာ အလောင်းကို ပြင်ဆင်ထားတဲ့ ခန်းမကြီးထဲ ခြေတစ်လှမ်းပင်မလှမ်းရဲတော့။ ရင်ခွင်က လှည့်ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရင်ခွင်"

ရင်ခွင်က လှည့်မကြည့်တော့။ ကော်ဖီနပ်အနားသို့ ကိုမိုးမာန်မောင်က ဂုဏ်ယူဝံ့ကြွားနေသော အပြုံးလွင်လွင်တွေနှင့် ရောက်လာသည်။

"သံယောဇဉ် ... ဘာရပ်လုပ်နေတာလဲ၊ သွားကြမယ်လေ ချစ်စရာအလောင်းကို မီးသင်္ဂြိုလ်တော့မယ်၊ မင်းကိုစောင့်နေကြတာပါ"

"ဟင့်အင်း ... ကျွန်မ လုံးဝမသွားတော့ဘူး၊ ကျွန်မ ခွင့်ပြုချက်မရဘဲ ဘာ့ဖြစ်လို့ ပိုင်စိုးပိုင်နင်း လုပ်ရတာလဲ၊ ကျွန်မ ပြန်မယ်"

"မင်းသွားရမယ် သံယောဇဉ် ... ကိုယ်က မင်းထက် ပြ သနာကို ဖောက်ခွဲပစ်မှာနော်၊ လာလေ ... သွားကြမယ်၊ ချစ်စရာက မင်းကိုအရမ်းချစ်တယ်ဆို၊ နောက်ဆုံးခရီးမှာတော့ မင်းလိုက်ကြည့်သင့်ပါတယ်"

ကိုမိုးမာန်မောင်က သူမလက်လေးကို ဆုပ်ကိုင်၍ ခန်းမကြီးဝင်ဖို့ပြင်သည်။ သူမလက်မခံနိုင်ပေ။ ဆောင့်၍ရုန်းပစ်လိုက်၏။ သူမကိုလည်း တရားဝင်လက်ထပ်ယူမှာ မဟုတ်ဘဲနှင့်ရပ်ကွက်ကို အတိအလင်းကြေငြာနေတာ လူမဆန်တာဘဲ။ သူမရဲ့ ကိုယ်ကျင့်တရားကို ထိပါးစော်ကားလာရင် ဆတ်ဆတ်ထိမခံ လက်တုန့်ပြန်တတ်တဲ့ ကော်ဖီနပ်ပါ။





"မင်းလာမှ ချစ်စရာအလောင်းကို သင်္ဂြိုလ်ဖို့ ပြောထားတယ် ချစ်စရာအလောင်း အေးအေးချမ်းချမ်းမြေကျအောင် မင်းကူညီပါ သံယောဇဉ်နွယ်"

သူ့အသံတွေက အေးစက်မာကျောနေသည်။

ကော်ဖီနပ် မင်းကို ဘယ်လိုနည်းနဲ့မှ ကိုယ် လက်လွှတ်အဆုံးရှုံး မခံနိုင်တော့ဘူးကွ။ မင်းက ရပ်ကွက်ထဲမှာ ခပ်ရှုပ်ရှုပ်။ ရည်းစားတွေက အများကြီး။ ကိုယ်ကတော့ အခွင့်အရေးရတုန်း ဝင်ပြီးမဏ္ဍပ်တိုင် တက်ပြရမယ်လေ။

မင်းကို ကိုယ်တရားဝင် လက်ထပ်တာ လက်မထပ်တာက အရေးမကြီးပါဘူး။ မင်းမှာပိုင်ရှင် ရှိတယ်ဆိုတာ ပြရမယ်လေ။

"လာပါ သံယောဇဉ်လေးရယ် ... မင်းအိုင်တင်တွေ ခံမနေ စမ်းပါနဲ့၊ စောစောက ဟိုကောင် မင်းရင်ခွင်က ဘာလာဝင်စွက်ဖက်တာလဲ၊ ခန်းမထဲမဝင်ဖို့တားနေတာ မဟုတ်လား ... မင်းရင်ခွင် စကားကို မင်းနားထောင်စရာ မလိုဘူးနော် ... လာလေ"

သံယောဇဉ်နွယ်ရဲ့ လက်ကို ခပ်ကြမ်းကြမ်းတင်းတင်းဆုပ်ကိုင်ပြီး ခန်းမဆီ ဆွဲခေါ်လာခဲ့သည်။ သူ ဘာကိုမှ မစဉ်းစားချင်တော့ပေ။ သံယောဇဉ်နွယ်က သူ့ကိုလက်ခံမှာမဟုတ်တာလည်း သူသိနေသဖြင့် မရရတဲ့နည်းနှင့် သူ့အနားခေါ်ဆောင်သွားဖို့ပဲ ဆုံးဖြတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အကြြင်နာနဲ့တူတဲ့ မင်းကို ကိုယ်ထပ်ပြီး အဆုံးရှုံး မခံနိုင်တော့လို့ပါ။ သံယောဇဉ် ဘယ်လိုအကြောင်းမျိုးနဲ့မှ ကိုယ့်အနားကနေ ထွက်ခွာခွင့် မရှိဘူး။

"အမလေး ... သားလေး ချစ်စရာရေ မင်းချစ်တဲ့ကော်ဖီနပ်ရောက်လာပြီလေ၊ ထကြည့်ပါဦးလား ... ကော်ဖီနပ်လည်း သူ့ရွေးနဲ့လက်ထပ်ယူတော့မယ်တဲ့၊ မင်းမတားတော့ဘူးလား သားရယ်"

အသုဘ လာပို့ကြတဲ့လူတွေရဲ့ အကြည့်ပေါင်းများစွာက ကော်ဖီနပ်ထံ စုပြုံကျရောက်သွားသည်။ ကိုမိုးမာန်မောင်နှင့် မသံယောဇဉ်နှယ်မှ လွမ်းသူပန်းခွေကြီးကလဲ ကော်ဖီနပ် ခန္ဓာကိုယ်လေး မီးတောက်တစ်ခုလို လောင်မြိုက်အောင် မီးရှို့တော့မလားဘဲ။

ဒေါသဖြစ်နေတဲ့ ဉာဏ်ထွန်း။ ပြီးတော့ ... ချစ်စရာ သူငယ်ချင်းတွေ ကော်ဖီနပ် ပျော့ခွေပုံကျတော့မတတ်။ ကိုမိုးမာန်မောင်က သူမခါးလေးကို ပွေ့ဖက်ထားသည်။

"ဒေါ်ခွဲပုံ ... ဒီလောက်ငိုရရင် ကျေနပ်ပါတော့ဗျာ၊ ချစ်စရာသေပန်းပွင့်ပါတယ်၊ ကော်ဖီနပ် အဲ့ ... သံယောဇဉ်နှယ်တို့အတွဲကအားလုံးအကောင်းဆုံးဖြစ်အောင် လုပ်ပေးကြတာပဲ၊ နင်မယူရတော့ဘူး ... ရက်လည်ဆွမ်းလည်း မုန့်ဟင်းခါးအချိန်အများကြီး ကျွေးနိုင်ပြီ ... ဖြေပါဟာ"





ချစ်စရာရဲ့ဘကြီးက ညီမဖြစ်သူကို ဖျောင်းဖျနှစ်သိမ့်နေတဲ့စကားတွေက သံရည်ပူတွေလား။ ဘယ်အချိန်ကလဲ ချစ်စရာအသုဘအတွက် ဘယ်အချိန်ထဲကလာပြီး စီစဉ်ပေးနေခဲ့တာလဲ။

အဖေသိသွားရင် ရင်ခွင်ရောဟင် ... ဘယ်ရောက်သွားပြီလဲ။ ရင်ခွင်က အသုဘခန်းမထဲ ဝင်မလာနဲ့တော့ပြောထားတာ။

ကိုမိုးမာန်မောင်နှင့်မသံယောဇဉ်နှယ်တို့မှ လွမ်းသူပန်းခွေဆိုတဲ့ စာလုံးကြီး ပြူးနေအောင် ရေးထားတဲ့ ပန်းခွေကြီးကိုကိုင်၍ ချစ်စရာအလောင်းကို သယ်ဆောင်သွားကြလေပြီ ဖြစ်သည်။

"သွားစို့ သံယောဇဉ် ... မင်းသူငယ်ချင်းရဲ့ နောက်ဆုံးခရီးကို အလှပဆုံးစီစဉ်ပေးတာ ကိုယ့်မေတ္တာပါ"

"ကျွန်မနေခဲ့မယ် ကိုမိုးမာန်မောင် ပြန်ပါ ... ကျွန်မ အဖြေပေးမယ်လို့ ပြောထားတာ တစ်ပတ်မပြည့်သေးဘူး"

"မပြန်ဘူးကွာ ... မင်းကိုယ်နဲ့လိုက်ခဲ့ရမယ်၊ ကိုယ့်ကားပေါ်မင်းတက်ရမယ်၊ မင်းတို့ရပ်ကွက်ကလူတွေရှေ့မှာ မင်းမငြင်းနဲ့ မင်းအရှက်ပိုကွဲသွားရလိမ့်မယ်"

သူ့ကားပေါ်သို့ သံယောဇဉ်ကို ဆွဲခေါ်တင်ပေးလိုက်သည်။ သူ့စိတ်တွေက ပေါက်ကွဲလွင့်ထွက်နေ၏။ ဘာကြောင့်လဲကွ ... မင်းအတွက် တန်ဖိုးကြီးကြီးပေးဆပ်ခဲ့တာတောင် မင်းဘက်ကငြင်းဆန်နေခဲ့ရတာလဲ ... မင်းက ဘယ်လိုကောင်မလေးတုန်း



www.burmeseclassic.com

www.burmeseclassic.com



ယောက်လဲ။

မင်းချစ်သူဆိုတာက မင်းရင်ခွင်လား ... ကားကို တရကြမ်း မောင်းထွက်လာခဲ့သည်။

"ဒီမှာ ... ကျွန်မကို နိုင်ထက်စီးနင်းလုပ်တာ ရပ်တန်းက ရပ်လိုက်ပါတော့ ကိုမိုးမာန်မောင် ... ရပ်လိုက်ပါတော့၊ ကျွန်မ လုံးဝသည်းမခံနိုင်တော့ဘူးနော် ... ကားရပ်ပေးပါ"

"မင်းပါးစပ်ကိုပိတ်ထားစမ်း သံယောဇဉ်နှယ် ... ကိုယ်ပြော ပြီးပြီပဲ ... မင်း ကိုယ့်အနားမှာပဲနေပေးရမယ်လို့လေ"

"အဓိပ္ပါယ်မရှိတာဘဲ၊ ကျွန်မက ဘာဖြစ်လို့နေရမှာလဲ၊ ရှင် ဒီလိုဆက်လုပ်နေမယ်ဆိုရင်တော့ ကျွန်မ သေပစ်လိုက်မှာ"

"မင်းကို ကိုယ်ချစ်တယ်၊ မင်း ကိုယ့်ရှေ့ကနေ တစ်နာရီ တစ်စက္ကန့်လေး ပျောက်သွားရင်တောင် ကိုယ်ရူးတော့မယ်၊ မင်း ကိုယ်နဲ့နေရမယ်"

"မနေဘူး ... ကျွန်မ ဆုံးဖြတ်ထားပြီးပြီ၊ ရှင် ... ရူးနေပြီ၊ ကျွန်မ ရှင့်ကို လုံးဝမချစ်နိုင်ဘူး၊ ကျွန်မကို လက်ထပ်ယူရဲတဲ့သတ္တိ ရှင့်မှာမရှိဘူးဆိုတာ ကျွန်မသိတယ်၊ ရှင်က လက်ထပ်မယ်ဆိုလည်း ကျွန်မ လုံးဝလက်မခံဘူး ... ငြင်းပယ်တယ်"

"ဘာ"

"ဝုန်း ... "





"ကျွီ ... ကျွီ ... "

ကားက ရုတ်တရက် ဆောင့်ရပ်သွားပြီး ကားဘရိတ်အုပ် သံတွေ ကားဘီးနှင့်ကတ္တရာလမ်းပွတ်တိုက်သံတွေက ဆူညံသွား သည်။

ကားရှေ့မှာ ရပ်နေသူက ဉာဏ်ထွန်း။

"ကော်ဖီနပ် ... နင်ဘာလုပ်တာလဲ၊ သေသွားတဲ့ ချစ်စရာ ရှေ့မှာ နင့်လုပ်ရပ်က ရက်စက်လွန်းတယ်၊ ဘာဖြစ်လို့ ဒီလိုလုပ်ရ တာလဲဟာ"

"ဟော့ ... မင်းဘယ်သူလဲ၊ ကိုယ်တို့က စေတနာနဲ့လုပ်ပေး တာလေ၊ ကိုယ့်ကောင်မလေး သံယောဇဉ် သူငယ်ချင်းက နွမ်းပါး လို့ အကောင်းဆုံးဖြစ်အောင် စီစဉ်ပေးတာကွ၊ ဖယ်နော် ... မင်း မဖယ်ရင် ကိုယ်အခုချက်ချင်း ရဲစခန်းကို ဖုန်းဆက်အကြောင်းကြား လိုက်မယ်"

"အကြောင်းကြားဗျာ ... ဂရုမစိုက်ဘူး၊ ဒီနေ့တော့ ကော် ဖီနပ်နဲ့ ပြတ်ပြတ်သားသား စာရင်းရှင်းရမယ် ... နင်ပြောလေ ကော် ဖီနပ် ... ဒီလူက နင့်ကို တရားဝင် လက်ထပ်ယူမှာလား"

"ဉာဏ်ထွန်း ... နင်ပြန်ပါ၊ ပြဿနာလာမရှာပါနဲ့ဟာနော် ငါတောင်းပန်ပါတယ်"

ကိုမိုးမာန်မောင်က ကားပေါ်ပြန်တက်ပြီး စက်ကိုနှိုးလိုက်



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ကော်ဖိနပ် စိတ်ပူသွားရသည်။ ကိုမိုးမာန်မောင်ရဲ့ မျက်လုံးတွေက ဒေါသတွေနှင့်ဝင်းဝင်းတောက်နေပြီး ဥဘဏ်ထွန်းအားကားနှင့်တိုက်သတ်တော့မတတ် ဥဘဏ်ထွန်းကလည်း အရက်တွေမူးနေပြီး ကားရှေ့ကနေဖယ်မပေးပေ။

"ခင်ဗျားကြီး ပြောစမ်းပါ၊ ကျုပ်တို့ရပ်ကွက်ထဲက မိန်းကလေးတစ်ယောက်ကို လက်ထပ်ယူမှာလား၊ မယူရင်တော့ ခင်ဗျားကြီး သေပြီသာမှတ်ထား ... ကော်ဖိနပ် နှင် ... တို့ရပ်ကွက်ကိုနာမည်မဖျက်နဲ့"

ပတ်ဝန်းကျင်ကလူတွေလည်း ထွက်ကြည့်နေကြသည်။ ရင်ခွင် ရောက်လာပြီး ဥဏ်ထွန်းအား ချော့မော့ထိန်းသိမ်းချုပ်ကိုင်ထား၏။ ဥဘဏ်ထွန်းက မူးနေသဖြင့် အတော်လေး ထိန်းချုပ်နေရသည်။

"သံယောဇဉ် ... နင်သွားတော့၊ အသုဘယာဉ်တွေလာတော့မယ်ဟ၊ ကိုမိုးမာန်မောင် ... သွားပါတော့ဗျာ"

"ကိုယ်က မင်းတို့ကို လာနှောက်ယှက်နေတာ မဟုတ်ဘူးနော် မင်းရင်ခွင် ... မင်းတို့က လိုက်နှောက်ယှက်နေတာပါ၊ ကိုယ်က သံယောဇဉ်နဲ့ပတ်သက်သမျှ အကောင်းဆုံးတွေလုပ်ပေးနေတာပါ"

မိုးမာန်မောင် ခပ်ပြတ်ပြတ်ပြောပြီး ကားစက်ကိုနှိုးသည်။





မလောက်လေးမလောက်စား ကောင်တွေကများ သူ့ကိုလာယှဉ်ပြိုင်နေတယ်။ မိုးမာန်မောင် လုံးဝနောက်မဆုတ်တော့ဘူး ... ရှေ့ဆက်တိုးပစ်မယ်။

"ကိုမိုးမာန်မောင် ... ကျွန်မ တောင်းပန်ပါတယ်နော်၊ ကျွန်မအမေ ယူသွားတဲ့ငွေအတွက် ကျွန်မတို့ အိမ်ရောင်းနေပါပြီ၊ ကားရပ်ပေးပါတော့ ... ကျွန်မကို သွားခွင့်ပြုပါနော်"

သူကတော့ ကားကိုပဲမောင်းနေသည်။ သံယောဇဉ်နွယ်ဆိုတဲ့ကောင်မလေးကို သူ့အရူးအမူး ချစ်မိနေပေမယ့် တရားဝင်လက်ထပ်ယူဖို့ကတော့ လုံးဝမဖြစ်နိုင်ဘူး။ မင်းက ကိုယ့်ကိုဂုဏ်သရေရှိအသိုင်းအဝိုင်းကြီးထဲမှာ မိုးမာန်မောင်ရဲ့ ပွဲတက်မယား ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ။ မင်းလောဘကြီးလွန်းနေပြီထင်တယ် ကော်ဖိနပ်။

"ဒီမှာ ... ကျွန်မ တောင်းဆိုပါတယ်နော်၊ ကျွန်မက ရှင့်ချစ်သူအကြင်နာနဲ့ ဘာမှမဆိုင်ပါဘူး၊ ရုပ်ချင်းဆင်တူတာလေးပါ၊ ကားရပ်ပေးပါနော် ... ရှင်ပေးထားတဲ့စိန်လက်စွပ်ရော ဟန်းဖုန်းရော ကျွန်မပြန်ပေးပါတယ် ... ရော့ပါ ... "

မိုးမာန်မောင် ခေါင်းကိုခါရမ်းပစ်လိုက်သည်။ ဟုတ်တယ်သံယောဇဉ်နွယ် ... ကိုယ်ရူးသွပ်နေပြီထင်တယ်။

မင်းဟာ အကြင်နာမဟုတ်ဘူးဆိုတာ ကိုယ်သိနေပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



လည်း ကိုယ့်အနားမှာ မင်းရှိကို ရှိနေစေရမယ်။ ကိုယ်ပေးတဲ့ ပစ္စည်းတွေ ပြန်ပေးလည်း ကိုယ့်အနားမှာ မင်းရှိကိုရှိနေရမယ်။

မင်းဘာတွေလိုအပ်လည်း တိုက်တွေလား ကားတွေလား လက်ဝတ်ရတနာတွေလား မင်းအားလုံးရစေမယ်။ မင်းလက်မခံနိုင်ဘူးဆိုရင်လည်း ကိုယ်ကတော့ မင်းကိုကိုယ့် အနားမှာ ထားရလိမ့်မယ် သံယောဇဉ်နှယ်။

ကားကို သူ့ခြံကြီးထဲ မောင်းဝင်လာခဲ့သည်။

## အခန်း ( ၂၂ )

"ရှင် ... ဘာလုပ်မလို့လဲ၊ ကျွန်မ လက်ကိုလွှတ်ပါ ကိုမိုးမာန်မောင် ... ကျွန်မ လုံးဝလက်မခံနိုင်ဘူး၊ ကျွန်မ ရှင့်ကိုဖျော်ဖြေဖို့ ကြေးစားမိန်းကလေးဘဝ ဘယ်တော့မှအရောက်မခံနိုင်ဘူး ... လွှတ်"

"မလွှတ်ဘူးကွာ ... မင်းငြင်းဆန်နေရင် မင်းမိထွေးကို ဖမ်းပြီး ထောင်ချမှာနော် ... မင်း မိထွေးက ကိုယ့်ဆီကနေ ပိုက်ဆံတွေ ထပ်ယူသွားသေးတယ်၊ မင်းကိုရမယ်ဆိုရင် ကိုယ်စည်းစိမ်တွေအားလုံးကိုလည်း စွန့်လွှတ်နိုင်တယ်"

"ကောင်းပြီလေ ... ဒါဆိုရင်လည်း ကျွန်မတို့လက်ထပ်မယ်၊ တရားရုံးမှာ တရားဝင်အကြင်လင်မယားအဖြစ် လက်ထပ်ကြမလား ကိုမိုးမာန်မောင် ဘယ်လိုလဲ ..."

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"လောဘတွေ ဒီလောက်မကြီးစမ်းပါနဲ့ သံယောဇဉ်နွယ်လေးရယ် ... ကိုယ်က အကြွင်နာကလွဲပြီး ဘယ်မိန်းကလေးကိုမှ တရားဝင်လက်မထပ်ဘူး၊ ပြီးတော့ ... ကိုယ့်ရဲ့ပွဲတက်မယားက မင်းမဖြစ်နိုင်ပါဘူး ... မင်းအရမ်းကြီးကျယ်ခမ်းနားမနေစမ်းပါနဲ့ ကော်ဖီနပ် ... မင်းရဲ့အဆင့်က ဘာလဲ ... ဟား ဟား ဟား"

"ရှင် ... ရှင် ... လူယုတ်မာကြီးပဲ၊ ကျွန်မမှာ ချစ်သူရှိတယ် မင်းရင်ခွင်ပဲ"

"ဟား ... ဟား ... ဟား ... မင်းချစ်သူ မင်းရင်ခွင်တဲ့လား၊ ကိုယ်မေးတော့ သူငယ်ချင်းတွေပါဆို ... ကောင်းပြီလေ၊ မင်းချစ်သူက မင်းရင်ခွင်ဆိုရင်လည်း မင်းရဲ့နှလုံးသားအချစ်ပြတိုက်ထဲမှာ သိမ်းထားလိုက်တော့"

မိုးမာန်မောင်ကတော့ သံယောဇဉ်ကို ဘယ်လိုနည်းနှင့်မှ မင်းရင်ခွင်လက်ထဲသို့ မအပ်နိုင်ပေ။ ချစ်စရာကောင်းတဲ့ ကောင်မလေးပဲ။ ဆင်းရဲသားရပ်ကွက်ထဲက ကောင်မလေးဆိုပေမယ့်လည်း ချောချောမွတ်မွတ် အိအိစင်စင်လေး။

ငယ်ရွယ် နုပျိုသော မျက်နှာလေးကို မိုးမာန်မောင် တောက်ပလင်းလက်သော မျက်ဝန်းတွေနှင့် ကြည့်မိသည်။

"မင်းကို ကိုယ်ချစ်တယ် ... ချွင်းချက်လေးတစ်ခုက မင်းကို တရားဝင်အတိအလင်း လက်ထပ်မယူနိုင်တာပဲ၊ မင်းကို တိုက်ခန်း





ဝယ်ပေးမယ်၊ ကားဝယ်ပေးမယ် ... ဘဏ်မှာမင်းသုံးဖို့ငွေစာရင်း ဖွင့်ပေးထားမယ်"

"အရူးကြီးပဲ ... ရှင့်ရဲ့မြူဆွယ်ဖြားယောင်းမှုတွေကို ကျွန်မ သရေယိုနေမှာ မဟုတ်ဘူးနော် ... မက်လည်းမမက်ဘူး၊ ရှင် ... ရှင် ကျွန်မအသားကိုထိလို့ကတော့နော် ... ကျွန်မ သေပစ်လိုက်မှာ"

"သံယောဇဉ်နွယ်ရယ်"

မိုးမာန်မောင် ခန္ဓာကိုယ်မှာ လည်ပတ်နေတဲ့ သွေးတွေက ပွက်ပွက်ဆူလာသည်။ ကောင်မလေးကို အင်အားသုံး၍ အရယူဖို့ပဲရှိတော့၏။ သူ့ခြေလှမ်း တစ်လှမ်းတိုးလိုက်တိုင်း ကောင်မလေးက နောက်သို့ နှစ်လှမ်းလောက်ဆုပ်ပစ်သည်။

အချစ်ဆိုတာကဘာလဲ သံယောဇဉ်နွယ် ... ကိုယ် အမှန်အတိုင်း ဝန်ခံမယ်။ မင်းကိုချစ်တယ် ကိုယ် ငယ်ချစ်ဦး အကြွင်နာထက်တောင် ပိုပြီးချစ်မိသွားပြီထင်တယ်ကွာ။ ကိုယ်မစွန့်လွှတ်နိုင်တော့ဘူး။ ကိုယ့်ဘက်ကသာ တရားဝင် လက်ထပ်ပွဲမယ်ဆိုရင်ရော မင်းဘက်က ကြည်ကြည်ဖြူဖြူ လက်ခံပေးမှာလား။

မင်းရင်ခွင်က မင်းချစ်သူဆိုတာ မဖြစ်နိုင်ပါဘူးကွာ။ မင်းရင်ခွင်ကို ကိုယ်မေးပြီးပြီ။

"ရှင် ... ရှင် အနားကပ်မလာနဲ့နော်၊ ကျွန်မပြောထားပြီးပြီ



www.burmeseclassic.com

www.burmeseclassic.com



အသေပဲခံသွားမှာ၊ ရှင့်စော်ကားမှုကို ကျွန်မငြိမ်ခံနေမယ်မထင်နဲ့”

ကိုမိုးမာန်မောင် မျက်ဝန်းတွေက ကြောက်စရာကောင်းလောက်အောင် ကာမရမက်အခိုးအငွေ့တွေ အလျှံညီးညီးတောက်လောင်နေသည်ဟု သူထင်သည်။ သားကောင်အား ထိုးသတ်နင်းခြေဝါးမျိုးတော့မည့် ကျားတစ်ကောင်ရဲ့ ရက်စက်မှုမျိုး။ သူမ လွတ်မြောက်ဖို့ကမရှိနိုင်။ နောက်သို့ဆုတ်ရင်း နံရံမှာ ကျောလေးကကပ်သွားသည်။

“မင်းမိထွေးကိုသာ ထောင်ထဲပို့လိုက်ရင် မင်းအဖေ အရင်ဆုံးသေလိမ့်မယ် ... အရှက်ကြီးတဲ့ မင်းအဖေက ရပ်ကွက်ထဲမှာ နာမည်ပျက်ရရင် သူ့ခန္ဓာကိုယ်ကို လမ်းမပေါ်က မောင်းလာတဲ့ကားတွေအောက် ပြေးဝင်မှောက်ချပစ်လိမ့်မယ် ... မင်းမိထွေးက ပြောတာလေ”

သူမကိုယ်တိုင်ကလည်း အဖေခံစားရမယ့် ဝေဒနာရဲ့အတိမ်အနက်ကိုသိထားပြီးသားဖြစ်၍ ကိုမိုးမာန်မောင်အား အတင်းအကြပ်ငြင်းဆန်ဖို့ အခက်တွေ့နေခဲ့ရသည်။ ရင်ခွင် တစ်ခုခုဖြစ်မှာလည်း စိုးရွံ့ထိတ်လန့်နေမိ၍ အခုတော့ သူမ ကျားခံတွင်းထဲတိုးဝင်ရောက်ရှိရတော့မယ်။ ကိုမိုးမာန်မောင်က တဖြည်းဖြည်းတိုးကပ်လာကာ သူမ ပခုံးလေးကို ဆုပ်ကိုင်လိုက်သည်။

“အချစ်လေး”





“ရှင် ... ရှင် ... မယုတ်မာနဲ့နော် ... လွှတ် ... လွှတ်”

“ချစ်တယ်”

“အို ... ”

သူ့မျက်နှာကြီးက သူမမျက်နှာပြင်လေးပေါ် အုပ်မိုးကျလာသည်။ သူမက ကြောက်လန့်တကြား မျက်နှာလေးကိုဖယ်ခါရမ်းပစ်နေ၏။ သူ့လက်တွေက သူမခန္ဓာကိုယ်လေးအား သိမ်းကျုံးပွေ့ဖက်ရင်ခွင်ထဲ ဆွဲသွင်းသည်။

“မင်းချစ်သူက ရင်ခွင်တဲ့လား မင်းရင်ခွင် ... ဟုတ်လား၊ ဒီမလောက်လေး မလောက်စားကောင်လေးက မိုးမာန်မောင်ကို ဘယ်လိုယှဉ်ပြိုင်မလဲ ... မင်းဘဝကို ချမ်းသာပြည့်စုံအောင် ကိုယ်က ပဲ ဖြည့်စွမ်းပေးနိုင်မှာပါ ... သံယောဇဉ်လေးရယ်”

“ကျွန်မ တောင်းပန်ပါတယ်နော် ... ကိုမိုးမန်မောင် စဉ်းစားပါဦး ... ရှင်က ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ယောက်နော်”

“မင်းက စကားများတဲ့ကောင်မလေးပဲ၊ မင်းနှုတ်ခမ်းလေးက နမ်းချင်စရာလေး ... ကိုယ် မင်းပါးစပ်ကို ပိတ်ပေးရလိမ့်မယ်”

“အမလေး ... ”

သူမ ကြောက်လန့်တကြားနှင့် သူမပေါ် အုပ်မိုးလဲပြိုကျတော့မည့် ကိုမိုးမာန်မောင်ရဲ့ ခန္ဓာကိုယ်ကြီးအား ဆောင့်တွန်းပစ်လိုက်ပြီး အခန်းတံခါးကို ဖွင့်၍ပြေးထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ... ကောင်မလေး မပြေးနဲ့၊ ပြေးလည်း မင်းလွတ်မှာ မဟုတ်ဘူး သံယောဇဥ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီခြံကြီးထဲမှာ ကိုယ်တစ်ယောက်တည်းရှိတယ်၊ ခြံတံခါးတွေက အလုံပိတ်ထားတာ၊ မင်းပြေးလေ ... ဘယ်လိုပြေးမှာလဲ ... ပြေး"

ကိုမိုးမာန်မောင်က တဟားဟား အော်ရယ်ရင်း သူမနောက်သို့ တဖြည်းဖြည်းလိုက်လာသည်။

သူမကတော့ ဘာမှ မစဥ်းစားမနေတော့ဘဲ လသာဆောင်ဘက် ပြေးလာခဲ့၏။ မထူးတော့ဘူး ... သူမ ဘဝကိုတော့ ဒီလူယုတ်မာကြီးလက်ထဲမှာ ခြေမွ ဖျက်ဆီးမခံနိုင်။

ရင်ခွင်ရေ ... ငါသေပစ်မယ်၊ နင့်ကိုတော့ ကော်ဖီနပ်ရဲ့ သစ္စာတွေကို လက်တွေ့ပြရမယ်။ တစ်နေ့နေ့မှာ ဒီလူကြီး စော်ကားတာခံရမှာသေချာတယ်လေ။ ငါ့ကိုသူအလွတ်ပေးမှာ မဟုတ်တော့ဘူး။

အရာအားလုံးက ကော်ဖီနပ်ရဲ့ ကံကြမ္မာပါပဲ ရင်ခွင်။

"ရှင် ... ရှင် ... ကျွန်မနောက်ကို ဆက်မလိုက်နဲ့နော်၊ ကျွန်မသေပစ်မယ် ... ရှင့်ကိုလည်း ရွံ့တယ်၊ မုန်းတယ်၊ ရှင့်အစော်ကားကို ဘယ်တော့မှ ခံမှာမဟုတ်ဘူး ... သေပဲသေမယ်"

"ဟော့ ... သံယောဇဥ်နွယ် ... မလုပ်နဲ့နော်၊ ကိုယ့်စကားကိုနားထောင်ပါ ... ကိုယ် ... ကိုယ် မင်းကို တရားဝင်လက်ထပ်ယူ





မယ်၊ မင်းရပ်ကွက်ထဲအထိ လာပြီး မင်းမိဘတွေဆီမှာ တောင်းရမ်းမယ်၊ မင်း ... မင်းကို ... ဟော့ ... သံယောဇဥ် ..."

"ရှင့်ကို ကျွန်မပြောထားပြီးပြီပဲ၊ ရှင်က တရားဝင်လက်ထပ်ခွင့်တောင်းလာရင်တောင် ကျွန်မလက်မခံဘူးဆိုတာလေ၊ ကျွန်မချစ်တာက ရင်ခွင်ပဲ ... ကျွန်မချစ်သူက မင်းရင်ခွင် ..."

ကောင်မလေးက လသာဆောင်ပေါ်တက်ပြီး ခုန်ချလိုက်သဖြင့် သူလည်းစိုးရိမ်ထိတ်လန့်သွားရကာ ကောင်မလေးလက်အားဖမ်းဆွဲဖို့ ကြိုးစားရင်း ... နှစ်ယောက်သား လုံးထွေးပြီး ပြုတ်ကျသွားတော့သည်။

"အား"

"သံယောဇဥ်နွယ် ... မင်းက မင်းချစ်သူအပေါ် သစ္စာရှိလွန်းတယ်၊ အသက်ပေးပြီးတော့တောင် အချစ်တွေကိုပြသသွားတာပဲ မင်းမသေစေရပါဘူး"

သူ့လက်တွေက သံယောဇဥ်နွယ်အား ပွေ့ယူလိုက်ပြီး အောက်မှာရှိနေတဲ့ မြက်ခင်းပြင်ပေါ် သူ့ခန္ဓာကိုယ်နှင့်ကာ၍ကျသွားစေသည်။

"ဘုန်း ... အား ..."

သူ သတိရတဲ့အချိန်တွင် သံယောဇဥ်နွယ်ဆိုတဲ့ ကောင်မလေးအား စိုးရိမ်တကြီး ကြည့်လိုက်တော့ သတိလစ်နေသည်။



www.burmeseclassic.com

သူလည်း အားယူရုန်းထဖို့ ကြိုးစားရင်း သူ့မျက်ဝန်းတွေထဲမှာ အမှောင်ထုကဲ အထပ်လိုက်ပြုတ်ကျသွား၏။

အမှောင်ထုထဲမှာ သူ့နောက်သို့ ပြေးလိုက်လာသူက ငယ်ချစ်ဦး အကြင်နာ။

အခန်း ( ၂၄ )

"ကော်ဖိနပ် ... နင်သတိရလာပြီလား၊ ငါစိတ်ပူလို့ နင့်နောက်ကိုလိုက်လာခဲ့တာ ... ငါ့ကို နင့်အမေက အဖြစ်မှန်တွေလာပြောပြတာလေ"

"အမေနဲ့ကလား"

"ဟုတ်တယ်"

"ကိုမိုးမာန်မောင်ရောဟင် ... သူ ... သူ့ကြောင့် ... သူရောဟင်"

ကိုမိုးမာန်မောင်က သူမခန္ဓာကိုယ်လေးအား လှမ်းဆွဲဖက်၍ မြက်ခင်းပေါ်ကျသွားစေရန် ကြိုးစားခဲ့သည်။ ပြီးတော့ ... သူ့ကိုယ်လုံးက သူမကိုပွေ့ဖက်လျက် အောက်မှအကျခံခဲ့၏။ ကိုမိုးမာန်မောင် ဘယ်လိုဖြစ်သွားပြီလည်းဆိုတာ သူမ သိချင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကော်တို့ရော အခုဘယ်ရောက်နေတာလဲ ရင်ခွင်"

"ဆေးရုံကြီးလေ ... ကိုမိုးမာန်မောင်လည်း အသက်အန္တ ရာယ်တော့ မထိခိုက်ပါဘူး ... ခါးရိုးကျိုးသွားတယ်လေ ... နင်တို့ ကံကောင်းတာက မြက်ခင်းပြင်ပေါ်ကျလို့ပဲ ... ကိုမိုးမာန်မောင်က နင့်ကိုကယ်လိုက်တာပဲ ... နင်က ခြေထောက်ပဲကျိုးသွားတယ် ကော်ရယ် ... အသက်ကိုတောင်စွန့်ပြီး ရင်ခွင်ကိုချစ်ကြောင်း သစ္စာ ရှိကြောင်း သက်သေပြလိုက်တာလား"

"ဘာ ... ဘာပြောတယ်၊ မဟုတ်တာတွေ နင်အသားယူပြီး လာပြောမနေနဲ့ ... ငါ့အရှက်သိက္ခာကို အသက်နဲ့လဲပစ်လိုက်တာ ဟဲ့"

ရင်ခွင်ဆိုတဲ့ကောင် အရေးထဲ အသားတွေယူနေသေးတယ်။ သူမခြေထောက်မှာ ကျောက်ပတ်တီးနှင့်ဖြစ်၍ ကော်ဖိနပ် မလှုပ် နိုင်။

နင်ကိုယ်တိုင်က ကော်ဖိနပ်ကိုချစ်တယ်လို့ အတိအလင်း ပြောခဲ့သေးလို့လား။ ကော်ဖိနပ်က နာမည်ပျက်ပြီးရင်းပျက်နေရ တယ် ရင်ခွင် ... နင့်အမေက နင့်ကိုမျှော်လင့်ချက်တွေ ကြီးကြီး ထားတာ တစ်ရပ်ကွက်လုံးသိနေတယ်။

ပြီးတော့လေ နင့်ပညာရေးကိုဆက် ထောက်ပံ့ပေးနိုင်တဲ့ ဒေါ်မြတ်လေးရုံရဲ့ သမီးချိုကြည်သာနဲ့လေ လက်ထပ်ပေးတော့မယ်





အကြောင်း နင့်အမေ ကြေညာမောင်းခတ်နေတယ်။

"ကော်"

"ဟင်"

"နင် ... ဘာဖြစ်လို့ ငါ့ကိုစိုက်ကြည့်နေတာလဲ၊ ကိုမိုးမာန် မောင်လည်း သတိရနေတယ်၊ ငါ့ကိုပြောတယ်လေ ကော်ဖိနပ်ချစ် သူက မင်းရင်ခွင်ပဲတဲ့"

"ဘာ ... ဘာပြောတယ် ရင်ခွင်၊ နင်ကိုယ်တိုင်က ငါ့ကိုချစ် တယ်လို့ ဘယ်တုန်းကပြောဖူးလို့လဲ၊ ယောကျ်ားတွေအချောင် အသားယူတာ ငါအမုန်းဆုံးပဲ"

"ငါက နင့်ကိုချစ်တယ်လို့ ပြောခဲ့ပါတယ် ကော်ရာ"

"ဘယ်တုန်းကပြောလို့လဲ ... နင်က အခြောက်တိုက်ဘဝင် မြင့်နေတာလေ ... ကော်ဖိနပ်ကို အထင်သေးနေတာ"

"နင့်နှုတ်ခမ်းလေးကို ငါနမ်းခဲ့တယ်လေ"

"ဘာ"

"နင့်ကိုချစ်တယ်လို့ မပြောရဲလို့ပါဟာ ... နင်စီးတဲ့ကော် ဖိနပ်ရနံကိုကြောက်လို့ပါ ... နင့်ကို ချစ်တယ်လို့ ရည်းစားစကား ပေါ်တင်ပြောရဲတာ ချစ်စရာတစ်ယောက်ပဲရှိတာလေ"

"ကောင်စုတ်"

ရင်ခွင်က သူမလက်လေးကို မသိမသာလေး ဆုပ်ကိုင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ကော်ဖိနပ်ရဲ့ ရင်တွေတဆတ်ဆတ်တုန်ယင်ပြီး ရှန်းဖယ်ပစ်ဖို့လည်း မေ့လျော့နေသည်။

"နင့်ကို ငယ်ငယ်လေးထဲက ရင်ထဲမှာကြိတ်ပြီး ချစ်နေခဲ့မိတာပါ သံယောဇဉ်ရယ် ... ငါ့ဘဝက မပြည့်စုံသေးလို့ပါ၊ နင့်ကိုငွေမက်တဲ့ ကောင်မလေးလို့ ငါထင်လို့ပါ"

ရင်ခွင်ရယ် ... ငါကလဲလေ အဖေ့နောက်မိန်းမ ဒေါ်နုနုနယ်ကို အရွဲ့တိုက်ပြီး အမေနဲ့ စိတ်အနှောက်အယှက်ဖြစ်အောင် လုပ်ပြခဲ့တာပါ။ ရင်ခွင်ထင်နေသလို ပေါ့ပျက်ပျက်နေတတ်တဲ့မိန်းကလေးတော့ မဟုတ်ပါဘူးဟာ။

"ရင်ခွင့်ကိုလည်း ချစ်နေတာပဲ မဟုတ်လား ... သံယောဇဉ်"

သူမက အင်းဟုအဖြေပေးမလို့ပြင်နေတုန်း ရင်ခွင့်အမေနှင့်အဖေ ဝင်လာသည်။

"ဟင် ... အမေ"

"ဟင် ... အဖေ"

"ရင်ခွင် ... သား ... အမေနဲ့ပြန်လိုက်ခဲ့ဦး၊ အိမ်မှာ အမေ့မိတ်ဆွေမြတ်လေးရုံတို့သားအမိ ရောက်နေကြတယ် ... လာ"

"အမေ ... ပြန်ပါ၊ ဒီမှာ သံယောဇဉ်လည်း ဆေးရုံက ဆင်းရမယ်၊ သား ... ပြန်လာခဲ့မယ်"





"လိုက်သွားလိုက်ပါ မောင်မင်းရင်ခွင် ... ဦးလေးကျော်တို့လည်း ဆေးရုံက ဆင်းရမယ်လေ ... မောင်မိုးမာန်မောင်ရဲ့တပည့်တွေက အားလုံးစီစဉ်ပေးထားပါတယ်"

"ဗျာ"

"လာပါ သားရယ် ... အမေ့သား အလိမ်မာလေး ... အမေ့စကားကို နားထောင်စမ်းပါ၊ ချိုကြည်သာလေး စောင့်နေလိမ့်မယ်"

သူမ မျက်ဝန်းလေးတွေကို မှိတ်ပစ်လိုက်သည်။ ရင်ခွင်ရယ် နင်နဲ့ငါက ပေါင်းဖက်ဖို့ ဘယ်လိုမှ ဖူးစာရေစက်မပါကြဘူးထင်တယ်။

ရပ်ကွက်ထဲမှာ နာမည်ပျက်အမျိုးမျိုးနဲ့ ဆိုက်ကားနင်းရတဲ့ ငါ့အဖေ၊ လောင်းကစားဝါသနာထုံပြီး အကြွေးတွေ ဝိုင်းနေတဲ့ငါ့မိထွေး၊ အိမ်စုတ်လေးထဲမှာနေတဲ့ငါ။

နင့်အမေမှာ အပြစ်လုံးဝမရှိပါဘူး။ နင်က လူတော် သားလိမ်မာလေး။

"ဒါပေမဲ့ ရင်ခွင်ရယ် ... သံယောဇဉ်နှယ်ရဲ့ နှလုံးသားထဲမှာ ချစ်သူပြတိုက်လေးရှိနေတယ်၊ အဲဒီထဲမှာပဲ ရင်ခွင့်ကို သိမ်းဆည်းထားပါတယ်"

သူမ ခုတင်အနားသို့ ကိုမိုးမာန်မောင်ရဲ့ တပည့်တွေရောက်လာပြီး ဆေးရုံကနေဆင်းဖို့ ကူညီလုပ်ကိုင်ပေးကြသည်။ ကိုမိုးမာန်



www.burmeseclassic.com

www.burmeseclassic.com



မောင်ကတော့ မဆင်းရသေးဘူးတဲ့ ခါးရိုးကျိုးသွားတဲ့ ဒဏ်ရာက ပြင်းလို့ ဆေးရုံမှာ အကြာကြီးနေရဦးမယ်တဲ့။

"ကျွန်မတို့မိသားစုနဲ့ပဲ ဆေးရုံကဆင်းပါ့မယ် … ဘယ်သူ့အကူအညီမှလည်း မယူချင်ပါဘူး ကိုမိုးမာန်မောင်ကိုလည်း ကျေးဇူးတင်ကြောင်း ပြောပြပေးပါနော်"

"မသံယောဇဉ်နှယ် အိမ်ပြန်ရောက်ဖို့အထိ ဂရုတစိုက်စီစဉ်ပေးဖို့ တာဝန်ပေးထားပါတယ် … ဆရာကလဲ ဒီလောက်လေးတော့ သူ့ဆန္ဒကိုလိုက်လျောပြီး လက်ခံပေးဖို့ တောင်းဆိုပါတယ်တဲ့၊ အိမ်အရောက် လိုက်ပို့ပေးပါရစေ"

အဖေကလဲ သမီးလေးရယ် လက်ခံပေးလိုက်ပါပြော၍ ကိုမိုးမာန်မောင် ကားနှင့်ပဲ သူမအိမ်ပြန်လာခဲ့သည်။

အိမ်မှာ အမေနုနှင့် ပတ်ဝန်းကျင်က အိမ်နီးချင်းတွေလာပြီး သတင်းမေးကြပြီး သံယောဇဉ်လေးမှာ အပြစ်မရှိပါဘူး။ ကိုယ့်အရှက်ကို အသက်နဲ့လဲပစ်တတ်တဲ့ သတ္တိကိုချီးမွမ်း ပြောဆိုနေကြ၏။ ရပ်ကွက်က အတုယူဂုဏ်ပြုသင့်တဲ့ မိန်းကလေးတဲ့။

"အမေနုလည်း တောင်းပန်ပါတယ် သံယောဇဉ်လေးရယ်၊ အမေနု အမှားတွေကို တစ်ရပ်ကွက်လုံးသိအောင် အမေနုဝန်ခံထားပြီးပါပြီ … မိထွေးပီပီ သမီးအပေါ် အနိုင်ကျင့်ရက်စက်ခဲ့တာတွေ တောင်းပန်ပါတယ်နော် … အမေနု နောင်တရပါတယ်၊ သမီးအဖေ





ကိုလည်း ဝန်ချတောင်းပန်ထားပြီးပါပြီ"

"ဟုတ်တယ် သမီးလေး … အဖေတို့မိသားစုဘဝကို ပြန်ထူထောင်ကြမယ် … ပျော်ပျော်ရွှင်ရွှင် ညီညီညွတ်ညွတ်နဲ့ တည်ဆောက်ကြိုးစားကြမယ်၊ နုနယ်ကိုလည်း သမီးအမေအရင်းလို သတ်မှတ်လိုက်တော့နော်"

"အဖေကလဲ ကော်က အမြဲတမ်း အမေအရင်းလိုသတ်မှတ်တာပါ၊ အခုလည်း အမေ့ကို ထောင်ထဲပို့မှာစိုးလို့ ကိုမိုးမာန်မောင်နဲ့ အလိုက်အထိုက်ဆက်ဆံနေတာပါ"

မိသားစုလေး အေးချမ်းပျော်ရွှင်သွားရပေမယ့် သူမရင်တွေထဲမှာ ပူလောင်နေဆဲပင်။ ရင်ခွင့်ကြောင့်ပါ။

နင်လည်း ချမ်းသာတဲ့ မိန်းကလေးတစ်ယောက်ကိုပဲ ရွေးချယ်မှာလား ရင်ခွင်။ ငါရပ်ကွက်ထဲမှာ ဘယ်လိုပဲ သံယောဇဉ်နှယ် ဆိုတဲ့ နာမည်ပြောင်းပြောင်း ကော်ဖီနပ်က ကော်ဖီနပ်ပါပဲ။ အထင်ကြီးစရာမရှိပါဘူးဟာ။ ဒါပေမဲ့လည်း … ငါလေ လူတွေကို အရွဲ့တိုက်တဲ့အလုပ် ဘယ်တော့မှ မလုပ်တော့ဘူး။

ငါ ကြိုးစားမှာပါ။ တစ်လောကလုံးကလူတွေ အထင်မကြီးလည်းနေ ရင်ခွင် အထင်ကြီးအောင်တော့ ငါ ကြိုးစားပြရလိမ့်မယ်။

"အဖေ့သမီး အလိမ်မာလေး … အဖေကတော့ သမီးလုပ်ရပ်ကို ထောက်ခံတယ် … ဒါပေမဲ့ နောက်ထပ် ကိုယ့်အသက်



www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်ထိခိုက်မယ့် လုပ်ရပ်တွေကိုတော့ မလုပ်နဲ့နော်၊ အမေလည်း စောင့်ရှောက်မှာပါ"

"အမေနုလည်း သမီးလေးကို စေတနာမေတ္တာတွေ အပြည့်နဲ့ စောင့်ရှောက်ပေးမှာပါကွယ်"

အမေနု နောင်တတွေရပြီး ပြုပြင်လိုက်ရင် အဖေလည်း စိတ်ချမ်းသာသွားရမည် ဖြစ်သည်။ သူမ ကျေနပ်ပါတယ်။

သူမ ကျောက်ပတ်တီးဖြေတဲ့နေ့တွင် ကိုမိုးမာန်မောင်လည်း ဆေးရုံကနေ ဆင်းရပြီး နိုင်ငံခြားမှာ ဆေးဆက်ကုသရန် ထွက်သွားခဲ့၏။ သံယောဇဉ်နှယ် နာမည်နှင့် ဘဏ်စာရင်းတစ်ခု ဖွင့်ထားခဲ့ပြီး သူမထံ ဖုန်းဆက်ခဲ့သည်။

"သံယောဇဉ် ... မင်းနာမည်နဲ့ ဘဏ်စာရင်းဖွင့်ပြီး ငွေထည့်ထားပေးခဲ့တယ်၊ မင်းကို ငွေမက်တဲ့ကောင်မလေးဆိုပြီး ပေးတာမဟုတ်ဘူးနော် ... မင်းနဲ့ရင်ခွင်တို့အတွက် မင်္ဂလာလက်ဖွဲ့ပါ၊ မင်းတို့ကိုယုံတယ်၊ ကြီးပွားတိုးတက်အောင် ကြိုးစားကြပါ၊ ကိုယ်ကတော့ အစ်ကိုကြီးနေရာမှာပဲနေတော့မယ်၊ ကိုယ် အကြာကြီးနေဖြစ်မှာပါ ... မင်းကိုလည်း တောင်းပန်ပါတယ်ကွာ၊ မင်းအတွက် ဂုဏ်ပြုချီးမြှင့်ပေးတာမို့ လက်ခံပေးပါ"

သူ့စကားတွေအတွက် သူမရင်ထဲမှာ တုန့်ပြန်စရာစကားတွေ ပျောက်ဆုံးနေသလိုပင်။ သူမ လက်မခံလည်း သူက အတင်း





ပေးမှာမို့ ငြိမ်သက်စွာပဲ နေမိသည်။

သူ ဖုန်းပိတ်သွားမှ သူမပြောဖို့ စကားတွေကျန်ခဲ့ကြောင်း သတိရလာခဲ့၏။ ရင်ခွင်နှင့်သူမ လက်ထပ်ဖြစ်မှာမဟုတ်တော့တဲ့ အကြောင်းတွေပင်။

ကိုမိုးမာန်မောင် ပေးခဲ့တဲ့ငွေတွေက သူမနှင့်မင်းရင်ခွင်တို့ လက်ထပ်ခဲ့ရင် လက်ဖွဲ့အဖြစ်တဲ့။ သူမတို့က လက်ထပ်ဖြစ်ကြမှာ မဟုတ်တော့ပါဘူး။

မင်းရင်ခွင် ကောင်စုတ်က သူ့ခွေးသမီး ချိုကြည်သာနှင့် တွဲနေတဲ့ သတင်းတွေ ရပ်ကွက်ထဲမှာ တော်တော်လေး ပြန့်နေသည်။

"ကိုမိုးမာန်မောင်ကို ပြန်ပြောပြရမယ် ... မင်းရင်ခွင်နဲ့တွဲပြီး ဘာငွေမှမလိုချင်ပါဘူး၊ သစ္စာမရှိတဲ့ကောင် ... ငါ့နှလုံးသားထဲက ချစ်သူပြတိုက်မှာ နင့်ကိုမထားတော့ဘူး၊ ဖယ်ထုတ်ပစ်မယ်"

ရင်ခွင်နှင့်မတွေ့ဖြစ်ကြတာ သုံးလလောက်တောင်ရှိနေပြီပဲ။ နေနိုင်လိုက်တာ ... ချစ်သူအနေနဲ့ မဟုတ်ရင်တောင် သူငယ်ချင်းအဖြစ် သူမရဲ့ကျန်းမာရေးအခြေအနေကို လာမေးသင့်တယ် မဟုတ်လား။

ရင်ခွင်တို့သားအမိ မန္တလေးကို လိုက်သွားကြတယ်တဲ့။ နင်အရမ်းပျော်နေမှာပဲ ရင်ခွင်ရယ်။ နင်ပြောတော့ ငါ့ကို ငယ်ငယ်လေးထဲက သံယောဇဉ် တွယ်ငြိခဲ့ရပြီး ကြိတ်ချစ်ခဲ့ရတာဆို။



www.burmeseclassic.com

www.burmeseclassic.com



အပို တွေ ... ရင်ခွင်အား သူမနှလုံးသားထဲမှ ထုတ်ပစ်ရန် ကော်ဖီနပ် တစ်ယောက် အခက်ခဲဆုံး ဖြစ်နေသည်။

"နင့်ဟာနင် ... သစ္စာပဲမဲ့မဲ့ နင့်အမေစကားကို နားထောင်ပြီး သားလိမ်မာအဖြစ် သူဌေးသမီးကိုပဲယူယူ ငါမေ့ပျောက်ပစ်ဖို့ မဖြစ်နိုင်ဘူးထင်တယ်။

ရင်ခွင် ... ငါ့နှလုံးသားထဲမှာပဲ ထာဝရသိမ်းထားလိုက်ပါတော့မယ်ဟယ် ... "

ဒီနေ့မှ ထူးထူးခြားခြား ငယ်ချစ်ဦးမင်းရင်ခွင်အား သတိရလွမ်းဆွတ်တမ်းတနေမိသလိုပင်။ အိမ်လေးထဲမှာ လူကြီးတွေလည်း မရှိကြ။ သူမတစ်ယောက်တည်း မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ပြည့်လျှံလျှက်။

"သံယောဇဉ်နွယ်"

"ဟင် ... ဟင် ... နင် ... နင် ... ရင်ခွင် ... လန့်လိုက်တာဟယ် ... နင် ... ရင်ခွင်လား"

"ဟုတ်တယ် ... သံယောဇဉ် ချစ်ရတဲ့ရင်ခွင်လေ၊ မင်းရင်ခွင် အစစ်ပါ"

သူမ အိပ်မက်လား။ သူမ မျက်ဝန်းတွေထဲမှာ တမ်းတရလါန်း၍ ရင်ခွင်အဖြစ် ထင်ယောင်ထင်မှားဖြစ်နေရတာလား။ သူ သူလေ ... ရင်ခွင်မှ ရင်ခွင်အစစ်။





"နင် ... ဘာလာလုပ်တာလဲရင်ခွင် ... မိန်းကလေးတစ်ယောက်ထဲနေတဲ့ အိပ်ခန်းထဲ ... ပိုင်စိုးပိုင်နင်း ဝင်လာရတာလဲ ကောင်စုတ်ရဲ့ ... "

"သံယောဇဉ်နဲ့အတူနေဖို့လေ"

"ဘာပြောတယ် ... နင်ပြောချင်တိုင်းပြော လုပ်ချင်တိုင်းလုပ်လို့ရမယ်ထင်နေလား ရင်ခွင် ... နင်ကော်ဖီနပ်စာမိသွားချင်လို့လား"

"ဟိုမှာ ... အချိုရည်ဗူးလေးပါလား၊ ဘာတွေရေးထားတာလဲ၊ ချစ်သူပေးတဲ့ အချိုရည်ဗူးလေး ... ရင်မောပြေစေတဲ့ အမှတ်တရလေ"

"ဟင် ... ရင်ခွင် ... နင် ... နင် ဟိုမိန်းမ ချိုကြည်သာနဲ့"

"အားလုံးရှင်းလင်းပစ်ခဲ့ပြီ သံယောဇဉ် ... ချိုကြည်သာက မောက်မာလွန်းလို့ အမေလည်း ဘယ်လောက်ချမ်းသာ ချမ်းသာ သဘောမတူဘူးဆိုပြီး ငါ့အချစ်ရေးကိစ္စမှာ ဝင်မပါတော့ဘူးတဲ့။ ချွေးမဆိုတာ ကိုယ်နဲ့ဘဝတူ အတွင်းသိ အစင်းသိပဲကောင်းပါတယ် သားရယ်ဆိုပြီး နင်နဲ့သဘောတူလိုက်တယ်"

"ဟယ် ... တကယ်ပြောတာလား ရင်ခွင်ရယ်၊ ငါအရမ်းဝမ်းသာလိုက်တာ ... ပျော်တယ်"

ပြောလိုက်ပြီးမှ သူမ သတိရသွားပြီး ရှက်စိတ်တွေ ထူထူပုံ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ကြီးနှင့် ရင်ခွင့်ကို မကြည့်ရဲတော့။

ရင်ခွင်က မိန်းကလေးဖြစ်ပြီး ဣန္ဒြေသိက္ခာမရှိ ပြုမူဖြောဆို တာတွေကို မကြိုက်ပေ။

ရင်ခွင်မှာ မျက်နှာကြီး တည်တင်းသွားပြီလားဟု စိုးရိမ်စိတ် တွေနှင့် ငုံ့ထားတဲ့ ခေါင်းလေးကို ဆတ်ခနဲမော့ပြီး ကြည့်မိသည်။

"မင်းက သံယောဇဉ်နွယ်ပဲဖြစ်ဖြစ် ကောင်ဆိုးမလေး ကော်ဖိနပ်ပဲဖြစ်ဖြစ် မင်းရင်ခွင်က ထာဝရ ချစ်မြတ်နိုးနေမှာပါ ... အချစ် တွေနဲ့ အစဉ်အမြဲ ကာကွယ်စောင့်ရှောက်ပေးနေမှာပါ သံယောဇဉ် ရယ်"

ရင်ခွင့်လက်တွေက သံယောဇဉ်နွယ်ရဲ့ ကိုယ်လုံးလေးအား ဆွဲယူပွေ့ဖက်လိုက်သဖြင့် သူမ အထိတ်တလန့်နှင့် ငြင်းဆန်ရုန်း ကန်ဖို့ပင် မေ့လျော့သွားသည်။

လွန်းတာမို

BURMESE CLASSIC .com

www.burmeseclassic.com